
ဝိုးမောင်မောင်
သစ္စာရင်ခွင်သို့အပြန်
ပန်းချီ မျိုးတင့်လွင်



အသစ်စက်စက်အစအဆုံးလုံးချင်းဝတ္ထု
မိုးဆယ်းပန်း
စာပေ
စိုးမောင်မော
သစ္စာရှင်ခွင်သို့အပြန်
ဝင်းကျော်စိုး

ဥ႑မဏိပါဒေဟုံ

မိုးဆဝင်းပန်း
စာပေ

၃၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုအမှတ် (၀၁၆၉၇)
မျက်နှာဖုံး နှင့် ရေခံခွင့်ပြုအမှတ် (၀၃၁၅)
၁၉၈၂-ခု၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ ၁၅၀၀

မျက်နှာဖုံး နှင့် ရေခံ ပန်းချီ
မျိုးတင့်လွင်-ဝင်းကျော်စိုး

အဖုံးရိုက်
ကျောက်စိမ်း OFFSET

တန်ဖိုး
နှစ်ဆယ်ကျပ်

ဦးစောမောင်၊ စိုးမောင်မောင်စာပေ (မြ-၀၂၅၁၉)၊ အမှတ် [illegible]
ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ က ထုတ်ဝေ၍
ဒေါ်ခင်ရီ၊ ပန်းခင်ခင်ပုံနှိပ်တိုက်၊ (မြ-၀၂၉၂၈)၊ ၁၄၉၊
၃၇ လမ်း၊ ရန်ကုန်မြို့ တွင် ရိုက်နှိပ်သည်။

စီစဉ်သူ-ကျော်ကျော်ဆွေ

# စိုးမောင်မောင်

## သစ္စာရင်ခွင်သို့အပြန်

သိုင်းဘာသာပြန်

အသစ်စက်စက် စ-ဆုံး လုံးချင်းဝတ္ထု၊



ရှောင်းရိ

၏

ကျန့်ပေးယွင်း

တရက်လျှင် (၃/- )
ရက်ပိုလျှင်ငှါးခရက်တိုးအပြည့်ပေးရမည်။

လွင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း
တောင်ဥ။

အခန်း တစ်

---

"တောက်....တောက်....တောက်....တောက်....တောက်"

ကုလားတက်ခေါက်သံ ခပ်သွက်သွက် ထွက်ပေါ်လာသည်။ ဟုံလင်း တရွာလုံး ဆက်တိုက်ဆိုသလိုပင် ကုလားတက် ခေါက်သံများ ဆင့်ကဲဆင့်ကဲ ညံစီသွားကြသည်။

လယ်ယာလုပ်ငန်းခွင်ကို ဝင်နေကြသော လယ်ယာလုပ်သား များ၊ မီးဖိုချောင်ကို ဝင်နေကြသော အိမ်ထောင်ရှင်မများ၊ ပြေးလွှားဆော့ကစားနေသော ကလေးသူငယ်များ၊ အပန်းဖြေ အနားယူနေကြသော သက်ကြီးရွယ်အိုများ စသည့် စသည့် ရွာသူ ရွာသားအပေါင်းတို့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။

"ဒမြတွေဟေ့.... ဒမြတွေ"

"ဒမြတွေ ရွာဘက်ကို လာနေကြတယ်ဟေ့"

"သတိထားကြ....သတိထားကြ"

"ခုခံကာကွယ်ဖို့ အသင့်ပြင်ကြဟေ့"

တရွာလုံး အော်ဟစ် သတိပေးသံများ ပွက်လောညံသွားသည်။

လူငယ် လူရွယ်များက လက်နက်အသီးသီး ဆွဲကိုင်ကြသည်။ ခုခံရန် အသင့်ပြင်ကြသည်။

သက်ကြီး ရွယ်အို ကလေးသူငယ်များနှင့် နာမကျန်းဖြစ်နေသူများက လုံခြုံရာတွင် ပုန်းကွယ်ဖို့ စီစဉ်ကြသည်။

အော်သံ ခေါ်သံ ပြေးလွှားသံတို့ဖြင့် အုတ်အော်သောင်းတင်း ဖြစ်နေကြသည်။

"ဒမြတွေ ရွာနားကို ရောက်လာပြီဟေ့"

"သတိထားကြ....သတိထားကြ"

"လူအင်အား အတော်များတယ်ဟေ့"

မှန်ပါသည်။

တလိပ်လိပ်တက်နေသော ဖုံလုံးကြီးသည် ဟုံလင်းရွာအနီး ကဖြည်းဖြည်း ကပ်လာ၏။

မြင်းခွာသံများလည်း ဖြောင်းဖြောင်း ညံနေသည်။

ဟေး....ဟေး....ဟေး"

"ယား....ယား....ယား"

မြင်းခွာသံများနှင့် ရောယှက်၍ ဟစ်ကြွေးသံများလည်း သံပြိုင်ပေါ်ထွက်နေကြသည်။

သံကုန်ဟစ်၍ အပြင်းချီလာသော ဒမြများ။

ရွာနှင့်နီးလာသော ဒမြများ၏ ရုပ်လုံးက ပေါ်လာပေပြီ။



မြင်းကိုယ်စီနှင့် ဝတ်ရုံနက်များကို ဝတ်ဆင်ထားသော ဒမြများ။ ရှေ့ဆုံးမှ မြင်းစီးလာသော ဒမြတယောက်၏ လက်ထဲတွင် အလံတိုင်ကို ကိုင်ထားသည်။

အလံတိုင်ထိပ်ရှိ အလံကလေးမှာ လေထဲတွင် တလွင့်လွင့်။ လူရိုးခေါင်းတံဆိပ် ခပ်နှိပ်ထားသောအလံ။

ရွာသားအချို့ အလံမှ အမှတ်တံဆိပ်ကို တွေ့မြင်သွားကြသည်။ မျက်လုံးမျက်ဆံ ပြူးကုန်ကြတော့သည်။

"မိစ္ဆာနက်ဂိုဏ်းကွ....မိစ္ဆာနက်ဂိုဏ်း"

"မိစ္ဆာနက်ဂိုဏ်း ဆိုပါလား"

"ဘုရား ကယ်တော်မူပါ"

တရွာလုံး တဆင့်စကားတဆင့်ကြားပြီးနောက် ကြောက်ရွံ့ ထိတ်လန့်ကုန်ကြသည်။

ဘုရား တ,ကုန်ကြသည်။

ခုခံရန် လက်နက်တပြင်ပြင် ဖြစ်နေသူများပင် တွေဝေကုန်ကြသည်။

သူတို့ကိုယ်မှ သတ္တိများ လွင့်ပျောက်သွားကြသည်။

ထိုစဉ် မိစ္ဆာနက်များ ဟုံလင်းရွာတွင်းသို့ ထိုးဖောက်ဝင် ရောက်လာကြလေပြီ။

"မိစ္ဆာနက်ကွ....မိစ္ဆာနက်"

"ခုခံတဲ့လူမှန်သမျှ တယောက်မှ အရှင်မထားနဲ့"

"သေမင်းအော် ဟေ့.... သေမင်းအော်ကွ၊ ဘာ မှတ်သလဲ သယ်နိုင်သမျှပစ္စည်းဆိုအကုန်သယ်၊ ကြက် ဝက်ပါ မချန်နဲ့ဟေ့"

မြင်းဖြူကြီးကိုစီးပြီး ဝတ်ရုံနက်ကို ဝတ်ဆင်ထားသော အသက် ၄ါးဆယ်ရွယ်ခန့် လူကြီးတဦးထံမှ အော်ဟစ်အမိန့်ပေးသံက ဆူညံသံများအတွင်းမှ ထွင်းဖေါက် ပေါ်ထွက်လာသည်။

သူ့မျက်နှာမှာ ခက်ထန်ကြမ်းကြုတ်ပြီး ရက်စက်သည့် အသွင်သဏ္ဌာန်မျိုး ပေါ်လွင်နေ၏။

ယာဘက်ပါးပြင်ပေါ်တွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးကြောင့် သူ့ရုပ်သွင် ပိုမို ကြောက်စရာကောင်းနေသည်။

သူ့လက်ထဲတွင် ၁၅-ပိဿာ အလေးချိန်စီးသော ဓားပြားရှည်ကြီးကို ကိုင်ဆောင်ထားပြီး၊ သူ့ကိုတိုက်ခိုက်ရန် လက်နက်တရွယ်ရွယ်ဖြစ်နေသော ရွာသားများကို ရက်ရက်စက်စက် ခုတ်ပိုင်းချနေလေသည်။

မြင်းဟီသံ၊ မြင်းခွာသံ၊ အော်ဟစ် တိုက်ခိုက်သံများမှာ ဟုံလင်းရွာအတွင်း ဘဝက်ညံ့နေလေသည်။

မိစ္ဆာနက် ဒမြဂိုဏ်းသားများသည် တအိမ်ဝင် တအိမ်ထွက် တွေ့သမျှ အဖိုးတန်ပစ္စည်း မှန်သမျှ လုယက်ယူငင်နေကြသည်။

ခုခံသူ မှန်သမျှ မိစ္ဆာနက်တို့၏ လက်ချက်ဖြင့် အသက်ပျောက်ကြရသည်။

ရွာသူ ရွာသားတို့၏ သွေးများမှာ နေရာအနှံ့အပြား ဖြန့်ကြဲလျက်၊ အလောင်းတွေလည်း အထပ်ထပ်။

"တို့ကို ပြန်ခုခံတဲ့ ဒီရွာကို မီးတိုက်ခဲ့ကြစမ်းဟေ့"



မိစ္ဆာနက်ဂိုဏ်း၏ ခေါင်းဆောင်ကြီး သေမင်းအော်၏အမိန့်သံအဆုံးဝယ် ဂိုဏ်းသားများက အိမ်များကို မီးတင်ရှို့ကြသည်။

ကလေးငယ်နှင့် မိန်းမများ၏ ငိုယိုသံ၊ ဒဏ်ရာရသူတို့၏ ညည်းတွားသံ၊ အော်ဟစ် ခေါ်ဝေါ်သံ၊ မီးလောင်နေသော အိမ်များအတွင်းမှ ဝါးလုံးများ ပေါက်ကွဲသံတို့မှာ ဆူဆူညံနေကြသည်။

"အဲ့နန်....အဲ့နန်....ပြန်ဆုတ်ကြမယ်"

မြင်းညိုကြီးကိုစီးပြီး သူ့ရှေ့တွင် ကာဆီး လှမ်းပိတ်နေသော ရွာသူ ရွာသားများမှန်သမျှ တယောက်မကျန် ထိုးခုတ်သတ်ဖြတ်သော မိစ္ဆာနက်ဂိုဏ်း၏ ဒု-ခေါင်းဆောင် အဲ့နန်အား သေမင်းအော် လှမ်းပြောလိုက်သည်။

တမျက်နှာလုံး ကျောက်ပေါက်ရာ အပြည့်ဖြင့် မျက်လုံးတဘက်မှေးနေသော အဲ့နန်က သေမင်းအော်ကို လှည့်ကြည့်သည်။

ဟုံလင်းတရွာလုံး တအိမ်မကျန် မီးလောင်တိုက်သွင်းခဲ့ပြီဖြစ်၏။

ရွာသူရွာသားတို့၏ ညည်းတွား ငိုကြွေး နာကျည်းသံများက ကျန်ခဲ့သလို မိစ္ဆာနက်များ၏ အောင်မြင်သော ကြွေးကြော်သံများက ပွက်လော်ညံ့လျက်။

* * *

## အခန်း နှစ်

အချိန်ကား 'မန်ချူးခေတ်' အနှောင်းပိုင်းကာလ။

'ကျန်'မင်းဆက် ပျက်သုဉ်းကာနီး နောက်ဆုံးနှစ်။

ပုန်ကန်ထကြွသောင်းကျန်းမှုများသည် တရုတ်နိုင်ငံ အတွင်းတွင် အမြဲတမ်းပင် နေရာအနှံ့အပြား ဖြစ်ပွားပေါ်ပေါက်လျက်ရှိနေသည်။

တဦးပေါ် တဦး အကောက်ကြံမှုများ၊ အာဏာလုမှုများ၊ လုပ်ကြံသတ်ဖြတ်မှုများဖြင့် တိုင်းရေးပြည်ရာများမှာ ရှုပ်ထွေးပွေလီနေသော ကာလ။

အာဏာပိုင်စိုးသူ အရာရှိများ အပိုင်းတွင် အဂတိလေးပါး လိုက်စားဖောက်ပြန်ခြင်း များပြားလာသဖြင့် အုပ်ချုပ်ရေး ယန္တရားကြီးမှာလည်း ယိုယွင်းပျက်စီးနေလေသည်။



ဤတွင် တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသလို နေရာနှင့်အဝှမ်း လုယက်ခိုးဆိုး တိုက်ခိုက်သူများက သူခိုး ဒမြ ဂိုဏ်းကြီးများကို အတိအလင်း ဖွဲ့စည်းပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြ လေသည်။

အမြို့မြို့အရွာရွာတွင် နေထိုင်ကြသော ပြည်သူပြည်သားများလည်း ကြီးလန့်စာစားဖြင့် နေ့မအိပ်ဝံ့၊ ညမအိပ်ဝံ့၊ ဖြစ်နေရရှာလေသည်။

ကိုယ့်မြို့ ကိုယ့်ရွာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုံခြုံရေး၊ ကာကွယ်ရေးများ လုပ်ဆောင်နေကြရသည်။

တောင်မင်း မြောက်မင်း မကယ်နိုင်သော အခြေအနေ။

ပိုင်ကျန်းမြို့။

နယ်စပ်မြို့ကလေး။

မြို့ကလေးဟုပင် ဆိုသော်လည်း ရွာကြီး တရွာသာသာ လောက်ပင် ကျယ်ဝန်းသည်။ အိမ်ကြီး အိမ်ကောင်းများ ပေါများခြင်းကြောင့်သာ မြို့အင်္ဂါရပ်နှင့် တူညီသယောင်ယောင် ရှိသည်။

မြို့ပတ်လည်တွင် မြင့်မားသော ကျောက်တံတိုင်းကြီးများကို ကာရံထားပြီး မြို့တံခါးများကိုမူ အရှေ့အနောက် ၂ ပေါက်သာ ထားရှိလေသည်။

နယ်စပ်မြို့မို့ လူဝင်လူထွက်ရှုပ်သည်။

မှောင်ခိုကုန်ကူး အရောင်းအဝယ်များဖြစ်ထွန်းသည်။

ဥပဒေဘက်တော်သားများနှင့် ဒုစရိုက်သမားများရောထွေး နေကြသည်။

သူလျှိုများလည်း ခြေချင်းလိမ်နေကြ၏။

ယခုလို ပုန်ကန်ထကြွ သောင်းကျန်းသူများ မင်းမူနေသော ခေတ်ဆိုးကြီးထဲတွင် ပိုင်ကျန်းမြို့ကလေးမှာ နယ်စပ်မြို့ကလေး ဖြစ်သောကြောင့် ထိုဒဏ်ကို ပိုပြီးခံနေရ၏။

အမြဲတမ်းလိုလိုပင် မြို့တွင်းတွင် ရာဇဝတ်မှုကြီးငယ်များ ပေါ်ပေါက်နေသည်ဖြစ်ရာ သက်ဆိုင်ရာ နယ်ပိုင်၊ မြို့ပိုင်၊ မင်းစိုး ရာဇာအမှုတော်ထမ်းများကို မြို့လူထုအနေဖြင့် အားကိုး၍မရခဲ့။

ထို့ကြောင့်လည်း ပိုင်ကျန်းမြို့လူထုသည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် မြို့လုံခြုံရေး၊ ကာကွယ်ရေး၊ တိုးတက်ရေးတို့ကို လုပ်ဆောင်နိုင်ရန် နာယကဆယ့်တစ်ဦး အဖွဲ့ကို တင်မြှောက် ဖွဲ့စည်းကြရတော့၏။

လူများစုက ယုံကြည် လေးစားခြင်း ခံရ၍ အများ အကျိုးကို အနစ်နာ ခံနိုင်သော လူကြီးများကိုသာ ရွေးချယ် တင်မြှောက်ထားသော ပိုင်ကျန်းမြို့ နာယက ဆယ့်တစ်ဦးအဖွဲ့။

နာယကဆယ့်တစ်ဦး အဖွဲ့ဝင် ဆုံးဖြတ်ချက် အတည်ပြုချက် များဖြင့် ကိစ္စအဝဝကို ဆောင်ရွက်ကြသည်။

နာယကဆယ့်တစ်ဦး အဖွဲ့၏ နာယကချုပ်မှာ ရင်လင်တူ ဖြစ်သည်။



ရင်လင်တူသည် အသက် ခုနစ်ဆယ်အရွယ် ရှိပြီဖြစ်ပြီး မိမိ ကိုယ်ကို အနစ်နာခံကာ မိမိမြို့ရွာ၏ အကျိုးကို ရှေ့ဆုံးမှ လုပ်ဆောင်နေသူ ဖြစ်သည်။

သူ့ကို အများသူငါ အပေါင်းတို့က 'ရွှေတင်းပုတ်'ဟု ခေါ်ကြသည်။

ရင်လင်တူသည် အသက်အရွယ် အိုမင်းနေပြီဖြစ်သော်လည်း သန့်တုန်း၊ မြန်တုန်း၊ ဖျတ်လတ်တုန်း။

သူ့ဝယ် ထာဝရ ကိုင်ဆောင်သော လက်နက်မှာ ရွှေရောင် တင်းပုတ်ကလေးပင် ဖြစ်သည်။

သူသည် ထိပ်တန်း သိုင်းပညာရှင်ကြီးတဦး ဖြစ်သလို တွေးတောကြံဆမှုတွင်လည်း ဦးနှောက်ကောင်းသူ ဖြစ်သည်။

သူ့နည်းတူ ကျန်နာယက ဆယ်ဦးမှာလည်း ထိပ်တန်း သိုင်းပညာရှင်ကြီးများပင် ဖြစ်ကြပြီး သူ့ထက် လေးနှစ်ခန့်သာ ငယ်ကြသူများဖြစ်၏။

ထို့ကြောင့် မြို့လူထုအနေဖြင့် နာယက ဆယ့်တစ်ဦးအဖွဲ့ကို လေးစားကြသည်။ ယုံကြည်အားထားကြသည်။

အရာရာကို နာယကဆယ့်တစ်ဦး အဖွဲ့ကသာ ဆုံးဖြတ်အတည် ပြုသည်။

နာယက ဆယ့်တစ်ဦး အဖွဲ့သည် ပိုင်ကျန်း မြို့ကလေး၏ တိုးတက်မှုကို ဆောင်ရွက်ရန် အဖွဲ့ငယ်ကလေးများ ဖွဲ့စည်း ထားပေးသလို၊ လုံခြုံရေး၊ ကာကွယ်ရေး အတွက်လည်း မြို့စောင့်တပ်ကို ဖွဲ့စည်းပေးထားလေသည်။

ထိုအဖွဲ့အစည်းများ အတွက်လည်း အရည်အချင်း ပြည့်ဝသော ခေါင်းဆောင်ကောင်း တဦးစီကို ခန့်ထားပေးလေသည်။

ထိုကဲ့သို့ နာယကဆယ့်တစ်ဦးအဖွဲ့မှ လိုအပ်သလို လုပ်ဆောင်သုံးစွဲနိုင်ရန်အတွက် မြို့သူမြို့သား လူထုသည် ဘဏ္ဍာငွေများကို စုပေါင်းကောက်ခံကာ ငွေစာရင်း ဖွင့်ပေးထားလေသည်။

* * *

ရွှေတင်းပုတ် ရင်လင်တူ၏အိမ်ကြီးအတွင်း အစည်းအဝေးဆောင်တွင် နာယကအဖွဲ့ဝင်အားလုံး ရောက်ရှိနေကြလေသည်။

အားလုံးပင် ဝတ်ရုံနက်ကြီးများကို တူညီစွာ ဝတ်ဆင်ထားကြ၏။

စက်ဝိုင်းပုံသဏ္ဍာန် ကုလားထိုင်ကြီး ဆယ့်တစ်လုံးချထားပြီး အလယ်ကုလားထိုင်တွင် ရွှေတင်းပုတ် ရင်လင်တူ ထိုင်နေကာ သူ့ဘေး တဘက်တချက်စီတွင် နာယကကြီး ငါးဦးစီ ထိုင်နေကြ၏။

နာယကကြီး ဆယ့်တစ်ဦး၏ အတွင်းဘက် ကုလားထိုင်တွင် မြို့စောင့်တပ်၏ခေါင်းဆောင် လုံခြုံရေးမှူးလျှံစွမ်း ထိုင်နေ၏။



လုံခြုံရေးမှူး လျှံစွမ်းသည် အသက်နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေးသည်။

သူ၏ ခန္ဓာကိုယ်ကမူ သန်မာထွားကျိုင်းလှ၏။

သူသည်မည်သည့်လက်နက်ကိုမှ ကိုင်ဆောင်တတ်သူ မဟုတ်။

သူအားထားရာ လက်နက်ကား သူ၏ လက်နှစ်ဘက်ပင်ဖြစ်သည်။

ရန်သူနှင့်တိုက်ခိုက်သောအခါမျိုးတွင် သူ့လက်နှစ်ဘက်မှာ ကြောက်စရာကောင်းသည်။

သူ့လက်ဝါးစောင်းဒဏ်ကြောင့် လောကကြီးကို ကျောခိုင်းသွားခဲ့ရသော လူဆိုး လူမိုက်များလည်း မနည်းတော့ချေ။

ပိုင်ကျန်းတမြို့လုံးက သူ့ကို 'လက်စကြာ' ဟု ခေါ်ဝေါ် သမုတ်ကြ၏။

သူသည် မိတ်ဆွေနှင့်တွေ့ဆုံရသောအခါမျိုးတွင် နှစ်လိုဖွယ်ရာ စိတ်ထားကောင်းသလောက် ရန်သူနှင့် တွေ့ကြုံရသောအခါတွင် ထောက်ထားညှာတာစိတ် ကင်းသူဖြစ်သည်။

"အင်းလေ ဒီအတိုင်းဆို ဟုံလင်းရွာတရွာလုံး မီးလောင်တိုက် သွင်းခံခဲ့ရတယ် ဆိုပါတော့၊ ဟုတ်ရဲ့လား လက်စကြာ"

လျှံစွမ်းကိုကြည့်ပြီး မျက်မှောင် ကြုတ်လျက် ရွှေဟင်းပုတ် ရင်လင်တူက မေးလိုက်၏။

လျှံစွမ်းခေါင်းကိုအသာအယာညိတ်ယင်းပြန်ဖြေလိုက်သည်။

"မှန်ပါတယ် နာယကချုပ်ကြီး ခင်ဗျာ၊ ဟုံလင်းရွာတရွာလုံး ရွာပျက်သွားတဲ့အထိ တက်တက်ပြောင် သွားပါပြီ။

ဒါကြောင့်လဲ ကျွန်တော်တို့မြို့ကို ကျန်ရစ်တဲ့ ဟုံလင်း ရွာသူရွာသားတွေဟာ ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါတယ်”

“အင်းလေ ဒုက္ခသည်တွေဆိုတော့ သင့်တင့်လျောက်ပတ်စွာ နေရာချထားပေးရမှာပေါ့လေ၊ ဟုံလင်းရွာဟာ ကျုပ်တို့မြို့နဲ့ အနီးဆုံးရွာတရွာလဲဖြစ်တယ် မဟုတ်လား”

“ကျွန်တော်တို့အနေနဲ့ မိစ္ဆာနက်ဒမြဂိုဏ်းကို လစ်လျူရှုထားလို့ မဖြစ်နိုင်တော့ပါဘူး နာယကချုပ်ကြီးခင်ဗျာ၊ မိစ္ဆာနက်ဂိုဏ်းဟာ ရယ်စက်ကြမ်းကြုတ်သလို အင်အားလဲ ကြီးမားတဲ့ဂိုဏ်းကြီးတဂိုဏ်း ဖြစ်ပါတယ်၊ သူတို့ဟာ ကျွန်တော်တို့မြို့အထိ ကျူးကျော် တိုက်ခိုက်ချင် တိုက်ခိုက်လာနိုင်ပါတယ်”

“ဒီမြို့အထိတော့ မိစ္ဆာနက်ဂိုဏ်းက ကျူးကျော် တိုက်ခိုက်ရဲပါ့မလား လက်စကြာ၊ ဒီမှာက မြို့ဝင်မြို့ထွက် ခက်ခဲသလို စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ ရှိနေတယ်ဆိုတာ သူတို့လဲ သိပြီးဖြစ်မှာပါပဲလေ၊ ကျုပ်အနေနဲ့တော့ သူတို့ဒီအထိ လာရဲလိမ့်မယ်လို့ မထင်ပါဘူး”

နာယကချုပ်ကြီး ရင်လင်တူ၏ စကားကို ထောက်ခံဟန်ဖြင့် အခြားနာယကကြီးများ အားလုံးကပါ ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်လေသည်။

လုံခြုံရေးမှူး လျံစွမ်းကမူ သူ့တွေးခေါ် ယူဆချက်များကို ဆက်ပြီး ပြောသည်။

“မိစ္ဆာနက်ဂိုဏ်းနဲ့ ပတ်သက်လို့ ကျွန်တော် စုံစမ်းထားမိသလောက် တင်ပြပါရစေ ခင်ဗျာ၊ မိစ္ဆာနက်ဂိုဏ်း ခေါင်းဆောင်



ကြီး သေမင်းအော်ဟာ တိုက်ရည်ခိုက်ရည် သိုင်းပညာများထူးချွန်သူဖြစ်သလို ရက်စက်ကြမ်းကြုတ်တဲ့ ယုတ်မာတဲ့ သူတယောက် ဖြစ်ပါတယ်၊ ပြီးတော့ အင်မတန် ဉာဏ်နီ ဉာဏ်နက်များပြီး လုပ်ငန်းတခုကို အောင်မြင်အောင် အကွက်ချလုပ်ဆောင်တတ်တယ်လို့ သိရတယ်၊ ကျွန်တော်တို့ ပိုင်ကျန်းမြို့ကို သူဟာ တိုက်ခိုက်နိုင်မယ်ဆိုယင် အလုံးအရင်းနဲ့ တိုက်ခိုက်ချင် တိုက်ခိုက်နိုင်သလို ဉာဏ်နီ ဉာဏ်နက် သုံးပြီး ပရိယာယ်နဲ့လဲ ဝင်တွယ်နိုင်ပါတယ်”

လုံခြုံရေးမှူး လျံစွမ်းစကားကြောင့် နာယက အဖွဲ့ဝင် ၁၁-ဦးစလုံး တွေဝေသွားကြသည်။

တဦးမျက်နှာ တဦးကြည့်ပြီး အကြံဉာဏ် ယူကြသည်။ သဘောထား ညှိကြသည်။

“လုံခြုံရေးမှူးအနေနဲ့မိစ္ဆာနက်ဂိုဏ်းဟာတို့မြို့ကိုထိုးဖေါက်တိုက်ခိုက်လိမ့်မယ်လို့ သေချာပေါက် ယူဆထားသလား”

နာယကအဖွဲ့ဝင် နံပါတ် ငါးက မေးခွန်းထုတ်လိုက်၏။

“ကျွန်တော်အနေနဲ့ သေချာပေါက် တိုက်ခိုက်လိမ့်မယ်လို့ ရာခိုင်နှုန်းပြည့် မပြောနိုင်ပေမယ့် မိစ္ဆာနက်ဂိုဏ်းအနေနဲ့ လာရောက်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်း သေချာတယ်ဆိုတာတော့ ပြောနိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုယင် သူတို့ဟာ ကျွန်တော်တို့မြို့ရဲ့ အနီးဆုံးဖြစ်တဲ့ ဟုံလင်းရွာကြီးကိုတောင် မှုန်မှုန်ညက်ညက် ကြေအောင် တိုက်ခိုက်ခဲ့လို့ပါ၊ နောက်တခါ တိုက်ခိုက်

မှုဟာ ကျွန်တော်တို့မြို့ပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော့်စိတ်မှာ ထင်မြင်နေမိပါတယ်”

လုံခြုံရေးမှူး လျှို့စွမ်းတင်ပြချက်များကို ခေါင်းတညိတ် ညိတ်နှင့် နားထောင်နေရာမှ စကားအဆုံးတွင် နာယကအဖွဲ့ဝင် နံပါတ် ခုနစ်က မေးလိုက်သည်။

“ကောင်းပြီလေ၊ ဒီလိုဆိုယင် လက်စကြာအနေနဲ့ ဘယ်လိုစီမံမှာလဲ၊ ဘယ်လိုအစီအစဉ်တွေ လုပ်ချင်သလဲ၊ မဖြစ်သော်ရှိ ဖြစ်သော်ရှိ လုပ်ထားတာတော့ မမှားနိုင်ပါဘူး”

“အင်း....ဟုတ်ပါတယ်လေ၊ လုံခြုံရေးအစီအစဉ်တွေ လုပ်ထားတာကတော့ မမှားနိုင်ပါဘူး၊ ကျုပ်တို့အဖို့အရေးအကြီးဆုံး ကာကွယ် စောင့်ရှောက်ရမှာကတော့ မြို့သူ မြို့သားတွေ ကျုပ်တို့ကို ယုံကြည်လေးစားလို့ စုပေါင်း အပ်နှံထားကြတဲ့ ရတနာပစ္စည်းတွေပါပဲ၊ ဒီရတနာတွေကို ကျုပ်တို့က သေတ္တာကြီးတလုံးထဲမှာ စုပေါင်းထည့်ထားပြီး၊ လျှို့ဝှက်တဲ့ နေရာတခုမှာ အစောင့်အရှောက် တွေနဲ့ လုံလုံခြုံခြုံ ထားခဲ့ကြမယ်၊ ဒီရတနာသေတ္တာကိစ္စကို ကျုပ်တို့ဟာ ရေငုံနှုတ်ပိတ်ပြီး မပေါက်ကြားအောင် ဂရုစိုက်ကြရမယ်”

နာယကချုပ် ရင်လင်တူ သူ့စကားကို ခဏ နားလိုက်ပြီး နာယကအဖွဲ့ဝင်များနှင့် လျှို့စွမ်းကို အကဲခတ်ကြည့်လိုက်သည်။

အားလုံးက သူ့စကားကိုသာ အာရုံစိုက် နားထောင်နေကြောင်း တွေ့ရမှ ဆက်ပြောသည်။

လွင်စာပေ
၆-လမ်း၊ တောင်ဥက္ကလာ



“ကျုပ်တို့အနေနဲ့ ဒီရတနာသေတ္တာကိစ္စကို အထူးလျှို့ဝှက်ထားတယ် ဆိုပေမယ့်လို့ မိစ္ဆာနက်ဂိုဏ်းရဲ့ နားကိုသာ ဒီကိစ္စ ပေါက်ကြားသွားယင် ရတနာသေတ္တာရရှိရေးအတွက် သူတို့ဟာ နည်းအမျိုးမျိုးနဲ့ ကြိုးစားကောင်း ကြိုးစား လာနိုင်ပါတယ်။ အဲဒီကြိုးစားလို့ မတော်တဆများ မိစ္ဆာနက် ဂိုဏ်းရဲ့ လက်ထဲကို ဒီ ရတနာ သေတ္တာ ရောက်သွားမယ် ဆိုယင် မြို့လူထုရဲ့ ဥစ္စာပစ္စည်းတွေဟာ ကုန်လုနီးပါးဆုံးရှုံးသွားနိုင်သလို ကျုပ်တို့ အုပ်ချုပ်ရေး နာယကအဖွဲ့ရဲ့ ဂုဏ်သိက္ခာဟာ လဲကျဆင်းသွားမှာ အမှန်ပါပဲ”

“မှန်ပါတယ်....မှန်ပါတယ်”

“မြို့လူထုကလဲ ယုံကြည်ကိုးစားတော့မှာ မဟုတ်ဘူး”

“ရတနာသေတ္တာသာ ရသွားယင် ကျုပ်တို့မြို့ဟာ မွဲပြာကျသွားတာနဲ့ အတူတူပါပဲ”

“ရတနာသေတ္တာကိုတော့ အစွမ်းကုန် ကာကွယ်ရမှာပဲ”

နာယက အဖွဲ့ဝင်များ တယောက်တပေါက် ပြောဆိုကြသည်ကို နာယကချုပ် ရင်လင်တူ ဆုံးအောင် နားထောင်ပြီးမှ သူ့စကားကို ဆက်ပြောသည်။

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျုပ်တို့အနေနဲ့ ရတနာသေတ္တာဟာ အရေးအကြီးဆုံး ပစ္စည်းဖြစ်တဲ့အတွက် ကာကွက်ရေးကို အရေးပေးဆောင်ရွက်ကြရပါလိမ့်မယ်၊ ဒီတော့လုံခြုံရေးမှူး လက်စကြာအနေနဲ့ လုံခြုံရေး၊ ကာကွယ်ရေး အစီအစဉ်တွေကို စိတ်တိုင်းကျ လုပ်ဆောင်ပါ၊ လိုအပ်တဲ့အသုံး

စာရင်းကို ကျုပ်တို့ဆီတင်ပြပါ၊ မိစ္ဆာနက်ဂိုဏ်းရဲ့ လှုပ်ရှားမှုအစီအစဉ်ကိုလဲ တတ်နိုင်သလောက် ထောက်လှမ်းပါ၊ ဟုတ်လား လက်စကြာ"

"ကောင်းပါပြီ နာယကချုပ်ကြီး ခင်ဗျား"

*　　*　　*

## အခန်း သုံး

လမိုက်ည။

ကောင်းကင်ပြင်တခုလုံး တိမ်သားထုဖုံးနေသဖြင့်ကြယ်ရောင်လည်း မလင်း။

တလောကလုံး အမှောင်ထုသာ လွှမ်းခြုံထားသည်။

ကောင်းကင်လည်း မည်းမှောင်နေသည်။ မြေပြင်လည်း မှောင်နေသည်။

'အန်းဝေး' တောအုပ်ကြီး၏ အလယ်တွင်မူ မီးရောင်တွေ ဖြာဖြာလင်းနေသည်။

အရှိန်ကောင်းလှသော မီးပုံကြီးများ အများအပြား ရှိနေသည်။

မီးပုံတိုင်းလိုလိုပင် ကြက်၊ ဘဲ၊ ဝက်၊ စသော တိရစ္ဆာန်တို့ကို အကောင်လိုက် မီးကင်ထားကြသည်။

တောပန်း တောင်ပန်းတို့၏ ရနံ့ကို ညှော်နံ့၊ အရက်နံ့တို့က လွှမ်းမိုးထားလေသည်။

"ဟား....ဟား....ဟား....ဟား"

"ဟေး....ဟေး....ဟေး....ဟေး"

ရယ်သံတို့က တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး ထွက်ပေါ်နေသည်။

မီးပုံကြီးများ အနီးတွင် အရက်အိုးကိုယ်စီနှင့် မိစ္ဆာနက်အမြဂိုဏ်းဝင်များ ထိုင်နေသည်။

အားလုံး ပျော်ရွှင်နေကြသည်။ အူမြူးနေကြသည်။

ဟုံလင်းရွာကို အောင်မြင်စွာ ဝင်ရောက်စီးနင်း တိုက်ခိုက်နိုင်ခြင်း အတွက် အောင်ပွဲကြီး ကျင်းပနေကြခြင်းပင် ဖြစ်သည်။

ဤနေရာကား သူတို့၏စခန်း။ မိစ္ဆာနက်တို့၏စခန်း။

ကျောက်တောင်ကြီး တလုံးတွင် သဘာဝ အလျောက်ဖြစ်ပေါ်နေသော ကျယ်ဝန်းသည့် ဂူကြီးတဂူကို သူတို့စခန်းအဖြစ် နေရာယူထားခြင်း ဖြစ်လေသည်။

ထိုနေရာတွင် သူတို့တတွေ စခန်းချခဲ့သည်မှာ မိစ္ဆာနက်ဂိုဏ်း စတင်တည်ထောင်ကတည်းက ဖြစ်၏။

'အန်းငွေး' တောအုပ်အတွင်း မိစ္ဆာနက်ဂိုဏ်း၏ အခြေစိုက်စခန်း ရှိသည်ကို လူအတော်များများပင် သိထားကြ၏။



သူတို့ကလည်း ကွယ်ဝှက်မထား။ အစဉ်အမြဲပင် ကြေငြာထားသည်။

သို့သော်မိစ္ဆာနက်ဂိုဏ်းကို ခြေမှုန်းရန်အတွက်လည်းကောင်း၊ မိစ္ဆာနက်ဂိုဏ်းအတွင်း ထိုးဖောက် ထောက်လှမ်းရန်အတွက်လည်းကောင်း၊ မိစ္ဆာနက်ဂိုဏ်း၏ ဆိုးကျိုးကို ဖန်တီးရန်အတွက်လည်းကောင်း၊ အန်းငွေး တောအုပ်အတွင်းသို့ ရောက်လာသူသည် အဝင်သာရှိပြီး အထွက်မရှိတော့ချေ။

မိစ္ဆာနက်ဂိုဏ်း၏ ထောင်ချောက် တခုခုတွင် မိသွားကာ အဆုံးစီရင်ခံကြရသည်သာ။

အန်းငွေးတောအုပ်ကြီးအတွင်း သဘာဝ နွံအိုင်ကြီးများ ရှိသည်။

မိစ္ဆာနက်ဂိုဏ်းကလည်း ထောင်ချောက်အမျိုးမျိုး ဆင်ထားကြလေသည်။

လူစိမ်း မှန်သမျှ မည်သို့မှ ရှောင်၍ မလွတ် နိုင် သော ထောင်ချောက်မျိုး။

အကယ်၍ ထိုထောင်ချောက်များကို လွတ်မြောက်အောင် ကြိုးစားနိုင်သည်ထားဦး။

မလွဲမသွေပင် နွံအိုင်ကြီးများ အတွင်းသို့ ကျရောက်ကာ အသက်ထွက်ရမည်သာ။

နွံအိုင်ကြီးများ အောက်တွင် အသက်ပျောက်ကြရသော လူနှင့် တိရစ္ဆာန်တို့၏ အရေအတွက်မှာလည်း မနည်းတော့။

နှံ့ အိုင် ကြီး များ သည်   မိစ္ဆာနက် ဂိုဏ်းကြီး  အတွက် သဘာဝ  ထောင်ချောက်ကြီးများပင် ဖြစ်တော့သည်။

သဘာဝမဟုတ်ပဲ ဖန်တီးထားသော  ထောင်ချောက်များ ကိုမူ မိစ္ဆာနက်ဂိုဏ်းကြီး၏  ခေါင်းဆောင်  သေမင်းအော်က တီထွင်စီမံထားခြင်းပင် ဖြစ်လေသည်။

လူဆိုမထားနှင့်။

တောရှိုင်းတိရစ္ဆာန်ငယ်ကလေး တကောင်ပင်လျှင် မိစ္ဆာနက်ဂိုဏ်းက မသိပဲ သူတို့စခန်းဆီသို့ အသက်ရှင်လျက် မရောက်နိုင်။

ထို့ကြောင့် မိစ္ဆာနက်ဂိုဏ်းသည် ယခု အောင်ပွဲကို မီးရောင်ထိန်ထိန်လင်းလျက် အော်ဟစ်ရှင်မြူးစွာ ခြိမ့်ခြိမ့်သည်း ကျင်းပနေခြင်းပင် ဖြစ်လေသည်။

ကျောက်ဂူကြီး၏အဝ မျက်နှာစာတွင်မူ  ဂူဝကိုကျောပေးလျက်  ကြီးမားခန့်ညားသော ငွေရောင်ကုလားထိုင်ကြီးသုံးလုံးကို ချထားသည်။

ထိုကုလားထိုင်  သုံးလုံးအနက်   အလယ်ခုံတွင်   မိစ္ဆာနက် ခေါင်းဆောင်ကြီး  သေမင်းအော်ထိုင်နေပြီး  သူ၏  ညာဘက် ခုံတွင်မူ ဒုခေါင်းဆောင် အဲ့နန် ထိုင်နေသည်။ ဗယ်ဘက်ခုံကမူ လွတ်နေသည်။

သူတို့ရှေ့  စားပွဲရှည်ကြီးပေါ်တွင် အ ရက် အိုး များ နှင့် စားသောက်ဖွယ်ရာများ ရှိနေသည်။

သူတို့ရှေ့ မီးပုံ အသီးသီးဘေးတွင်  စိုင်းထိုင်နေကြသော တပည့်များကို  ကြည့်ပြီး  သူတို့မျက်နှာတွင်လည်း  ပီတိတွေဖြာနေကြ၏။



နှစ်ယောက်သား  တဦးမျက်နှာကိုတဦး  ကြည့်လိုက်သည်။

သေမင်းအော်က ခေါင်းဆတ်ပြသည်။

အဲ့နန်  လက်ခုပ်သုံးချက် တီးလိုက်သည်။

လက်ခုပ်သံက ဂိုဏ်းသားများ၏ အော်ဟစ်  စကားပြောသံများကို လွှမ်းမိုးသွားသည်။

"ဖြောင်း....ဖြောင်း....ဖြောင်း"

ဆူညံအော်ဟစ်သံများ၊  စကားသံများအားလုံး  တန့်ကနဲရပ်သွားသည်။

ဂိုဏ်းသားများအားလုံး   သေမင်းအော်ရှိရာ   စားပွဲဆီသို့ မျက်နှာမူလိုက်ကြလေသည်။

သေမင်းအော် အသာအယာ မတ်တတ်ရပ်လိုက်၏။

ဂိုဏ်းသားများအားလုံး ကျောက်ရုပ်တွေလို ငြိမ်သက်နေကြသည်။

အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်မှုကငြိမ်သက်နေသည်။

"မိစ္ဆာနက်ဂိုဏ်းဝင် အပေါင်းတို့...."

တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး သေမင်းအော်၏အောင်မြင်ခန့်ညားသော စကားသံက ပေါ်ထွက်လာသည်။

"မင်းတို့တတွေအားလုံး....တို့မိစ္ဆာနက်ဂိုဏ်းရဲ့ ရည်ရွယ်ချက်အဓိဋ္ဌာန်ကိုသိပြီးကြပြီဖြစ်တယ်။ ဂိုဏ်းဝင်အားလုံးဟာ  ဘယ်သတ္တဝါ  အပေါ်မှာမှ  ကြင်နာစိတ်တွေ၊  ကရုဏာစိတ်တွေထားနေစရာ မလိုဘူး။ တို့အလုပ်ဟာ လူသတ်၊  ဒမြတိုက်နေတဲ့

အလုပ်။ ရက်စက်နိုင်ရမယ်၊ ကြမ်းကြုတ်နိုင်ရမယ်။ အေး.... လောကမှာ လူဆိုတဲ့သတ္တဝါဟာ အယုတ်မာဆုံးနဲ့ အကောက်ကျစ်ဆုံးပဲ။ ကောင်းနေတဲ့ လူတယောက်ကို လူဆိုး လူမိုက်ဘဝမျိုး ရောက်အောင် ဖန်တီးတာလဲ ဒီလူဆိုတဲ့ ပတ်ဝန်းကျင်ပဲ၊ ဒါကြောင့် လူလူချင်း ညာတာ ထောက်ထားရမယ်ဆိုတဲ့ စကားကို တို့ဂိုဏ်းကဆန့်ကျင်ပြီး လူလူချင်းရက်စက်ကြမ်းကြုတ်ရမယ်ဆိုတဲ့ မူဝါဒကို လက်ကိုင်ထားခဲ့ကြတယ် မဟုတ်လား"

"မှန်ပါတယ်....မှန်ပါတယ်"

"ဟုတ်ပါတယ်....ဟုတ်ပါတယ်"

"အေး...လူလူချင်း ဘာမှ ညာတာ ထောက်ထားနေစရာ မလိုဘူး၊ တဘက်လူကို ထောက်ထားညာတာဟာ ကိုယ့်အတွက် ဆိုးကျိုးကိုပဲ အဲဒီလူက ပြန်ပြီး ဖန်တီးဖို့ အခွင့်အရေး ပေးလိုက်တာနဲ့ အတူတူပဲ၊ ငါ့အနေနဲ့ အထူး သတိပေးချင်တာတော့ မင်းတို့တတွေ အားလုံး ဂိုဏ်းအပေါ်မှာ သစ္စာထားကြပါ၊ ဂိုဏ်းဝင်အချင်းချင်း အပေးအယူ ဖေးမကူညီကြပါ၊ တစိတ်တည်း တဝမ်းတည်း ထားကြပါ၊ ဂိုဏ်းအပေါ် သစ္စာဖောက်သူတွေကိုတော့ ဘယ်သူ့မှဆို ပြင်းပြင်းထန်ထန် အပြစ်ပေးရမှာပဲ၊ အေး....တို့ဂိုဏ်းဝင်တွေကလွဲလို့ တခြားသူတွေကိုတော့ ဘယ်သူ့မှဆို သစ္စာစောင့်သိဖို့ မလိုဘူး၊ ညာတာထောက်ထားနေဖို့ မလိုဘူး၊ ငါတို့ဂိုဏ်းအတွက် အကျိုးရှိမယ်ဆိုယင် သတ်ရဲရမယ်၊ ဖြတ်ရဲရမယ်၊ ရက်စက်နိုင်ရမယ်၊ အေး....ငါဟာ လူတယောက် ဖြစ်ပေမယ့် လူတွေကိုစိတ်နာတယ်၊ ငါကိုယ်တိုင် လူဖြစ်နေရ



တာကိုတောင် ရွံရှာတယ်၊ ဒါကြောင့်လဲ လူတွေကို ဒုက္ခပေးဖို့ မိစ္ဆာနက်ဂိုဏ်းကို တည်ထောင်ခဲ့တာပဲ၊ ဒီနေ့လည်က ဟုံလင်းရွာကြီးကို ရက်ရက်စက်စက် သတ်ဖြတ်လုယူပြီး မီးတိုက်နိုင်ခဲ့တာဟာ တို့မိစ္ဆာနက်ဂိုဏ်းရဲ့ ရက်စက်မှု အောင်ပွဲကြီး တခုပဲ။ ဒါကြောင့်လဲ တို့တွေဟာ အခုလို အောင်ပွဲကြီးကို ကျင်းပနိုင်ခြင်းပဲ ဖြစ်တယ်၊ နောက်ထပ် ဒီလိုအောင်ပွဲတွေ အဆင့်ဆင့် ပြုလုပ်နိုင်အောင် ရက်စက် ကြမ်းကြုတ်မှုတွေကိုလဲ ထပ်ကာ တလဲလဲ လုပ်ကြရလိမ့်အုံးမယ်၊ ဒီတော့ မင်းတို့အားလုံးရဲ့ရင်ထဲမှာ လူတွေကို ရက်စက်ကြမ်းကြုတ်ရမယ်ဆိုတဲ့ ခံယူချက်ထားပြီး တပျော်တပါး စားကြ သောက်ကြပေတော့၊ အောင်ပွဲခံကြပေတော့"

သေမင်းအော် သူ့စကားကို အဆုံးသတ်လိုက်ပြီး သူ့ရှေ့မှ အရက်အိုးကို မြှောက်ကိုင်လိုက်သည်။

ဗိုလ်အဲ့နန်ကလည်း သူ့ရှေ့မှ အရက်အိုးကို မြှောက်ကိုင်လိုက်၏။

ဂိုဏ်းသားများကလည်း အရက်အိုးများကိုယ်စီ ကိုင်မြှောက်လိုက်ကြ၏။

"လူယူချင်း ရက်စက်မယ်"

"လူလူချင်း ကြမ်းကြုတ်ရမယ်"

"လူလူချင်း သတ်ဖြတ်မယ်"

အားလုံးပင် ဘဝင်ညံအောင် သံပြိုင် ရွတ်ဆိုလိုက်ကြပြီး အရက်အိုးများကို တပြိုင်နက် မော့သောက်လိုက်ကြ၏။

အသားကင်များကို ဖဲ့ကြသည်။ လှီးကြသည်။

အားပါးတရ စားသောက်ကြလေသည်။

ရယ်မောသံ၊ စကားသံ၊ သီချင်းဆိုသံ၊ သောက်စားသံများ မြန်လည်ညံစီလာသည်။

အရက်ကို တရကြမ်း သောက်ကြသည်။

အစားကို ပလုပ်ပလောင်းစားကြသည်။

သူတို့အားလုံးသည် မြူးနေကြသည်။

သူတို့အားလုံးသည် တကိုယ်ရေ တကာယသမားများသာ ဖြစ်၏။

မိစ္ဆာနက်ဂိုဏ်းဝင်မှန်သမျှ ချစ်သူရည်းစားပင်မရှိ။

ဆွေမျိုးသားချင်းလည်း မရှိ။

တကောင်ကြွက် ဘဝဖြင့် ခြေသလုံးအိမ်တိုင် ဘဝမျိုး ရောက်နေသူများမှ မိစ္ဆာနက်ဂိုဏ်းဝင် ဖြစ်နိုင်လေသည်။

ထို့ကြောင့်လည်း သူတို့၏ စိတ်သည် ရက်စက်ကြမ်းကြုတ်ရဲ၊ သတ်ရဲ ဖြတ်ရဲနိုင်ခြင်း ဖြစ်လေသည်။

သူတို့ကိုယ်တိုင်လည်း သေရဲကြသည်။

သူတို့က ပူပင်ကြောင့်ကျရမည့်သူ မရှိသလို သူတို့ကို ပူပင်ကြောင့်ကျမည့်သူလည်း မရှိချေ။

သေမင်းအောင်နှင့် အဲ့နန်တို့သည် သူ့လူများ စားသောက်နေသည်ကို အားပါးတရကြည့်ပြီး သူတို့ကိုယ်တိုင်လည်း အားပါးတရ စားသောက်နေကြသည်။



အဲ့နန်သည် ကြက်ကောင်လုံးကင်ကို ပလုပ်ပလောင်း ကိုက်ဖဲ့စားလိုက်ပြီး အရက်အိုးကို တကွပ်ကွပ်နှင့် မော့သောက်လိုက်သည်။

ပါးစပ်မှ ယိုဖိတ်ကျလာသော အရက်များကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။

"ဟဲဟဲဟဲ....သေမင်းအောင်ရဲ့ ခံယူချက်ကို ကျုပ်တော့ သိပ်ပြီး သဘောကျ နှစ်ခြိုက်မိတယ်ဗျို့၊ မှန်တယ်ဗျာ၊ ကျုပ်တို့အတွက် အကျိုးရှိမယ်ဆိုယင် ဘယ်သူ့ကိုမှ ညှာတာထောက်ထားနေစရာ မလိုဘူး၊ တတ်နိုင်ယင် တလောကလုံးကိုတောင် မီးနဲ့ရှို့သင့် ရှို့ရမှာပဲ"

အဲ့နန်စကားကို နားထောင်ပြီး၊ သေမင်းအောင် အရက်ကို တရှိန်ထိုး မော့သောက်လိုက်ပြီးနောက် အရက်အိုးကို စားပွဲပေါ် ဒုန်းကနဲ ပြန်ချလိုက်၏။

"ထွီ....အလကားလူတွေ၊ အသုံးမကျတဲ့လူတွေ၊ ဒီလူတွေကြောင့် ကျုပ်ဟာ ဆိုးတေ မိုက်ခဲ့ရတယ်ဆိုတာခင်ဗျားအသိဆုံးပါ ဗိုလ်အဲ့နန်၊ ခင်ဗျားနဲ့ကျုပ် တွဲလာတာ ဆယ့်ငါးနှစ်တောင်ကျော်လာခဲ့ပြီ၊ ကျုပ်ဘဝ၊ ကျုပ်အခြေအနေ မှန်သမျှ အကုန်လုံး ခင်ဗျားသိအောင် ကျုပ်ပြောထားခဲ့ပြီးပြီပဲ"

"မှန်ပါတယ် သေမင်းအောင်၊ ကျုပ်လဲ ခင်ဗျားလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရသူမို့ တွဲကြတာပဲပေါ့၊ အော်....ဒါနဲ့ ကျန်းရှင်ချောင်တယောက် မမြင်ပါလား၊ မိုးချုပ်စကတည်းက ဘယ်ပျောက်နေပါလိမ့်"

သေမင်းအော် တဘက်ဘေးမှ လွတ်နေသောခုံကို လှမ်းကြည့်ယင်း အဲ့နန်ပြောလိုက်သည်။

သေမင်းအော်က မော့လုဆဲဆဲ အရက်အိုးကို စားပွဲပေါ် ပြန်ချလိုက်၏။

"အေးဗျာ ဟုတ်ပါရဲ့၊ မိုး ချုပ် က တည်းက ဒီကောင် ပျောက်နေတာ၊ အင်းလေ ထုံးစံအတိုင်း ဂူထဲမှာ တယောက်တည်း တွေးနေ ငေးနေတာ ဖြစ်မှာပေါ့"

"နောင်ကြီးရဲ့ သား ပုံစံကတော့ တမျိုးကြီးပဲ"

"ဒီကောင်က ကျုပ်တို့တတွေလို ပေါးလားဝါးလား နေတတ်တဲ့ အကောင်လဲ မဟုတ်ဘူးဆိုတာ ခင်ဗျားသိသားပဲ ဗိုလ်အဲ့နန်ရယ်၊ အင်းလေ လူမှာအမျိုး၊ ကြက်မှာအရိုးဆိုတဲ့စကားတော့ မှန်နေပြီထင်ပါရဲ့"

"ဘာဖြစ်လို့လဲ သေမင်းအော်"

"ဩော် ကျန်းရှင်ချောင်ဟာ ကျုပ်သားဆိုပေမယ့် ကျုပ်သွေးမပါတဲ့ မွေးစားသားပဲ မဟုတ်လား၊ သေဆုံးသွားပြီဖြစ်တဲ့ သူ့မိဘတွေဟာလဲ ဘယ်လိုလူစားတွေဆိုတာ ခင်ဗျားအသိဆုံးပဲ၊ ဒီတော့ သူဟာ ကျုပ်နဲ့စရိုက်ချင်း မတူတာ မဆန်းပါဘူးလေ"

"ဒါပေမယ့်...."

အဲ့နန် စကားကိုဆက်ရန် ခက်နေဟန်ဖြင့် အသားတတုံးကို ကောက်စားလိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ ဗိုလ်အဲ့နန်၊ ပွင့်ပွင့်လင်းလင်း သာပြောပါ"

လွင်စာပေ



သေမင်းအော်က စကားထောက်ပေးသည်။

အဲ့နန် အရက်ကို တကျိုက် မော့သောက်လိုက်ပြီးမှ ပြောသည်။

"ဟုတ်ကဲ့....ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုယင် ကျန်းရှင်ချောင်ဟာ ကျုပ်တို့ မိစ္ဆာနက်ဂိုဏ်းမှာ ဒုတိယခေါင်းဆောင်နေရာကို ယူထားတဲ့ လူတယောက်ဖြစ်နေတယ် မဟုတ်လား"

"မှန်တယ်လေ"

"ဒါပေမယ့် ကျုပ်တို့တတွေ ရွာတွေကို ဝင်စီးတိုင်း၊ လုယက်တိုက်ခိုက်တိုင်း ဘယ်တော့မှ သူကိုယ်တိုင် ဦးဆောင်ပါဝင်လေ့မရှိဘူး၊ ဦးမဆောင်တာကတော့ ထားပါလေ၊ အများနည်းတူ ပါဝင်ဖို့တော့ ကောင်းတယ်၊ ဒါပေမယ့် သူ တခါမှ တိုက်ခိုက်တဲ့ နေရာအထိ လိုက်မလာဘူး၊ ရွာအပြင်မှာအမြဲတမ်းပဲ နေခဲ့လေ့ရှိတယ်၊ ဒါတော့ သူ့အနေနဲ့ ပျော့ညံ့လွန်းအားကြီးတယ်လို့ ကျွန်တော်ထင်တယ်"

အဲ့နန်စကားကို ခေါင်းတဆတ်ဆတ်ဖြင့် နားထောင်နေရာမှ စကားအဆုံးတွင် သေမင်းအော် သက်ပြင်းရှည်ကြီးကို ချလိုက်၏။

"အင်းလေ........ကျုပ်အနေနဲ့ သူ့ကိုတော့ လိုချင်တဲ့ပုံစံတဖြည်းဖြည်းသွင်းပေးနေတာပဲ ဗိုလ်အဲ့နန်၊ အစတုန်းကဆို သူဟာ ကျုပ်တို့နဲ့ လိုက်တောင် မလိုက်ဘူး မဟုတ်လား၊ အခုဆိုယင် လိုက်ဖေါ်တော့ ရလာပြီ၊ ရွာပြင်ကနေ အစောင့်တာဝန်ကို ယူဖော်ရလာပြီ၊ သူရဲ့ တာဝန်ကလဲ ကျုပ်တို့တတွေရဲ့

လုံခြုံရေးအတွက် အရေးကြီးပါတယ်လေ၊ ကျုပ်သားဟာ သိုင်းပညာစွမ်းရည် ဘယ်လောက်ထက်မြက်တယ်၊ တိုက်ရည်ခိုက်ရည် ဘယ်လောက်ကောင်းတယ်ဆိုတာလဲ ခင်ဗျားအသိပဲမဟုတ်လား၊ တနေ့တော့ ကျုပ်တို့ဂိုဏ်းရဲ့ ခေါင်းဆောင်ကောင်း တယောက် ဖြစ်လာရမှာပေါ့ဗျာ”

“အင်းလေ....ကျန်းရှင်ချောင်အနေနဲ့ ခင်ဗျားရဲ့ခြေရာကို နင်းနိုင်မယ့် သားတယောက် အမြန်ဆုံး ဖြစ်လာပါစေလို့ ကျုပ်ဆုတောင်းပြုပါတယ်၊ ဟားဟားဟားဟား....”

အဲ့နန် အရက်ကို တရှိန်ထိုး မော့သောက်လိုက်၏။

* * *

## အခန်း လေး

မြို့အရှေ့ဘက်။

ပိုင်ကျန်း တံခါးဝ။

နေညိုညိုချိန်မို့ မြို့တွင်းမှထွက်သူမရှိသလောက် နည်းသွားသော်လည်း မြို့တွင်းသို့ ဝင်ရောက်သူများ ဆက်တိုက်ဆိုသလို ပင် ရောက်လာတတ်ကြသည်။

တံခါးဝတွင် စောင့်ကြပ်နေကြသော လုံခြုံရေးတပ်ဖွဲ့ဝင် ငါးယောက်က ဝင်လာသမျှ ထွက်သမျှ လူများကို စိစစ်နေ၍ ဝင်ထွက်ခွင့်ပြုနေကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင် ငါးယောက်စလုံး အနီရောင် တူညီဝတ်စုံကို ဝတ်ဆင်ထားကြသည်။

ခြေလျင်ဖြင့်တမျိုး၊ မြင်းကိုယ်စီစီးလျက်တဖုံ၊ မြင်းလှည်း၊ မြင်းရထားများနှင့်တနည်း မြို့တွင်းသို့ ဝင်သူများ အဆက်ပြတ်သည်မရှိ။

လုံခြုံရေးမှူး လျှံစွမ်းသည် ခပ်လှမ်းလှမ်းမှ မတ်တတ်ရပ်ကာ သူ့လူများ၏ ဆောင်ရွက်ချက်ကို ကြည့်နေလေသည်။

မြို့တွင်းသို့ ဝင်လာသူတိုင်းကိုလည်း အကဲခတ်ကြည့်နေလေသည်။

ထိုစဉ် တောစပ်စီမှ မြို့တံခါးဝဆီသို့ ဦးတည် ဒုန်းစိုင်းလာသော မြင်းဖြူကြီးသုံးကောင်ကို လျှံစွမ်း သတိပြုလိုက်မိလေသည်။

မြင်းများပေါ်တွင် အနက်ရောင် ဝတ်စုံကြီးကို ဝတ်ဆင်ထားသော လူကြီးတယောက်စီ ပါလာကြသည်။

မြင်းဖြူကြီးသုံးစီးမှာ အရပ် အလုံးအထည် အနိမ့် အမြင့် တူညီသလို ဝတ်ရုံနက်ဝတ် သုံးဦးမှာလည်း သက်တူရွယ်တူ ကိုယ်လုံးကိုယ်ထည် တူညီကြရုံသာမက ကတုံးကို ပြောင်အောင် ရိတ်ထားကြသည်မှအစ ရုပ်ရည်ချင်းလည်း တူနေကြသည်။

သူတို့၏ခါးတွင်လည်း ကြီးမားသောရဲဒင်းတလက်စီကို ချိတ်ဆွဲထားကြလေသည်။

မြင်းဖြူကြီးများသာမက ဝတ်ရုံနက်သုံးဦးတို့လည်း တူညီကြသည့် အပြင် ကိုင်ဆောင်သော လက်နက်များပါ တူညီနေကြသည်မို့ သုံးကိုယ်များ ခွဲလာရော့သလားဟု ထင်မှတ်ရလေသည်။



သူတို့၏ အသွင်အပြင်ကြောင့် မြို့စောင့်တပ်ဖွဲ့ဝင်များသာမက မြို့တံခါးဝတွင် ရှိနေကြသော သူများပါ သူတို့ထံသို့ အာရုံစူးစိုက်ကြည့်နေကြလေသည်။

တခဏအတွင်းမှာပင် ဝတ်ရုံနက် ကတုံးကြီး သုံးဦးစလုံး မြို့တံခါးဝဆီသို့ ရောက်လာကြ၏။

သို့သော် သူတို့သည် မြင်းများကို အရှိန်မသတ်။

ရပ်ဖို့လည်း မကြိုးစားကြ။ မည်သူ့မျှလည်း ဂရုထားပုံမရ။

မြို့တွင်းသို့ တရှိန်တိုး ဆက်ဝင်မည်ပြုသည်။

ထိုအခါမှ မြို့စောင့်တပ်ဖွဲ့ဝင် ငါးဦးတို့မှာ သတိရလာကြပြီး မြင်းများရှေ့မှ ပိတ်ရပ်လိုက်ကြသည်။

ဆတ်ကနဲ မြင်းဇက်ကြိုးများကို ဆွဲထားလိုက်ကြသည်။

မြို့တံခါးဝမှ လူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

မြင်းဖြူကြီးသုံးကောင်မှာ တန့်တနဲ ရပ်လိုက်ပြီး သံပြိုင် ဟီလိုက်ကြ၏။

"အီး....ဟီး ဟီး ဟီး ဟီး"

မြို့စောင့် တပ်ဖွဲ့ဝင်များက ဇက်ကြိုးကို ဆွဲမြဲ ဆွဲထားသည်။

"ဒါက ဘာလုပ်တာလဲဟေ့"

ယာဘက်အစွန်မှ ကတုံးကြီးက မြို့စောင့် တပ်ဖွဲ့ဝင်များကို ဒေါသတကြီးဖြင့် အော်ဟစ်မေးလိုက်သည်။

တပ်ဖွဲ့ဝင်များထဲမှ တဦးက ရည်မွန်စွာပင် ပြန်ပြောသည်။

"နောင်တော်ကြီးတို့က မျက်နှာစိမ်းတွေ ဖြစ်နေလို့ ကျွန်တော်တို့ အနေနဲ့ နည်းနည်းပါးပါး စစ်ဆေးပါရစေအုံး"

"အံမယ်.... ကြီးကြီးကျယ်ကျယ်ကွာ၊ တို့လို လူမျိုးတွေကို မင်းတို့အနေနဲ့ ဘာမှ မေးမြန်း စစ်ဆေးနေစရာမလိုဘူး၊ တို့ကိုမှ မင်းတို့မသိကြဘူးလား"

"နောင်ကြီးတို့ဟာ ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်ပဲ ဖြစ်ပါလိမ့်မယ် ထင်ပါတယ်ခင်ဗျာ"

လုံခြုံရေးမှူး လျှံစွမ်း သူတို့ အနီးသို့ ရောက်လာယင်းမှ ပြောလိုက်၏။

ရွှေဂေါင်းပြောင်ညီနောင် သုံးယောက်စလုံး လျှံစွမ်းကို ကြည့်ပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်ကြ၏။

အစ်ကိုကြီး ရွှေဂေါင်းပြောင်က....

"မင်းကတော့ လူကဲခတ်တော်ကောင်းသားပဲကွ၊ဟဲ ဟဲ မှန်တယ်ဟေ့၊ တို့ဟာ ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်ပဲ၊ ဒါဆိုယင် တို့ကို စစ်ဆေးမေးမြန်းနေဖို့မလိုတော့ဘူးဆိုတာ နားလည်ကြရောပေါ့၊ ကဲ...ဖယ်ကြ ဖယ်ကြ"

မြင်းဇက်ကြိုးကို ဝိုင်းဆွဲထားကြသော မြို့စောင့်တပ်ဖွဲ့ဝင်များက လုံခြုံရေးမှူး လျှံစွမ်းကို လှမ်းကြည့်သည်။

သို့သော် လျှံစွမ်းက သူတို့ကိုမကြည့်။

မည်သည့်အမိန့်မှလည်း မပေး။

ရွှေဂေါင်းပြောင်ညီနောင်သုံးဖော်ကိုသာ ပြုံးပြုံးကလေး ကြည့်နေသည်။



ထို့ကြောင့် တပ်ဖွဲ့ဝင် ငါးဦးမှာလည်း မြင်းဇက်ကြိုးများကို ဆက်ဆွဲမြဲ ဆွဲထားကြရ၏။

မြင်းဇက်ကြိုးကို လွှတ်မပေးကြသဖြင့် ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်မှာ မျက်နှာကြီးများနီမြန်းကုန်သည်။ ဒေါပွကုန်သည်။

"ဟိတ်"

ပြိုင်တူပင် သံပြိုင်အော်ဟစ်လိုက်ကြပြီး ခြေများကို ပြိုင်တူ ခတ်လိုက်သည်။

မြို့စောင့်တပ်ဖွဲ့ဝင် ငါးဦးစလုံး မြေပေါ်တွင် နောက်ပြန်လဲကျကုန်သည်။

ရွှေဂေါင်းပြောင်ညီနောင်တို့က မြင်းဖြူများကို ရှေ့ဆက်ပြေးစေသည်။

ထိုစဉ် လုံခြုံရေးမှူးလျှံစွမ်း ခန္ဓာကိုယ်က မြင်းဖြူများ ရှေ့မှ ရိပ်ကနဲ ဖြတ်ပြေးလိုက်၏။

"အီး....ဟီး ဟီး ဟီး"

မြင်းဖြူကြီးသုံးကောင်လုံး ထိတ်လန့်တကြီး ဟီလိုက်ကြပြီး ရှေ့ခြေထောက်များ ခွင်လဲကျသွား၏။

ရုတ်တရက်မို့ ရွှေဂေါင်းပြောင်ညီနောင်များပါ ဟန်ချက်ပျက်သွား၏။

မြင်းပေါ်မှ နှံ့ကျလုမတတ် ဖြစ်သွားကြ၏။

လုံခြုံရေးမှူး လျှံစွမ်း၏ ခန္ဓာကိုယ်ကလည်း ရိပ်ကနဲ သူတို့ထံသို့ ပူးကပ်သွားသည်။

လက်နှစ်ဘက်ကလည်း ဆတ်ကနဲ လှုပ်ရှားသွားသည်။

"ဖုတ်....ဖုတ်....ဖုတ်"

ရွှေဂေါင်းပြောင်ညီနောင်သုံးဖော်စလုံး ကတုံးပြောင်ပြောင်ပေါ် လက်ဖြင့်အုပ်ယင်း မြေပေါ် ကျသွားကြသည်။

သူတို့ခေါင်းကို တူတချောင်းဖြင့် အထုခံရသည့်အလား ရှုံ့မဲ့နေကြ၏။

ထိုင်လျက်မှ ချက်ချင်းပြန်မထနိုင်။

လျှံစွမ်းကို ပြန်လှည့်တိုက်ခိုက်ရန် သူတို့ခါးကြားမှ ရဲဒင်းများဆီ လက်လှမ်းလိုက်သည်။

သို့သော် သူတို့ခါးမှ ရဲဒင်းများ မရှိကြတော့။

မျက်လုံးပြူး မျက်ဆံပြူးနှင့် လျှံစွမ်းထံ သူတို့မျက်လုံးများက ရောက်သွားကြသည်။

ရဲဒင်းသုံးလက်ကိုကိုင်ပြီး သူတို့ကို ပြုံးပြုံးကြီး ကြည့်နေသော လျှံစွမ်းကို မြင်ရတော့ သူတို့လန့်သွားသည်။

"မင်း....မင်း....ဒါ....ဘာလုပ်တာလဲ"

"အစ်ကိုကြီးရွှေဂေါင်းပြောင်က ထိတ်လန့်စိတ်ကို ဖျောက်ပြီး ဟန်လုပ်ကာ ဘုတောလိုက်သည်။

"ကျွန်တော့်ရဲ့ခွင့်ပြုချက်ကို မယူပဲ ခင်ဗျားတို့က ဇွတ်ဝင်တာကိုး၊ ဒီတော့ ကျွန်တော်က ဒီလိုပဲ တားဆီးရမှာပေါ့"

"မင်း ဘယ်သူလဲ"

အစ်ကိုလတ် ရွှေဂေါင်းပြောင်က ခေါင်းကို ပွတ်သပ်ယင်း ရှုံ့ရှုံ့မဲ့မဲ့ မေးလိုက်၏။



"ကျွန်တော်က မြို့စောင့်တပ်ဖွဲ့ရဲ့ခေါင်းဆောင်လုံခြုံရေးမှူး လျှံစွမ်းပဲ"

"ဩော်....မင်းက လက်စကြာ လျှံစွမ်းကိုး"

အစ်ကိုကြီး ရွှေဂေါင်းပြောင်၏ လေသံက ပျော့သွားသည်။

သူတို့တွေထိုင်ရာမှထရန် အားယူလိုက်ကြသည်။

သို့သော် ခေါင်းပေါ်တွင် အလေးကြီးတင်ထားသလို ထ၍မရကြ။

သူတို့နည်းတူ မြင်းဖြူကြီး သုံးကောင်မှာလည်း လဲကျနေတုန်းပင်။

ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်မှာ ရှက်စိတ်ဖြင့် ထရပ်နိုင်ရန် အတွက် ဆက်ကြိုးစားကြသည်။

သို့သော် အချည်းအနှီးသာ။

သူတို့၏မျက်နှာပြင်တွင် ချွေးများပင် စို့လာကြ၏။

ထိုစဉ် လူတို့ထံသို့ ပြုံးရွှင်သောမျက်နှာဖြင့် နာယကချုပ် ရင်လင်တူ ရောက်ရှိလာသည်။

"ဘယ်လိုဖြစ်နေတာလဲ လက်စကြာ"

"သူတို့က ခွင့်ပြုချက်မယူပဲ မြို့ထဲကို အတင်းဝင်ဖို့ ကြိုးစားတာနဲ့ ကျွန်တော် ခဏထိန်းလိုက်ရတာ နာယကကြီး"

"ဩော်....ခင်ဗျားက နာယကချုပ်ကြီး ရင်လင်တူလား...."

အစ်ကိုကြီး ရွှေဂေါင်းပြောင်က ရင်လင်တူကို ကြည့်ပြီး အားတက်သရော မေးလိုက်၏။ ရင်လင်တူခေါင်းညိတ်သည်။

"မှန်ပါတယ် ရွှေဂေါင်းပြောင်တို့"

"ဒါဖြင့် ကျွန်တော်တို့ အခုဖြစ်တဲ့ကိစ္စကို....."

အစ်ကိုလတ် ရွှေခေါင်းပြောင်၏စကား မဆုံးခင် နာယက ကြီး ရင်လင်တူ လက်ကာပြလိုက်သဖြင့် တပိုင်းတစနှင့် ရပ်လိုက် သည်။

ရင်လင်တူ လျှံစွမ်းနားသို့ ကပ်ပြီး စကားတခွန်းကို တီးတိုး ပြောလိုက်သည်။

လျှံစွမ်း မျက်လုံးပြူးသွားပြီး အားနာဟန်ဖြင့် ရွှေခေါင်း ပြောင် ညီနောင်တို့ကို ကြည့်လိုက်သည်။

ချက်ချင်းပင် သူတို့သုံးယောက်ထံ လျှောက်သွားကာ ဇက်ပိုး များကို လက်ညှိုးဖြင့် တချက်စီရိုက်လိုက်၏။

ရွှေခေါင်းပြောင်ညီနောင်တို့၏ စိတ်ထဲတွင် ခေါင်းပေါ်မှ အလေးကြီး မရှိတော့သလို ခံစားလိုက်ရပြီး ချက်ချင်း သုံးဦး စလုံး မတ်တတ်ရပ်နိုင်ကြသည်။

လျှံစွမ်းက ရဲဒင်းသုံးလက်ကို သူတို့ထံ ပြန်ပေးသည်။

တို့နောက် မြင်းဖြူကြီးသုံးကောင်ထံသို့ လျှံစွမ်း လျှောက် သွားပြီး ရင်အုပ်ဆီသို့ လက်ဝါးစောင်း တချက်စီ ရိုက်လိုက် သည်။

မြင်းဖြူကြီးသုံးကောင်စလုံး ဟီလိုက်ကြပြီး ထရပ်သည်။

လျှံစွမ်းသည် မြင်းသုံးကောင်၏ ဇက်ကြိုးကို ရွှေခေါင်း ပြောင်တို့၏ လက်တွင်းသို့ ထည့်ပေးလိုက်သည်။

"ကိုင်း....ကျုပ်နဲ့ လိုက်ခဲ့ကြပေတော့ ရွှေခေါင်းပြောင် ညီနောင်တို့"



နာယကဂိုဏ်းချုပ်ကြီးရင်လင်တူ ပြောပြောဆိုဆိုနှင့်မြို့တွင်း သို့ ရှေ့မှ ထွက်သွားသည်။

ရွှေခေါင်းပြောင်ညီနောင် သုံးဦးစလုံး လျှံစွမ်းကို တချက် လှမ်းကြည့်ပြီး ခပ်ကုတ်ကုတ်ပင် နာယကကြီးနောက်သို့ဝင်လိုက် သွားကြ၏။

သူတို့၏နောက်ကျောကို ကြည့်ပြီး လျှံစွမ်း ပြုံးလိုက်၏။

ဝိုင်းအုံကြည့်နေသော လူများလည်း ထိုအခါမှ မြို့တွင်းသို့ ဝင်လိုက်သွားကြတော့၏။

လျှံစွမ်း တံခါးပေါက်ဝသို့မျက်နှာလှည့်လိုက်သည်။

တံခါးပေါက်ဝတွင်မြင်းလှည်းတစီး မောင်းဝင်လာသည်။

မြင်းလှည်း မောင်းလာသောသူက အသက် ဆယ့်ရှစ်နှစ် ရွယ် မိန်းမချောလေးတယောက်။

သူမနောက်ဘက်တွင် အသက်လေးဆယ်အရွယ် မိန်းမကြီး တယောက် ထိုင်လိုက်လာသည်။

မိန်းမပျိုကို မြင်လိုက်သည်နှင့် လျှံစွမ်း မျက်နှာပြင်တွင် လှိုက်လှိုက်လှဲလှဲ အပြုံး ပေါ်လာသည်။

မိန်းမချောကလေးကလည်း လျှံစွမ်းကိုမြင်လိုက်ပြီး ဖော်ရွေ စွာ ပြုံးပြသည်။

"ဘယ်ကပြန်လာကြတာလဲ ညီမလေးလီလီ"

လှ ဂ ချူးရှာကအလည်ပြန်လာတာပါ အစ်ကိုလေးလျှံစွမ်း"

"ဟုတ်တယ်တူမောင်ရေ၊သမီးကလှ ဂ ချူးရှာက သူငယ်ချင်း ဆီကို မရောက်တာကြာပြီဆိုလို့ လိုက်ပို့ရတယ်လေ"

လှည်းနောက်ဘက်မှ ကျုံးခွေက ဝင်ပြောလိုက်သည်။

မိန်းမချောလေး လီလီသည် ပြုံးရွှင်စွာ ခေါင်းညိတ်လိုက်သည်။

မိခင်ဖြစ်သူကိုလည်း ခေါင်းငဲ့ကြည့်လိုက်သည်။

"အစ်ကိုလေး လျှံစွမ်းအတွက် လက်ဆောင် ပါလာတာ တခါတည်း ပေးလိုက်ပါလား အမေ"

"အထုပ်တွေကြားထဲမှာ ရောက်နေတယ် သမီးရဲ့...."

"ညကျ အားလို့ရှိယင် ငါတို့ကြီး အိမ်ကို အလည်လာခဲ့ပါလား၊ ဒီတော့မှ ပေးတာပေါ့"

"ဩော်....ဟုတ်ကဲ့ဒေါ်လေး၊ ညကျမှ ကျွန်တော် လျှောက်လာခဲ့ပါမယ်"

"ဒါနဲ့ ဟုံလင်းရွာကို ဒမြတွေ မီးရှို့သွားတယ်ဆို အစ်ကိုလေး လျှံစွမ်း၊ လမ်းမှာကြားလာတာပဲ"

လင်းလီလီက မေးလိုက်၏။

"ဟုတ်တယ်လီလီ၊ မိစ္ဆာနက်ဂိုဏ်းက ရက်စက်ယုတ်မာသွားကြတာလေ၊ လူတွေလဲ အတော်သေသွားတယ်၊ ကျန်တဲ့လူတွေတော့ ဒီမြို့ကိုပြောင်းလာကြတယ်လေ၊ ရွာကတော့ ပျက်သွားပြီပေါ့"

"အေးကွယ်.... ဒေါ်လေးတို့လဲ တလမ်းလုံး ဒီမိစ္ဆာဂိုဏ်းအကြောင်း ကြားခဲ့ပါတယ်၊ ဒမြခေါင်းဆောင်ကြီး သေမင်းအော်ဆိုတာ အင်မတန်မှ ရက်စက်ကြမ်းကြုတ်သတဲ့၊ သူ့မှာ



စာနာစိတ်တို့၊ ညှာတာစိတ်တို့ဆိုတာ လုံးဝမရှိဘူးတဲ့၊ ဒေါ်လေးတို့လဲ တလမ်းလုံး ရင်တထိတ်ထိတ်နဲ့ လာခဲ့ကြရတာပါပဲကွယ်၊ မတော်တဆ ဒီသတ္တဝါတွေနဲ့ တိုးနေယင် အခက်မဟုတ်လား"

ကျုံးခွေက ကြောက်ရွံ့စိတ်ဖြင့် ပြောလိုက်၏။

လျှံစွမ်း ခေါင်းကို အသာအယာ ညိတ်လိုက်သည်။

"ဟုတ်တယ် ဒေါ်လေး၊ နောက်ဆိုယင် ဒေါ်လေးတို့ သွားအမ် အသွားအလာ မရဲကြနဲ့အုံး၊ အခြေအနေက ကောင်းတာ မဟုတ်ဘူး"

"ဘယ်မှလဲ မသွားရဲ မလာရဲတော့ပါဘူးကွယ်"

"ကိုင်း....အစ်ကိုလေး လီလီတို့သွားမယ်"

လျှံစွမ်း ခေါင်းညိတ်ပြသည်နှင့် လင်းလီလီ မြင်းလှည်းကို နှင်လိုက်သည်။

*  *  *

## အခန်း ငါး

ကျောက်တောင်အမြင့်က ပေငါးဆယ်။

ကျောက်တောင် ကလေးသည် လုံးဝန်းသော ပုံသဏ္ဍာန် ရှိသော်လည်း တနေရာတွင်မူ အကျယ်ဆယ်ပေခန့်ကျောက်သား ပြင်က ခပ်မတ်မတ် ရှိနေသည်။

ငါးဆယ်ပေအမြင့် ဆယ်ပေအကျယ်ရှိသော ကျောက်ဖျာ ကြီး တချပ်ကို ထောင်မတ်ထားသလို ဖြစ်နေသည်။

သို့သော် တည့်တည့်မတ်မတ် ထောင်မတ်နေသော အနေ အထားမျိုး မဟုတ်။

ခပ်စွေစွေ ပုံသဏ္ဍာန် အနေအထား။



ခေါင်စောက်စောက် မိုးထားသော အိမ်ခေါင်မိုး ပုံသဏ္ဍာန် မျိုး။

ကျောက်သားပြင်မှာ အဖုအထစ် မရှိသဖြင့် ပြောင်ချောနေ သည်။

မျောက်တကောင်ပင် ထို ကျောက်သားပြင်မှ အပေါ်သို့ တက်နိုင်စွမ်း ရှိမည်မဟုတ်။

ကျောက်သားပြင်မှာ ကျောက်တောင်ထိပ်အထိ ရှိနေလေ သည်။

ယခု ကျောက်တောင်ထိပ်တွင် အလံငယ်တခုကို စိုက်ထူထား သည်။

လူရိုးခေါင်းတံဆိပ် ခပ် နှိပ် ထား သော မိစ္ဆာနက်ဂိုဏ်း၏ သင်္ကေတအလံ။

ကျောက်တောင်ကလေး၏ အောက်ဘက် ကျောက်သား ပြင်ရှိသည့်ဘက်တွင် မိစ္ဆာနက် ဂိုဏ်သားများ စုဝေးရောက်ရှိ နေကြလေသည်။

သူတို့သည် ကျောက်သားပြင်ကိုကြည့်လိုက်၊ တောင်ကုန်း ထိပ်ပေါ်တွင် ရှိနေသော အလံကလေးကိုကြည့်လိုက်နှင့် ဝေဖန် ထင်မြင်ချက်ပေးနေကြသည်။

မိစ္ဆာနက်ဂိုဏ်းဝင်များအတွက် စွမ်းရည်ပြိုင်ပွဲတခုအနေဖြင့် ထိုအစီအစဉ်ကို ခေါင်းဆောင်ကြီး သေမင်းအော်က တီထွင် စီစဉ်ထားခြင်း ဖြစ်လေသည်။

မိစ္ဆာနက်ဂိုဏ်းဝင်တိုင်း မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိ သည်။

ပြိုင်ပွဲဝင်သူသည် ကျောက်တောင်ထိပ်တွင်ရှိသော အလံကို ကျောက်သားပြင်ဘက် ခြေနင်းပြီး တရှိန်ထိုး တက်ယူရမည် ဖြစ်၏။

ကျောက်သားပြင်ကို လက်ဖြင့်မကိုင်ရ၊ လက်ဖြင့်အမှီသဟဲ မပြုရ၊ မကုတ်တွယ်ရ။

ခြေဖြင့်သာ လျှောက်လှမ်းပြီး အပေါ်မှအလံကို ယူရမည် ဖြစ်၏။

မတ်စောက်ပြောင်ချောသော ကျောက်သားပြင်ကြီးပေါ် သို့ တက်ရောက်ရာတွင် လက်အကူအညီ ပါသည့်တိုင်အောင်ပင် တက်ရောက်ရန် မလွယ်ကူလှ။

ယခု ခြေထောက်အားကိုးဖြင့်သာ တက်ရောက်ရမည့်အတွက် မဖြစ်နိုင်သည့်လမ်းကသာ များသည်။

တော်ရုံတန်ရုံ အခက်ခဲမျိုးမဟုတ်။

ထိပ်တန်း ကိုယ်ဖော့ပညာရှင်တို့ပင် လက်မြှောက်အရှုံးပေး ရမည့် ပြိုင်ပွဲမျိုး။

ထို့ကြောင့်လည်း မိစ္ဆာနက်ဂိုဏ်းဝင်တိုင်း ထိုပြိုင်ပွဲကို စိတ် ဝင်စားကြသည်။

မည်သူတွေယှဉ်ပြိုင်လျှင် မည်သို့ နိုင်လိမ့်မည်ဖြစ်ကြောင်း ထင်ကြေးအမျိုးမျိုး ပေးကြသည်။

တချို့ကလည်း ထိုပြိုင်ပွဲတွင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ အနိုင်မရလျှင် အရင်း၊ အနိုင်ရလျှင် အမြတ်မို့ ပြိုင်ပွဲစလျှင် ဝင်ရောက်ယှဉ်ပြိုင်ရန် တာစူထားကြသည်။



စည်းကမ်းဘောင်အတွင်းမှ ကျောက်တောင်ထိပ်ရှိ အလံ ကို ယူနိုင်သူအား ဆုငွေတထောင်နှင့် ကိုယ်ဖော့ဘုရင်ဘွဲ့ကို ချီးမြှင့်မည် ဖြစ်လေသည်။

ဂိုဏ်းဝင်အားလုံးပင် ဆုငွေတထောင်ထက် ကိုယ်ဖော့ဘုရင် ဘွဲ့ကို ရယူချင်စိတ် အသီးသီး ရှိနေကြသည်။

ကိုယ်ဖော့ ဘုရင်ဘွဲ့ကို ပိုမိုတပ်မက်မောနေမိကြသည်။

ထို့ကြောင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကိုယ်ဖော့ပညာ အနည်းငယ် တတ်ကျွမ်းထားသော ဂိုဏ်းဝင်တိုင်းပင် ထိုပြိုင်ပွဲ ကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဆန္ဒစောနေကြသည်။

ကုလားထိုင်ကြီး သုံးလုံးဆီသို့ လူသုံးယောက်လျှောက်လှမ်း လာချိန်တွင် တီး တိုး ဝေ ဖန် နေကြသော ဂိုဏ်းသား အားလုံး၏ စကားသံများတိတ်ဆိတ်သွားကြ၏။

ယှဉ်၍လျှောက်လာသော လူသုံးယောက်အနက် အလယ်လူ မှာ ခေါင်းဆောင်ကြီး သေမင်းအော်။

သေမင်းအော်၏ ဗယ်ဘက်တွင် လိုက်လာသူမှာ ဒု-ခေါင်း ဆောင်အဲ့နန်ဖြစ်ပြီး၊ ဝဲဘက်မှလိုက်လာသူမှာ ကျန်းရှင်ချောင်။

ကျန်းရှင်ချောင်၏ အသက်မှာ နှစ်ဆယ့်နှစ်နှစ်၊ ကိုယ်လုံး ကိုယ်ပေါက်သေးသွယ်ပြီး ရုပ်ရည်ကလည်း မိန်းမချောချော သည်။

ရုတ်တရက်ကြည့်လျှင် ကျန်းရှင်ချောင်၏ အသွင်က မိန်းမ ရှာတယောက်လို။

သို့သော် မိစ္ဆာနက်ဂိုဏ်းဝင်တိုင်းလိုလိုပင် ကျန်းရွှင်ချောင်ကို လေးစား ရိုသေကြသည်။ ကြောက်ရွံ့ကြသည်။

မေးစားဖခင် သေမင်းအော်၏ မျက်နှာကြောင့်လည်း ပါ သလို ကျန်းရွှင်ချောင်၏ သိုင်းပညာကြောင့်လည်း ပါသည်။

ကျန်းရွှင်ချောင်သည် ခပ်အေးအေး နေတတ်သူဖြစ်သည်။ သူ့ကို လာမထိလို့ကတော့ ရေမြေသက်သက်၊ မလှုပ် မယှက်။

အထင်သေးပြီးတော့များ သွားမထိလိုက်လေနှင့်၊ မြေပွေး ထက် ကြောက်စရာကောင်းသည်။ ရှောင်မလွတ် ပြေးမလွတ်။

ထို့ကြောင့် ကျန်းရွှင်ချောင်၏ ပုံသဏ္ဌာန်မှာ နွဲ့နွဲ့နှောင်း နှောင်းနှင့် မိန်းမရှာဆံသော်လည်း သူ့ကိုမည်သူကမှ ပမာမခန့် မလုပ်ရဲ၊ စော်ကားမော်ကား မလုပ်ရဲ။

ကျန်းရွှင်ချောင်သည်လည်း မိစ္ဆာနက်ဂိုဏ်း၏တတိယခေါင်း ဆောင် တယောက်ဖြစ်လေသည်။

သေမင်းအော်၊ အဲ့နန်နှင့် ကျန်းရွှင်ချောင်တို့သည် သူတို့ အတွက် သီးသန့်ကုလားထိုင် သုံးလုံးတွင် အသာအယာ ဝင် ထိုင်လိုက်ကြ၏။

အားလုံး မျက်လုံးများက သေမင်းအော်ထံတွင် ရောက် နေကြသည်။

သေမင်းအော် လက်တဘက်ကိုမြှောက်လိုက်ပြီး၊ တိတ်ဆိတ် မှုကို ဖေါက်ထွင်းလိုက်သည်။

"အခုအချိန်ကစပြီး ပြိုင်ပွဲကို စတင်နိုင်ပြီ၊ တခါပြိုင်ယင် နှစ်ယောက်တွဲယှဉ်ပြိုင်ရမယ်၊ ကိုယ်ဖေါ့ပညာနဲ့သူတွေကိုဦးစား



ပေးစနစ်အနေနဲ့ စတင်ယှဉ်ပြိုင်ခွင့်ပေးမယ်၊ နောက်မှရင့်သူ တွေက တသုတ်ပြီးတသုတ် ပြိုင်ရမယ်၊ ယှဉ်ပြိုင်သူတိုင်း ကျောက် ပြားကြီးအပေါ်ကိုသာ ခြေနင်းရမယ်၊ လက်ရဲ့ အကူအညီကို မယူရဘူး၊ ခြေထောက်ကလဲ ကျောက်သားပြင် လမ်းကြောင်း ဘေးက ကျောက်တုံး ကျောက်စွယ်တွေကို နင်းခွင့်မရှိဘူး၊ ကျောက်ပြားကြီးအတိုင်း ခြေနဲ့နင်းပြီး ကျောက်တောင်ပေါ် အရောက် တက်နိုင်ရမယ်၊ အလံကို ယူနိုင်ရမယ်၊ ကဲ....ပြိုင်ပွဲကို စတင်နိုင်ပြီ"

သေမင်းအော်၏ စကားအဆုံးတွင် ငြိမ်သက်စွာ စောင့်နေ သော လူအားလုံး လှုပ်ရှားလာကြသည်။

စကားသံတွေ ညံလာကြသည်။ ကျောက်တောင်ကလေး ဆီ မျက်နှာမူလိုက်ကြသည်။

ဦးဆုံး ကိုယ်ဖေါ့ပညာတွင် အနုဆုံး ချင်လျှမ်နှင့်ကျွယ်စေ့ တို့ စတင်ယှဉ်ပြိုင်ရန် ကျောက်တောင်အနီးသို့ ရောက်လာကြ သည်။

နှစ်ယောက်စလုံးပင် ကျောက်ပြားပြင်ကြီးကို လက်ဖြင့်ပွတ် ကာ စမ်းသပ်လိုက်ကြ၏။

ထို့နောက် ခြေလှမ်း ဆယ်လှမ်းခန့် နောက်ကိုဆုတ်ပြီး အရှိန်ယူလိုက်ကြသည်။

"ချင်လျှမ်ကွ....ချင်လျှမ်"

"ကျွယ်စေ့ကွနော်....ကျွယ်စေ့"

ဂိုဏ်းဝင် အပေါင်းအသင်းများက အော်ဟစ် အားပေးကြသည်။

တချိန်တည်းမှာပင် ကျွယ်စေ့နှင့်ချင်လျှမ်တို့ အားယူကာ ကျောက်ပြားကြီးပေါ် ပြေးတက်ကြ၏။

သို့သော် ကျောက်ပြားကြီးပေါ် ခြေသုံးလှမ်းပြည့်အောင်တောင် မတက်နိုင်။

တဖုတ်ဖုတ်နှင့် မြေပေါ်ကို ပြန်ပြုတ်ကျနေသည်။

တကြိမ်လည်းမဟုတ်။

နှစ်ကြိမ်လည်းမဟုတ်။

သုံးကြိမ်လည်းမဟုတ်။

"ဟား....ဟား....ဟား....ဟား"

"ဖြစ်နိုင်တယ်ဟေ့၊ ဆက်လုပ်၊ ဆက်လုပ်၊ ဟား ဟား"

"ရောက်တော့မယ်၊ ရောက်တော့မယ်"

ချင်လျှမ်နှင့် ကျွယ်စေ့တို့၏ အမူအရာကိုကြည့်ပြီး ဂိုဏ်းသားအားလုံးပင် ပွဲကျနေကြသည်။

လှောင်ပြောင် ရယ်မောသံများက သောသောညံနေကြသည်။

ထိုသို့ လှောင်ပြောင် ရယ်မောသံ များပြားလာလေလေ ချင်လျှမ်နှင့် ကျွယ်စေ့တို့က ပို၍ကြိုးစားလာလေလေ။

မြေပေါ်သို့ ပုံပျက်ပန်းပျက်ဖြင့်တဖုတ်ဖုတ် ကျလေလေ။

သူတို့နှစ်ဦးစလုံးဝယ် တကိုယ်လုံး ဖုံလူးလူး သဲအထပ်ထပ်ဖြစ်ကုန်သည်။



နောက်ဆုံးတွင် ချင်လျှမ်နှင့် ကျွယ်စေ့တို့ နှစ်ယောက်စလုံး ခေါင်းခါခါ၊ လည်ခါခါဖြင့် ပြိုင်ပွဲအတွင်းမှ ထွက်ခွာသွားကြသည်။

ခေါင်းငိုက်စိုက်ချကာ ထွက်သွားသော သူတို့ကိုကြည့်ပြီး ဂိုဏ်းသားအားလုံးပင် ရက်မောသံများက ပွက်လောညံနေသည်။

သေမင်းအော် နှင့် အဲ့နန့်ပင် အားပါးတရ ရယ်မောနေကြ၏။

ပြုံးခဲ ရယ်ခဲသောကျန်းရှင်ချောင်ပင်လျှင် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်။

ချင်လျှမ်နှင့်ကျွယ်စေ့တို့ ထွက်ခွာသွားကြပြီးနောက် ရယ်သံများ တိတ်သွားပြီး ထပ်ယှဉ်ပြိုင်မည့်သူကို စောင့်ကြည့်နေကြသည်။

ချက်ချင်းပင် ပြိုင်ပွဲကွင်းထဲသို့ လူနှစ်ယောက် ထွက်လာကြပြန်သည်။

"မင်းဝှာကွ....မင်းဝှာ"

"ယဲ့အီဟေ့....ယဲ့အီ"

ထိုသူနှစ်ယောက်ကို မြင်သည်နှင့် အော်ဟစ်အားပေးသံများ ပေါ်လာပြန်သည်။

မင်းဝှာနှင့် ယဲ့အီသည် ချင်လျှမ်နှင့် ကျွယ်စေ့တို့ထက် ကိုယ်ဖော့ပညာတွင် ပိုမိုအဆင့်မြင့်သူများ ဖြစ်လေသည်။

ဂိုဏ်းသားများကို မင်းဝှာနှင့်ယှဲ့အီ လက်မြှောက် နှုတ်ဆက်ပြီးနောက် သေမင်းအော်ကို အရှိအသေ ပြုလိုက်ကြ၏။

ထို့နောက် နှစ်ဦးစလုံး ကျောက်တောင်ဘက် မျက်နှာပြုလိုက်ကြပြီး တရှိန်ထိုး ပြေးသွားကြသည်။

ကျောက်သားပြင်ကြီးဆီ အရောက် လှသွားကနဲ ခုန်တက်ပြီး ခြေကို ဆက်တိုက် လှမ်းယင်း အပေါ်သို့တက်ရန် ကြိုးစားသည်။

သို့သော် ခြေလှမ်းငါးလှမ်းထိပင် ရောက်အောင် မတက်နိုင် ပြန်ပြုတ်ကျကြသည်။

"ဟား....ဟား....ဟား....ဟား"

သူတို့ နှစ်ဦးကို အကဲခတ်ကြည့်နေသော ဂိုဏ်းသားများထိုအခါမှ ပွဲကျသွားကြ၏။

မခံချင်စိတ်ဖြင့် နှစ်ယောက်စလုံး အကြိမ်ကြိမ် ထပ်ကြိုးစားကြသည်။

သို့သော် ခြေလှမ်းငါးလှမ်းပြည့်အောင်ပင် မလှမ်းနိုင်ကြ။ မြေပေါ်သို့ တကျတည်း ပြန်ကျနေ၏။

ဦးဆုံးတော့ ညင်ညင်သာသာဖြင့် ကြောင်ကျ၊ နောက်တော့ ခွေးကျ ဝက်ကျ တဗုန်းဗုန်း။

သူတို့ကိုယ်တွင်လည်း ဖုံတွေ သဲတွေ အလူးလူးဖြစ်ကုန်ကြသည်။

"ကိုယ်ဖော့ဘုရင်လောင်းတွေကွနော်၊ ကြိတ်ထား"

"တော်ပါတော့ဟေ့ အချိန်ကုန်တယ်"





"ဝါး....ဟား....ဟား....ဟား....ဟား"

အများက ကောင်းချီးသြဘာ ပေးနေကြပြီမို့ မင်းဝှာနှင့်ယှဲ့အီတို့နှစ်ယောက်လည်း ပြိုင်ပွဲအတွင်းမှ ခေါင်းငိုက်စိုက်ချပြီး ထွက်သွားကြရပြန်၏။

* * *

ထို့နောက်ပိုင်းတွင် နှစ်ယောက်တွဲလျက် တတွဲပြီးတတွဲ ယှဉ်ပြိုင်ကြသည်။

ကြာလေ ကိုယ်ဖော့ပညာ အဆင့်မြင့် တတ်ကျွမ်းသူတွေသာ ယှဉ်ပြိုင်လာလေမို့ ဂိုဏ်းသားအားလုံး၏ လှောင်ပြောင်ရယ်မောသံများသည် စိတ်လိုက်မာန်ပါ အားပေးသံများအဖြစ်သို့ ပြောင်းလဲလာကြ၏။

နောက်ဆုံး ချင်းယောင်းအောင်းနှင့် ဖေ့စင်းတို့ အတွဲယှဉ်ပြိုင်မှုကိုမူ ဂိုဏ်းသားအားလုံး ရင်တဖိုဖိုနှင့် ကြည့်ကြရလေသည်။

အော်ဟစ်အားပေးဖို့နှင့် လှုပ်ရှားဖို့ပင် မေ့နေမိကြ၏။

အားလုံး မျက်တောင်မခတ် ပါးစပ်အဟောင်းသားဖြင့် သူတို့နှစ်ဦး၏ ယှဉ်ပြိုင်မှုကို ကြည့်နေကြရလေ၏။

ကျောက်ဖျာကြီး၏အပေါ် သုံးချိုးတချိုး ရောက်အောင်ပင် မည်သူမျှ မတက်နိုင်ခဲ့သော်လည်း ချင်းယောင်းအောင်းနှင့် ဖေ စင်းတို့ကမူ ပေသုံးဆယ်အမြင့်ထိရောက်အောင် လျှောက်နိုင်ခဲ့ကြသည်။

တက်နိုင်ခဲ့ကြ၏။

သို့သော် သူတို့နှစ်ဦးစလုံး အကြိမ်ကြိမ် ကြိုးစားကြသော်လည်း ပေသုံးဆယ်ထက်ပိုပြီး မလျှောက်နိုင်ကြ။

"အားမလျှော့နဲ့ ချင်းယောင်းအောင်းရေ"

"ဟုတ်ပြီ....ဟုတ်ပြီဟေ့"

"အား....ပြန်ကျပြန်ပြီ"

နောက်ပိုင်းတွင် သူတို့နှစ်ဦး၏ ကြိုးစားမှုကို ဂိုဏ်းသားများက လက်ခုပ် လက်ဝါးတီးပြီး အားပေးကြသည်။

အားမလို အားမရ ညည်းတွားကြ၏။

သူတို့၏ အဆင့်မြင့် ကိုယ်ဖော့ပညာကြောင့် ပေသုံးဆယ်အမြင့်မှ ပြန်ကျသော်လည်း ညင်ညင်သာသာပင် ပြန်ကျ၏။

အတွင်းအားများကိုပါ သုံးရသောကြောင့် ပင်ပန်းနွမ်းနယ်လာကြ၏။

ဆယ့်နှစ်ကြိမ်မြောက် ကြိုး စား ကြ ပြီး သည့် နောက် တွင် နှစ်ယောက်စလုံး လက်လျှော့လိုက်ကြသည်။

ခြေကုန်လက်ပန်းကျပြီး ပြိုင်ပွဲကွင်းအတွင်းမှ ခွာထွက်သွားကြတော့သည်။

အားလုံးပင် နောက်ထပ်ယှဉ်ပြိုင်မည့် သူများကို မြော်လင့်တကြီး စောင့်စားနေကြသည်။



အချိန်သာ အနည်းငယ်လင့်သွားသည်။

ပြိုင်ကွင်းထဲသို့ မည်သူတဦးတယောက်မျှ ပေါ်ထွက်မလာ။

"ဘယ်လိုလဲ ဘယ်သူမှ မပြိုင်တော့ဘူးလား"

"ပြိုင်ရမှာ လန့်နေကြပြီနဲ့ တူပါရဲ့"

"အေးလေ....ပြိုင်လဲ ဒီအလံကို ဘယ်သူမှ ယူနိုင်မှာမဟုတ်ပါဘူး"

"ပြိုင်မယ့်သူ မရှိတော့ဘူးလားဟေ့"

"ပြိုင်မယ့်သူရှိယင် ထွက်ခဲ့ပါဗျို့"

ပရိသတ်များအားလုံး တယောက်တခွန်းအော်ဟစ် ထင်မြင်ချက် ပေးနေကြသည်။

အသံတွေက ညံစီနေသည်။

အချိန်သာ အတော်ကြာသွားသည်။

နောက်ထပ် ယှဉ်ပြိုင်မည့်သူ တယောက်မျှ ထွက်မလာတော့။

ခေါင်းဆောင်ကြီး သေမင်းအော် ထိုင်ရာမှ ထရပ်လိုက်သည်။

လက်နှစ်ဘက်ကို မြှောက်ပြလိုက်သည်နှင့် ဆူညံနေသောအသံများထိတ်ဆိတ်သွားကြသည်။

ဂိုဏ်းဝင်များအားလုံး၏ အာရုံက သေမင်းအော်ထံရောက်လာကြ၏။

"ဂိုဏ်းသားတွေထဲက ယှဉ်ပြိုင်မယ့်သူ ဘယ်သူရှိသေးလဲ"

ဂိုဏ်းသားများကို ဝေ့ဝိုက်ကြည့်ပြီး အသံကျယ်ကျယ်ဖြင့် သေမင်းအော် မေးလိုက်၏။

မည်သူ့ဆီကမှ ပြန်ဖြေသံ မကြားရ။

"ဂိုဏ်းသားတွေထဲက ယှဉ်ပြိုင်မယ့်သူ ရှိသေးသလား"

ဒုတိယအကြိမ် သေမင်းအော်၏ စကားသံအဆုံးတွင်လည်း ပြန်ဖြေသံ ပေါ်မလာ။

ယှဉ်ပြိုင်မယ့်သူ မရှိတော့ဘူးလားဟေ့"

တတိယအကြိမ် မေးသံအဆုံးတွင်လည်းပြန်ဖြေသံမကြားရ။ အားလုံးပင် ဟိုကြည့် ဒီကြည့် ခေါင်းတခါတခါ လည်တယမ်းယမ်း။

သေမင်းအော် သူ့လူများ၏ အရိပ်အကဲကို ခေတ္တမျှ စောင့်ကြည့်ပြီးနောက် ခေါင်းကိုဆတ်ယင်း ဆက်ပြောသည်။

"ကောင်းပြီ၊ ဂိုဏ်းသားများထဲက ထပ်ပြီး ယှဉ်ပြိုင်မယ့်သူ မရှိတော့တဲ့အတွက် ခေါင်းဆောင်များဖြစ်တဲ့ ဗိုလ်အဲ့နန်နဲ့ ကျန်းရှင်ချောင်တို့ကို ယှဉ်ပြိုင်ဖို့ ကျုပ်အနေနဲ့ တိုက်တွန်းပါတယ်၊ ကျေနပ်သဘောတူတဲ့ ဂိုဏ်းသားများ ဩဘာလက်ခုပ်တီးကြပါ"

"သဘောတူပါတယ်"

"ကျေနပ်ပါတယ်"

"ဆရာကြီး အဲ့နန်နဲ့ ဆရာလေး ကျန်းရှင်ချောင်းတို့ ယှဉ်ပြိုင်ပါ"

"ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း....ရှီ ရှီ"

သေမင်းအော်၏ စကားအဆုံးတွင် ကောင်းချီးဩဘာပေးတာသံများ ဘဝင်ညံ့သွားလေသည်။



နဂိုကတည်းက ယှဉ်ပြိုင်ရန် အာသီသ ပြင်းပြနေသောအဲ့နန်မှာ ထိုင်ရာမှ ဆတ်ကနဲ ထရပ်လိုက်သည်။

ကျန်းရှင်ချောင်ကတော့ အငေးသားထိုင်နေဆဲ။

"ထလေ ငါ့တူရဲ၊ ဘာလဲ ဦးလေးနဲ့ ယှဉ်ပြိုင်ရမှာ မင်း....မဝံ့မရဲ ဖြစ်နေသလား၊ ဟဲဟဲ ဦးလေးက အနိုင်ယူတာဝေ့ာင်မှ ငါ့တူကို အပြတ်အသတ်ကြီး အနိုင်မယူပါဘူး"

အဲ့နန်စကားကြောင့် ကျန်းရှင်ချောင်မျက်နှာ မှုံကုတ်ကုတ်ဖြစ်သွားသည်။ အဲ့နန်ကိုကြည့်ပြီး ဆတ်ကနဲ ထရပ်လိုက်၏။

"ဒီမှာဦးလေး....ယှဉ်ပြိုင်တယ်ဆိုမှတော့ ဘာမှ ညှာနေစရာ မလိုဘူး၊ သန့်သန့်ရှင်းရှင်းနဲ့ အနိုင်ရအောင်သာ ပြိုင်ဖို့လိုတယ်၊ အမှန်ကတော့ စိန်ခေါ်ယင် ဘွာမခတ်တမ်းပဲ"

ကျန်းရှင်ချောင် လေသံပျော့ပျော့ဖြင့် ပြောပြီး ပြိုင်ကွင်းထဲသို့ ထွက်လိုက်သည်။

ပြိုင်ကွင်းထဲ အရောက် ခြေစုံရပ်လိုက်ပြီး သေမင်းအော်ကို အရှိအသေ ပြုလိုက်သည်။

သူ့ဘေးနားသို့ အဲ့နန်က တဟဲဟဲရယ်ယင်း ရောက်လာ၏။

"ဆရာကြီး အဲ့နန်ဟေ့"

"ဆရာလေး ကျန်းရှင်ချောင်ကွ"

ဂိုဏ်းသားများ၏ အော်ဟစ်အားပေးသံများက ပြိုင်တူလိုလို ပေါ်ထွက်လာ၏။

အဲ့နန်နှင့် ကျန်းရှင်ချောင် ကျောက်တောင်ဘက်သို့ မျက်နှာမူလိုက်ကြ၏။

နှစ်ယောက်စလုံး တပြိုင်တည်း စတင်လှုပ်ရှားသည်။

ကျောက်တောင်ဆီ လှစ်ကနဲ ပြေးသွားကြသည်။

ကျောက်နံရံပြင်နှင့် ငါးပေအကွာသို့အရောက် သူတို့ ခန္ဓာ ကိုယ်များက လေထဲသို့ အသီးသီး မြောက်သွားကြ၏။

ရှေ့ဆင့်နောက်ဆင့်ပင် အမြင့်ပေနှစ်ဆယ် ကျောက်သားပြင် ကို ခြေဖြင့်ထိန်းကြသည်။

ကျောက်သားပြင်နှင့် သူတို့၏ခြေထောက်များ ထိမိသည်နှင့် တပြိုင်နက် ခြေအစုံကို တရစပ်ယက်ပြီး အပေါ်ကို တက်ကြ သည်။

ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးချကြသလို ဟန်ချက်ကို လည်း ထိန်းထားကြ၏။

ကျောက်သားပြင်မှာ ချောနေသော်လည်း နှစ်ဦးစလုံး ပေသုံးဆယ်အမြင့်သို့ ရောက်သွားကြ၏။

"ဆရာကြီးအဲ့နန်ဟေ့....ဆရာကြီးအဲ့နန်"

"ဆရာလေး ကျန်းရှင်ချောင်ဟေ့.... ဆရာလေး ကျန်းရှင် ချောင်"

တဟင်ဟင်တဟာဟာဖြင့် မျက်လုံးအပြူးသား ကြည့်နေ သော ဂိုဏ်းသားများထံမှ တခဲနက် အားပေးသံလည်း ပေါ် လာ၏။

သေမင်းအော်ကလည်း သူတို့နှစ်ဦးထံ မျက်တောင်မခတ် စူးစိုက်ကြည့်ယင်း ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်နေလေ သည်။



အဲ့နန်နှင့် ကျန်းရှင်ချောင်တို့ ခြေတလှမ်းမှ ပြန်မကျ။ ပေ လေးဆယ် အမြင့်ဆီသို့ ရောက်သွားကြသည်။

"ဟုတ်ပြီ....ဟုတ်ပြီ၊ ရောက်တော့မယ်"

"ကြိုးစားထား၊ ကြိုးစားထား"

"ဟဟ....ကျကျ"

တခဲနက်အားပေးသံများကြားမှ စိုးရိမ်စိတ်ဖြင့် အော်သံ များ ပေါ်လာသည်။

လူအားလုံးပင် ဟာကနဲ ဖြစ်သွားကြ၏။

ကျန်းရှင်ချောင် အောက်ဘက်ကို ပြန်ချောကျသွားသော ကြောင့် ဖြစ်၏။

သို့သော် ဆယ်ပေလောက် အောက်ကိုချောကျပြီးနောက် ပြန်တက်ရန် ကြိုးစားနေပြန်၏။

ထိုစဉ် အဲ့နန်လည်း ပြန်ကျလာသည်။ လူအများ ဟာကနဲ ဖြစ်သွားကြပြန်သည်။

သို့သော် အဲ့နန်သည် ဟန်ချက်ကို ပြန်ထိန်းကာ ကျန်း ရှင်ချောင် အနီးမှ အပေါ်သို့ ပြန်တက်ရန် ခြေကို ဆက်ကန် နေသည်။

ကြည့်နေသူအားလုံးပင် အသည်းတယားယား ရင်တထိတ် ထိတ်။

အဲ့နန်လည်း အပေါ်ကို ခြေပြန်လှမ်းနိုင်ပြီး ကျန်းရှင် ချောင်ကို ကျော်တက်ရန် ကြိုးစားနေ၏။

နှစ်ယောက်စလုံး ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်ကြ။

သူတို့ခန္ဓာကိုယ်များတွင် ချွေးတွေ ရွှဲရွှဲ စိုနေကြ၏။

"ရောက်တော့မယ်ဟေ့၊ ရောက်တော့မယ်"

"ခြေနှစ်လှမ်း၊ ခြေနှစ်လှမ်း"

ကြည့်နေသူများထံမှ အားတက်သရော အားပေးအော်ဟစ်သံများ ပေါ်လာကြသည်။

နှစ်ယောက်စလုံး တောင်ထိပ်သို့ ရောက်ရန် ခြေနှစ်လှမ်း သုံးလှမ်းသာ လိုတော့သည်။

ထိုစဉ် အဲ့နန်ခန္ဓာကိုယ်က ဘေးကိုယိုင်သွားပြီး ကျမလို ဖြစ်သွားသည်။

အဲ့နန် ခြေကိုအချိန်မီ ပြန်ထောက်လိုက်နိုင်သဖြင့် အောက်သို့ မကျ။

သို့သော် သူ၏ခြေထောက်က ကျောက်သားပြင်ပေါ်တွင် နင်းထောက်မိသည်မဟုတ်။

ကျောက်သားပြင် ဘေးအစပ်မှ ချွန်ထွက်နေသော ကျောက်တုံးကို နင်းမိခြင်းဖြစ်၏။

အဲ့နန်၏ သွက်လက်လျင်မြန်မှုကြောင့် ကျောက်တုံးကိုနင်းမိကြောင်း လူအတော်များများ မမြင်လိုက်။

သေမင်းအော်နှင့် မျက်စိလျင်သော ဂိုဏ်းသား လေး-ငါးယောက်လောက်သာ မြင်လိုက်ကြ၏။

"ဆရာကြီးအဲ့နန် ကျောက်တုံးကို နင်းတယ်ဟေ့"

"ကျန်းရှင်ချောင်ကွ... ကျန်းရှင်ချောင်"

"ဆရာကြီးအဲ့နန်ကွ၊ ဆရာကြီးအဲ့နန်"

လွှင်စာပေ



ပြိုင်ပွဲစည်းကမ်းကို ဖောက်ဖျက်လိုက်ပြီဖြစ်သော အဲ့နန်မှာ အရှုံးသမား ဖြစ်သွားသင့်သော်လည်း လူအတော်များများ မမြင်လိုက်သဖြင့် မြင်လိုက်သူများအနက်မှ တယောက်က အော်ပြောသည်။

သို့သော် သူ့အသံကို လူအများ၏ အော်ဟစ်အားပေးသံကဖုံးလွှမ်းသွားသောကြောင့် မည်သူမျှမကြားလိုက်။

"ဟေး ဟေး ဟေး၊ ဟေး ဟေး ဟေး"

ကျောက်တောင်ထိပ်ပေါ်သို့ အဲ့နန်နှင့် ကျန်းရှင်ချောင် ရှေ့ဆင့်နောက်ဆင့် ရောက်သွားကြပြီး အလံကို လက်ဝယ်ရောက်အောင် လုယူကြ၏။

အလံတိုင်ကို နှစ်ယောက်စလုံး တပြိုင်တည်း ဆုပ်ကိုင်မိကြ၏။

"ဒီအလံကို ဦးလေးကိုင်ခွင့်မရှိတော့ပါဘူး၊ လွှတ်လိုက်ပါ"

ကျန်းရှင်ချောင် အဲ့နန်ကို မျက်မှောင်ကြုံ့ကြည့်ပြီး ပြောလိုက်၏။

"ငါက ဘာလို့ ကိုင်ခွင့်မရှိရမှာလဲ ကျန်းရှင်ချောင်ရဲ့၊ ဒီအလံဟာ တို့နှစ်ယောက်လက်ထဲ ရောက်နေပြီပဲ၊ ဆုကို ပူးတွဲယူကြရုံပေါ့"

"ခုနက ဦးလေး ကျောက်တုံးကိုနင်းမိလို့ပြိုင်ပွဲ စည်းကမ်းကို ဖောက်ဖျက်ရာ ရောက်သွားပြီ။ ဦးလေးရှုံးသွားပြီ။ ဒီအလံကို ကျွန်တော်ပဲ ရထိုက်တယ်"

"မင်း မဟုတ်တာမပြောနဲ့။ ကဲ ဒီလောက်တောင် ရှိလှတာ ဒီအလံကို ငါတယောက်တည်း ရအောင် ယူရတော့မှာပေါ့"

အဲ့နန်က ပြောပြောဆိုဆို အတွင်းအားကို လက်မောင်း တဆင့် အလံတိုင်သို့ လွှတ်လိုက်သည်။

အဲ့နန်၏ အသွင်သဏ္ဍာန်ကို မြင်ရုံဖြင့် ကျန်းရှင်ချော သဘောပေါက်လိုက်ပြီ။

ထို့ကြောင့်လည်း ကျန်းရှင်ချောင် အလံတိုင်ဆီသို့အတွင် အားကို ညှစ်လွှတ်လိုက်သည်။

သူတို့နှစ်ဦး အတွင်းအားပြိုင်ပြီး စတင်တိုက်ခိုက်နေပြီ ဖြ ကြောင်းကို ကျောက်တောင်အောက်မှ ဂိုဏ်းသားများမသိကြ

အလံကိုကိုင်ပြီး စကား ပြောနေကြခြင်း ဟုပင် ထင်မှ ကြ၏။

သေမင်းအော် တဦးတည်းသာ အဲ့နန်နှင့် ကျန်းရှင်ချော တို့၏ အကဲကို မြင်ရုံနှင့် အတွင်းအားဖြင့် တိုက်ခိုက်နေကြ ဖြစ်ကြောင်း ရိပ်စားမိလိုက်ပြီး အကဲခတ်ကြည့်နေလိုက်၏။

သူတို့နှစ်ဦး၏ အတွင်းအားက အလံတိုင်တွင် စုစည်းဝ ရောက်သွားသည်နှင့်တပြိုင်နက် အလံကလေးသည် နှစ်ဦးစလုံ လက်တွင်းမှ လွှတ်ထွက်သွားပြီး ကျောက်တောင် အခြေ ကျသွားလေသည်။

"ဟိတ်"

"ကျား"

နှစ်ယောက်စလုံး သံပြိုင်အော်ပြီးကျောက်တောင်အောက် လွှားကနဲ ခုန်ဆင်းလိုက်ကြ၏။



အားလုံးပင် အဲ့နန်နှင့် ကျန်းရှင်ချောင်တို့၏ လှုပ်ရှားမှုကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိကြသည်။

နှစ်ယောက်သား အောက်ဘက်သို့ အရောက်တွင် အဲ့နန် အလံရှိသော နေရာသို့ ဆတ်ကနဲ ခုန်လိုက်၏။

ကျန်းရှင်ချောင်ကလည်း လိုက်ပြီးခုန်လိုက်၏။

လေထဲတွင်ကျန်းရှင်ချောင် ခန္ဓာကိုယ်ကအဲ့နန်သွားလမ်းကို ပိတ်မိရက်သား ဖြစ်နေသည်။

အဲ့နန် သူ့ရှေ့မှ ကျန်းရှင်ချောင် ကျောဘက်ကို လက်ဝါး စောင်း ရိုက်ချသည်။

ကျန်းရှင်ချောင် သူ့လက်ဝါးစောင်းဖြင့် ပြန်ခံသည်။

"ဖန်း"

လက်ဝါးရိုက်သံ ပေါ်လာပြီး နှစ်ဦးစလုံး မြေပေါ်ပြန် ကျသည်။

ထိုအခါမှ ဂိုဏ်းသားအားလုံး သဘောပေါက်သွားကြ၏။

"ဆရာကြီး အဲ့နန်နဲ့ ဆရာလေးတို့ တိုက်နေကြပြီ"

"ဟ ဆွဲကြပါအုံး၊ ဆွဲကြပါအုံး"

"လက်လွန်ကုန်ပါ့မယ်၊ ဝိုင်းထားကြပါအုံး"

ဂိုဏ်းသားများ၏ စိုးရိမ်တကြီး အော်သံများကပွက်လောညံ ကာပေါ်ထွက်လာ၏။

ဗိုလ်အဲ့နန်နှင့် ကျန်းရှင်ချောင်တို့၏ ရန်ပွဲကို ဖြန်ဖြေရန် အချို့က ထိုင်ရာမှ ထရပ်လိုက်ကြ၏။

"ဟော့….အားလုံး ပြန်ထိုင်နေကြ။ အသေ မသတ်ယင် ပြီးရော။ ပညာချင်း ပြိုင်ကြပါစေ ဟား….ဟား….ဟား…. ဟား….ဟား"

သေမင်းအော်၏ အမိန့်သံက ဟိန်းပြီး ထွက်ပေါ်လာသည်။

ခေါင်းဆောင်ကြီး သေမင်းအော်ကိုယ်တိုင် ရယ်ရယ်မောမောဖြင့် အားပေးကာ မြှောက်ပင့်နေသောကြောင့် ဂိုဏ်းသားများ၏ စိုးရိမ်စိတ်များ ပျောက်ကွယ်သွားကြ၏။

အဲ့နန်နှင့် ကျန်းရှင်ချောင်တို့၏ အတိုက်အခိုက် အရှောင်အတိမ်းတို့မှာလည်း ပိုမိုသွက်လက်လာ၏။

အလံဆီသို့ တယောက်နှင့် တယောက် မရောက်အောင် တားဆီးနေကြခြင်းသာဖြစ်ပြီး ပြင်းထန်သော ဒဏ်ရာမရအောင် တိုက်ခိုက်နေကြခြင်းသာ ဖြစ်သည်။

တယောက်က လဲကျသွားခိုက် အခြားတယောက်အလံဆီသို့ ခုန်ပျံသွားမည်အပြု လဲကျနေသူက ပြန်တိုက်သဖြင့် ဗလုံးဗထွေး ပြန်လဲကျသွားသည်ကို ကြည့်ယင်း ဂိုဏ်းသားအားလုံးပင် သူတို့ ပညာပြိုင်ပွဲကို အားတက်သရော ဖြစ်လာကြ၏။

"ဟုတ်ပြီဟေ့ ဆရာကြီး အဲ့နန်၊ ဆရာကြီး အဲ့နန်"

"ဆရာလေး ကျန်းရှင်ချောင်၊ ဆရာလေး ကျန်းရှင်ချောင်"

တခဲနက် အားပေးသံများလည်း ဆက်တိုက် ထွက်ပေါ်လာလေသည်။



သေမင်းအော်လည်း တဟားဟားဖြင့် အကြီးအကျယ် သဘောကျနေလေသည်။

တချက်တွင် ကျန်းရှင်ချောင် ခုန်အထွက် အဲ့နန် လက်သီးက ကျန်းရှင်ချောင် ရင်ဘတ်ဆီ ထိုးလိုက်၏။

ကျန်းရှင်ချောင်လေထဲတွင်မှပင် အဲနန်လက်သီးကို ညာခြေဖြင့် ခတ်ထုတ်လိုက်ပြီး ဗယ်ခြေက အဲ့နန် မျက်နှာဆီသို့ တည့်တည့်ခတ်မိသွား၏။

"ဖျန်း"

"အား"

အဲ့နန်မျက်နှာတွင် သွေးရဲကနဲ ဖြစ်သွားပြီး မြေပေါ်လဲကျသွား၏။

မြေပေါ်တွင် လဲကျနေယင်း တအီးအီးနှင့် ညည်းနေရလေသည်။

ကျန်းရှင်ချောင်တလှမ်းချင်း အေးအေးဆေးဆေးလျှောက်သွားပြီး အလံကို ကောက်ယူလိုက်သည်။

ထိုအချိန်ကျမှ အဲ့နန်လည်း ထရပ်နိုင်လေသည်။

ဒယီးဒယိုင်ဖြင့် လျှောက်သွားပြီး ကျန်းရှင်ချောင် ပခုံးကို အသာအယာပုတ်လိုက်၏။

အဲ့နန်မချိသွားဖြဲဖြင့် တဟဲဟဲ ရယ်လိုက်သည်။

"ဟဲ….ဟဲ….ဟဲ….ဟဲ…. ငါ့တူရဲ့ ပညာက အတော်ကလေး တိုးတက်နေပြီပဲကွ၊ ဦးလေး အထင်သေးမိတဲ့အတွက် တောင်း

ပန်ပါတယ်ကွာ၊ ဦးလေးက ငါ့တူကြီး မခံချင်အောင် တမင်စတာပါကွ၊ တကယ်တော့ ကိုယ်ဖော့ဘုရင်ဘွဲ့ကို ငါ့တူပဲရထိုက်ပါတယ် ဟဲဟဲဟဲ"

ကျန်းရှင်ချောင် ကျေအေးဟန်ဖြင့် အဲ့နန်ကို ခေါင်းညိတ်ပြလိုက်လေသည်။

*　　*　　*

## အခန်း ခြောက်

လျှပ်ရောင်တွေက တဝင်းဝင်းတလက်လက်။

မိုးခြိမ်းသံတွေက တဂျိန်းဂျိန်း တဂျုန်းဂျုန်း။

မိုးတိမ်ထုကြောင့် ညသည် မှောင်မိုက်လွန်းလှသည်။

တချက်ချက် လျှပ်ရောင် ဝင်းသွားချိန်တွင်သာ အုတ်ဂူဖွေးဖွေးဖြင့် သင်္ချိုင်းမြေကို လျှပ်တပြက် တွေ့မြင်နိုင်လေသည်။

သင်္ချိုင်းမြေ။

ပိုင်ကျန်းမြို့၏ သင်္ချိုင်းမြေ။

ထိုသင်္ချိုင်းမြေသည် မြို့စွန် မြို့ပြင်ဘက်တွင် တည်ရှိနေခြင်းမဟုတ်။

မြို့တွင်းနေရာတွင် မြင့်မားသော အုတ်တံတိုင်းကြီးမှ ကာရံလျက် ကျယ်ဝန်းစွာ ရှိနေလေသည်။

သချိုင်းမြေတွင် ကြီးမားရှင်သန်သော သစ်ပင်ကြီးများ အုပ်မိုးစွာ ပေါက်ရောက်နေကြ၏။

မိုးသက်လေပြ တဟူးဟူး တိုက်ခတ်နေသောကြောင့်သစ် ကြီးများ အကိုင်းချင်းယှက်ထိရိုက်သံများကတရှဲရှဲ၊ တ ပေါ်ထွက်နေကြ၏။

သစ်ပင်ကြီးများ ယိမ်းထိုး လှုပ်ရှားနေကြသည်မှာလ မကောင်းဆိုးရွားများ မြူးတူးနေသည့် အလား ထင်မှ မှားရ၏။

လျှပ်တလက်တွင် သချိုင်းအလယ်မှ ကျောက်နက်သား တည်ဆောက်ထားသော ဇရပ်ကြီးမှာလည်း ထီးထီးမားမ မှိုင်းမှိုင်းမည်းမည်း။

သချိုင်းမြေ၏ အသွင်သဏ္ဌာန်မှာ ထိတ်လန့်ချောက်ချားဖွ ရာ အတိ။

ထိုစဉ် မည်းမည်းသဏ္ဌာန်ကြီးများသည် စီတန်းပြီးသချိုင် များကို ကျော်ဖြတ်ကာ တရွေ့ရွေ့ သွားနေကြသည်။

သူတို့ဦးတည် သွားနေသည်ကား ဇရပ်ကြီးဆီသို့။

ထိုမည်းမည်းသဏ္ဌာန်ကြီးများ၏လှုပ်ရှားမှုကိုတစုံတယော သာ တွေ့မြင်သွားပါက သွေးပျက်သွားနိုင်သည်။

တစ္ဆေ သရဲ နာနာဘာဝများ သွားလာလှုပ်ရှားနေသည် ထင်မှတ်သွားနိုင်လေသည်။





အနီးကပ်ကြည့်လိုက်ပါမူ ခေါင်းအထက်မှ ခြေဖဝါးအထိ ဝတ်ရုံနက်ကြီးများကို လွှမ်းခြုံထားသော လူသားများ ဖြစ်ကြောင်း တွေ့မြင်နိုင်လေသည်။

မျက်နှာပြင်များကိုလည်း ကွင်းပြီး ဖော်ထားကြ၏။

အားလုံး ဆယ့်နှစ်ယောက်တိတိ။

သူတို့သည် ပတ်ဝန်းကျင်ကို ဂရုတစိုက် အကဲခတ်ကြည့်ပြီး ပုန်းလျှိုး ဝှက်လျှိုး သွားလာနေကြခြင်းဖြစ်သည်။

လျှပ်ရောင်တလက်တွင် သူတို့မျက်နှာပြင်များက ထင်းကနဲ၊ ထင်းကနဲ။

အလို... ရှေ့ဆုံးမှ ပုဂ္ဂိုလ်ကြီးမှာ ရွှေတင်းပုတ် ရင်လင်တူ ပါလား။

မြို့အုပ်ချုပ်ရေးအဖွဲ့၏ နာယကချုပ်ကြီး ရင်လင်တူ။

ရင်လင်တူ၏ နောက်တွင် ပါလာသူမှာ လုံခြုံရေးမှူး လက်စကြာ....

လျှံစွမ်း။

လျှံစွမ်း၏နောက်တွင်မူ မြို့အုပ်ချုပ်ရေး နာယက အဖွဲ့ဝင် ဆယ်ဦး။

သူတို့အားလုံး ပိုင်ကျန်းမြို့ကို အုပ်ချုပ်စိုးမိုးရသူများ။

သို့ပါလျက် နာယကဆယ့်တစ်ဦးနှင့်လုံခြုံရေးမှူး လျှံစွမ်းတို့သည် အဘယ်ကြောင့် သည့်လိုအချိန်၊ သည်လိုနေရာမျိုးသို့ တိတ်တဆိတ် ရောက်လာခဲ့ရပါသနည်း။

သူတို့သည် အချိန်မရွေး အခါမရွေး မည်သည့်နေရာကိုမဆို ဝင်ထွက်သွားလာ စစ်ဆေးခွင့်ကို ရသူများဖြစ်ကြ၏။

ထည်ထည်ဝါဝါ ပြောင်ပြောင်တင်းတင်းပင် လှုပ်ရှားနိုင်သူများ ဖြစ်ကြ၏။

သူတို့ကို ပိုင်ကျန်းတမြို့လုံးက ယုံကြည် လေးစားထားကြပြီး ဖြစ်၏။

သူတို့နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားမှာ ဥပဒေသာ ဖြစ်၏။

ထိုကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ပါလျက် သူတို့သည် ဤအချိန် ဤရာသီတွင် ဤလိုနေရာမျိုးသို့ ပုန်းလျှိုးဝှက်လျှိုး လူသိမခံဝံ့ပဲ အဘယ်ကြောင့် လာခဲ့ကြသနည်း။

သူတို့သည် မြို့အုပ်ချုပ်ရေးအဖွဲ့၏ ထိပ်တန်းပုဂ္ဂိုလ်ကြီးများ ဖြစ်သောကြောင့် မကောင်းမှုဒုစရိုက်ကို ကျူးလွန်ရန် ရောက်လာခြင်းမျိုးတော့ မဖြစ်နိုင်။

သို့ဆိုလျှင်....

"ဂျိန်း....ဒလိန်းဒိန်းဂျုန်း"

မိုးခြိမ်းသံပေါ်လာပြီး မိုးစက်မိုးပေါက်ကလေးများ စတင် ကျဆင်းလာလေသည်။

သူတို့အားလုံး၏ ခြေလှမ်းများက သွက်လာကြသည်။

သချိုင်းဂူများကို တဂူပြီးတဂူ လွှားကနဲ လွှားကနဲခုန်ကျော် ကြသည်။

ကျောက်နက်သား ဇရပ်ကြီးအတွင်းသို့ အရောက် ဝင်လိုက် ကြ၏။

ဇရပ်၏ခေါင်းရင်းဘက်တွင် အလောင်းတင်သော ကျောက် ခုံကြီး သုံးလုံး ရှိနေသည်။



သူတို့အားလုံး ဇရပ်ထဲတွင် စုစည်းမိချိန်တွင် အလောင်းတင် ခုံကြီး သုံးလုံးစီမှ အလင်းရောင်တန်းသုံးတန်း ထွက်လာသည်ကို လျှပ်ရောင်ဖြင့် မြင်လိုက်ကြရ၏။

အလင်းရောင်တန်းများက သူတို့ဆီ တန်းတန်းမတ်မတ်။

နာယကချုပ် ရင်လင်တူ လက်ထဲသို့ ရွှေတင်းပုတ်ကလေး လျှပ်တပြက်အတွင်း ရောက်လာသည်။

အလင်းရောင်တန်းများဆီ ရွှေတင်းပုတ်ကို လှုပ်ယမ်း လိုက်၏။

"ချင်....ချင်....ချင်.. ချင်....ချင်"

သူတို့ဆီ တန်းမတ်လာသော လက်နက်ပုန်းများ လွင့်စဉ် ကုန်သည်။

"တို့ပါကွ ရွှေဂေါင်းပြောင်ညီနောင်တွေရဲ့"

နာယကချုပ်ကြီး ရင်လင်တူ လက်နက်ပုန်းမျာ့းကို ရိုက်ထုတ် ယင်းမှ အော်ပြောလိုက်၏။

ထိုအခါမှ အလောင်းစင်နောက်ကွယ်တွင် ရှိနေသော ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်လည်း အလောင်းစင်များပေါ် အသီးသီး ခုန်တက်လိုက်ကြ၏။

"ကျွန်တော်တို့က လူစိမ်းတွေမှတ်လို့ပါ"

"နာယကချုပ်ကြီးတို့မှန်း မသိလို့ပါ"

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ"

ရွှေဂေါင်းပြောင် ညီနောင်သုံးဖော် အသီးသီး ပြောလိုက် ကြ၏။

နာယကချုပ်ကြီးရင်လင်တူပြုံးပြီး ခေါင်းကို ယမ်းလိုက်၏

"ကိစ္စမရှိပါဘူးကွယ်၊ ခုလို မင်းတို့တွေ လက်မြန်တာကို ကျေနပ်လှပါပြီ၊ ဒီလိုရာသီဥတုမျိုး၊ ဒီလိုအချိန်မျိုးမှာ ဘယ် လူစိမ်းပဲ ဒီကိုလာလာ အခုလို မင်းတို့က လက်ဦးဖို့လိုတယ်၊ ဒါ ပေမယ့် ဒီထက်ပိုင်ပါစေ၊ မင်းတို့ရဲ့တိုက်ကွက်ကို ဘယ်သူမှ ပြ မခုခံနိုင်ယင် အကောင်းဆုံးပဲ"

ရွှေဂေါင်းပြောင်ညီနောင်သုံးဖော်အလောင်းတင် ကျော ခုံများ ပေါ်မှ ခုန်ဆင်းလိုက်ကြပြီး နာယကချုပ်ကြီးကို လာ ဂါရဝပြုလိုက်ကြ၏။

"နောက်ဆိုယင် ကျွန်တော်တို့ညီနောင်သုံးဖော် ပိုပြီးဂရုစိုက် ပါ့မယ် နာယကချုပ်ကြီးခင်ဗျာ"

ရွှေဂေါင်းပြောင်အစ်ကိုကြီး၏ စကားကြောင့် နာယကချု ကြီး ရင်လင်တူ ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး အလောင်း သုံးခုံအနက် အလယ်ခုံဆီသို့ လျှောက်လှမ်းသွားလေသည်။

သူ့နောက်မှ လူအားလုံး လိုက်ပါသွားကြ၏။

အလယ် အလောင်းတင်ခုံစီဆီသို့ အရောက် နာယကချု ကြီး ရင်လင်တူ လျှို့ဝှက်ခလုတ်တခုကို နှိပ်လိုက်၏။

ကျန် နာယကအဖွဲ့ဝင်များက ဝိုင်းရပ်ကာ ရံထားသဖြ လျှို့ဝှက်ခလုတ် ရှိသည့် နေရာကို ရွှေဂေါင်းပြောင်ညီနေ မမြင်လိုက်ရ။

"ကျွိ ကျွိ ကျွိ ....ကျလိ....ကျလိ"



အလောင်းတင်စင်နံရံတွင် လူတကိုယ်ဝင်သာရုံ အပေါက် လေး တပေါက် ပွင့်သွားသည်။

"ရွှေဂေါင်းပြောင်ညီနောင်သုံးဖော် အပြင်ကနေ သေချာ စွာ စောင့်ကြပ်ပါ"

"ကောင်းပါပြီ နာယကချုပ်ကြီး"

နာယကချုပ်ကြီးရင်လင်တူ ခေါင်းညိတ်ပြီး လျှို့ဝှက်တံခါး ပေါက်တွင်းသို့ အယင်ဝင်သွားသည်။

သူ့နောက်မှ နာယကအဖွဲ့ဝင် ဆယ်ဦးတ တန်းစီပြီး လိုက် ဝင်သည်။

နောက်ဆုံးမှ လုံခြုံရေးမှူးလျံစွမ်း လိုက်ဝင်ပြီးသည်နှင့် လျှို့ဝှက်တံခါးပေါက်မှာ တကျွိကျွိမြည်ယင်း ပြန်ပိတ်သွား သည်။

လျံစွမ်းနှင့် နာယကြီးများ ဝင်ခဲ့သော အတွင်းဘက်မှာ ကိုယ့်လက်ကိုပင် ကိုယ်မမြင်ရလောက်အောင် မှောင်မည်းနေ၏။

သူတို့အားလုံး တန်းစီပြီး လှေကားထစ်များအတိုင်း ဆင်း လာနေကြခြင်းဖြစ်၏။

မှောင်နှင့်မည်းမည်းပင် ဖြစ်သော်လည်း သူတို့အားလုံး ဟန်ချက်ပင် မပျက်ကြ။

နောက်ဆုံးမှ လုံခြုံရေးမှူးလျံစွမ်း လှေကားထစ်ခုနစ်အထိ ဆင်းပြီးချိန်တွင် ရှေ့ဆုံးမှမီးရောင် လင်းသွား၏။

နာယကချုပ်ကြီးရင်လင်တူ မီးတုတ်ကို မီးထွန်းညှိလိုက်ခြင်း ပင် ဖြစ်လေသည်။

မထွန်းညှိရသေးသော မီးတုတ်များကိုလည်း နံရံတွင် အသ
ချိတ်ဆွဲထားကြသည်ကို မြင်ရ၏။

နောက်ထပ် မီးတုတ်ငါးခုကို ယူပြီး ထွန်းညှိလိုက်သေ
အခါ မီးရောင်တွေ ထိန်ထိန် လင်းသွားလေတော့၏။

လှေကားထစ်များမှာ ကွေ့ကောက်ပြီး လူနှစ်ယောက်သွ
ရှိသာ ကျယ်ဝန်းလေ၏။

လုံခြုံရေးမှူးလျှံစွမ်း၊ နာယကဝင် ဆယ့်တစ်ဦးကို ကျေ
ဖြတ်ခဲ့ပြီး လှေကားထစ်အတိုင်း ရှေ့ဆုံးဆီသို့ ဆင်းလာခဲ့သည
ခိုင်ခန့်သော သော့ခလောက်ကြီး ခတ်ထားသည့် တံခါးကြ
က သူ့ရှေ့တွင် ကာရံပိတ်ဆီးနေ၏။

လုံခြုံရေးမှူးလျှံစွမ်း သူ့ဝတ်ရုံတွင်းမှ သော့တချောင်းက
ထုတ်ယူလိုက်ပြီး သော့ခလောက်ကြီးကို ဖွင့်လိုက်၏။

သော့ခလောက် ပွင့်သွားသည်နှင့် တံခါးကြီးကိုလည်း ဖွ
လိုက်၏။

ပထမတံခါး ပွင့်သွားသော်လည်း ငါးပေအကွာတွင် တံခ
ကြီး တချပ်က သော့ခလောက်ကြီးခတ်လျက် ပိတ်လျက် ရှိ
ပြန်သည်။

နာယကအဖွဲ့ဝင် နံပါတ်တစ်ဆယ်က ရှေ့ဆုံးရောက်လာပြ
သူ့ဝတ်ရုံကြီးအတွင်းမှ သော့ချောင်းကြီးကိုထုတ်ပြီး ဒုတိ
တံခါးမှ သော့ခလောက်ကို ဖွင့်လိုက်ပြန်၏။

ထိုတံခါးပွင့်သွားပြီးနောက် နောက်ထပ် ငါးပေအကွာတ
သော့ခလောက်နှစ်ခုဖြင့် ပိတ်ထားသော တတိယတံခါးကြီး
မြင်ရပြန်သည်။



နာယကအဖွဲ့ဝင် နံပါတ်ကိုးနှင့် နံပါတ်ရှစ်တို့ ရှေ့ဆုံးကို ရောက်လာပြီး သူတို့ဆီမှ သော့ချောင်းတချောင်းစီဖြင့် သော့ခလောက်နှစ်ခုကို ဖွင့်လိုက်ကြပြန်သည်။

တတိယတံခါး ပွင့်သွားပြီးနောက် ငါးပေအကွာတွင်သော့ခလောက်သုံးခုဖြင့် ပိတ်ထားသော စတုတ္ထတံခါးကို တွေ့ကြရပြန်သည်။

နာယကအဖွဲ့ဝင် နံပါတ် ခုနစ်၊ နံပါတ် ခြောက်နှင့်နံပါတ် ငါးတို့တံခါးကြီးဆီရောက်လာကြပြီး သူတို့ဆီမှသော့တချောင်းစီဖြင့် သော့ခလောက် သုံးခုကို အသီးသီး ဖွင့်လိုက်ကြ၏။

စတုတ္ထတံခါး ပွင့်သွားပြန်သည်။

မည်သည့်တံခါးမှ နောက်ထပ် ရှိမနေတော့။ ပေနှစ်ဆယ်ပတ်လည် ကျယ်ဝန်းသော အခန်းကလေး တခန်းတွင်းသို့ လျှံစွမ်းနှင့် နာယကအဖွဲ့ဝင် ဆယ့်တဦးစလုံး ဝင်လိုက်ကြသည်။

ထိုအခန်းထဲတွင် ကျောက်ခေါင်းတလားကြီး ခုနစ်လုံးက တန်းစီပြီး ရှိနေကြလေသည်။

ရွှေးဟောင်းခေါင်းတလားကြီးများ။

ခေါင်းတလားကြီးများ အသီးသီးတွင် ရှေးရှေးက ပိုင်ကျန်းမြို့ကို အုပ်ချုပ်စိုးမိုးခဲ့သော မြို့စားကြီးတို့၏ အမည်နာမများကို ကမ္ပည်းထိုးထားကြလေသည်။

ထိုခေါင်းတလားကြီးများထဲတွင် ပိုင်ကျန်းမြို့ကို အဆက်ဆက်အုပ်ချုပ်ခဲ့သော မြို့စားကြီးများ၏ ရုပ်အလောင်းများကို ထည့်သွင်းထားလေသည်။

ယခုအခါတွင်မူ အရိုးစုများသာ ကျန်ရှိနေတော့၏။

မြို့စားကြီးများ အထဲမှ မာတင်းခွေဟု ကမ္ပည်းထိုးထားသော အလယ်မှခေါင်းကြီးထံသို့ သူတို့အားလုံး ဦးတည်လျှောက်လာကြသည်။

ခေါင်းကြီးများတွင် သော့ခလောက်တချောင်းစီ ခပ်ထားသော်လည်း မြို့စားကြီး မာတင်းခွေ ခေါင်းတွင်မူ သော့ခလောက်ကြီး ငါးခုကို ခတ်ထားလေသည်။

မြို့စားကြီး မာတင်းခွေ၏ ခေါင်းကြီးတဘက်တချက်စီတွင် ခြောက်ယောက်တန်းစီကာ ခွဲရပ်လိုက်ကြ၏။

နာယက အဖွဲ့ဝင် နံပါတ်လေး၊ နံပါတ်သုံး၊ နံပါတ်နှစ်၊ နံပါတ်တစ်နှင့် နာယကချုပ်ကြီး ရင်လင်တူတို့ငါးဦးသည် သော့တချောင်းစီကို ဝတ်ရုံကြီးအတွင်းမှ ကိုယ်စီထုတ်ယူလိုက်ကြ၏။

သော့ခလောက်ကြီး ငါးခုကို တပြိုင်တည်း ဖွင့်လိုက်ကြသည်။

သော့ခလောက်များ ပွင့်သွားသည်နှင့် တဆက်တည်းပင် ကျောက်ခေါင်းကြီးကို မ ဖွင့်လိုက်ကြ၏။

"ကျွိ....ကျွိ....ကျွိ"

ကျောက်ခေါင်းဖုံးကြီး ပွင့်သွားသည်နှင့် သူတို့အားလုံး၏ မျက်လုံးများက ခေါင်းကြီးအတွင်းဆီသို့ ရောက်သွားကြ၏။

ခေါင်းကြီးအတွင်းတွင် မြို့စားကြီးမာတင်းခွေ၏ အရိုးစုကြီးက ရှိမနေ။



မည်သည့် အရာဝတ္ထု ပစ္စည်းပစ္စယ တခုတလေမျှလည်း ရှိမနေ။

ခေါင်းကြီးထဲတွင် ပြောင်ရှင်းနေသည်။

နာယကချုပ်ကြီး ရင်လင်တူ ခေါင်းကြီး၏ထိပ်တွင် တဦးတည်း သွားရပ်လိုက်သည်။

သူနှင့် အနီးဆုံးတွင်ရှိနေသော နာယကအဖွဲ့ဝင် နံပါတ်တစ်ကို ကြည့်လိုက်ပြီး စတင် စကားပြောလိုက်သည်။

"လုပ်ငန်းစပါ နံပါတ်တစ်"

နာယကအဖွဲ့ဝင် နံပါတ်တစ် သူ့ ဝတ်ရုံတွင်းသို့ လက်နှိုက်ပြီး ပြန်ထုတ်လိုက်သောအခါ လက်သီးဆုပ်ခန့် ကတ္တီပါအိတ်ကလေးများ ပါလာ၏။

အိတ်ထိပ်တွင် မြို့အုပ်ချုပ်ရေးအဖွဲ့၏ ချိတ်တံဆိပ်ခတ်နှိပ်ထားလေသည်။

နံပါတ်တစ်သည် ကတ္တီပါ အိတ်ကလေးများကို ကျောက်ခေါင်းကြီးအတွင်း အသာအယာ ပစ်ထည့်သည်။

နောက်ထပ်သုံးကြိမ်တိတိ သူ၏ ဝတ်ရုံကြီးအတွင်းလက်နှိုက်ပြီး ပါလာသော ကတ္တီပါ အိတ်ကလေးများကို ပစ်ထည့်နေပြန်သည်။

နာယကချုပ်ကြီး ရင်လင်တူကမူ ဘာမှထပ်မပြောတော့။

အိတ်ကလေးများ၏ အရေအတွက်ကို စိတ်တွင်းမှ ရေတွက်မှတ်သားနေလေ၏။

နံပါတ်တစ် ပြီးသွားသောအခါ နံပါတ်နှစ်၊ နံပါတ် လေး ငါး ခြောက် အစဉ်အဆက်ပင် နံပါတ်တစ်ဆယ် နာယ အဖွဲ့ဝင်အထိ နံပါတ်တစ်နည်းတူ သူတို့ဝတ်ရုံအတွင်းမှကတ္တီ ထုပ် အရွယ်အစားအမျိုးမျိုး တဦးပြီးတဦး ကျောက်ခေါ ကြီးအတွင်း ပစ်ထည့်ကြလေသည်။

နောက်ဆုံးကျမှ လုံခြုံရေးမှူး လျှံစွမ်းသည် သူ့ဝ ကြီးအတွင်းမှ ကတ္တီပါထုပ်များကို ပစ်ထည့်သည်။

နာယကချုပ်ကြီး ရင်လင်တူသည် ထိုအတောအတွင်း မ သည့်စကားကိုမျှ မဆို။

ခေါင်းကြီးအတွင်း ကျရောက်သွားသော ကတ္တီပါ ကလေးများကို အတိအကျ ရေထွက် မှတ်သားနေလေသည်

လျှံစွမ်း ပြီးဆုံးသောအခါကျမှ သူ့ထံမှ စကားသံ ထွက်လာသည်။

"ဟုတ်ပြီ ...အားလုံး တစ်ရာနှစ်ဆယ့် သုံးထုပ်"

နာယက ချုပ်ကြီး ရင်လင်တူ သူ့စကားဆုံးလျှင်ဆုံး ပင် ကျောက်ခေါင်းအဖုံးကြီးကို ပြန်ပိတ်လိုက်တော့သည်

ပြီးနောက် သူနှင့်အတူ နံပါတ် တစ် နှစ် သုံး လေးတို့ ခလောက်များကို ပြန်ခတ်လိုက်ကြ၏။

နာယကချုပ်ကြီး ရင်လင်တူထံမှ သက်ပြင်းချလိုက်သံ အတူ ကျေနပ် ားရစွာ ပြောလိုက်သောစကားသံလည်း ထွက်လာသည်။



"အင်း....ပိုင်ကျန်း မြို့သားတွေက ကျုပ်တို့ကို ယုံယုံကြည် ကြည်နဲ့ အပ်နှံထားတဲ့ ရွှေ ငွေ ကျောက်သံပတ္တမြားတွေဟာ ခုဆိုယင် အလုံခြုံဆုံး စိတ်အချရဆုံး နေရာကို ရောက်သွားပါ ပြီ၊ ရတနာတွေအတွက်တော့ ကျုပ်တို့အားလုံး စိတ်ချကြရ ပါပြီ"

နာယကချုပ်ကြီး၏ စကားကို ထောက်ခံသောအားဖြင့် ကျန်လူအားလုံးပင် ပြုံးပြုံးရွှင်ရွှင်နှင့် ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

* * *

## အခန်း ခုနစ်

စားပွဲပေါ်သို့ သမင်းအောင်၏ လက်ဝါးကြီးက အရှိန်ပြင်းပြင်းဖြင့် ဖြန်းကနဲ ကျသွားသည်။

အဲ့နန်ပင် လန့်သွားပြီး၊ သမင်းအောင်၏ မျက်နှာကို ဖြတ်ကနဲ ကြည့်လိုက်မိ၏။

သမင်းအောင်၏ မာကြောသော လေသံက ပေါ်ထွက်လာသည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲအဲ့နန်၊ ဖြစ်အောင်လုပ်ယင် ဖြစ်ကို ဖြစ်ရမှာပေါ့၊ အရေးကြီးတာက အကွက်ချပြီး စနစ်တကျစီစဉ်ဖို့ လိုတယ်"

အဲ့နန် မျက်နှာချိုသွေးပြီး....



"ကျုပ်ကစိုးရိမ်စိတ် နည်းနည်းကြီးသွားမိလို့ပါ သမင်းအောင်၊ ပိုင်ကျန်းမြို့ဟာ မြို့ရိုးကြီးလဲ အခိုင်အခန့် ရှိထားတယ်၊ လူဝင်လူထွက်ကိုလဲ ကြပ်ကြပ်မတ်မတ် စစ်ဆေးတယ်၊ပြီးတော့ မြို့အုပ်ချုပ်ရေးအဖွဲ့ နာယက အဖွဲ့ဝင် ဆယ့်တစ်ဦးဟာလဲ မြို့ရိုးကို လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် စနစ်တကျ စီစဉ်ထားကြတယ်၊ ဒီတော့ ကျုပ်တို့အနေနဲ့ ရွာတွေကို ဝင်ပြီးစီးသလို အင်နဲ့အားနဲ့ ဝင်စီးလို့မှ ဖြစ်ပါ့မလား တွေးမိပြီး စိုးရိမ်စိတ်နဲ့ ပြောမိတာပါ"

"ရွာတွေကို ဝင်စီးတုန်းကလို အင်အား အလုံးအရင်းနဲ့ ဝင်စီးလို့ကတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ် ပြောထားသားပဲ၊ အကွက်ချပြီး စနစ်တကျနဲ့ ဝင်စီးမယ်လို့၊ အဲ အရေးကြီးတာက ခင်ဗျားပြောတဲ့ ရတနာသေတ္တာကိစ္စပဲ"

"ရတနာသေတ္တာကိစ္စကတော့ သေချာပါတယ် သမင်းအောင်၊ ကျုပ်တပည့် ချင်းကန်က သေသေချာချာ စုံစမ်းထောက်လှမ်းလာခဲ့တာပါ၊ပိုင်ကျန်းမြို့လူထုရဲ့ စုပေါင်းအပ်ထားတဲ့ ရတနာတွေဆိုတော့ ဘယ်လောက် များပြားမယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့"

"ကျွန်တော် တခုလောက် ပြောပါရစေဖေဖေ"

ဘေးမှ တချိန်လုံး ထိုင်နားထောင်နေခဲ့ပြီး ဘာစကားမှ ဝင်မပြောခဲ့သော ကျန်းရှင်ချောင် ဦးစွာ ဝင်ရောက်ပြောဆိုလာသည်။

သမင်းအောင်နှင့် အဲ့နန်တို့ မျက်လုံးများက ကျန်းရှင်ချောင်ထံ ရောက်သွားကြ၏။

"ဘာများတုန်း လူလေးရဲ့"

"ပိုင်ကျန်းမြို့ရဲ့ ရတနာသေတ္တာ သတင်းကိုတော့ ကျွန်တော်လဲ ကြားသိထားပါတယ် ဖေဖေ၊ ပိုင်ကျန်းမြို့ လူထုရဲ့ ရတနာတွေကို စုပေါင်းထည့်ထားပြီး မြို့အုပ်ချုပ်ရေးဦးစီးနာယကအဖွဲ့လက်တွင်းမှာ အပ်ထားတယ်ဆိုတာ မှန်ပါတယ်၊ ခန့်မှန်းခြေတန်ဖိုး ငွေကျပ် သိန်းငါးဆယ်ဝန်းကျင်မှာ ရှိတယ်ဆိုတာလဲ မှန်ပါတယ်"

"အို...ဒီလိုဆိုယင်တော့ ဖေဖေတို့က ရတနာသေတ္တာကို မရ-ရအောင် ယူနိုင်ရမှာပေါ့"

"မဟုတ်သေးဘူးဖေဖေ"

"ဟော...ဘာမဟုတ်တာလဲ လူလေးရဲ့"

"ဒီရတနာတွေက မြို့လူထုရဲ့ ချွေးနည်းစာနဲ့ ရှာဖွေစုဆောင်းထားတဲ့ ရတနာတွေပါဖေဖေ၊ ခေတ်ဆိုး ခေတ်ပျက်နေတဲ့အချိန်အခါမို့ မြို့အုပ်ချုပ်ရေး အဖွဲ့မှာ အပ်ထားကြရတာပါ၊ ဒီရတနာတွေကိုသာ ကျွန်တော်တို့က ရအောင် ယူလိုက်မယ်ဆိုယင် ပိုင်ကျန်းမြို့ လူထု အတော့်ကို ဒုက္ခ ရောက်သွားကြပါလိမ့်မယ်"

"ဟား...ဟား...ဟား...ဟား...ဟား"

ကျန်းရှင်ချောင် စကားအဆုံးတွင် သေမင်းအော် အားပါးတရ သဘောကျစွာ ရယ်မောလိုက်သည်။ စားပွဲကိုလက်ဝါးဖြင့် ပုတ်လိုက်ယင်း စကားကိုလည်း ဆက်ပြောသည်။



"ဟား...ဟား...လူလေးက ခုထက်ထိ စိတ်သဘောထားနူးညံ့ချင်သေးတာကိုး၊ ဖေဖေလဲ လူလေးကို အထပ်ထပ် အခါခါ ပြောပြထားပြီးပြီပဲ၊ ဖေဖေတို့ သူခိုး ဒမြတွေဟာ ရက်စက်ရဲရမယ်၊ ညှာတာမှု၊ စာနာမှုမထားရဘူး၊ ကိုယ်ညှာယင် ကိုယ်ခံရမယ့် ဘဝမျိုး၊ ဒီတော့ လူစရာရှိယင်လူ၊ သတ်စရာရှိယင်သတ်၊ သတ်ရဲသေရဲတဲ့ သတ္တိမျိုး ရှိနေရမယ်၊ ဘယ်သူ့ကိုမှသနားနေစရာ ထောက်ထားနေစရာ မလိုဘူး၊ လူလေးအနေနဲ့ ဖေဖေ့သား ပီသစမ်းပါကွယ်"

သေမင်းအော်ကို ချစ်ကြောက်ရှိသေသော ကျန်းရှင်ချောင် သက်ပြင်းကို အသာအယာ ချလိုက်သည်။

ဘာစကားမှ မပြောတော့။

အဲ့နန်စကားသံသာ ပေါ်လာသည်။

"ဟုတ်ပါရဲ့၊ ငါတူရဲ့စိတ်ခတ် မပျော့ညံ့စမ် ပါနဲ့၊ ဦးလေးတို့လုပ်ငန်းက ပုဘီးစိပ်ပြီး တရားဘာဝနာပွားများနေတဲ့အလုပ်မှ မဟုတ်ပဲ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ထားမျိုး ထားနိုင်ရမယ်၊ ဦးလေးတို့အလုပ်က ရိုးသားဖြောင့်မတ်ဖို့ မလိုဘူး၊ သစ္စာရှိစရာမလိုဘူး၊ သူတော်ကောင်း လုပ်နေစရာလဲ မလိုဘူး၊ အတတ်နိုင်ဆုံး ကောက်ကျစ်စဉ်းလဲရမယ်၊ အတတ်နိုင်ဆုံး ယုတ်မာရမယ်၊ အေး...အရေးကြီးတာကတော့ ကိုယ့်မှာ ငွေများများ ရှိထားဖို့ပဲကွ"

"ငွေများများရှိပေမယ့် ယုတ်မာကောက်ကျစ်တဲ့လူ၊ သစ္စာမဲ့တဲ့လူ ဖြစ်နေလို့ကတော့ အပိုပဲဦးလေး"

ဖခင်ဖြစ်သူကိုသာ ငြိမ်ခံနေသော ကျန်းရှင်ချောင် အဲ့နှ
တော့ သူ့ခံယူချက် ပြန်ပြောသည်။ ရှေ့တွင် အသင့်ထ
သော အရက်ခွက်ကိုလည်း ဆတ်ကနဲယူပြီးမော့သောက်လိုက်

သေမင်းအောင် သားဖြစ်သူကိုကြည့်မြီး ပြောလိုက်၏။

"သားရဲ့ခံယူချက်မျိုး တချိန်ကလဲ ဖေဖေ ထားခဲ့တာပ
သားရ....၊ ငွေကြေးထက် ရိုးသားမှုဂုဏ်ကို ဖေဖေဟာ ပို
မြတ်နိုးခဲ့တယ်၊ ကတိနဲ့သစ္စာကို အလေးထားခဲ့တယ်၊အမှန်တ
ဘက်က ဘယ်တော့မဆို ရပ်တည်ခဲ့တယ်၊ ဒါပေမယ့် ဖေဖေ့
အဲဒီခံချက်တွေ ရှိပေမယ့် ဆင်းရဲတယ်၊ လူဆိုတဲ့ သတ္တဝါ
ဟာ အခက်သားကလားကွယ်၊ ငွေမျက်နှာ တခုတည်းကို
ကြည့်တတ်တဲ့လူတွေ ဖေဖေ့ကို ဘယ်သူမှ အထင်မကြီးဘ
တော်လိုက်တာလို့ ဘယ်သူမှ မချီးကျူးဘူး၊ ကောက်
ယုတ်မာ သစ္စာမဲ့ပေမယ့် ငွေကြေး ကြွယ်ဝတဲ့ သူကိုတေ
ငွေမျက်နှာနဲ့ တလေးတစား လူရာသွင်းကြတယ်၊ ဆက်ဆံ
တယ်၊ ဒီလိုလူစားတွေကြောင့် ဖေဖေဟာ ဒီဒဏ်ကို အလူးအ
ခံလိုက်ရမြီး အခုလိုဘာဝမျိုးကို ရောက်ခဲ့ရတာပါပဲ လူလေ
ဖေဖေ့ရဲ့ ဘဝအတွေ့အကြုံအရ ပြောရမယ်ဆိုယင်တော့ရိုးသ
ဖို့၊ သစ္စာရှိဖို့ထက် ငွေရှိဖို့က ပိုပြီးအရေးကြီးတယ်ဆိုတာအမှ
လူလေး၊ ကဲကွယ်....စကားလမ်းကြောင်းတွေတောင် အဝေ
ပြောင်းသွားပြီ၊ ရတနာသေတ္တာကိစ္စကို ပြန်ဆက်ကြအုံးစို့"

သေမင်းအောင် သူ့စကားကို ခဏနားလိုက်ပြီး အရက်တ
ကို မော့သောက်လိုက်၏။





သေမင်းအောင်၏ ခံယူချက်ကို ကျန်းရှင်ချောင် စိတ်တွင်းမှ
လက်မခံချင်သော်လည်း ဆင်ခြေမကန်တော့။

သေမင်းအောင် အရက်ခွက်ကို စားပွဲပေါ် ပြန်ချပြီးမှ အဲ့နန်
ကို ကြည့်ပြီး စကားဆက်၏။

"ရတနာသေတ္တာဟာ မြို့အုပ်ချုပ်ရေးအဖွဲ့ လက်ထဲမှာ ရှိနေ
တယ် ဆိုတာတော့ မှန်ပါပြီအဲ့နန်၊ မြို့အုပ်ချုပ်ရေး အဖွဲ့က
ဒီရတနာသေတ္တာကို ဘယ်နေရာမှာ ထားတယ် ဆိုတာကော
စုံစမ်းလို့ရသလား"

"ဒါကတော့ အထူးလျှို့ဝှက်ချက်မို့ ချက်ချင်း စုံစမ်းလို့
မရသေးဘူး သေမင်းအောင်"

"ကျုပ်ကတော့ ဒီရတနာ သေတ္တာကို မရ-ရတဲ့နည်းနဲ့
ရအောင်ယူမယ်လို့ ဆုံးဖြတ်ပြီးပြီအဲ့နန်၊ဒါပေမယ့် ကျုပ်တို့ဘက်
က အကွက်စေ့စေ့နဲ့ ပိုင်ဖို့လိုတယ်၊ ဒီတော့ ဒီရတနာသေတ္တာ
ကို ဘယ်မှာထားသလဲ၊ ဘယ်လိုအစောင့်အရှောက်တွေ ဘယ်လို
လုံခြုံမှုတွေ စီမံထားသလဲဆိုတာ သိဖို့လိုတယ်၊ ဒါမှလဲ ကျုပ်
တို့က စနစ်တကျ အကွက်ရိုက်ပြီး ယူနိုင်မှာ"

"မှန်ပါတယ် သေမင်းအောင်"

"ဒီတော့ ကျုပ်တို့သိချင်တာတွေကို သိရအောင် စုံစမ်း
ထောက်လှမ်းဖို့လိုတယ်၊ ရွာတွေကို ဝင်စီးသလို အင်အားအလုံး
အရင်းနဲ့ တချိန်တည်း တပြိုင်တည်း အတင်းဝင်တိုက်လို့ မဖြစ်
ဘူး၊ဦးနှောက် အများကြီးသုံးရမယ်၊ ပရိယာယ်အများကြီးသုံး
ရမယ်၊ ဒါကြောင့် ခင်ဗျားတပည့် ချင်းကန်ကို ပိုင်ကျန်းမြို့

ထဲမှာ သွားနေခိုင်းပြီးတော့ ကျုပ်တို့ သိချင်တာတွေကို စုံစမ်းခိုင်းယင် ကောင်းလိမ့်မယ်”

“ဟုတ်ပါတယ် သေမင်းအော်၊ ခင်ဗျားပြောတာတွေ အမှန်ပါပဲ၊ ရတနာသေတ္တာကိစ္စကို တိတိကျကျ ကျွန်တော်တို့သိထားဖို့လိုတာ အမှန်ပါပဲ၊ ဒါပေမယ့် အဲ့ဒီလိုသိရအောင် စုံစမ်းတဲ့နေရာမှာ ကျွန်တော့်တပည့် ချင်းကန်ရဲ့ အရည်အချင်း တခုတည်းနဲ့ မပြီးနိုင်ပါဘူး၊ သူတဦးတည်းနဲ့ ချင်းကန်ဟာ ဒီတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး၊ သူနဲ့အတူ တိုက်ရည်ခိုက်ရည်ကောင်းပြီး ဉာဏ်အမြော်အမြင်နဲ့ပြည့်စုံတဲ့ လူတယောက်ကိုပါ ထည့်ပေးလိုက်ဖို့လိုပါတယ်”

“ဟုတ်ပြီလေ၊ လိုကွက် ဟာကွက် မရှိအောင် ပိုပြီးပြည့်စုံသွားအောင်၊ ချင်းကန်နဲ့ လိုက်သွားဖို့ ဘယ်သူအသင့်တော်ဆုံးဖြစ်မယ်လို့ ခင်ဗျားထင်သလဲ”

အဲ့နန် ချက်ချင်းမဖြေ။

အရက်ခွက်ထဲသို့ အိုးထဲမှ အရက်ကို ငှဲ့ထည့်လိုက်သည်။

အရက်ခွက်ကို ပါးစပ်နား သော့လိုက်ပြီးမှ သေမင်းအော်ကို ခပ်ပြုံးပြုံးကြည့်ပြီး ပြောလိုက်၏။

“အရေးကြီးတဲ့ အဲဒီ စုံစမ်းမှုအတွက် အသင့်တော်ဆုံးလူကတော့ ကျန်းရှင်ချောင်လို့ပဲ ကျုပ်တော့မြင်တယ်လေ”

အဲ့နန် သူ့ထင်မြင်ချက်ကိုပေးပြီး အရက်ကို တကွပ်ကွပ်နှင့် မော့သောက်လိုက်တော့၏။

သေမင်းအော် မျက်မှောင်ကြုတ်ပြီး တွေဝေသွားသည်။ ကျန်းရှင်ချောင်ကိုလည်း ကြည့်သည်။



ကျန်းရှင်ချောင်ကတော့ မထူးခြားသလို အရက်ခွက်ကိုလှည့်ကစားနေသည်။

သေမင်းအော် အကြည့်က ကျန်းရှင်ချောင်ထံမှ အဲ့နန်ဆီ ပြန်ရောက်သွားသည်။

“ကျုပ်သားကလွဲပြီး တခြား တယောက်ယောက်ကိုစဉ်းစားကြည့်ပါဦးလား အဲ့နန်”

ကျန်းရှင်ချောင်ကိုမထည့်လိုသဖြင့် သေမင်းအော်ပြောလိုက်သည်။

အဲ့နန် အရက်ခွက်ကို စားပွဲပေါ် အသာပြန်ချပြီး ခေါင်းကို ခါရမ်းလိုက်၏။

“ကျွန်တော့်အမြင်ကတော့ ဒီကိစ္စမှာ ကျန်းရှင်ချောင်ဟာ အသင့်တော်ဆုံး လူတယောက်ပဲလို့ မြင်တယ်လေ၊ ဆရာကြီးစဉ်းစားကြည့်ပေါ့၊ ကျွန်တော်တို့ အဖွဲ့ထဲမှာက လက်ရုံးရည်သမားလောက်ပဲ များတယ် မဟုတ်လား၊ ကျွန်တော်တို့ ခိုင်းတာကိုပဲ လုပ်တတ်တဲ့လူကများတယ်၊ ခေါင်းအေးအေးနဲ့ စဉ်းစားတတ်တဲ့ ဉာဏ်မျိုး၊ ထိုးထွင်းဉာဏ်မျိုး ဘယ်သူမှ ရှိကြတာမဟုတ်ဘူး၊ ဒီအရည်အချင်းတွေက ကျန်းရှင်ချောင်မှာသာ ရှိနေတာပဲ၊ နောက်တခုက ကျွန်တော်တို့တွေ ရွာတွေကို ဝင်စီးပြီး လုယက် တိုက်ခိုက်တဲ့အခါတိုင်း ကျန်းရှင်ချောင်က ရွာပြင်မှာ ကျန်နေခဲ့တာချည်းပဲဆိုတော့ သူ့ကို မြင်ဖူး သိဖူးတဲ့သူ နည်းတယ်၊ ကျွန်တော်တို့ မိစ္ဆာနက်ဂိုဏ်းဝင်တယောက်မှန်း ဘယ်သူမှ မသိကြဘူး၊ ဒါကြောင့် ကျန်းရှင်ချောင်အနေနဲ့ ပိုင်ကျန်း

မြို့မှာ ထင်ထင်ပေါ်ပေါ် နေနိုင်တယ်၊ လွတ်လွတ်လပ်လ စိုးစမ်းနိုင်တယ်"

"အင်း....ဒါလဲ ဟုတ်တာပဲလေ၊ ဒီအတိုင်းဆို ဒီလုပ်ငန်းမှ လူလေးနဲ့ သင့်တော်နေတာတော့ အမှန်ပဲ ဒါနဲ့ လူလေးရဲ့ သဘောထား ကကောကွယ်"

သေမင်းအော် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကျန်းရှင်ချော ဘက် လှည့်မေးလိုက်၏။

ကျန်းရှင်ချောင် ဖခင်ဖြစ်သူကို မကြည့်။ အရက်ခွက် စူးစိုက်ကြည့်နေပြီးမှ လေသံအေးအေးဖြင့် ပြောသည်။

"ကျွန်တော့် သဘောထားကို ဖေဖေအသိဆုံးပါ။ ဒါ မယ့် ဖေဖေ ခိုင်းစေလာမယ် ဆိုယင်တော့ ကျွန်တော်ကိုယ် လက်ရောက် ကျူးလွန်ရမယ့် အပြစ်မဲ့တွေကို သတ်ဖြတ်တဲ့ အ လုပ်နဲ့ လုယက်တိုက်ခိုက်ရမယ့် အလုပ်မျိုးတွေကလွဲပြီး ဘာမ ကျွန်တော်လုပ်ပါ့မယ်"

"ဟုတ်ပြီ လူလေးရေ၊ ဘာပဲဖြစ်ဖြစ် လူလေးဆီက ဒီစကာ လောက်ကိုပဲ ကြားရတာ ဖေဖေ ဝမ်းသာတယ်။ အားလဲတ မိတယ်။ ဒါဆိုယင် ချင်းကန်တို့ခေါ်ပြီး ပိုင်ကျန်းမြို့ကို လူလေ အမြန်ဆုံး သွားပေတော့။ ရတနာသေတ္တာ ကိစ္စကို ဖေဖေ တတွေ ရအောင်ယူနိုင်တဲ့ အချိန်အထိ ပိုင်ကျန်းမြို့မှာပဲ လူလေ နေပေတော့။ ဒီကြားထဲ အကြောင်းထူးယင် ချင်းကန်နဲ့ လ ပြီး သတင်းပို့။ ဖေဖေတို့မှာ အကြောင်းထူးယင်လဲ လူလေ ဆီကို ဆက်သွယ်မယ်။ ရတနာသေတ္တာကို အရယူတဲ့ အချိန်မှ



မှာ လူလေးမပါချင် နေနိုင်တယ်။ လူလေးရဲ့ အဓိကတာဝန်က အခု လောလောဆယ် တိကျခိုင်လုံတဲ့ ရတနာသေတ္တာ သတင်း အတိအကျကို စုံစမ်းဖို့ပဲ"

"ကောင်းပါပြီဖေဖေ။ ဖေဖေရဲ့ ဆန္ဒအတိုင်း ပိုင်ကျန်းမြို့ကို ကျွန်တော် ကမြန်ဆုံးသွားပြီး ဆောင်ရွက်ပါ့မယ်"

"ဒါမှ ငါ့သားကွ၊ ဟား....ဟား....ဟား....ဟား...."

သေမင်းအော် နှင့် အဲ့နန်း သဘောကျစွာ အားပါးတရ ရယ်မောလိုက်ကြလေသည်။

* * *

## အခန်း ရှစ်

---

မိုးနတ်မယ် စားတော်ဆက်။

ပိုင်ကျန်းမြို့ အစွန်ဘက်ကျကျတွင် တည်ရှိသည်။

စားတော်ဆက် အ ဆောက် အဦမှာ ခမ်းခမ်းနားန ထည်ထည်ဝါဝါလည်း မဟုတ်။

ကျယ်ဝန်းသော ခြံကြီးထဲတွင် ရှိနေသည်။

နှစ်ထပ်အိမ်အိုကြီးတစ်လုံးကို စားသောက်ဆိုင်အဖြစ်ဖွင့်လ ထားခြင်း ဖြစ်သည်။

အောက်ထပ်တွင် စားသောက်ခန်း....။ အပေါ်ထပ် တည်းခိုဆောင်။



ထို နှစ်ထပ် အဆောက်အဦ ဟောင်းကြီး၏ နောက်ဘက်တွင်မူ အသီးအနှံ ရာသီပင်များကို စိုက်ပျိုးသော စိုက်ခင်းများ ရှိနေလေသည်။

မိုးနတ်မယ်၏ အသွင်အပြင်က စားသောက်သူများ အတွက် မက်လောက်စရာ မရှိ။

စားပွဲ ကုလားထိုင် ကအစ အသုံးပြုသော ပန်းကန် ခွက်ယောက်အဆုံး၊ ဈေးနှုန်းနည်းနည်းနှင့် အပေါစားများကိုသာ အသုံးပြု ထားသည်။

ထိုစားသောက်ဆိုင် ပိုင်ရှင်သည် ငွေကြေး ပြည့်စုံကုံလုံသူ တယောက်မဟုတ်မှန်း ထင်ရှားနေသည်။

သို့သော် မိုးနတ်မယ်စားသောက်ဆိုင်သည် ပိုင်ကျန်းမြို့တွင် ထင်ရှား ကျော်ဇောသည်။

စားသောက်တည်းခိုသူတွေ အမြဲမပြတ် ရှိနေတတ်သည်။

အထူးသဖြင့် တယောက်တည်း တည်းခိုသူများ ထဲတွင် ယောကျ်ားသားများပိုမို များပြားသည်။

မိုးနတ်မယ်သည် ချို့တဲ့ဆင်းရဲသော်လည်း သန့်ရှင်းသည်။ အချက်အပြုတ်ကောင်းသည်။ စည်းစနစ်ရှိသည်။

အသီးအရွက်များ စားလိုလျှင်လည်း နောက်ဘက် စိုက်ခင်းထဲမှ လတ်လတ်ဆတ်ဆတ်။ မိုးနတ်မယ်၏ ကျော်ကြားမှုမှာ လည်း ဤသည်ကြောင့်ပင်မဟုတ်သေး။

ငွေသိမ်းကောင်တာ စားပွဲတွင် ထိုင်နေသော အလှမယ် ကလေး လင်းလီလီနှင့် စားပွဲထိုးမိန်းမချောကလေးများကြောင့်ပင် ဖြစ်လေသည်။

စားပွဲထိုးမိန်းမချောကလေး ငါးယောက်သည် အစဉ်ပြုံးချိုသော မျက်နှာကြောင့် စားသောက်သူများ စိတ်ချမ်းသာစွာ စားသောက်နိုင်ရေးကို ဆောင်ရွက်ပေးလျက် ရှိသည်။

သူတို့အားလုံး အသက်နှစ်ဆယ်ပင်မပြည့်ကြသေး။

ပြီးတော့ တဦး တယောက်မှလည်း အိမ်ထောင် မရှိကြသေး။

မိုးနတ်မယ်စားသောက်ဆိုင်ကို ပိုင်ဆိုင်သူမှာ လင်းလီလီ၏မိခင် ကျုံးခွေပင်ဖြစ်လေသည်။

ဒေါ်ကျုံးခွေသည် အချက်အပြုတ် တော်သူ တယောက်မို့ မီးဖိုချောင်တွင် အချက်အပြုတ် တာဝန်ကို ဦးစီးဆောင်ရွက်၏။

ဒေါ်ကျုံးခွေ၏မောင်အရင်း ကျုံးအိုင်ဖေ့သည် တည်းခိုခန်းများအတွက် တာဝန်ယူသည်။

မိုးနတ်မယ် စားသောက်ဆိုင်နှင့် မိန်းမချောကလေးများ၏ လုံခြုံရေး အတွက်လည်း သိုင်းသမား ဆယ်ဦးကို ခေါ်ယူခန့်ထားလေသည်။

ကျုံး အိုင် ဖေ့ သည် လုပ်ငန်းခွင်တွင် စည်းစနစ်ကျသူ တယောက် ဖြစ်သော်လည်း ပျော်ပျော်ရွှင်ရွှင် နောက်နောက်ပြောင်ပြောင်ပင် နေတတ်သည်။

ခပ်ပေါ့ပေါ့ နေတတ်သည်။ ထို့ကြောင့် သူ့ကို လူချစ်လိုခင် ပေါများလေသည်။

လင်းလီလီနှင့် စားပွဲထိုးမိန်းကလေး ငါးဦးစလုံး မိုးနတ်မယ် စားသောက်ဆိုင်၏ ဘေးတွင် ယှဉ်တွဲ ဆောက်ထားသော



သီးသန့်အဆောင်တွင် ဒေါ်ကျုံးခွေနှင့်အတူ နေထိုင်ကြလေသည်။

မိန်းကလေးငါးဦးမှာ လင်းလီလီ အပေါ် အစ်မအရင်းတယောက်လို ချစ်ခင်ကြသလို၊ ဒေါ်ကျုံးခွေကိုလည်း ချစ်ခင်လေးစားကြ၏။

ဒေါ်ကျုံးခွေ၏ စည်းကမ်းအတိုင်း နေထိုင်ကြ၏။

* * *

မွန်းတည့်ချိန်မို့ စားသောက်ခန်းအတွင်း စားပွဲတလုံးတွင်သာ လူသုံးယောက်အေးဆေးစွာစားသောက်နေကြ၏။

စားပွဲထိုးမိန်းမချောကလေး ငါးဦးအနက် တဦးတည်းသာ ထိုသုံးယောက်၏ လိုအပ်သည်များကို မှာကြား ယူဆောင်ပေးနေသည်။

လင်းဗန်းတချပ်ဖြင့် အသယ်အပို့ လုပ်နေ၏။

ကျန် မိန်းမချောကလေးများကမူ စားပွဲတလုံးတွင် စုဝေးထိုင်နေကြပြီး ရောက်တတ်ရာရာ စကားများကို ပြောနေကြ၏။

ကောင်တာစားပွဲမှ လင်းလီလီသည် မနက်ပိုင်းမှ ရောင်းချ ရသော ငွေများကို ရေတွက်နေလေသည်။

ထိုစဉ် စားသောက်ဆိုင်အတွင်းသို့ ခရီးဆောင်ကျောပိုးအိတ် ကိုယ်စီဖြင့် လူနှစ်ယောက်ဝင်လာကြ၏။

သူတို့နှစ်ဦးမှာလည်း ကျန်းရှင်ချောင်နှင့် ချင်းကန်။

လင်းလီလီအကြည့်က ကျန်းရှင်ချောင်နှင့် ချင်းကန်ထံ ရောက်သွားသည်။

ချင်းကန်သည် လင်းလီလီကို လှိုက်လှိုက်လှဲလှဲ ပြုံးပြယင်း ကောင်တာစားပွဲရှေ့တွင် ရပ်လိုက်၏။

"အစ်ကိုကြီးကို မမှတ်မိဘူးလား ညီမလေးရဲ့၊ လွန်ခဲ့တဲ့ အပတ်က သုံးရက်တိတိ ညီမလေးတို့ တည်းခိုခန်းမှာ တည်းခို သွားသေးတယ်လေ၊ ဟဲ ဟဲ ဟဲ"

ချင်းကန် သူ့နှာခေါင်းပွပွကြီးကို လက်ဖြင့်တချက်ပွတ်လိုက် ပြီး ရင်းနှီးသော လေသံမျိုးဖြင့် စတင်ပြောလိုက်၏။

လင်းလီလီ ပျာပျာသလဲ ဖြစ်သွားပြီး....

"ဩြော်....ဟုတ်ကဲ့၊ မှတ်မိပါပြီ အစ်ကိုကြီး၊ လူပေါင်းစုံနဲ့ ဆက်ဆံနေရတော့ ချက်ချင်းမမှတ်မိလို့ပါ၊ ဒါနဲ့ အစ်ကိုကြီး နာမည်က...."

"ချင်းကန်လေ"

"ဩြော်....ဟုတ်ပြီ၊ ဟုတ်ပြီ၊ အခုကော ဒီမှာ တည်းခိုကြ မလို့လား...."

"တည်းခိုမှာပေါ့ ညီမလေးရဲ့၊ နဂါးပွဲတော် ကျင်းပတဲ့အထိ နေဖြစ်လိမ့်မယ် ထင်ပါရဲ့၊ ကုန်ရောင်းကုန်ဝယ်လေးလဲ လုပ်ယင်း



ယောဒီက အစ်ကိုကြီးညီကလဲ နဂါးပွဲတော်ကို မကြုံဖူး မတွေ့ဖူး လို့ပဲပေါ့"

ကျန်းရှင်ချောင်ပခုံးကို ချင်းကန်က အသာအယာ ပုတ်ပြီး ပြောလိုက်၏။

လင်းလီလီ အကြည့်က ကျန်းရှင်ချောင်ဆီ ရောက်သွား သည်။

သူမကို စူးစူးရဲရဲကြည့်နေသော ကျန်းရှင်ချောင်၏ အကြည့် ဒဏ်ကြောင့် လင်းလီလီ ရှက်စနိုးဖြင့် မျက်လွှာ ပြန်ချလိုက် ရ၏။

အယောင်ယောင် အမှားမှားဖြင့် လုပ်မိလုပ်ရာစားပွဲပေါ်မှ ငွေများကို အံဆွဲထဲထည့်လိုက်၏။

"ကဲ.... အခုတော့ အစ်ကိုကြီးတို့ ထမင်း အယင်စားမယ် ညီမလေးရေ"

"ဩြော်....ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ထိုင်ကြပါ၊ ညီမလေးတို့ရေ ဧည့်သည်တွေ ထမင်းစားဖို့ စီစဉ်ပါကွယ်"

ထိုအခါမှ လင်းလီလီ ခေါင်းမော့လာပြီး စားပွဲထိုး မိန်းမ ချောလေးများထံ လှမ်းပြောလိုက်၏။

လင်းလီလီနှင့် အနီးဆုံးစားပွဲတွင် ချင်းကန် ဝင်ထိုင်လိုက် သည်။

ချင်းကန်က လင်းလီလီနှင့် မျက်နှာချင်းဆိုင် အနေအထား ဝင်ထိုင်လိုက်သဖြင့် ကျန်းရှင်ချောင်က ဘေးတိုက်အနေအထား ဖြင့် ဝင်ထိုင်၏။

စားပွဲထိုး မိန်းကလေးတယောက် သူတို့ထံ ရောက်လာသည်။

"ကဲ....ညီလေး ဘာစားမလဲ၊ မှာလေ"

"အစ်ကိုကြီးစားချင်တာသာ မှာပါ"

ချင်းကန်၏အမေးကို ကျန်းရှင်ချောင် လိုက်လျောညီစွာ ပြန်ပြောလိုက်၏။

ချင်းကန် သူစားချင်တာကို မှာလိုက်သည်။

မကြာမီ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ရောက်လာသည်။

ကျန်းချင်ချောင်နှင့် ချင်းကန်တို့ ဘာစကားမှမဆို။ အေးဆေးစွာ စားသောက်နေကြ၏။

တချက်တချက် လင်းလီလီထံ ကျန်းရှင်ချောင်၏ အကြည့်က ရောက်သွားတတ်သလို၊ လင်းလီလီ၏ တိတ်တခိုးအကြည့်က ကျန်းရှင်ချောင်ထံ ရောက်လာတတ်၏။

တခါလည်း အကြည့်ချင်း ဆုံမိကြသဖြင့် လင်းလီလီ ကမန်းကတန်း မျက်နှာလွှဲပစ်ရ၏။

ထိုစဉ် ဆူသံညံသံ အော်ဟစ်ရယ်မောသံများ ပေါ်လာပြီး ဆိုင်အတွင်းကို အရက်မူးသမားတစု ဝင်လာကြ၏။

အားလုံး ခြောက်ယောက်တိတိ။

သူတို့ကိုယ်တွင် လက်နက်ကိုယ်စီဖြင့်။

ငါးယောက်မှာ ခန္ဓာကိုယ်ထွားကျိုင်းသူများဖြစ်ပြီး ကျန်တယောက်မှာ အရပ်ခြောက်ပေကျော်မြင့်သော လောရှည်ကြီးဖြစ်၏။



သူတို့သည် ရက်မောအော်ဟစ်ယင်း ကျန်းရှင်ချောင်တို့ အနီးရှိ စားပွဲတလုံးတွင် ဝိုင်းထိုင်လိုက်ကြ၏။

သူတို့ကိုကြည့်ပြီး လင်းလီလီမှအစ စားပွဲထိုးမိန်းကလေးများ အားလုံး မျက်စိမျက်နှာပျက်ကြ၏။

"ဟေ့ တို့အတွက် အရက်ခြောက်အိုး ပေးစမ်းဟေ့၊ မြန်မြန်ကွနော်၊ မြန်မြန်ကလေး"

စားပွဲထိုးမိန်းကလေး ငါးယောက်စလုံးပင် ထိုစားပွဲပေါ်သို့ အရက်ခြောက်အိုး ယူတင်ပေးလိုက်ကြ၏။

ထိုစဉ် လူထွားကြီးငါးယောက်က မိန်းကလေးငါးယောက်၏ လက်များကို ဆတ်ကနဲ ဖမ်းဆွဲလိုက်ကြ၏။

"အို....ဒါ ဘာလုပ်တာလဲ"

"လွှတ်ပါ"

"ရှင်တို့ ဘယ်သူတွေလဲ"

မိန်းကလေးငါးယောက်ထံမှ ကြောက်ရွံ့စိတ်ဖြင့် ပြောသံများ ပေါ်လာကြ၏။

တချိန်လုံး အမူးသမားများစားပွဲကို ကျောခိုင်း ထိုင်နေခဲ့သော ကျန်းရှင်ချောင် နောက်ဘက်ကို တချက် လှည့်ကြည့်လိုက်သည်။

သို့သော် ဘာမှမခံစားရသလို ပြန်လှည့်ပြီး ထမင်းကို ဆက်စားနေလိုက်၏။

"ဟေ့....ဟေ့ ဒါက ဘာလုပ်ကြတာလဲကွ၊ ဟေး ဟေး ဟေး...."

ကိုလောရှည်က သူ့လူများကိုကြည့်ပြီး ဝမ်းခေါင်းသံကြီးနှင့် မေးလိုက်၏။

“အရက်နဲ့မြည်းဖို့လေ ဆရာရဲ့”

“ဒီလို မိန်းမလှလေးတွေမှ အရက်နဲ့မြည်းဖို့ ကောင်းတာဆရာရဲ့”

“ဆရာရေ အမြည်းတကာ့ အမြည်းထဲမှာ ဒီအမြည်းက အကောင်းဆုံးပဲ၊ ဟဲဟဲ”

လူထွားကြီးများ တယောက်တပေါက်ပြောပြီး စားပွဲထိုးမိန်းကလေးများကို သူတို့အနီးသို့ရောက်အောင် ဆွဲခေါ်နေကြ၏။

မိန်းကလေးများကလည်း အတင်းရုန်းကန်ကြ၏။

“ဦးလေးအိုင်ဖေ့...ဦးလေးအိုင်ဖေ့”

ကောင်တာစားပွဲမှ လင်းလီလီ အတွင်းဘက်သို့ လှည့်ပြီး စိုးရိမ်သံဖြင့် ခေါ်လိုက်၏။

ကိုလောရှည်ကလည်း လင်းလီလီကိုကြည့်လိုက်ပြီး...

“အေး...ဟုတ်တယ်ကွ၊ ငါလဲ ဟိုမချောကလေးကိုအရက်နဲ့မြည်းဖို့ သွားဆွဲလိုက်အုံးမယ်”

ကိုလောရှည် ပြောပြောဆိုဆို ကောင်တာဆီသို့ ခြေလှမ်းလာ၏။

ထိုစဉ်အတွင်းခန်းမှ ဝတ်စုံဖြူ ဝတ်ဆင်ထားသော သိုင်းသမား ဆယ်ယောက် ပြေးထွက်လာကြသည်။

သူတို့နောက်မှ ကျုံးအိုင်ဖေ့ ခုန်ပေါက်လိုက်လာ၏။



မတ်တတ်ထရပ်ရန် အရှိန်ယူနေပြီဖြစ်သော ကျန်းရှင်ချောင်နှင့် ချင်းကန်တို့ အရှိန်သပ်ပြီး ပြန်ထိုင်နေကြ၏။

“ဟေ့ ကောင်တွေ လွှတ်လိုက်ကြစမ်း၊ အခု လွှတ်လိုက်ကြစမ်း၊ မင်းတို့တွေ ရမ်းကားလှချည်လား”

ကျုံးအိုင်ဖေ့ ခုန်ပေါက် အော်ဟစ်ယင်းမှ ကိုလောရှည်ရှေ့တွင် ပိတ်ရပ်လိုက်၏။

ဝတ်စုံဖြူ သိုင်းသမား ဆယ်ယောက်ကလည်း အသင့် အနေအထားဖြင့် စိုင်းရပ်နေလိုက်ကြ၏။

“ကျုပ်တို့က တန်ရာတန်ကြေး ပေးမှာပါနောင်ကြီးရဲ့”

“မင်းတို့ သိပ်စော်ကားတဲ့ကောင်တွေ ခုချက်ချင်းဒီဆိုင်ထဲက ထွက်”

“ဖန်း”

“အား”

ကျုံးအိုင်ဖေ့ စကားဆုံးအောင်ပင် မပြောလိုက်ရ။

ကိုလောရှည်လက်က ဝှစ်ကနဲလှုပ်ရှားသွားပြီး ကျုံးအိုင်ဖေ့နောက်ကို လွင့်ကျသွားသည်။

အသင့်စိုင်းထားသော သိုင်းသမားဝတ်စုံဖြူ ဆယ်ယောက်ကလည်း တပြိုင်တည်းပင် အမူးသမား ခုနစ်ယောက်ကို ဝင်တိုက်ကြ၏။

သိုင်းသမား ခြောက်ယောက်က အမူးသမား လူထွားကြီးခြောက်ယောက်ဆီ။

ကျန်လေးယောက်က လောရှည်ထံ။

စားပွဲထိုး မိန်းကလေး တယောက်စီကို လက်တဘက်စီ ဆွဲထားကြသော လူထွားကြီးများက ကျန်လက်တဘက်စီဖြင့် ဝတ်စုံဖြူ သိုင်းသမားများကို လှဲရိုက်သည်။

ကိုလောရှည်ကလည်း သူ့ခန္ဓာကိုယ်ကို တပတ် လှည့်လို သည်။

"ဗုန်း....ဖြန်း....ဖြန်း"

တပြိုင်တည်းလိုလို အသံများ ပေါ်လာပြီးဝတ်စုံဖြူသို သမားဆယ်ယောက်စလုံး လွင့်စဉ်သွားကြသည်။

စားပွဲကုလားထိုင်များဖြင့် ဖိပြီး လဲပြိုကုန်သည်။

သိုင်းသမား ဆယ်ယောက်စလုံး ကြမ်းပေါ်တွင် ညည်းတွ နေပြီး တော်တော်နှင့် ပြန်မထနိုင်ကြ။

ကြမ်းပြင်ပေါ်မှ ပြန်ထစပြုနေပြီဖြစ်သော ကျုံးအိုင်ဖေ ကောင်တာမှ လင်းလီလီတို့သည် သူ့လူများကို အလွယ်တ အနိုင်ယူလိုက်သော အမူးသမားများ၏ သိုင်း ပညာကြေ မျက်လုံးပြူးသွားကြ၏။

ကောင်တာစားပွဲနောက်မှ လင်းလီလီ ထွက်ပြေးမည်ပြု ကိုလောရှည်က သူမထံ လွှားကနဲ ခုန်လိုက်၏။

သို့သော် ကိုလောရှည်ရှေ့တွင် သဏ္ဍာန်တခု ရိပ်ကနဲရေ လာပြီး....

ဗုန်းကနဲ သူ့ရင်ဘတ်ကို ထုရိုက်ခြင်း ခံလိုက်ရပြီးနေ လူထွားကြီးများခြောက်ယောက် ရှိနေသည့် စားပွဲဆီသို့သူ့ ကိုယ်က လွင့်စဉ်သွားသည်။



သူတို့ထံ လွင့်စဉ်လာသော ကိုလောရှည်ကို လူထွားကြီး ခြောက်ယောက် အချိန်မီ ထိန်းထားနိုင်သဖြင့်သာ အကျမနာ ခြင်း ဖြစ်၏။

ကိုလောရှည်ကို အာရုံစိုက် ဖမ်းထိန်းလိုက်ကြရသောကြောင့် လူထွားကြီး လက်ထဲမှ မိန်းကလေး ငါးယောက်လည်း လွတ်ထွက်သွားကြသည်။

ကိုလောရှည်သည် သူ့ကို တိုက်ခိုက်လာသော အရိပ်သဏ္ဍာန် ကို ကြည့်လိုက်၏။

သူတို့လူစုထံ တလှမ်းချင်း လျှောက်လာသော ကျန်းရှင်ချောင်ကို မြင်ရသည်။

"ယား"

ကိုလောရှည်သည် ဒေါသတကြီးဖြင့် ကျန်းရှင်ချောင်ထံ ခုန်ပျံရောက်လာပြီး မျက်နှာကို ခြေဖြင့် ခတ်သည်။

သို့သော် လေကိုသာ ခတ်မိပြီး သူ့ကျောကုန်းကို တတောင် အတွက်ခံလိုက်ရသည်။

ကိုလောရှည် ကြမ်းပေါ် ဝုန်းကနဲ မှောက်လဲကျသွား သည်။

လူထွားကြီး ခြောက်ယောက်စလုံး ကျန်းရှင်ချောင်ထံခုန်ဝင် လာပြန်သည်။

ကျန်းရှင်ချောင်ကို ဝိုင်းထားလိုက်ကြ၏။

ကျုံးအိုင်ဖေ့နှင့် ဝတ်စုံဖြူ သိုင်းသမား ဆယ်ယောက်က ကျန်းရှင်ချောင်ကို ဝင်ကူမည် ပြုကြ၏။

"နေနေ အသာကြည့်နေကြပါ၊ ကျုပ်ညီက ဒီကောင်တွေ လော့ကတော့ ကြက်ကလေး ငှက်ကလေးတွေလောက် သဘော ထားတာပါ"

ချင်းကန် စကားကြောင့် လူထွားကြီး ခြောက်ယောက် ဒေါသတကြီးဖြင့် ကျန်းရှင်ချောင်ကို တပြိုင်တည်း ဝင်တိုက် ကြ၏။

ကျန်းရှင်ချောင် ကိုယ်က လေထဲတွင် မြောက်တက်သွားပြီး စကြာလို လည်ပတ်သွား၏။

"ဖန်း....ဖန်း....ဖန်း....ဖန်း....ဖန်း....ဖန်း"

ခြေဖျားခတ်သံများ ဆက်တိုက်ပေါ်လာပြီး လူထွားကြီး ခြောက်ယောက်စလုံး ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျ ကုန်၏။

သူတို့မျက်နှာတွင်လည်း သွေးတွေ ရဲကနဲ ထွက်လာသည်။

"ခင်ဗျားတို့အားလုံး အသက် မသေစေချင်ယင် ဆိုင်ထဲက ခုချက်ချင်း ထွက်သွားကြ"

ကျန်းရှင်ချောင် အေးစက်မာကြောသော လေသံဖြင့် ပြော လိုက်၏။

ကျုံးအိုင်ဖေ့ လင်းလီလီနှင့် ဆိုင်အမှုထမ်း အားလုံးမှာ ကျန်းရှင်ချောင်ကို အထင်တကြီးဖြင့် ကြည့်နေကြပြီး အမူ သမား ခုနစ်ယောက်အတွက် ဝမ်းသာအားရ ဖြစ်နေကြ၏။

ကျန်းရှင်ချောင်၏ ပညာကို လူထွားကြီး ခြောက်ယောက် လန့်သွားကြ၏။



ဆိုင်ပေါက်ဆီ ဆုတ်သွားကြ၏။

ကျန်းရှင်ချောင်လို မိန်းမရှာလို ပုံစံနှင့် လူငယ်တယောက် အမိန့် ပေးလာသည့်အတွက် ကိုလောရှည်ကမူ မခံချင်စိတ်နှင့် ဒေါသဖြစ်သွားသည်။

ဝုန်းကနဲ ခုန်ထပြီး သူ့ခါးကြားမှကြာပွတ်ခွေကို ဆတ်ကနဲ ဖြုတ်ယူလိုက်၏။

ကြာပွတ်မှာ သံကြိုးဖြင့် ပြုလုပ်ထားပြီး သံချွန်ကလေးများ ခပ်စိပ်စိပ် ပါရှိလေသည်။

ကိုလောရှည်သည် ကြာပွတ်ကို တဝှီဝှီ လှည့်ပတ်ယင်း ကျန်းရှင်ချောင်ကို ဝင်ရောက် တိုက်ခိုက်သည်။

ချင်းကန်ပင် မျက်လုံးပြူးသွားပြီး ကြာပွတ်နှင့် ဝေးရာ အခန်းထောင့်ဆီသို့ သွားနေလိုက်၏။

ကျုံးအိုင်ဖေ့နှင့် လင်းလီလီတို့ လူစုပါ ကြောက်လန့်စိတ် ဖြင့် အခန်းထောင့် တနေရာတွင် ရှောင်နေကြရသည်။

ကိုလောရှည်၏ ကြာပွတ်ကို မထိမိအောင် ကျန်းရှင်ချောင် ရှောင်တိမ်းနေယင်းမှ ပြန်လည် တိုက်ခိုက်ခွင့်ကို စောင့်ကြည့် နေသည်။

သံကြာပွတ်ဖြင့် ရိုက်မိထိမိသော စားပွဲ ကုလားထိုင်မှန်သမျှ တစစီ ဖြစ်ကုန်၏။

တကြိမ်တွင် ဟန်ချက်ပျက်ပြီး သံကြာပွတ်က ကြမ်းပြင်ပေါ် ကို ရိုက်မိ၏။

ကျန်းရှင်ချောင် ဆတ်ကနဲ ခုန်လိုက်ပြီး ကိုလောရှည် မျက်နှာကို ခြေဖြင့် ခတ်လိုက်သည်။

"အား"

ကိုလောရှည် မျက်နှာတွင် သွေးတွေ ရဲသွားပြီး ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျ ငြိမ်သက် သတိမေ့သွားသည်။

ထိုအခါမှ ရင်တမမဖြစ်ရသော ချင်းကန်နှင့် လင်းလီလီတို့ အုပ်စု သက်ပြင်းချနိုင်တော့၏။

လူထွားကြီးငါးယောက်တို့ လောရှည်၏အဖြစ်ကို ကြည့်ပြီး ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက် ဖြစ်နေသည်။

ကျန်းရှင်ချောင် အနီး ကပ်ရမှာ ကြောက်လန့် သွားကြသည်။

ကျန်းရှင်ချောင် လူထွားကြီးများကိုကြည့်ပြီး အမိန့်ပေးလိုက်သည်။

"ခင်ဗျားတို့လူကို ခင်ဗျားတို့ လာပြီး မ,ယူသွားကြ၊ နောက်တခါ ခင်ဗျားတို့တတွေနဲ့ ကျုပ်ပြန်မဆုံချင်ဘူး"

လူထွားကြီးငါးယောက်စလုံး ပျာပျာသလဲ ကိုလောရှည်ထံ ရောက်လာကြပြီး မ,ယူရန်ပြင်လိုက်ကြ၏။

"နေအုံး"

ကျန်းရှင်ချောင်ထံမှ သံပြတ်ဖြင့် အမိန့်ပေးသံကြောင့် ကိုလောရှည်ကို မ,ယူရန် ဟန်ပြင်နေကြသော လူထွားကြီးငါးယောက်၏ လှုပ်ရှားမှုများက တန့်ကနဲ ရပ်သွားကြသည်။ အရုပ်ကြီးတွေလို ငြိမ်သက်သွားကြ၏။

"ခင်ဗျားတို့ ခြောက်ယောက်စလုံးမှာ ပါတဲ့ ငွေမှန်သမျှ အားလုံး ထုတ်ယူပြီး ကြမ်းပေါ်မှာ ချထားခဲ့ကြ၊ တပြားမှ မကျန်စေနဲ့"



လူထွားကြီး ငါးယောက်စလုံးက ကမန်းကတန်းပင် သူတို့ အင်္ကျီများအတွင်း ပါလာသမျှငွေစများကိုထုတ်ယူပြီး ကြမ်းပြင်ပေါ် စုပုံချလိုက်ကြ၏။

သတိမေ့နေသော ကိုလောရှည်၏ အိတ်အတွင်းမှငွေစများကိုလည်း တုတ်ယူပြီးစုပုံချထားလိုက်၏။

"ဒီငွေထွေအားလုံးကို ဒီမှာပဲထားခဲ့၊ ခင်ဗျားတို့ သောင်းကျန်းလို့ ပျက်ဆီး ဆုံးရှုံးသွားရတဲ့ ပစ္စည်းတွေ အတွက် လျော်ကြေးပေးခဲ့ရတာပဲလို့ မှတ်သွားကြ၊ ကဲ ခင်ဗျားတို့လူကို မ,ပြီးသွားကြတော့"

လူထွားကြီးငါးယောက်စလုံး ကတိုက်ကရိုက်နှင့်ပင်ကိုလောရှည်ကို မ,ယူပြီး ဆိုင်အတွင်းမှ ထွက်ခွာသွားကြ၏။

ထိုအခါမှ ချင်းကန်နှင့် ကျုံးအိုင်ဖေ့တို့ ကျန်းရှင်ချောင် အနီး ကပ်လာကြ၏။

လင်းလီလီလည်း ကောင်တာစားပွဲနောက်တွင် ပြန်ရောက်လာ၏။

ကျန်းရှင်ချောင် ကြမ်းပြင်ပေါ်မှ ငွေစများကို ယူပြီး ကောင်တာစားပွဲပေါ် တင်လိုက်သည်။

"ရော့ညီမ၊ ဆိုင်ပျက်စီးသွားတဲ့အတွက် ဒီငွေတွေနဲ့ ပြန်ပြင်လိုက်ပေါ့"

လင်းလီလီက ပြုံးပြုံးကလေး ခေါင်းညိတ်ပြသည်။

"ကျေးဇူးပါပဲ တူမောင်ရယ်၊ တူမောင်ရှိပေလို့ပဲ၊ နို့မို့ ဒါနဲ့ ဆိုယင် အခက်၊ သိပ်သောင်းကျန်းတဲ့ ကောင်တွေ၊ တူမောင့်ကို ဒီမြို့မှာ မမြင်ဖူးပါဘူး၊ ဧည့်သည်ပဲနဲ့ တူတယ်"

ကျန်းရှင်ချောင်သောတွင် ကျုံးအိုင်ဖေ့လာရပ်ပြီးအားပါး တရ ပြောလိုက်သည်။

ချင်းကန်က ဦးစွာဝင်ပြောသည်။

"ကျွန်တော်တို့က ဧည့်သည်တွေပါ၊ ဒီမှာပဲ တည်းခိုပြီး နဂါးပွဲတော်ကို လည်ပတ်မလို့ပါ၊ နောင်ကြီး မမှတ်မိလို့ပါ၊ လွန်ခဲ့တဲ့အပတ်က ဒီမှာ ကျွန်တော် တည်းခိုသွားပါသေးတယ်၊ နောင်ကြီးကိုတော့ ကျွန်တော်သိပါတယ်၊ နောင်ကြီးဟာ လင်းလီလီရဲ့ ဦးလေး ကျုံးအိုင်ဖေ့မဟုတ်လား"

"ဟုတ်ပါတယ်....ဟုတ်ပါတယ်၊ ဒါနဲ့ ညီမောင်နဲ့ တူမောင်တို့ နာမည်က...."

"ကျွန်တော့်နာမည်က ချင်းကန်ပါ၊ ကျွန်တော့်ညီလေး နာမည်က..."

"ကျွန်တော့်နာမည် ချန်လူးပါ"

ချင်းကန်စကား မဆုံးခင် ကျန်းရှင်ချောင်ပင်က ပြောလိုက်သည်။

"အေးကွယ်....တူမောင်တို့ညီအစ်ကို ဒီမှာ တည်းခိုကြမယ် ဆိုလို့ ဝမ်းသာပါတယ်၊ တူမောင်တို့နှစ်ယောက်၊ နှစ်ယောက် စလုံး ဒီမှာ တည်းခိုစားသောက်ခ မပေးပဲ နေနိုင်ပါတယ်၊ကျုပ် တို့က ကျေးဇူးဆပ်ပါရစေ"

"ကျွန်တော်တို့လက်မခံနိုင်ပါဘူး၊ ကျသင့်တဲ့ငွေကို ပေးပြီး တည်းခိုစားသောက်ပါရစေ၊ ဒါမှမဟုတ်ယင် ဒီမှာတည်းခိုလို့ ဖြစ်မှာ မဟုတ်ပါဘူး"



ကျန်းရှင်ချောင် စကားကြောင့် ကျုံးအိုင်ဖေ့ပျာပျာသလဲ ဖြစ်သွားသည်။

"ဟာ....ဒီလိုတော့မလုပ်ပါနဲ့၊ ဒီမှာ တူမောင်တို့ ကြာကြာ တည်းလေ ကျုပ်တို့ကကြိုက်လေမို့ အခြားကိုတော့ ပြောင်းဖို့ စိတ်မကူးကြပါနဲ့၊ အများနည်းတူ ငွေပေးပြီးပဲ တည်းခို စားသောက်ကြပေါ့"

ကျုံးအိုင်ဖေ့၏ မျက်ကလဲ ဆပျန်ာအမူအရာကို ကြည့်ပြီး ကျန်းရှင်ချောင် သဘောကျစွာ ပြုံးလိုက်ယင်းမှ လင်းလီလီ ဘက် လှည့်လိုက်၏။

သူ့ကို ရှမ်းရှမ်းလဲ့သော မျက်လုံးအစုံဖြင့် ကြည့်နေသော လင်းလီလီနှင့် မျက်လုံးချင်းဆိုင်မိသည်။

လင်းလီလီ ရှက်စနိုးဖြင့် ခေါင်းကို အသာအယာငုံ့လိုက်၏။

* * *

## အခန်း

ပိုင်ကျန်းမြို့ အုပ်ချုပ်ရေးအဖွဲ့ ခန်းမကြီးတခု အတွင်းတွ
မြို့လူထုအချို့အား နာယကအဖွဲ့ကြီးက ခေါ်ယူကာ အထူ
အစည်းအဝေးတရပ် ကျင်းပလေသည်။

ထိုအစည်းအဝေးကို မြို့သူမြို့သားတိုင်း တက်ခွင့်မရှိ။

အစည်းအဝေး ကျင်းပကြောင်းပင် အသိမပေး။

မြို့အုပ်ချုပ်ရေး နာယကအဖွဲ့ကြီးထံတွင် အပိုးတန် ရတန
များ အပ်နှံထားသူများကိုသာ ခေါ်ယူစည်းဝေးခြင်း ဖြစ်လေ
သည်။

ပေလေးဆယ် ပေခြောက်ဆယ် ကျယ်ဝန်းသော အခန်
ကြီး၏ထိပ်တွင် နာယကကြီး ၁၁-ဦးအဖွဲ့၊ ဘေးချင်းယှဉ်က
စီတန်းထိုင်နေကြ၏။



နာယကဆယ့်တစ်ဦး၏ ဘေးတဘက်တချက်စီတွင် လုံခြုံ
ရေးမှူး လျှံစွမ်း ဦးစီးသော မြို့ကာကွယ်ရေးနှင့် လုံခြုံရေး
အဖွဲ့ဝင်များ ထိုင်နေသည်။

ခန်းမကြီး၏ အလယ်တွင်မူ မြို့သူမြို့သားများက မြို့အုပ်ချုပ်
ရေး အဖွဲ့ကို မျက်နှာပြုကာ ထိုင်နေကြလေသည်။

ထိုမြို့သူမြို့သားများထဲတွင် ဒေါ်ကျုံးခွေနှင့် လင်းလီလီတို့
သားအမိနှစ်ယောက်လည်း ပါကြသည်။

သူတို့သားအမိသည်လည်း မြို့အုပ်ချုပ်ရေးအဖွဲ့ထံတွင် သူတို့
ပိုင် ရွှေငွေရတနာ အနည်းငယ်ကို အပ်နှံထားကြသူများ ဖြစ်
လေသည်။

ဦးဆုံး နာယကချုပ်ကြီး ရင်လင်တူ ထလိုက်သည်နှင့်
တယောက် တပေါက် ပြောဆိုနေကြသော မြို့သူမြို့သားတို့၏
စကားသံမှာ မီးကို ရေနှင့်သတ်လိုက်သလို ငြိမ်သက်သွားကြ
လေသည်။

နာယကချုပ်ကြီးသည် ချောင်းကို တချက် ဟန့်လိုက်ပြီး
စတင် စကားဆို၏။

"အခုလို မြို့သူမြို့သားတွေကို ခေါ်ယူပြီး အစည်းအဝေး
ခေါ်ယူ ကျင်းပရတဲ့ အကြောင်းကတော့ အချက်သုံးချက် ပြော
စရာ၊ ဆွေးနွေးစရာ ရှိလို့ပဲ ဖြစ်ပါတယ်၊ ပထမ အချက်
အနေနဲ့ ပြောချင်တာကတော့ မြို့သူမြို့သားတွေ အပ်နှံထားတဲ့
ရတနာတွေကို ကျုပ်တို့အုပ်ချုပ်ရေး အဖွဲ့ဟာ လုံခြုံစိတ်ချရတဲ့
လျှို့ဝှက်တဲ့တနေရာမှာ သိမ်းဆည်းထားပြီး ဖြစ်တဲ့အတွက်

ဘယ်လိုရန်သူမျိုးကမှ ခိုးယူတိုက်ခိုက်လို့ မရနိုင်တော့ဘူးဆိုတာ ကျုပ်တို့အုပ်ချုပ်ရေးအဖွဲ့က ရဲရဲကြီးတာဝန်ယူကြောင်း ဦးဆုံးပြောကြားလိုပါတယ်"

"ဘယ်လိုအစီအစဉ်နဲ့ ဘယ်လိုနေရာမျိုးမှာထားတယ်ဆိုတာ သိပါရစေ နာယကချုပ်ကြီးခင်ဗျာ"

"ငွေတိုက်ထဲမှာပဲ အထူးလုံခြုံရေး အစီအစဉ် ချထားပြီး သိမ်းဆည်းထားတာလားခင်ဗျာ"

"နာယကချုပ်ကြီးရဲ့ အိမ်မှာပဲ သိမ်းထားပါသလား"

တယောက်တမျိုးမေးမြန်းသံများ ပေါ်ပေါက်လာလေ၏။

နာယကချုပ်ကြီးရင်လင်တူ အသာလက်ကာပြလိုက်မှ အသံများ တိတ်သွားကြသည်။

"ရတနာတွေကို ဘယ်လိုအစီအစဉ်နဲ့ ဘယ်လိုနေရာမျိုးမှာ သိမ်းဆည်းထားတယ်ဆိုတာတော့ ကျုပ်တို့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ အထူးလျှို့ဝှက်ချက်မို့ ထုတ်ဖော်ပြောလို့မဖြစ်ပါဘူး၊ အယင်ကကတော့ ငွေတိုက်ထဲမှာ သိမ်းဆည်းထားခဲ့တာ အမှန်ပါပဲ၊ ဒီလောက်သာ ထုတ်ဖော်ပြောပါရစေတော့"

"ဒါဆိုယင်တော့ ငွေတိုက်ထဲမှာပဲဖြစ်မှာပေါ့"

"တခြား ဘယ်နေရာမှ ငွေတိုက်လောက် လုံခြုံတာမှ မဟုတ်ပဲ"

"ဟုတ်တယ်....ငွေတိုက်ထဲမှာပဲ ဖြစ်ဖို့များတယ်"

မြို့သူမြို့သားများ၏ ထင်မြင်ချက်အမျိုးမျိုး ပေးသံများကို နာယကချုပ်ကြီးရင်လင်တူ ဘာစကားမျှဝင်မပြော။ ပြုံးပြုံးကြီး နားထောင်နေသည်။



အတန်ကြာမှ နာယကချုပ်ကြီးက 'အဟမ်း' ဟု အသံပြုလိုက်သည်။

တယောက်တခွန်း ပြောသံများလည်း တိတ်ဆိတ်သွားပြန်၏။

"ဒုတိယအချက်ကို ကျုပ်ဆက်ပြီး ပြောရမယ်ဆိုယင် နယ်ချဲ့မန်ချူးတွေရဲ့ အကြောင်းပါပဲ၊ အခုအခါ နယ်ချဲ့တွေဟာ ကျုပ်တို့နိုင်ငံ၊ ကျုပ်တို့မြေပေါ်ကို ထင်ပြီး တိုက်ခိုက် ကျူးကျော်နယ်ချဲ့ဖို့အတွက် ထပ်မံပြီး ခြေလှမ်းပြင်နေပြီဆိုတဲ့ သတင်းကို ကျုပ်တို့အနေနဲ့ အခိုင်အလုံ ကြားသိရထားပြီဖြစ်ပါတယ်"

"အို....ဟုတ်ရဲ့လား"

"ကွမ်ရင်မယ် ဆက်ပြီး ကယ်မပါ၊ ဒီတခါ ဆိုယင်တော့ ကိုယ်ကျိုးနည်းရတော့မှာပဲ"

"တို့ပြည်တွင်းမှာ အချင်းချင်းညီညီညွတ်ညွတ်မရှိယင် နယ်ချဲ့တွေအတွက် အကွက်ပေါ့"

"ဒီသတင်း မဟုတ်မမှန်ပါစေနဲ့"

နာယကချုပ်ကြီးစကားကြောင့် မြို့သူမြို့သားတို့၏ မျက်နှာများဝယ် စိုးရိမ်ထိတ်လန့်မှု၊ ပူပင်ကြောင့်ကျမှုများ လွှမ်းမိုးသွားကြ၏။

တိုးတိုးပြောဆိုသံများလည်း အသီးသီး ပေါ်ထွက်လာကြလေသည်။

ပြောဆိုသံများ တိတ်သွားမှ နာယကချုပ်ကြီး သူ့စကားကို ဆက်သည်။

"ဒီတော့ နယ်ချဲ့ရန်က အချိန်မရွေး အနေးနဲ့အမြန် ပေါ် ပေါက်လာနိုင်ပါတယ်၊ လောလောဆယ်လဲ ကျုပ်တို့ရဲ့ နယ်မြေ တဝိုက်မှာ မိစ္ဆာနက်ဂိုဏ်းဟာ ဆိုးဆိုးတိုက်ခိုက် သောင်းကျန်း နေကြတာကို အားလုံးအသိပဲဖြစ်ပါတယ်၊ ကျုပ်တို့အနေနဲ့ မိစ္ဆာနက်ဂိုဏ်းကို ဦးဆုံးဖြိုဖျက် တိုက်ခိုက်ပစ်ရမှာ ဖြစ်သလို ကျူးကျော်လာမယ့် နယ်ချဲ့ကို ကာကွယ်ဖို့အတွက်လဲ အစီအစဉ် တွေ ကြိုတင်အကွက်ရိုက်ထားရမှာ ဖြစ်ပါတယ်၊ လိုရင်းကို ပြော ရယင်တော့ ကျုပ်တို့အနေနဲ့ ကာကွယ်ရေးစရိတ်တွေ၊ လုံခြုံ ရေး စရိတ်တွေကို ပိုမိုပြီးအသုံးပြုကြရမှာ ဖြစ်ပါတယ်၊ ဦးဆုံး မြို့သူမြို့သားများရဲ့ ဆန္ဒကို သိလိုပါတယ်၊ ကာကွယ်ရေးစရိတ် ငွေတွေ လိုအပ်သလို ပိုသုံးသင့် မသုံးသင့် ဆန္ဒပြုကြပါ"

နာယကချုပ်ကြီးရင်လင်တူ သူ့စကားကို အဆုံးသတ်လိုက် ပြီး မြို့သူမြို့သားများ၏ မျက်နှာအရိပ်အကဲကို ကြည့်နေလိုက်၏၊

မြို့သူမြို့သားများကလည်း သူတို့ဆန္ဒကို ချက်ချင်း ပြန်မပြော သေးပဲ တဦးမျက်နှာကိုတဦးကြည့်ပြီး သဘောထားတောင်း နေကြ၏။

ထိုစဉ် လင်းလီလီသည် ဦးစွာ မတ်တတ် ထရပ်လိုက်လေ သည်။

"ကျွန်မရဲ့ ဆန္ဒကိုတင်ပြပါရစေ၊ မိစ္ဆာနက်ဂိုဏ်းရဲ့ ဆိုးရွား ရက်စက်မှုဟာ အင်မတန်စက်ဆုပ် ရွံရှာစရာ ကောင်းလှပါတယ် သူတို့မှာစာနာမှု၊ကြင်နာမှုဆိုတာ မရှိပါဘူး၊ လူတွေရဲ့ အသက် ကို ပရွက်ဆိတ်တကောင်လို သဘောထားပြီး လွယ်လွယ်ကူ



သတ်နေကြပါတယ်၊ ပစ္စည်းယူရုံတင်မဟုတ်ဘူး ရွာတွေကိုပါ အခြောက်တိုက် မီးလောင်တိုက်သွင်းနေကြပါတယ်....

....မိစ္ဆာနက်ဂိုဏ်းဟာ ခုအချိန်ထိ ကျွန်မတို့မြို့ကို ကျူးကျော် တိုက်ခိုက်မှု မပြုသေးပေမယ့် မကြာခင် တနေ့နေ့မှာ ကျိန်းသေ ပေါက် တိုက်ခိုက်လာကြမှာ အမှန်ပါပဲ။ ဒီတော့ကာ ကျွန်မတို့ အနေနဲ့ မိစ္ဆာနက်ဂိုဏ်းကို ဖြိုဖျက်နိုင်ဖို့အတွက် ကာကွယ်ရေး စရိတ်ငွေကို ပိုပြီး သုံးသင့်တာ အမှန်ပါပဲရှင်"

လင်းလီလီ သူမစကားကို ခဏရပ်လိုက်ပြီး မြို့အုပ်ရေးအဖွဲ့နှင့် မြို့သူမြို့သားများကို အကဲခတ် ကြည့်လိုက်၏။

သူမစကားကို စိတ်ပါဝင်စားစွာ နားထောင်နေကြောင်း သိမြင်ရမှ ဆက်ပြောသည်။

"ဒီလိုပါပဲရှင့် တချိန်က ကျွန်မတို့နိုင်ငံကို ကျူးကျော် နယ်ချဲ့ ခဲ့ဖူးတဲ့ မန်ချူးတွေဟာလဲ မိစ္ဆာနက်ဂိုဏ်းလိုပဲ လူသတ်၊ ဒမြ တိုက်၊ လူထုကို မတရား ညှဉ်းပန်းနှိပ်စက်နဲ့၊အမျိုးမျိုး မင်းမူ သွားခဲ့ကြပါတယ်။ ဒါကြောင့် ဒီနယ်ချဲ့ သောင်းကျန်းကောင် တွေကိုလဲ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ မြေပေါ်ကို တလက်မမှ ကျူးကျော်ခံလို့မဖြစ်ပါဘူး၊ ဒါကြောင့်လုံခြုံရေးတွေ ကြိုတင် ကာကွယ်မှုတွေ မလွဲမသွေ လုပ်မှ ဖြစ်ပါလိမ့်မယ်၊ ကာကွယ်ရေး စရိတ်ငွေတွေသုံးပြီး လူသူလက်နက် စုရုံးကြရမှာ ဖြစ်ပါတယ်။ ဒီတော့ နာယကချုပ်ကြီးရဲ့ စကားပေါ် မူတည်ပြီး မိစ္ဆာနက် ဂိုဏ်းကို ဖြိုဖျက်နိုင်ဖို့နဲ့ နယ်ချဲ့တွေရန်ကို ကာကွယ်နိုင်ဖို့အတွက်

ကာကွယ်ရေး စရိတ်ငွေကို လိုအပ်သလို ပိုပြီး အသုံးပြုသင့်တဲ့
အကြောင်း ကျွန်မအနေနဲ့ ဆန္ဒပြုလိုက်ပါတယ်”

လင်းလီလီ၏ စကားအဆုံးတွင် မြို့အုပ်ရေးအဖွဲ့နှင့် မြို့လူထု
အားလုံး ခေါင်းတညိတ်ညိတ် ဖြစ်သွားကြလေသည်။

လုံခြုံရေးမှူး လျှံစွမ်းကမူ ပီတိဖြာသော မျက်လုံးအစုံဖြင့်
လင်းလီလီကို ကြည့်နေယင်းမှ လင်းလီလီကသူ့ကိုအကြည့်တွင်
လှိုက်လှဲစွာ ပြုံးပြလိုက်သည်။

“ကျွန်တော့်အနေနဲ့ ကာကွယ်ရေးစရိတ်ငွေကို မြို့အုပ်ချုပ်
ရေးအဖွဲ့အနေနဲ့ လိုအပ်သလို အသုံးပြုဖို့ ထောက်ခံပါတယ်”

“ကျွန်မအနေနဲ့လဲ ထောက်ခံပါတယ်”

“ကျွန်တော်လဲထောက်ခံပါတယ်”

“ထောက်ခံပါတယ်၊ ထောက်ခံပါတယ်”

အစည်းအဝေးသို့ တက်ရောက်လာကြသော မြို့သူ မြို့သား
အားလုံးပင် တညီတညွတ်တည်းဆန္ဒပြု ထောက်ခံကြလေသည်။

နာယကချုပ်ကြီး ရင်လင်လူ ခေါင်းတညိတ်ညိတ်ဖြင့်ထ
လိုက်ပြန်သည်။

“အားလုံးရဲ့ ဆန္ဒကို တညီတညွတ်တည်း ခုလိုသိရတဲ့အတွက်
ဝမ်းသာပါတယ်၊ အားလဲ တက်မိပါတယ်၊ ဒါပေမယ့်လို
မြို့လူထုက ကျုပ်တို့ကို အသုံးပြုဖို့ စုပေါင်းပေးထားတဲ့ လ
ထောက်ပံ့ငွေနဲ့ လောလောဆယ် ကျုပ်တို့အဖွဲ့ရဲ့ အသုံးစရိ
ငွေဟာ ကွက်တိဖြစ်နေတဲ့အတွက်အခု မိစ္ဆာနက်ဂိုဏ်းကို ဖြိုဖျ
ဖို့နဲ့ နယ်ချဲ့တွေကို ကာကွယ်ဖို့ သုံးစွဲမယ့် ကာကွယ်ရေးစရိ



ငွေဟာ လိုအပ်နေတာ အမှန်ပါပဲ၊ ဒီတော့ကာ လိုအပ်တဲ့
ကာကွယ်ရေးအသုံးစရိတ်ငွေကို ဘယ်လိုရှာကြံကြမလဲ၊ ဘယ်က
နေ့ရယူနိုင်မလဲဆိုတာ ဝိုင်းဝန်းပြီး အကြံပေးကြပါလို့ မေတ္တာ
ရပ်ခံအပ်ပါတယ်”

နာယကချုပ်ကြီး၏ စကားဆုံးအတွင် မြို့သူ မြို့သားထဲမှ
လူတယောက် ထရပ်လိုက်သည်။

ထိုသူကား ကုန်သည်ကလေး ရှင်းရိပင် ဖြစ်သည်။

“ကျွန်တော့်အနေနဲ့ အကြံပေးချင်တာကတော့ အခုသုံးစွဲ
မယ့် ကာကွယ်ရေးစရိတ်ငွေကို အချိန်ဆွဲပြီး ရှာဖွေစုဆောင်း
နေလို့ မဖြစ်ဖူး ထင်ပါတယ်၊ ကျွန်တော်တို့မြို့ ကျွန်တော်တို့
နိုင်ငံရဲ့အကျိုးဖြစ်တာမို့ ကျွန်တော်တို့ကပဲ ဒီငွေကို စုပေါင်း
ထည့်ဝင်သင့်ပါတယ်၊ ဒါကြောင့်မို့ မြို့အုပ်ရေး အဖွဲ့ထံမှာ
ကျွန်တော် အပ်ထားတဲ့ ရွှေငွေရတနာကို ကာကွယ်ရေးစရိတ်
ငွေအဖြစ် သုံးစွဲဖို့ ကျွန်တော် ပေးအပ်လိုက်ပါတယ်၊ ကျွန်တော်
ဟာ ငွေကြေး ကြွယ်ဝနေလို့ ပိုလျှံနေလို့ ကျွန်တော့်ပိုင် ရွှေငွေ
ရတနာတွေကို ပေးအပ် လှူဒါန်းရတာ မဟုတ်ပါဘူး၊ ကျွန်
တော်ဟာ ရရစားစား လူတယောက် ဖြစ်တယ်ဆိုတာ အားလုံး
အသိပါ၊ အခုလို ကျွန်တော်ပိုင် ရွှေငွေရတနာတွေကို ပေးအပ်
ရတာကတော့ ကိုယ့်မြို့ကိုယ့်နိုင်ငံအတွက် မသုံးယင် မဖြစ်တော့
လို့ ပေးအပ်လှူဒါန်းရခြင်းပဲ ဖြစ်ပါတယ်”

ကုန်သည်ကလေး ရှင်းရိ၏ စကားအဆုံးတွင် မြို့အုပ်ရေး
အဖွဲ့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသလို မြို့သူမြို့သားများ
ထံမှလည်း တီးတိုးပြောဆိုသံများ ပေါ်လာကြ၏။

ထိုစဉ် လင်းလီလီ မတ်တတ်ထရပ်လိုက်ပြန်၏။

“အစ်ကိုကြီး ရှင်းရှိရဲ့စကားဟာ မှန်ကန်သလို သူ့ရဲ့ခံယူချက် သဘောထားဟာလဲမှန်ကန်ပါတယ်၊ ကျွန်မအနေနဲ့လဲ ကျွန်မတို့ အပ်နှံထားတဲ့ ရွှေငွေလက်ဝတ်လက်စား ရတနာတွေကို မြို့အုပ် ချုပ်ရေးအဖွဲ့ အနေနဲ့ ကာကွယ်ရေးစရိတ်ငွေအဖြစ် လိုအပ်သလို အသုံးပြုဖို့ အပြီးအပိုင် ပေးအပ်ပါတယ်”

“ကျွန်မလဲ ပြန်မယူတော့ပါဘူး”

“ကျုပ်ကလဲ ကာကွယ်ရေး စရိတ်အတွက် သုံးစွဲဖို့ ပေးအပ် ပါတယ်”

“ကျွန်တော်ကလဲ ပေးအပ်ပါတယ်”

“ကျွန်တော့်ရွှေတွေကိုလဲ ပြန်မပေးပါနဲ့တော့”

မြို့သူမြို့သားအားလုံးပင် တက်တက်ကြွကြွ ဆန္ဒပြုကြလေသည်။

နာယကချုပ်ကြီး လက်ကာပြလိုက်မှ အသံတွေ ပြန်တိတ်သွားကြသည်။

“ကျုပ်အနေနဲ့ လုံးဝမျှော်လင့်မထားတဲ့ စကားမျိုးကို အခု လို မြို့သူမြို့သားများထံက ကြားလိုက်ရတဲ့အတွက် အံ့သြစိတ်လဲ ဖြစ်မိပါတယ်၊ ဝမ်းသာပီတိလဲ ဖြစ်ရပါတယ်၊ အခု လောလော ဆယ်အနေနဲ့တော့ ကာကွယ်ရေး စရိတ်ငွေဟာ မလိုအပ်သေး ပါဘူး၊ ဒါပေမယ့် ရက်ပိုင်း လပိုင်းအတွင်း လိုအပ်လာမှာ အမှန်ပါပဲ၊ ဒီတော့ကာ ကျုပ်တို့ထံမှာ အပ်နှံထားတဲ့ ရွှေငွေ ရတနာတွေကို လိုအပ်တဲ့အချိန်မှာ အချိန်မရွေး ထုတ်ယူသုံး





နိုင်ဖို့အတွက် ပိုင်ရှင်များဖြစ်ကြတဲ့ မြို့သူမြို့သားတွေက သဘော တူကြောင်း လက်မှတ်ရေးထိုးထားပေးဖို့တော့ လိုအပ်ပါတယ်၊ ကျုပ်အနေနဲ့ ကာကွယ်ရေးစရိတ်ငွေကို ထုတ်ယူသုံးစွဲပြီးလို့ ပိုနေသေးယင်တော့ ပစ္စည်းရှင်များကို သနည်းအများအလိုက် ပြန်ပြီး ခွဲဝေပေးပါ့မယ်၊ ဒါကြောင့် ကျုပ်တို့ဆီမှာရှိတဲ့ မြို့သူ မြို့သားတွေရဲ့ ရွှေငွေရတနာတွေကို ကာကွယ်ရေးစရိတ်အတွက် ထုတ်ယူ သုံးစွဲဖို့ သဘော တူပါသလားလို့ မေးပါရစေ”

“သဘောတူပါတယ်”

“သဘောတူပါတယ်”

“သဘောတူပါတယ်”

“မြို့သူမြို့သားအားလုံးပင် ကျေကျေနပ်နပ်အားတက်သရော ပြောလိုက်ကြ၏။

“ဒီလိုဆိုယင် ကျုပ်တို့ဆီက ရတနာတွေဟာ ကာကွယ်ရေး စရိတ်အတွက် အသုံးပြုဖို့ ဖြစ်သွားပါပြီ၊ ဒါဆိုယင် ဒုတိယ အချက်ကို ဆွေးနွေးလို့ ပြီးသွားပါပြီ၊ တတိယအချက်အနေနဲ့ ကတော့ နောက် ခြောက်ရက်မြောက်တဲ့ နေ့မှာ ကျင်းပမယ့် နဂါးပွဲဟော်ကိစ္စပါပဲ၊ နဂါးပွဲတော်ကို ကျုပ်တို့မြို့မှာ ဆယ်နှစ် တကြိမ်၊တကြိမ်မှာသုံးရက်တိတိစည်စည်ကားကား ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြစမြဲ ဖြစ်ပါတယ်၊ ရပ်ဝေးရပ်နီးက ဧည့်သည်လူစိမ်း တွေလဲ ရောက်လာတတ်ပါတယ်၊ ဒီပွဲတော် ကျင်းပတဲ့ရက် အတွင်း မြို့တံခါးတွေကို နေ့ညမပြတ် ဖွင့်ထားရတဲ့ ထုံးစံရှိပါ တယ်၊ ယခင်အကြိမ်တွေ ကျင်းပတုန်းကတည်းက အစဉ်အလာ

ပြုလုပ်ခဲ့တဲ့ ထုံးစံတရပ်မို့ ကျုပ်တို့ဟာ ခုလဲ ထုံးစံအတိုင်းပဲ ပြုလုပ်ရမှာဖြစ်ပါတယ်၊ ဒီပွဲတော် ကျင်းပရတဲ့အချိန်အတွင်းမှာ ကျုပ်တို့ရဲ့ မြို့လုံခြုံရေးအတွက် မြို့ခံလူတိုင်းမှာ တာဝန်ရှိပါတယ်၊ ဒါကြောင့်မို့ မြို့သူမြို့သားများထံက အကြံဉာဏ်များရှိယင် ပေးကြပါ၊ ကျုပ်တို့တတွေ ခွဲဝေပေးမယ့် တာဝန်တွေကိုလဲ မိမိနိုင်သလောက် ယူကြပါလို့ ပြောချင်ပါတယ်”

ထို့နောက်မြို့သူမြို့သားများကမိမိတို့ဉာဏ်မှီသလောက် အကြံဉာဏ်များကို ပေးကြ၏။

လုံခြုံရေးမှူးလျှံစွမ်းနှင့် ညှိနှိုင်းပြီးသော တာဝန်အသီးသီးကိုလည်း ခွဲဝေယူလိုက်ကြသည်။

* * *

## အခန် တဆယ်

အန်းဝှေး တောအုပ်အတွင်းသို့ မြင်းတစီးအပြင်း နှင်ဝင်လာသည်။

ရှီနှံ့အိုင်ကြီးများ မိစ္ဆာနက်ဂိုဏ်းမှ ဆင်ထားသော ထောင်ချောက်များကို အလွယ်တကူကျော့ပတ်ရှောင်တိမ်းပြီး မိစ္ဆာနက်စခန်း ရှိရာသို့ ဦးတည်လာခဲ့၏။

မိစ္ဆာနက်ဂိုဏ်းမှ ကင်းစခန်းများကို ဖြတ်ကျော်လာခဲ့ပြီးနောက် စခန်းရှိရာသို့ ရောက်လာခဲ့သည်။

စခန်းအဝမှ သေမင်းအော်နှင့် အဲ့နန်က သူ့ကို ဆီးကြိုနေသည်။

"မင်းတယောက်တည်းလားချင်းကန်၊ ငါ့သား ကျန်းရှင်ချောင်ကော မပါလာဘူးလား"

သေမင်းအော်က မြင်းပေါ်မှ ချင်းကန်ကိုခရီးရောက်မဆိုက်ပင် မေးလိုက်သည်။

"ဆရာလေးတော့ ပါမလာပါဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်တော့်ကို တယောက်တည်း လွှတ်ပြီး သတင်း ပို့ခိုင်းလိုက်လို့ပါ"

ချင်းကန် မြင်းပေါ်မှ လွှားကနဲခုန်ဆင်းပြီး ဖြေလိုက်၏။

သေမင်းအော် ဘာမှဆက်မမေးသေးပဲ ရှေ့မှဦးဆောင်ကာ ဂူထဲသို့ဝင်ခဲ့သည်။

နောက်မှ အဲနန်နှင့် ချင်းကန်တို့ ကပ်လိုက်လာကြသည်။

"မင်းမှာ သတင်းထူး ပါလာပြီလားချင်းကန်"

ဂူထဲသို့အရောက် သေမင်းအော် မေးလိုက်၏။

ချင်းကန် စာလိပ်တလိပ်ကို လှမ်းပေးလိုက်ပြီး ပြောလိုက်သည်။

"ကျွန်တော်နဲ့ ဆရာလေးကျန်းရှင်ချောင်တို့ စုံစမ်းလို့ရသမျှ သတင်းအတိအကျကို ဒီထဲမှာ ဆရာလေးက ရေးပေးလိုက်ပါတယ် ဂိုဏ်းချုပ်ကြီး"

သေမင်းအော် ဘာမှဆက်မမေးတော့ပဲ စာလိပ်ကိုကြည့်ပြီး ဖတ်သည်။

စာကိုဖတ်ယင်း ကျေနပ်အားရဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

သူ့မျက်နှာကအားတက်သရောဖြင့်ရွှင်ရွှင်ပျပျဖြစ်နေသည်။



စာကိုဆုံးအောင်ဖတ်ပြီးနောက် အဲ့နန်လက်တွင်းသို့ ကမ်းပေးလိုက်သည်။

"အင်း....ကျုပ်သားနဲ့ ချင်းကန်တို့ရဲ့ စုံစမ်းလို့ သိရတဲ့အချက်တွေဟာ အတော်ကလေး အားရစရာ ကောင်းပါတယ်၊ ဖတ်ကြည့်စမ်းပါအုံး ဗိုလ်အဲ့နန်"

အဲ့နန် စာကိုဖတ်နေချိန်တွင် သေမင်းအော် ဘာစကားမှ မပြောပဲ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေလေသည်။

အဲ့နန် စာကိုဖတ်ပြီးတော့မှ စာလိပ်ကိုပြန်ယူသည်။

"ဟုတ်တယ် ဆရာကြီး၊ ဒီစာထဲက အတိုင်း မှန်ယင်တော့ ကျုပ်တို့တတွေ လွယ်လွယ်ကူကူနဲ့ပိုင်ကျန်းမြို့ထဲကို ဝင်နိုင်ကြမှာပဲ"

သေမင်းအော် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီးမှ ချင်းကန်ကို မေးလိုက်သည်။

"ရတနာသေတ္တာဟာ ငွေတိုက်ထဲမှာ ရှိတယ်ဆိုတာသေချာရဲ့လား ချင်းကန်"

"ကျွန်တော် စုံစမ်းမေးမြန်းကြည့်သလောက်တော့ သေချာပါတယ် ဂိုဏ်းချုပ်ကြီး"

"နောက်သုံးရက်မြောက်နေ့မှာ နဂါးပွဲတော်ကျင်းပမှာလဲ သေချာရဲ့လား"

"သေချာပါတယ်၊ ပြင်ဆင်မှုတွေတောင် လုပ်နေပါပြီ"

"ကောင်းပြီချင်းကန်၊ ဒါဆိုယင် တို့တွေအားလုံး အဲဒီနေ့ကို အရောက် လာခဲ့ကြမယ်၊ မင်းတို့တည်းခိုနေတဲ့ မိုးနတ်မှယ်စားတော်ဆက်ကို အရောက်လာပြီး မင်းတို့နဲ့ ဆက်သွယ်မယ်၊

အရေးကြီးတာက မင်းတို့အနေနဲ့ ငွေတိုက်အနေအထား မြေပုံကို ရေးဆွဲထားနိုင်ယင် ပိုကောင်းလိမ့်မယ်၊ ပြီးတော့ အဲဒီနေ့တွေမှာ မြို့ကာကွယ်ရေး လုံခြုံရေးတွေကို ဘယ်လိုစီစဉ်ထားကြသလဲ ဆိုတာ သိအောင် ထပ်ပြီး စုံစမ်းထားကြအုံး”

“ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး”

“ကျန်းရှင်ချောင်ဆီကိုလဲ စာတစောင် ငါရေးပေးလိုက်မယ်လေ့၊ ဒီကြားထဲမှာ ဘယ်သူတဦးတယောက်ကမှ မင်းတို့ရဲ့ ဘဝမှန်ကို သိမသွားအောင် သတိထားနေကြ၊ မင်းတို့ကို မိစ္ဆာနက် ဂိုဏ်းကမှန်း သိသွားယင်တော့ တို့အကြံ ပျက်ပြီပဲမှတ်၊ နားလည်လား”

“ဟုတ်ကဲ့....နားလည်ပါပြီဂိုဏ်းချုပ်ကြီး”

“ဒီညတော့ ဒီမှာပဲ မင်းအိပ်ပေတော့၊ မနက်စောစောမှ ထပြီးပြန်၊ မင်းတို့နဲ့ သေသေချာချာ အကွက်ရိုက်ထားကြမှ ဖြစ်မယ်၊ ကဲ မင်းသွားနိုင်ပြီ၊ ခဏနားလိုက်အုံး”

ချင်းကန် ထွက်သွားပြီးနောက် သေမင်းအော်နှင့် အဲ့နှိ အကွက်ရိုက်ကာ တိုင်ပင်နေကြလေသည်။

* * *

## အခန်း တဆယ့်တစ်

မနက်ဖြန်တွင် ကျင်းပတော့မည့် နဂါးပွဲတော်ကြီးအတွက် ပိုင်ကျန်းတမြို့လုံး ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေကြလေသည်။

မိမိအုပ်စုနှင့် မိမိအဖွဲ့ကလေးများကိုဖွဲ့ကာ နဂါးရုပ်ကြီးများကို အသီးသီးပြုလုပ်နေကြ၏။

ထိုနဂါးရုပ်ကြီးများဖြင့် တမြို့လုံး စီတန်း လှည့်လည် ကခုန်ကြမည် ဖြစ်လေသည်။

ဆယ်နှစ်တွင်မှတကြိမ်၊ တကြိမ်တွင်လည်း သုံးရက်တည်းသာ ကျင်းပရသော ပွဲတော်မို့ ကြုံတောင့်ကြုံခဲ ပွဲတော်တခုပင် ဖြစ်သည်။

လှည့်လည်လာ သူတို့ကို အကျေးအမွေးဖြင့် ညှော်ခံရန် စီမံသူ
တို့က စီမံကြ၏။

လှည့်လည်ရန်အတွက် နဂါးရုပ်ကြီးများကို အကြီးအသေး
အလိုက် လုပ် သူတို့က လုပ်ကြ၏။

အမြို့မြို့အနယ်နယ်မှ နဂါးပွဲတော်သို့ ဆင်နွှဲရန် ရောက်လာ
သော ဧည့်သည်များမှာလည်း ပိုင်ကျန်းမြို့တွင်းသို့ ဝင်လာမပ
တသဲသဲ။

မြို့တွင်းရှိ တည်းခိုဆောင်များတိုင်းတွင် ဧည့်သည်တို့ပြည့်လျှ
နေကြ၏။

မိုးနတ်မယ် စားတော်ဆက်တွင်လည်း လှပသော နဂါးရုပ်
ကြီး တခုကို ကျုံးအိုင်ဖေ့က ဦးဆောင်ကာ ပြုလုပ်နေကြလေ
သည်။

လင်းလီလီတို့ အမျိုးသမီးတသိုက်ကလည်း နဂါးရုပ်ကြီးကို
လှလှပပဖြစ်စေရန် စိုင်းဝန်းလုပ်ဆောင်နေကြ၏။

ညဥ့်နက်ပိုင်းသို့ ရောက်လာပြီ ဖြစ်သော်လည်း အလုပ်ကို
လက်စမသပ်နိုင်ကြသေး။

လင်းလီလီခေါင်းထဲတွင် ငြီးစီစီကြီး ဖြစ်လာသောကြောင့်
ထိုနေရာမှဖယ်ခွာကာ နောက်ဖေးဘက်သို့ တယောက်တည်း
လျှောက်ထွက်ခဲ့၏။

စိုက်ပျိုးခင်းဆီ ရောက်လာပြီးလေးနုအေးကြောင့်မှုးနောက်
နောက် သူမခေါင်းမှာ ကြည်ကြည်လင်လင် ဖြစ်လာသည်။



သူမ ညောင်ပင်ကြီးတပင်၏ သစ်မြစ်ဆုံပေါ်တွင် အသာ
အယာ ထိုင်ချလိုက်ပြီး ဝိုးတဝါး မြင်နေရသော စိုက်ခင်းပြင်ကို
ငေးမျှော်ကြည့်နေမိသည်။

ငေးကြည့်နေယင်းမှ သူမ၏ ဖတဆိုးဘဝကိုလည်း တွေးပြီး
အားငယ်နေမိပြန်သည်။

,လင်းလီလီအနေဖြင့် ဖခင်ဖြစ်သူကို မမြင်ဖူး။

ဖခင်ဖြစ်သူ၏ အမည်မှာ လင်းဝှမ်ကျုံး ဆိုသည်က လွဲပြီး
မည်သည့်အကြောင်းကိုမျှ မသိရ။

မိခင်ကြီးကျုံးခွေ ပြောပြချက်အရ သူမကိုယ်ဝန်ရှိစဉ်ကပင်
ဖခင် လင်းဝှမ်ကျုံးမှာ ကွယ်လွန်သွားခဲ့သည်ဟု သိရလေ
သည်။

မိခင်ကြီး ကျုံးခွေသည် နောက်အိမ်ထောင် မပြုတော့ပဲ
ယခု သူမ အသက် ဆယ့်ရှစ်နှစ်တိုင်အောင် သမီးဖြစ်သူကို ပြုစု
စောင့်ရှောက်လာခဲ့၏။,

မိခင်ကျုံးခွေ၏မောင် လူပျိုကြီး ကျုံးအိုင်ဖေ့ကလည်း
သူတို့သားအမိနှင့် မကွဲမကွာ နေထိုင်ကာ စောင့်ရှောက်လာ
ခဲ့၏။

သူတို့သည် ယခင်က ဤပိုင်ကျန်းမြို့တွင် နေထိုင်ကြသူများ
မဟုတ်ကြ။

တောင်ပိုင်းဒေသ သန်နာရွာတွင် နေထိုင်ခဲ့ကြသူများ
ဖြစ်သည်။

လင်းလီလီ နှစ်နှစ်သမီးအရွယ်တွင်မှ ပိုင်ကျန်းမြို့သို့ ပြောင်း
ရွှေ့လာခဲ့ပြီး အခြေတကျ နေထိုင်ခဲ့ခြင်းဖြစ်လေသည်။

လေးနှစ်ခန့် ရရာအလုပ်ဖြင့် လုပ်ကိုင်စားသောက် နေထိုင်ခဲ့ပြီး မိုးနတ်မယ်ကိုဖွင့်ခဲ့ခြင်းဖြစ်၏။

ယခုတော့သူတို့မိသားစု၏ စားဝတ်နေရေးမှာ ပူပင်ကြောင့်ကျမှု မရှိရတော့ချေ။

သို့သော် ဖခင်မရှိသော သူမအဖို့ အားငယ်စိတ် ဖြစ်ရသည်။

ဦးလေးဖြစ်သူ ကျုံးအိုင်ဖေ့မှာလည်း ရှူးရှူးပေါပေါ။

စားသောက်ဆိုင်ကိုတော့ တခါတရံ စော်ကားမော်ကားလုပ်ချင်သူတွေနှင့် ကြုံတွေ့ရတတ်သည်။

ဟိုနေ့ကအဖြစ်ကိုပဲကြည့်။

အရက်သမားတစု၏ ရမ်းကားမှုကြောင့် သူမ အပါအဝင်မိန်းမချောကလေးတသိုက်မှာ အရှက်တကွဲ အကျိုးနဲ ဖြစ်ရမည်စဲစဲ။

အစ်ကိုချင်းကန်တို့ ညီအစ်ကို ဝင်ကယ်ပေလို့သာပေါ့။

အစ်ကိုချန်လူး။

လူပုံက နွဲ့နွဲ့နှောင်းနှောင်း။

မိန်းမချော ချောပြီး မိန်းမရှာကလေးတယောက်လို ပုံစံမျိုးဖြစ်သော်လည်း သူ၏ တိုက်ခိုက်လှုပ်ရှားမှုများမှာ သွက်လက်မြန်ဆန် ကြောက်စရာကောင်းလွန်းလှသည်။

အစ်ကိုချန်လူးလို အစ်ကိုတယောက် သူမတွင် ရှိနေလျှင်မည်မျှကောင်းလေမည်နည်းဟု လင်းလီလီ ကွေးမိယင်း ပြုံးမိလာသည်။

"ညီမလေး တယောက်တည်း ဒီမှာ လာထိုင်နေတာကိုး၊ ဟဲ ဟဲ"



ရုတ်တရက် ပေါ်လာသောအသံကြောင့် လင်းလီလီအတွေးစက ပြတ်သွားသည်။

သူမခန္ဓာကိုယ် ဆတ်ကနဲတချက် တုန်သွားပြီး အသံလာရာကို ကြည့်လိုက်မိ၏။

သူမကို ပြုံးပြုံးကြီး ကြည့်နေသော ချင်းကန်ကို တွေ့ရလေ၏။

ကြောက်ရွံ့စိတ် အနည်းငယ်ပြေသွားပြီး ချင်းကန်ကို ပြုံးပြလိုက်မိသည်။

"သြော်... အစ်ကိုကြီးပါလား၊ အိမ်ထဲမှာ အိုက်စပ်စပ်ရှိတာနဲ့ အပြင်မှာ ခဏလာထိုင်နေတာပါ"

"ဟဲ....ဟဲ....ဟဲ အစ်ကိုကြီးလဲ ညီလေး ချန်လူးကို ရှာယင်းဒီမှာ လူရိပ်မြင်လို့ လာခဲ့တာကွယ်၊ အခုတော့ ညီမလေးဖြစ်နေတာကိုး၊ အတော်ပဲ ညီမလေးကို ပြောစရာ ရှိတာနဲ့"

ချင်းကန် ပြုံးဖြီးဖြီးဖြင့်ပြောပြီး လင်းလီလီ အနီးတွင် ထိုင်လိုက်သည်။

လင်းလီလီ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားပြီး ချင်းကန်နှင့်ဝေးအောင် အနည်းငယ်ရွှေ့ထိုင်လိုက်သည်။

"ဘာ....ဘာပြောမလို့လဲဟင်"

"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွယ်၊ညီမလေးတို့ မိုးနတ်မယ်စားတော်ဆက်ကိုအခုတခါ ထပ်လာပြီး အစ်ကိုကြီးတည်းခိုတာဘာကြောင့်လဲလို့ ညီမလေးသိသလား"

"ဟင့်အင်း မသိဘူး"

"ဟဲ....ဟဲ....ဟဲ....ဒါဖြင့် အစ်ကိုကြီးပြောမယ်၊ ညီမလေး... ချစ်လို့၊ ချစ်နေမိလို့ပဲ ဆိုပါတော့"

"အို...."

ချင်းကန် ပြောပြောဆိုဆို လင်းလီလီလက်ကို လှမ်းဆွဲမည်ပြုသည်။

လင်းလီလီ ကြောက်လန့်စိတ်ဖြင့် ဖြတ်ကနဲ ထရပ်လိုက်သည်။ ထွက်ပြေးမည် ပြုသည်။

သို့သော် လင်းလီလီ ထွက်မပြေးနိုင်တော့။

အကြောပိတ် ခံလိုက်ရသောကြောင့် ဖြစ်၏။

ချင်းကန်က သူမ၏ အကြောကို ပိတ်လိုက်ခြင်းကြော... လှုပ်ရှား၍ မရတော့။

"ရှင် ရှင် ဘယ်လိုလုပ်တာလဲ"

လင်းလီလီ ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက်သည်။

"ဟဲ... ဟဲ....ဟဲ....ညီမလေးကို ချစ်လို့ပေါ့ကွယ်၊ ချစ်လို့ပေါ့"

ချင်းကန် ပြောပြောဆိုဆို သူမကိုယ်ကို ဖက်လိုက်သည်။

လင်းလီလီ အော်ဟစ် အကူအညီတောင်းရန် ပါးစပ်ဟလိုက်သည်။

သို့သော် သူမ နှုတ်ဖျားမှ မည်သည့်အသံမှ ထွက်လာခြင်း မရှိတော့။

ချင်းကန် အကြောထပ်ပိတ်လိုက်သောကြောင့် ဖြစ်၏။

လင်းလီလီ ကြောက်ရွံ့အားငယ်စိတ်မှာ အထွဋ်အထိပ်ရောက်သွားသည်။



သူမခန္ဓာကိုယ်မှာလည်း ရုန်းကန် မလှုပ်ရှားနိုင်။

သူမနှုတ်ဖျားမှလည်း အော်ဟစ် အကူအညီမတောင်းနိုင်။

မုဆိုး၏ ထောင်ချောက်တွင် မိနေသော သားကောင်ငယ်ပမာ၊ ချင်းကန်ပြုသမျှ နုရတော့မည့် အခြေအနေမျိုး။

"ဟဲ....ဟဲ ဟဲ စိတ်မဆိုးပါနဲ့နော်၊ အစ်ကိုကြီးတော့ ညီမကို ညီမကို"

ချင်းကန်၏အသံမှာ တဏှာရာဂသံများ ရောပြွန်းလာလျက် လင်းလီလီကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။

သူမဘဝ ကယ်သူဝေးပြီး အညွန့်တုံးရတော့မည်မို့ လင်းလီလီပါးပြင်တွင် မျက်ရည်စများ လိမ့်ဆင်းလာ၏။

ထိုစဉ် သူမခန္ဓာကိုယ်နှင့် ပူးကပ်နေသော ချင်းကန်၏ခန္ဓာကိုယ်ကြီးမှာ ငါးပေအကွာသို့ ဝုန်းကနဲ လွင့်သွားလေသည်။

သူမဘေးတွင် လူရောက်နေကြောင်း လင်းလီလီသိလိုက်ရပြီး အားတက်သရော ကြည့်လိုက်သည်။

ထိုသူ့ကို မြင်သည်နှင့် သူမစိတ်ထဲမှ ဝမ်းသာအားရခေါ်လိုက်မိလေသည်။

"အစ်ကို ချန်လူး"

ချန်လူး အမည် ပြောင်းထားသော ကျန်းရှင်ချောင်သည် လွင့်စင်သွားသော ချင်းကန်ကို စူးစူးစိုက်စိုက် ကြည့်နေပြီး သူ့မျက်နှာက ဒေါသရောင် လွှမ်းနေ၏။

ချင်းကန် ဝုန်းကနဲ ပြန်ခုန်ထသည်။

လက်ထဲရောက်နေသော အစာကို စားခါနီးမှ ပုတ်ချခံရသလို ချင်းကန်မခံချိတင်ကဲအသံကြီးဖြင့် ပြောလိုက်၏။

"မင်း ဘာဝင်ရှုပ်တာလဲကွ"

"ခင်ဗျား လူကျင့်လူကြံ ကြံဖို့ကောင်းပါတယ်'

"မင်းနဲ့ ဘာဆိုင်သလဲ၊ မင်းထွက်သွားစမ်း။ ဒါက ငါ့ ကိုယ်ရေးကိုယ်တာ ကိစ္စ၊ မင်း ငါ့အပေါ် ဆရာလုပ်ပေါ့ များပြီ"

"ခင်ဗျားသာ အေးအေးဆေးဆေး ထွက်သွား"

ထိုစဉ် ကျန်းရှင်ချောင်ထံ ချင်းကန်ခုန်ဝင်လာပြီး လက်ဝါး စောင်းဖြင့် ရိုက်ချသည်။

ကျန်းရှင်ချောင် သူ့လက်ဖြင့် ပြန်ခံသည်။

ကျန်းရှင်ချောင်၏ အတွင်းလှိုင်းကြောင့်ချင်းကန် နောက် သုံးပေခန့် ပြန်ဆုတ်လိုက်ရ၏။

သူ့လက်တခုလုံးလည်း ထုံကျင်သွားသေသည်။

သူ့အနေဖြင့် ကျန်းရှင်ချောင်ကို အတွင်းအားချင်းယှဉ် မှတိုက်ခိုက်နိုင်ကြောင်း ချင်းကန် သိသည်။

ခုနက သတိလစ်ပြီး တိုက်ခိုက်ခဲ့ခြင်းသာ ဖြစ်၏။

သိုင်းကွက်ဖြင့် ယှဉ်ပြိုင်ရန် ချင်းကန်ဆုံးဖြတ်ပြီး သူ့ကျော ဆောင်ဓားကို ဆတ်ကနဲ ဆွဲဖြုတ်လိုက်၏။

တဆက်တည်း ကျန်းရှင်ချောင်ကို ဝင်ခုတ်သည်။ ပို သည်။

သူ၏ တိုက်ခိုက်မှုက ဇယ်ဆက်သလို ဆက်တိုက် ဆက်တို

ကျန်းရှင်ချောင် လှစ်ကနဲ လှစ်ကနဲ ရှောင်တိမ်းပေးယင်း ဓားသွားကို လက်ဖြင့် ဆတ်ကနဲ ဖမ်းဆုတ်ကိုင်လိုက်၏။



ချင်းကန် သူ့ဓားကို ကျန်းရှင်ချောင် လက်တွင်းမှ ပြန်ဆွဲ ယူ၍ မရတော့။

ဓားကိုင်ထားသော သူ့လက်မှာ ထုံကျင် ကိုက်ခဲလာကာ ဓားကို လွှတ်လိုက်ရတော့သည်။

ကျန်းရှင်ချောင်၏ အတွင်းအားဖြင့် တိုက်ခိုက်ခြင်းကိုခံလိုက် ရသောကြောင့်ပင် ဖြစ်သည်။

သူ့ခန္ဓာကိုယ်သည် နောက်ဘက်သို့ ဒယီးဒယိုင် လဲကျမတတ် ဖြစ်သွား၏။

"ခင်ဗျား အေးအေးဆေးဆေး ထွက်သွားပါတော့"

ကျန်းရှင်ချောင် လေသံ အေးအေးဖြင့် ပြောလိုက်သည်။

ချင်းကန်လည်း နားလည်လိုက်ပြီ၊ သူ့အနေဖြင့် ကျန်းရှင် ချောင်ကို ယှဉ်ပြိုင်၍ မရနိုင်တော့။

ချင်းကန် အံကိုတင်းတင်းကြိတ်ပြီး အိမ်ကြီးဆီသို့ နှမ်းလျ သော ခြေလှမ်းဖြင့် လျှောက်သွားသည်။

ကျန်းရှင်ချောင် သူ့လက်ထဲမှဓားကို ချင်းကန်၏ နောက် ကျောဘက်ရှိ ဓားအိမ်တွင် ပြန်ထည့်ပေးလိုက်သည်။

ရင်တမမနှင့် သူတို့နှစ်ဦး၏ တိုက်ခိုက်မှုကို ကြည့်နေသော လင်းလီလီ ထိုအခါကျမှ သက်ပြင်းချနိုင်တော့သည်။

ထိုအခါမှကျန်းရှင်ချောင်လည်း သူမကိုကြည့်ပြီးတောင်းပန် စကား ဆိုလိုက်သည်။

"သူ့ရဲ့ စော်ကားရိုင်းပြမှုအတွက် အစ်ကို တောင်းပန်ပါ တယ် ညီမ"

လင်းလီလီရှက်စိတ်ဖြင့် ခေါင်းငုံ့နေလိုက်၏။

သူမ အပိတ်ခံထားရသော အကြောင်းများကို ကျန်းရှင်ချောင် ပြန်ဖွင့်ပေးလိုက်သည်။

"နောက်တခါ ဒီလိုအဖြစ်မျိုး မဖြစ်ရစေပါဘူးညီမ၊ အစ်ကို တာဝန်ယူပါတယ်၊ ဒီအဖြစ်အပျက်ကို မလိုအပ်ပဲ ဘယ်သူ့ကိုမှ ပြန်မပြောစေချင်ဘူး၊ အစ်ကိုရှက်လွန်းလို့ပါ"

"အစ်ကိုက ညီမရဲ့အရှက်ကို ကာကွယ်ခဲ့တာ နှစ်ကြိမ်ရှိပြီ ညီမရဲ့ကျေးဇူးရှင်တယောက်ကို ဖြစ်နေပါပြီ၊ အစ်ကိုစကားကို ညီမနားထောင်ပါ့မယ်"

လင်းလီလီ ခေါင်းငုံ့နေလျက်ပင် ပြန်ပြော၏။

ထို့နောက် ခေါင်းမော့လာသည်။ သူမ မျက်နှာပြင်တွင် ရှက်သွေးရောင်သန်းနေလေသည်။

"အစ်ကို့ကို ကျေးဇူးတင်ပါတယ်၊ ညီမ သွားတော့မယ်"

လင်းလီလီ အိမ်ကြီးဆီ လှစ်ကနဲပြေးထွက်သွား၏။

သူမ၏ ကျောပြင်ကို ကျန်းရှင်ချောင် ငေးကြည့်ယင်းမှ သစ်မြစ်ဆုံကြီးပေါ်တွင် သက်ပြင်းရှည်ကြီးချကာ ထိုင်ချလိုက်တော့သည်။

* *

## အခန်း တဆယ့်နှစ်

ပိုင်ကျန်းတမြို့လုံး ဗျောက်အိုးသံဘဖောင်းဖောင်း တဒိုင်းဒိုင်း ညံစီနေသည်။

တီးသံ မှုတ်သံတွေကလည်း ပဲ့တင်ထပ်မျှ ပေါ်ထွက်နေ၏။

ဤနေ့ကား နဂါးပွဲတော် စတင်ကျင်းပသောနေ့။

လမ်းတိုင်းလမ်းတိုင်းပင် လူတို့ဖြင့်ပြည့်နေပြီး နဂါးရုပ်ကြီးများ နဂါးရုပ်ငယ်များဖြင့်လှည့်လည်ကခုန်ကြသည်။ ဆယ်နှစ်လျှင် တကြိမ်သာကျင်းပရသော နဂါးပွဲတော်မို့ မြို့သူမြို့သားများသာမက လာရောက်လည်ပတ် လေ့လာသောဧည့်သည်များပင် ပျော်ရွှင်နေကြသည်။

လင်းလီလီတို့ မိန်းကလေးတသိုက်၏ မိုးနတ်မယ်နဂါးအဖွဲ့မှာလည်း မြို့တွင်းသို့ လှည့်လည်ကာ ကပြကြ၏။

လင်းလီလီမှာလည်း နဂါးပွဲတော်တွင်အပျော်ကြီး ပျော်နေမိ၏။

ပိုင်ကျန်းမြို့သို့ အခြားမြို့ရွာများမှ ဧည့်သည်များသည် ယခုမှ ပိုမိုရောက်လာကြ၏။ နဂါးပွဲတော်တွင် လေ့လာ ပျော်ရွှင်ကြရန် ဖြစ်၏။

အစစ်အဆေးမရှိ ဖွင့်ထားသော မြို့တံခါးဝတွင်မူ လုံခြုံရေး အဖွဲ့၏ အဖွဲ့ဝင် များက ဂရုတစိုက် စောင့်ကြပ်လျက် ရှိ၏။

မြို့တွင်းသို့ ဝင်လာသူမှန်သမျှ ကြည့်ရှု အကဲခတ်နေကြ၏။ သို့သော် ရုပ်ဖျက်ပြီး လူစုခွဲကာ တသုတ်ပြီးတသုတ် ဝင်လာသော မိစ္ဆာနက်ဂိုဏ်းဝင်များကိုမူ မည်သူမှ သတိမပြုမိကြချေ။

သေမင်းအော်နှင့် အဲနန်တို့သည် ကုန်သည်များဟန်ဆောင်လာခြင်း ဖြစ်ကာ မြင်းလှည်းတစီးဖြင့် ကုန်ပစ္စည်းများတင်ပြီး ခပ်တည်တည်ဖြင့် ဝင်ခဲ့ကြ၏။

သူတို့မျက်နှာများကို ရုပ်ဖျက်ထားသဖြင့် မိစ္ဆာနက် ဂိုဏ်းသား များပင် မှတ်မိမည် မဟုတ်ပေ။

လုံခြုံရေးအဖွဲ့ဝင်များကလည်း မရိပ်မိကြ။

ပြီးတော့ သူတို့ဝင်လာသည့် အချိန်မှာလည်း နေဝင်ဖြိုးဖျအချိန်။

ရိုးရိုး ခရီးသည်များနှင့် ရောပြီး ဝင် လာ ခြင်း လည်း ဖြစ်၏။



မိုးနတ်မယ်စားတော်ဆက်တွင်လည်း လင်းလီလီတို့ လူစုမှာ မြို့တွင်းသို့ လှည့်လည် ပျော်ရွှင်ခဲ့ကြပြီးမို့ အနားယူနေချိန် ဖြစ်၏။

သို့သော် အနားယူသည် ဆိုသော်လည်း ဆိုင်မှ လုပ်ငန်းဆောင်တာကို အသီးသီးဆောင်ရွက်နေကြရ၏။

တည်းခိုခန်းများတွင်လည်း လူများ ပြည့်လျှံနေကြ၏။

ကြိုတင်စာရင်းပေး မှာကြားထားသူများ အတွက်သာ အခန်းလွတ် ကျန်ရှိတော့သည်။

လင်းလီလီတယောက်မှာ ကောင်တာစားပွဲတွင် ရှိနေသလို မိန်းကလေးတသိုက်မှာလည်း စားပွဲတလုံးမှ တလုံးသို့ လှုပ်ရှားသွားလာနေကာ လုပ်ငန်းတာဝန်ကို ဆောင်ရွက်နေကြ၏။

ကျန်းရှင်ချောင်နှင့် ချင်းကန်တို့မှာလည်း မနက်ကတည်းက မြို့တွင်းသို့ထွက်သွားပြီး ယခုမှပြန်ရောက်ကာ ထောင့်ကျကျ စားပွဲတလုံးတွင် အေးအေးဆေးဆေး အရက် သောက်နေကြ၏။

ညကတည်းက ချင်းကန်သည် သူ့အမှားကိုနောင်တရပါပြီ ဆိုကာ အထပ်ထပ်တောင်းပန်သောကြောင့် ကျန်းရှင်ချောင်မှာ ခွင့်လွှတ်လိုက်ပြီ ဖြစ်လေသည်။

ပြီးတော့ ချင်းကန်သည် ကျန်းရှင်ချောင်ကို ခေါ်ကာ တဆက်တည်းပင် လင်းလီလီကို အနူးအညွတ် တောင်းပန်စကားဆိုသည်။

သူ အမူးလွန်ပြီး ဖြစ်ရကြောင်း ဝန်ခံကာ ခွင့်လွှတ်ဖို့ ပြောနေသည်။

ကျန်းရှင်ချောင်ကပါ ကြားမှ ဝင်ရောက် တောင်းပန်သော ကြောင့် လင်းလီလီကလည်းချင်းကန်ကိုခွင့်လွှတ်လိုက်ရတော့၏။

ထို့ကြောင့် ယခုအခါ သူတို့သည် ညကကိစ္စကိုမေ့လိုက်ကြကာ ခါတိုင်းလိုပင် တဦးနှင့်တဦး ခေါ်ပြော ဆက်ဆံကြ၏။

ကျန်းရှင်ချောင်နှင့် ချင်းကန်တို့ ထိုင်နေကြသောစားပွဲမှာ အခြားစားပွဲများနှင့် အလှမ်း ဝေးနေကြသောကြောင့် သူတို့နှစ်ဦး တီးတိုးတိုင်ပင် ပြောနေကြသံကို မည်သူမျှ မကြားရချေ။

လင်းလီလီသည် မကြာခဏ ကျန်းရှင်ချောင်ထံသို့ လှမ်းကြည့်တတ်သလို ကျန်းရှင်ချောင်၏ မျက်လုံးအစုံကလည်း သူမထံ မကြာခဏ ရောက်လာတတ်သည်။

အကြည့်ချင်းဆုံရသောအခါတိုင်း လင်းလီလီက မျက်လွှာအောက်ချရသည်သာ။

သူတို့၏စားပွဲဆီသို့ ကျုံးအိုင်ဖေ့ လျှောက်လာသည်ကိုမြင်ရသောအခါ ကျန်းရှင်ချောင်းနှင့် ချင်းကန်တို့ သူတို့စကားစကို ဖြတ်လိုက်ကြရသည်။

"တူမောင်နဲ့ နောင်ကြီးတို့လဲ ဒီနေ့ တနေ့လုံး မြို့ထဲမှာ လျှောက်လည်နေကြတယ်နဲ့ တူတယ်"

ကျုံးအိုင်ဖေ့ ပြောပြောဆိုဆို ကုလားထိုင်တလုံးတွင် ဝင်ထိုင်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့တတွေ လျှောက်ကြည့်နေကြတာပါ"



ကျန်းရှင်ချောင် ပြုံးပြုံး ရှင်ရှင်ပင် ပြန်ဖြေ၏။

"နဂါးပွဲတော်က အတော်လေးစည်ကားတာပဲနော်၊ ထင်ထားတာထက် ပိုပြီးစည်တယ်၊ ကျုပ်လဲ ခုမှ စပြီး တွေ့ဖူးကြုံဖူးတာပါ"

"အရက်နည်းနည်းသောက်ပါအုံးလား နောင်ကြီး၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်တည်း စကားပြောရတာ ပျင်းခြောက်ခြောက် ဖြစ်နေလို့ပါ"

ချင်းကန် အရက်တခွက်ကိုင်၍ကာ ကျုံးအိုင်ဖေ့ကို လှမ်းပေးယင်း ပြောလိုက်၏။

ကျုံးအိုင်ဖေ့ကလည်း မငြင်းပယ်။

"ဟဲ ဟဲ ဟဲ ကျုပ်ကလဲ ညီမောင်တို့ တူမောင်တို့နဲ့ စိုင်းဖွဲ့ချင်နေတာ အတော်ကြာပြီ၊ သိုင်းပညာကိုလည်း ဆွေးနွေးလေ့လာချင်တယ် ဆိုပါတော့လေ၊ အတော်ပဲ"

ကျုံးအိုင်ဖေ့ ပြောပြောဆိုဆိုအရက်ခွက်ကိုယူပြီး တကျိုက်တည်း မော့သောက်လိုက်သည်။

"ခုန ဦးလေးပြောလိုက်ပါတယ်၊ ဦးလေးအနေနဲ့ နဂါးပွဲတော်ကို ခုမှ ကြုံဖူးတာဟုတ်လား၊ ဒါဖြင့် အရင်ကျင်းပတဲ့အချိန်တွေတုန်းက...."

"ဒီလိုလေ....ဒီမြို့ကို ကျုပ်တို့ပြောင်းလာတာ ဆယ့်ခြောက်နှစ်ပဲရှိသေးတယ်လေ၊ လွန်ခဲ့တဲ့ဆယ်နှစ်က နဂါးပွဲတော် ကျင်းပတုန်းက ကျုပ်က ခရီးလွန်နေတော့ မဆင်နွဲ မကြုံတွေ့လိုက်ရဘူးလေ၊ အရင့်အရင်တွေတုန်းကလဲ ကျုပ်တို့က တောင်ပိုင်းဒေသ

မှာ နေကြလေတော့ ဘယ်ကြုံဖူးပါ့မလဲ၊ ဒါကြောင့် နဂါးပွဲတော်ကို ခုမှ ကြုံဖူးတွေ့ဖူးတယ်လို့ ကျုပ်ပြောတာပါ”

ကျန်းရှင်ချောင်း၏ အမေးကို ကျုံးအိုင်ဖေ့ ရှင်းပြပြီး အရက်ကို တခွက်ငှဲ့ကာ တကျိုက်တည်း မော့သောက်လိုက်ပြန်သည်။

သူတို့သည် နဂါးပွဲတော်ဖြင့် စပ်လျဉ်းပြီး ထွေရာလေးပါး စကားပြောကြသည်။

ချင်းကန်ကလည်း အတင်းတိုက်၊ ကျုံးအိုင်ဖေ့ကလည်း အတင်းသောက်နှင့် မကြာခင်မှာပင် ကျုံးအိုင်ဖေ့ အတော်ကလေး မူးလာသည်။ စကားပြော ပိုသွက်လာသည်။

“ဒါနဲ့ ကျွန်တော်တို့တွေ သတင်းတခု ကြားထားတယ် နောင်ကြီး”

ကျုံးအိုင်ဖေ့၏ အခြေအနေကို အကဲခတ်ပြီး ချင်းကန် စကားလမ်းကြောင်း စတင်ပြောင်းသည်။

“ဟဲ ဟဲ ဘာသတင်းများလဲ ညီလေးရဲ့”

လျှာလေး အာလေးကြီးဖြင့် ကျုံးအိုင်ဖေ့ ပြန်မေး၏။

“ဒီလိုပါ....ဒီမြို့သူမြို့သားတချို့ ပိုင်ဆိုင်တဲ့ ရွှေငွေ လက်ဝတ်ရတနာတွေကို မြို့အုပ်ချုပ်ရေး နာယကအဖွဲ့ထံမှာ အပ်နှံထားတယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား”

“ဩော်....ဒါလား၊ ဒါကတော့ လူတိုင်းသိနေတဲ့ ကိစ္စပဲ ညီလေးရယ်၊ သိပ်ဟုတ်တာပေါ့၊ အခုလို ခေတ်ဆိုးခေတ်ပျက်ကြီးထဲမှာ လိုအပ်တာထက်ပိုပြီး ဘယ်သူမှ ကိုယ့်လက်ထဲမှာ



မထားကြဘူးလေ၊ လုံခြုံစိတ်ချရတဲ့ နာယကအဖွဲ့မှာ အပ်နှံထားကြတာပေါ့”

ချင်းကန်နှင့် ကျုံးအိုင်ဖေ့ကို အကဲခတ်ပြီး ကျန်းရှင်ချောင် ဝင်မပြောပဲ အသာအယာ နားထောင်နေလိုက်သည်။

ချင်းကန်က သူတို့သိချင်သော အကြောင်းအရာ အချို့ကို အစ်အောက်မေးမြန်းတော့မည် မဟုတ်ပါလား။

လိုအပ်မှ သူ့အနေဖြင့် ဝင်ရောက်ပြောဆိုမည်ဟု ကျန်းရှင်ချောင် ဆုံးဖြတ်ထားလေသည်။

ချင်းကန် ပြောလိုက်ပြန်၏။

“ဟုတ်ပါတယ် နောင်ကြီးရယ်၊ ခုလို ခေတ်ဆိုးကြီးမှာ ကိုယ့်ငွေ ကိုယ့်ရွှေကို ကိုယ်ကိုယ်တိုင်သိမ်းထားရတာ အန္တရာယ်မကင်းလှပါဘူး၊ နာယကအဖွဲ့ရဲ့ သတင်းဟာ ဒီနယ်တဝိုက်မှာ ဟိုးဟိုးကျော်နေတာကြောင့် မြို့သူမြို့သားတွေ ခုလိုစိစဉ်ကြတာဟာ အင်မတန်ကောင်းကြပါတယ်၊ ဒီပစ္စည်းဥစ္စာတွေအတွက် လုံခြုံစိတ်ချသွားရတာပေါ့”

“ဒါပေါ့ ညီမောင်ရဲ့၊ နာယကအဖွဲ့ကလည်း ဒီပစ္စည်းတွေကို ဂရုတစိုက်နဲ့ အလုံခြုံဆုံး သိမ်းဆည်းထားကြတော့တာပဲ”

“ဘယ်မှာသိမ်းထားတယ်ဆိုတာတော့ ဘယ်သူမှ မသိရဘူးပေါ့၊ နာယကအဖွဲ့က ဘယ်ပြောပါ့မလဲ”

“ဒါတော့မပြောဘူး ညီမောင်၊ အဲ....ဒါပေမယ့် ဒီပစ္စည်းတွေ ဘယ်မှာသိမ်းထားတယ်ဆိုတာ လူတိုင်း ခန့်မှန်းနိုင်ကြပါတယ်လေ၊ ဒီမြို့သူမြို့သားတိုင်း သိနေကြတာပဲ”

"ဪ....ဟုတ်လှာ၊ ဘယ်မှာသိမ်းထားလို့လဲ နောင်ကြီး" ကျုံးအိုင်ဖေ့ သဘောကျစွာ တဟားဟားဖြင့် ရယ်ယင်း အရက်တခွက်ကို သောက်လိုက်ပြန်သည်။

ကျန်းရှင်ချောင်နှင့် ချင်းကန် တဦးမျက်နှာကို တဦးကြည့် လိုက်ပြီး ကျုံးအိုင်ဖေ့ထံမှ ထွက်ပေါ်လာမည့် စကားများကို နားထောင်နေမိကြ၏။

"ဟား ဟား ဟား ဟား ကျုပ်တို့မြို့မှာက သိမ်းစရာ နေရာအလုံခြုံဆုံးဆိုလို့ ငွေတိုက်တစ်ခုတည်းပဲ ရှိတာပဲဥစ္စာ၊ ငွေတိုက်ထဲမှာပဲ သိမ်းထားရမှာပေါ့၊ ပြီးတော့ ငွေထိုက်မှာ အစောင့်အကြပ်တွေအထပ်ထပ်ချထားသလို လျှို့ဝှက်ယန္တယား တွေလဲ ရှိနေသေးတော့ နာယကအဖွဲ့မသိပဲ ငွေတိုက်ထဲကို ခွေး တစ်ကောင်တောင် ဝင်ဖို့မလွယ်ဘူးလေ၊ ဟား ဟား ဟား ဟား ဒါကြောင့်လဲ မြို့သူမြို့သားတိုင်းက ဒီငွေတိုက်ထဲမှာပဲ သူတို့ရဲ့ ပစ္စည်းတွေကို သိမ်းထားတယ်လို့ သိနေကြတာပေါ့"

ကျန်းရှင်ချောင်နှင့် ချင်းကန် တယောက်မျက်နှာတယောက် ကြည့်လိုက်ကြပြန်သည်။

ယခု ကျုံးအိုင်ဖေ့ ပြောသောစကားများသည် အမှန် တကယ်ဖြစ်ကြောင်း သူတို့နှစ်ဦးစလုံး လက်ခံကြ၏။

အကြောင်းမူ ယနေ့ သူတို့လက်ဝယ် ရရှိထားပြီးဖြစ်သော ငွေတိုက်ပုံစံ မြေပုံထဲတွင် အစောင့်အကြပ်များရှိသည့် နေရာနှင့် လျှို့ဝှက်စက်ယန္တရားများ တပ်ဆင်ထားပုံများပါရှိသောကြောင့် ဖြစ်၏။



"ညီမောင်တို့တတွေ မိစ္ဆာနက်ဂိုဏ်းအကြောင်း ကြားဖူး သလား"

ရုတ်တရက်မေးလိုက်သော ကျုံးအိုင်ဖေ့၏ အမေးစကား ကြောင့် ကျန်းရှင်ချောင်နှင့် ချင်းကန် မျက်နှာပျက်မသွား အောင် ထိန်းလိုက်ကြရ၏။

"မိစ္ဆာနက်ဂိုဏ်း ဟုတ်လား နောင်ကြီး၊ ဟင့်အင်း.... ကျွန်တော်တို့ မကြားဖူးပါဘူး၊ ဘာဖြစ်လို့လဲ"

ချင်းကန် မှင်သေသေဖြင့် ပြန်ပြောလိုက်၏။

"အေးလေ....မင်းတို့က ညီသည်တွေဆိုတော့ သိချင်မှ သိမယ်၊ မိစ္ဆာနက်ဂိုဏ်းဟာ လူဆိုးဒမြတွေ ဖွဲ့စည်းထားတဲ့ ဂိုဏ်းကြီးတဂိုဏ်းပဲဆိုပါတော့ကွယ်၊ လူမဆန်ဆုံးရက်စက်မှုတွေ ယုတ်ယုတ်မာမာလုပ်နေတဲ့ ဂိုဏ်းကြီးပဲဆိုပါတော့၊ လူကောင်း သူကောင်းမှန်သမျှ ဒီဂိုဏ်းကြီးကို အော့နှလုံးနာနေကြတယ် လေ၊ ဒါနဲ့ ကျုပ်တို့နိုင်ငံကို မန်ချူးနယ်ချဲ့ကောင်တွေဟာ ထပ်ပြီးကျူးကျော်နယ်ချဲ့ဖို့ စိုင်းပြင်းနေကြတယ်ဆိုတဲ့ သတင်း ကိုကော မင်းတို့ရကြသလား"

"ဗျာ....ကျွန်တော်တို့တွေဒီသတင်းကို လုံးဝ မကြားရသေး ပါဘူး ဦးလေး"

တချိန်လုံး နှုတ်ဆိတ်နေသော ကျန်းရှင်ချောင် ယခုမှ တအံ့တသြဖြင့် ဝင်ပြောလိုက်၏။

ထိုစကားကို သူ့အနေဖြင့် အမှန်ဆုံး ပြောပြလိုက်ခြင်းပင် ဖြစ်သည်။

အနန်းဝေးတောအုပ်အတွင်းရှိ မိစ္ဆာနက်ဂိုဏ်း တည်ရှိရာ စခန်းတွင်သာ သူ့အနေဖြင့် အချိန်ကုန်ဆုံးရသောကြောင့် ထိုသတင်းကို မသိပါ။

"အေးလေ ဒီသတင်းဟာ သိသူနည်းပါသေးတယ်၊ နာယက အဖွဲ့ကြီးက ထောက်လှမ်းစုံစမ်းနိုင်လို့သာ ဒီသတင်းကို သိနေတာဆိုပါတော့။ ဒီတော့ ကျုပ်တို့အနေနဲ့ နယ်ချဲ့ တော်လှန်ရေးကို ဆင်နွှဲဖို့ အစီအစဉ်တွေ ရေးဆွဲကြရတော့မယ်၊ တဘက်ကလဲ နယ်ချဲ့ကောင်တွေလိုပဲ ယုတ်မာပြီး ကြောက်စရာကောင်းတဲ့ မိစ္ဆာနက်ဂိုဏ်းကို ဖြိုခွင်းဖို့ စီစဉ်ကြရမယ်၊ ဒီတော့ နာယကအဖွဲ့အနေနဲ့ ဒီကိစ္စတွေမှာ သုံးစွဲဖို့ ငွေလိုလာပြီပေါ့၊ ဒီတော့ ရွှေငွေလက်ဝတ်ရတနာတွေ အပ်နှံထားတဲ့ပိုင်ရှင် မြို့သူမြို့သားတွေက ဘာလုပ်တယ် မှတ်သလဲ"

"ဟုတ်ကဲ့....အမိန့်ရှိပါအုံး နောင်ကြီး"

"နာယက အဖွဲ့ဆီမှာ အပ်ထားကြတဲ့ သူတို့ရဲ့ ဥစ္စာပစ္စည်းတွေကို ပြန်မယူကြတော့ဘူးလေ။ နယ်ချဲ့ ဆန့်ကျင်ရေးမှာ အသုံးပြုဖို့အတွက်ဆိုပြီး အပြီးအပိုင် လှူဒါန်းလိုက်ကြတယ်၊ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေအဖြစ် သုံးစွဲဖို့ သဘောတူလိုက်ကြတယ်၊ ကဲ....ဘယ်လောက် အံ့ဩဘနန်း ချီးကျူးစရာ ကောင်းလိုက်သလဲ၊ ဒါကြောင့် ခုတော့ ဒီရတနာ ပစ္စည်းတွေဟာ နယ်ချဲ့ဆန့်ကျင်ရေးရံပုံငွေ ဖြစ်သွားပြီပေါ့"

နယ်ချဲ့ဆန့်ကျင်ရေးရံပုံငွေ။

နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေ။



ကျန်းရှင်ချောင်စိတ်ထဲတွင် ထိုစကားလုံးက သံမှိုစွဲသလို စွဲစွဲမြဲမြဲ ဖြစ်သွားမိသည်။

နယ်ချဲ့ဆိုသော စကားကြောင့်သူ့ရင်ထဲတွင်လည်း ကျင်မြမြ ခံစားရလေသည်။

လွန်ခဲ့သော ဆယ့်လေးနှစ်၊ သူရှစ်နှစ်သား အရွယ်လောက်တွင် သူ့မိဘရင်းနှစ်ပါးစလုံး နယ်ချဲ့တော်လှန်ရေးတွင် ပါဝင်ခဲ့ကြပြီးအသက်ကို တိုင်းပြည်အတွက် စတေးခံခဲ့ကြသည် မဟုတ်ပါလား။

ထိုအခါမှ သူ့ကို မွေးစားဖခင်သေမင်းအော်က ကောက်ယူမွေးစားခဲ့ခြင်း ဖြစ်၏။

သူ့မိဘနှစ်ပါးစလုံး နယ်ချဲ့ကြောင့် သေဆုံးကုန်ရသဖြင့် နယ်ချဲ့ဆိုလျှင် ထိုကတည်းက ကျန်းရှင်ချောင် စိတ်နာခဲ့၏။ နယ်ချဲ့ဆိုလျှင် ရွံမုန်းခဲ့၏။

နယ်ချဲ့ကို တိုက်ထုတ်ရန် ဆန္ဒပြင်းပြခဲ့၏။

သို့သော် ယခုတော့မူ သူ့ရည်ရွယ်ချက်နှင့် သူ့လုပ်ရပ်က ဆန့်ကျင်ဘက် ဖြစ်နေလေပြီ။

ယခု သူတို့မိစ္ဆာနက်ဂိုဏ်းမှ တိုက်ခိုက်ယူမည့် ပိုင်ကျန်းမြို့သူမြို့သားတို့ ပိုင်ဆိုင်သော ရတနာများမှာ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေ ဖြစ်နေလေပြီ။

ထိုရတနာများကို တိုက်ခိုက်ရယူနိုင်ခဲ့လျှင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအတွက် အခက်အခဲများစွာ ကြုံတွေ့နိုင်လေသည်။

မိမိတို့အနေဖြင့် မိမိတို့ ကိုယ်ကျိုးအတွက် ရတနာများကို ယူသော်လည်း နယ်ချဲ့တို့အတွက် ကောင်းကျိုးကို ဖန်တီးပေးသလို ဖြစ်တော့မည်။

ထိုအတွေးကြောင့် ကျန်းရှင်ချောင် စိတ်ပျက်သွား၏။

ထိုစဉ် သူ့လက်ကို ချင်းကန်လာကိုင်လိုက်သဖြင့် အတွေးစပြတ်သွား၏။

သူတို့စားပွဲတွင် ကျုံးအိုင်ဖေ့ မရှိတော့။

ကျန်းရှင်ချောင် ချင်းကန် ကြည့်နေရာသို့ ကြည့်လိုက်သည်နှင့် စားပွဲတလုံးတွင် အရက်ထိုင်သောက်နေသော အနီရောင် ဝယ်ရုံကြီးကို ဝတ်ဆင်ထားသည့် ကုန်သည်ကြီးတဦးကို မြင်ရ၏။

သူ့ကိုမြင်သည်နှင့် ရုပ်ဖျက်ထားသော အဲ့နန်ဖြစ်ကြောင်း ကျန်းရှင်ချောင်သိလိုက်၏။

သေမင်းအော်နှင့် အဲ့နန်တို့ မည်ကဲ့သို့ပုံစံဖြင့်ရုပ်ဖျက်လာမည်ဖြစ်ကြောင်း ကြိုတင်မှာထားကြသောကြောင့် ယခုကဲ့သို့ မြင်မြင်ချင်း သိရခြင်းဖြစ်လေသည်။

အဲ့နန်သည် သူတို့ဘက်သို့ လုံးဝလှည့်မကြည့်။

အရက်ကို ခပ်မြန်မြန်သောက်ချလိုက်ပြီး ကျသင့်ငွေကို ရှင်းကာ ဆိုင်တွင်းမှ ပြန်ထွက်သွားလေသည်။

ခဏအကြာတွင် ကျန်းရှင်ချောင်နှင့် ချင်းကန်လည်း ဆိုင်တွင်းမှ ထွက်လာခဲ့ကြလေသည်။

* * *

အခန်း တဆယ့်သုံး

---

အမှောင်ဖုံးသွားပြီ ဖြစ်သော်လည်း ပိုင်ကျန်းမြို့ တမြို့လုံး တီးသံမှုတ်သံများ ဆူညံနေတုန်း။

အလင်းရောင်အားကောင်းလှသော မီးပုံကြီးများကိုချိတ်ပြီး မြို့တွင်းတွင် လှည့်လည်ကာ ကပြနေကြသေးသော နဂါးအဖွဲ့များကြောင့် စည်စည်ကားကား ရှိနေသေးသည်။

မြို့သူမြို့သားအားလုံးလိုလိုပင် လှုပ်ရှားသွားလာနေကြသေးသည်။

ကျန်းရှင်ချောင်နှင့် အဲ့နန် လူအုပ်ကြီးကို ဖြတ်ကျော်လာခဲ့ကြပြီးနောက် ရှေ့မှတစိုက်စိုက်မတ်မတ်သွားနေသော အဲ့နန်၏ ကျောပြင်ကို လှမ်းမြင်လိုက်ကြရ၏။

အဲ့နန်နောက်ဘက် မလှမ်းမကမ်းမှ မျက်ခြေမပြတ် အသာ လိုက်သွားကြလေသည်

ပန်းဥယျာဉ်ကြီးဆီသို့ အရောက် အဲ့နန် ချိုးကွေ့ဝင်ရောက် သွားသည်။

ကျန်းရှင်ချောင်နှင့် ချင်းကန်လည်း လိုက်ဝင်ကြ၏။

ပန်းဥယျာဉ်ကြီးမှာ ကျယ်ဝန်းလှပြီး အတွင်းတွင် မီးပုံး ကလေးများကို ခပ်ကျဲကျဲ ထွန်းညှိထားသဖြင့် အလင်းရောင်က စိုးတဝါး ရှိနေကာ လူရိပ်လူခြေကို မမြင်တွေ့ရချေ။

သစ်ပင်ကြီးများ၊ ချုံနွယ်ပင်များ၊ ပန်းရုံများသာ တည်ရှိ နေလေသည်။

ချုံပင်များ၊ ပန်းရုံများကို သူတို့ဖြတ်ကျော်လာခဲ့စဉ် ချုံပင် များ အတွင်းမှ အသက်ရှုသံသဲ့သဲ့များကို ကျန်းရှင်ချောင် ကြားလိုက်ရ၏။

သူတို့ဂိုဏ်းသား ကင်းပုန်းများ စောင့်နေကြခြင်း ဖြစ် ကြောင်း ကျန်းရှင်ချောင် သိနားလည်လိုက်၏။

သို့ဆိုလျှင် သူ့ဖခင် သေမင်းအော်မှာလည်း ဤဥယျာဉ်ထဲ တွင်ပင် ရှိနေမည်မှာ သေချာလေပြီ။

မြက်ခင်းပြင်ကျယ်ကြီး အတွင်းသို့ အရောက် ရှေ့မှ သွားနေ သော အဲ့နန် ရပ်လိုက်ပြီး သူတို့ကို လှည့်ကြည့်နေသည်။

သူတို့နှစ်ဦးစလုံး အဲ့နန်ထံ အရောက် သွားလိုက်ကြ၏။

"ဘယ်နှယ့်လဲငါ့တူ၊ အခြေအနေကောင်းရဲ့ မဟုတ်လား"

အဲ့နန်ထံမှ အမေးစကား ပေါ်လာသဖြင့် ကျန်းရှင်ချောင် ဖြေလိုက်ရ၏။



"ကောင်းပါတယ်၊ ဒါနဲ့ ဖေဖေကော"

"ဒီမှာပါသားရဲ့"

ချုံပင်တပင်၏ နောက်ကွယ်မှ အသံနှင့်အတူ ဝတ်ရုံနက်ကြီး ဝတ်ဆင်ထားသော သေမင်းအော် ထွက်လာ၏။

သူ့မျက်နှာကို ရုပ်ဖျက်ထားသေးသည်။

သေမင်းအော်သည် ကျန်းရှင်ချောင်ကို အားပါးတရ ဖက် လိုက်သည်။

ကျန်းရှင်ချောင်ကလည်း အသာအယာ ပြန်ဖက်လိုက်၏။

"လူလေးနဲ့ မခွဲစဖူး ခွဲတခါခွဲနေရတော့ ဖေဖေ့ရင်ထဲမှာ တမျိုးကြီးပဲသားရယ်၊ သားအတွက်လဲ စိတ်တထင့်ထင့်နဲ့ ခုမှပဲ ရင်အေးရတော့တယ်"

"ကျွန်တော်လဲ ဖေဖေ့ကို သတိရတာပါပဲဖေဖေ၊ ဒါပေ မယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲသားရဲ့"

"လူအများက မိစ္ဆာနက်ဂိုဏ်းကို ရွံမုန်း နာကျည်းနေကြ တယ်ဖေဖေ၊ ဒါကြောင့် သားအနေနဲ့ မိစ္ဆာနက်ဂိုဏ်းကိုတော့ သတိမရချင်ဘူး"

ထိုစကားကို ကျန်းရှင်ချောင် ရင်တွင်းမှာသာ ပြောလိုက် ရသည်။

တကယ်တန်း ပါးစပ်မှထွက်လာသည့်စကားက....

"ဩြ်.... ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ပြန်လာဖို့က မလွယ်ဘူး မဟုတ်လား၊ ဒါကြောင့်အစီအစဉ် မပြီးဆုံးခင်အထိ ဒီမှာပဲနေခဲ့ရတာပေါ့"

ကျန်းရှင်ချောင်စကားကြောင့် သေမင်းအောင် သဘောကျသွားပြီး ရယ်မောလိုက်၏။

"ကိုင်း....ဆရာကြီး လုပ်ငန်းကိစ္စကို ဆွေးနွေးကြရအောင်"

"ခြောင်....ဟုတ်ပေသားပဲ၊ ကျုပ်လဲ သားနဲ့ ပြန်တွေ့လိုက်တော့ လုပ်ငန်းကိစ္စကိုတောင် မေ့သွားမိတယ်၊ ဒါနဲ့ငွေတိုက်ရဲ့မြေပုံကို လူလေးတို့ ရကြရဲ့လား"

"ဟုတ်ကဲ့၊ ရပါတယ်ဖေဖေ"

ကျန်းရှင်ချောင်က မဖြေချင်ဖြေချင်နှင့် ဖြေလိုက်၏။

သူ့စိတ်ထဲတွင် 'နယ်ချဲ့ဆန့်ကျင်ရေးရံပုံငွေ' ဟူသော စကားကိုသာ ပဲ့တင်ထပ် ကြားယောင်နေသောကြောင့် ယခုကိစ္စကို ပါဝင်လိုစိတ် မရှိတော့။

သို့သော် ဖခင်ကြီးကို ချစ်ကြောက်ရိုသေသောကြောင့် သူ့ဆန္ဒကို ဖွင့်မပြောချင်။ အတတ်နိုင်ဆုံး သူ ရှောင်လွှဲနေရန်သာ ဆုံးဖြတ်ထား၏။

စိတ်ထဲတွင် ဆုတောင်းမှုတခုတော့ ပြုနေမိသည်။

ရတနာသေတ္တာကို သူတို့တွေ မရရှိပါစေနဲ့ဟု။

"ငွေတိုက်မြေပုံကို ပေးလေ သားရဲ့၊ ဘာငိုင်တွေတွေကြီး လုပ်နေတာလဲ"

သေမင်းအောင်၏ အသံ ပေါ်လာတော့မှ ကျန်းရှင်ချောင် အတွေးမြှင် ပြတ်သွားပြီး သူ့အင်္ကျီတွင်းမှ ငွေတိုက်မြေပုံကို ထုတ်ပေးလိုက်တော့သည်။



လွင်စာပေ
ဖြ-လမ်း၊ တောင်[illegible]

သေမင်းအောင်နှင့် အဲ့နန်တူသည် မီးရောင်မှိန်မှိန်ဖြင့်သာ ငွေတိုက်မြေပုံကို သေချာစွာ လေ့လာကြည့်ရှု၏။

အတန်ကြာမှ ကျန်းရှင်ချောင်ကို သေမင်းအောင်ကြည့်လိုက်ပြီး မေးမြန်းလိုက်၏။

"ငွေတိုက်ရဲ့ အနေအထားက ဒီမြေပုံအတိုင်း အတိအကျပဲနော်၊ ဟုတ်လား သား"

"ဟုတ်ပါတယ်ဖေဖေ၊ နာယကအဖွဲ့ဆီမှာရှိတဲ့ မူရင်းမြေပုံက ကျွန်တော်ကိုယ်တိုင် ကူးယူထားတာပါ၊ ဒီမူရင်းမြေပုံကို ကျွန်တော်တို့ရဖို့ အတွက် အတော်ကလေး ကြိုးစားကြခဲ့ရပါတယ်၊ မူရင်းမြေပုံကို ယူထားလိုက်ယင် နာယကအဖွဲ့က ရိပ်မိသွားမှာစိုးလို့ မူသနေရာမှာ ပြန်ထားခဲ့ပါတယ်"

ကျန်းရှင်ချောင်က သူတို့လုပ်ရှားခဲ့ရပုံကို ရှင်းပြလိုက်သည်။ သေမင်းအောင် မြေပုံကို ဂရုတစိုက် ထပ်မံကြည့်ပြီးနောက် မှတ်ချက်ချသည်။

"အင်း....မြေပုံအတိုင်းဆိုယင်တော့ ငွေတိုက်ထဲမှာ အစောင့်အကြပ်တွေ အထပ်တပ်ချထားရုံတင်မကပဲ လျှို့ဝှက်စက်ခလုတ်တွေကိုပါ ထောင်ချောက်ဆင်ထားတာကိုး၊ ဒီမြေပုံကို လက်မှာကိုင်မထားပဲ ငွေတိုက်ထဲ ရမ်းဝင်မိယင်တော့ ဘယ်လူမျိုးမဆို ထောင်ချောက်ထဲ ဝင်မိမှာ သေချာတယ်"

"ဟုတ်တယ် ဆရာကြီး၊ ဒီမြေပုံကိုရလိုက်လို့ တော်သေးတာပေါ့၊ ဒီမြေပုံကိုကြည့်ပြီးဝင်ယင် ကျုပ်တို့အတွက် အောင်

မြင်ကြမှာပါ၊ ပိုင်ကျန်းမြို့သူမြို့သားတွေရဲ့ ရတနာသေတ္တာဟာ ဒီအခန်းထဲမှာ ရှိမယ်လို့ ကျုပ်တော့ထင်တယ်”

အဲ့နန်း မြေပုံပေါ် လက်ထောက်ပြီး ပြောလိုက်၏။

သေမင်းအော် ခေါင်းကို အသာအယာ ညိတ်လိုက်၏။

“ဖြစ်နိုင်တယ် အဲ့နန်၊ ဖြစ်နိုင်တယ်”

“ကျွန်တော်တခုတော့ ပြောပါရစေ ဖေဖေ”

ကျန်းရှင်ချောင် ကြားဖြတ်ဝင်ပြောလိုက်၏။

“ပြောပါသား၊ ပြော”

“ဒီရတနာသေတ္တာဟာ အယင်တုန်းကပိုင်ကျန်းမြို့သူမြို့သားတွေရဲ့ ပစ္စည်းမှန်ပေမယ့် ခုအချိန်မှာ မဟုတ်တော့ပါဘူးဖေဖေ၊ မြို့သူမြို့သားတွေဟာ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုမှာ သုံးဖို့ နာယကချုပ်အဖွဲ့ကို အပြီးအပိုင် လှူလိုက်ပါပြီ၊ ဒါကြောင့် ဒီရတနာသေတ္တာဟာ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေဖြစ်သွားပါပြီ၊ ဒီတော့....”

“ဒီတော့ဘာဖြစ်လဲ သား၊ ဆက်ပြောပါ”

“တိုင်းတပါးသားမန်ချူးတွေရဲ့ လက်အောက်ကိုကျွန်တော်တို့နိုင်ငံ မကျရောက်ရေးအတွက် ကာကွယ်တိုက်ခိုက်ဖို့ ထားတဲ့ ရတနာတွေကို ကျွန်တော်တို့ရဲ့ ကိုယ်ကျိုးတခုတည်းအတွက် သုံးစွဲဖို့ ယူမယ်ဆိုယင် ကောင်းပါ့မလား”

“ဟာ....ဟား....လား....ဟား”

ကျန်းရှင်ချောင် စကားအဆုံးတွင် သေမင်းအော် အားပါးတရ ရယ်မောလိုက်ပြီး၊ သူ့ခံယူချက်ကိုပြောသည်။



“ဟားဟားဟားဟား ဒီမှာ လူလေး၊ ဖေဖေတို့ ဘဝကတော့ ဘယ်အစိုးရပဲတက်တက် မထူးခြားပါဘူးလေ၊ အရေးကြီးတာက ဖေဖေတို့ဂိုဏ်းမှာ ငွေရှိယင် ဒီထက်အင်အားများလာမယ်၊ လူတိုင်းကြောက်ရွံ့ရှိသေရမယ်၊ နောက်ဆုံး ဖေဖေတို့ မိစ္ဆာနက်ဂိုဏ်းအနေနဲ့ ဒီနယ်တစိုက်ကို အုပ်ချုပ်စိုးမိုးနိုင်မယ့် အခြေအနေမျိုးရောက်တဲ့အထိ ဖေဖေတို့ ကြိုးစားရမယ်၊ ဒီတော့ ခုချိန် ငွေရဖို့ပဲ၊ ဘယ်နည်းနဲ့ပဲရရ၊ ဘယ်သူ့ဆီကပဲရရ၊ ဖေဖေတို့အနေနဲ့ တိုက်ရမှာပဲ သား၊ သားအနေနဲ့ စိတ်ဓာတ်ပျော့ညံ့မနေစေချင်ဘူး၊ ဒီရတနာသေတ္တာကို ဖေဖေတို့ မရရအောင် တိုက်ယူမယ်”

သေမင်းအော် သူ့သဘောထားကို ကျန်းရှင်ချောင်အား ပြောပြပြီးနောက် အဲ့နန်ဘက်သို့လှည့်ပြီး ဆက်ပြောသည်။

“ကဲ....အဲ့နန်၊ ဒီညပဲ ငွေတိုက်ကို ကျုပ်တို့ဝင်မယ်၊ တတ်နိုင်ယင် ဘယ်သူမှ မသိအောင် တိတ်တဆိတ်ဝင်မယ်၊ အဲ.... သိသွားယင်တော့လဲ အခြေအနေအရ သေတ္တာကို ကျုပ်တို့လက်ထဲပါဖို့ပဲ၊ ဒီတော့ ခုအစီအစဉ် ဆွဲကြရအောင်”

ထို့နောက် သူတို့လေးယောက် စုဝေးကာ အစီအစဉ်ကို အသေးစိပ် ရေးဆွဲကြတော့၏။

ငွေတိုက်ထဲသို့ သေမင်းအော်နှင့် အဲ့နန် နှစ်ဦးထဲဝင်ကြမည် ဖြစ်သည်။

ဂိုဏ်းသားများကိုမူ ငွေတိုက် ပတ်ဝန်းကျင်တစိုက်တွင် အစောင့်ချထားမည်။

ငွေတိုက်ပတ်ဝန်းကျင်တစိုက်တွင် ကျန်းရှင်ချောင်နှင့်ချင်းကန်တို့က ဂိုဏ်းသားများကို အုပ်ချုပ်ပြီး အခြေအနေ စောင့်ကြည့်ရမည်ဖြစ်သည်။

အကယ်၍ ပိုင်ကျန်းမြို့သူမြို့သားများ သိသွားပြီး တိုက်ပွဲဖြစ်ပွားခဲ့သော် ကျန်းရှင်ချောင်နှင့်ချင်းကန် မြင်းများကိုအသင့်စုဆောင်းပြီး မြို့တံခါးဝအနီးတွင် ရှိနေရမည် ဖြစ်လေသည်။

သေမင်းအော်နှင့်ဂိုဏ်းဝင်များအားလုံး ကျန်းရှင်ချောင်တို့ထံ အရောက်လာခဲ့မည် ဖြစ်ပြီး၊ ပိုင်ကျန်းမြို့မှ ခွာထွက်ကြမည်ဖြစ်သည်။

ထိုအစီအစဉ်ကို သူတို့တတွေ တိကျစွာ ချမှတ်သည်။

အချိန်ကိုအတိအကျ ဇယား ဆွဲလိုက်ကြသည်။

တကွက်မှ မချော်ထွက်အောင် အထပ်ထပ် အကွက်ရိုက်သည်။

ချက်ချင်းပင် အစီအစဉ်အတိုင်း စတင် လှုပ်ရှားကြသည်။

* * *

အခန်း တဆယ့်လေး

---

ပိုင်ကျန်းမြို့ ငွေတိုက်။

လူအစည်းကားဆုံး မြို့လယ်ခေါင်တွင် ရှိလေသည်။

ငွေတိုက်ကို ကျောက်ဖြူသားဖြင့် တည်ဆောက်ထားပြီး၊ ငွေတိုက် ပတ်လည်တွင် မြင့်မားသော အုတ်တံတိုင်းကြီးများ ကာရံထားလေသည်။

သန်းခေါင်တိုင်ပြီမို့ ပိုင်ကျန်းတမြို့လုံး အိပ်မောကျနေကြပြီဖြစ်၏။

ငွေတိုက် အုတ်တံတိုင်းကြီး၏ တံခါးပေါက်ဝတွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အစောင့်သုံးဦး စောင့်ကြပ်နေသည်။

အုတ်တံတိုင်းကြီး၏ လေးဘက်လေးတန် ထောင့်များတွင်လည်း ကင်းတဲတတဲစီ ရှိနေပြီး အစောင့် နှစ်ယောက်စီ စောင့်ကြပ်နေပြန်သည်။

ထိုစဉ် ငွေတိုက်ပတ်ဝန်းကျင်မှ အိမ်များကို အမှောင်ခိုကာ ငွေတိုက်ဆီသို့ ဝတ်ရုံနက် နှစ်ဦး ချဉ်းကပ်လာနေကြ၏။

သူတို့၏ မျက်နှာများကို အမည်းရောင် ခေါင်းစွပ်ကြီးများ စွပ်ထားကြ၏။

မိစ္ဆာနက်ဂိုဏ်း၏ အမှတ်တံဆိပ်။

သူတို့ကား သေမင်းအော်နှင့်အဲ့နန်။

ငွေတိုက်ပတ်လည်ရှိ အဆောက်အဦများ၏ မှောင်ရိပ်တွင်လည်း မိစ္ဆာနက်ဂိုဏ်းဝင်များ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

သေမင်းအော်နှင့်အဲ့နန်တို့သည် လှသွားကနဲ့ လှသွားကနဲ့ ခုန်ပျံကာ အုတ်တံတိုင်းကြီးအနီးသို့ ရောက်လာခဲ့ကြ၏။

သို့သော် အုတ်တံတိုင်းဆီ မချဉ်းကပ်ကြသေး။

အစောင့်တဲများဆီ အကဲခတ်ကြည့်လိုက်ကြ၏။

အစောင့်တဲများတွင် မီးခပ်မှိန်မှိန် ထွန်းထားကာအေးအေးဆေးဆေး စကားပြောနေသော ညစောင့်နှစ်ယောက်စီကိုတွေ့မြင်သွားကြရလေသည်။

သေမင်းအော်၏ ခန္ဓာကိုယ်က အနီးဆုံးတွင်ရှိသည့်အစောင့်တဲနားဆီ ရောက်သွား၏။

အားကောင်းလှသော သူ၏ ကိုယ်ဖော့ပညာကြောင့်စကားကောင်းနေသော အစောင့်နှစ်ယောက်စလုံး သူတို့ အနီးရောက်လာသော သေမင်းအော်ကို သတိမပြုမိလိုက်ကြ။



သတိပြုမိချိန်တွင်မူ သေမင်းအော်သည် အလှယ်တကူ အစောင့်နှစ်ယောက်၏ အကြောမကြီးကို တပြိုင်နက်ပိတ်လိုက်ပြီဖြစ်နေ၏။

အစောင့် နှစ်ယောက်စလုံး ခန္ဓာကိုယ်မှာ မလှုပ်ရှားနိုင်တော့။ စကားမပြောနိုင်ကြတော့။

မနက်ပိုင်းလောက်မှ သေမင်းအော်ပိတ်ထားသော အကြောများ အလိုလိုပြန်ပွင့်လာမည် ဖြစ်၏။

ထိုအတောအတွင်း သေမင်းအော်မှ လွဲပြီး မည်သူ တဦးတယောက်မျှ ထိုအစောင့်နှစ်ယောက်၏ အကြောများကို ပြန်ဖွင့်ပေးနိုင်လိမ့်မည်မဟုတ်။

ဤကား သေမင်းအော်တဦးတည်းသာ လေ့ကျင့် တီထွင်ထားသော အကြောပိတ်ပညာပင်ဖြစ်သည်။

တဆက်တည်းပင် သေမင်းအော်နှင့်အဲ့နန် ကင်းတဲ အမိုးပေါ်သို့ ခုန်တက်လိုက်ကြ၏။

ထိုမှတဆင့် အုတ်တံတိုင်းပေါ် ရောက်သွားကြလေသည်။

အုတ်တံတိုင်းပေါ်တွင် သံဆူးကြိုးတန်း သုံးတန်း ထပ်မံကာရံထားလေ၏။

သေမင်းအော်နှင့်အဲ့နန်တို့ သံဆူးကြိုးတန်းများကို မထိအောင် အထူးဂရုစိုက်ကြ၏။

ငွေတိုက်မြေပုံထဲတွင် ထိုသံဆူးကြိုးတန်းကို ထိလိုက်မိသည်နှင့် အချက်ပေး ခေါင်းလောင်းသံများ ပေါ်လာလိမ့်မည်ဟု ပါရှိထားသောကြောင့် ဖြစ်သည်။

သံမဏိကြိုးတန်းများကြားမှ ငွေတိုက်အတွင်းဘက်သို့ သူတို့ကြည့်လိုက်ကြ၏။

ခြံဝင်းကြီးအတွင်းတွင် လူသူအရိပ်အရောင် မတွေ့ရမှ လူတရပ်စာ ကာရံထားသော သံမဏိကြိုးတန်းများကို ဆတ်ကနဲ ခုန်ကျော်လိုက်ကြ၏။

အုတ်တံတိုင်းကြီး အတွင်းဘက် မြေပြန့်ဆီသို့ ညင်သာစွာ ကျလာကြ၏။

တဆက်တည်းပင် ငွေတိုက်နံရံကို ချဉ်းကပ်လိုက်ကြသည်။

လူရိပ်လူခြေကို မတွေ့ရမှ ငွေတိုက် ရှေ့တံခါးပေါက်ဆီ ရောက်လာကြ၏။

ငွေတိုက်တံခါးကို ကြီးမားသော သော့ခလောက်ကြီး သုံးခုဖြင့် ခတ်ထားလေသည်။

တံခါးမကြီး၏ တံခါးရွက်ပေါ်တွင် ကျားခေါင်းရုပ်လေး တရုပ်ကို ရုပ်လုံးဖော်ပြီးကပ်ထားလေသည်။

သေမင်းအော် ကျားခေါင်းရုပ်၏ ညာဘက်မျက်လုံးကို လက်ညှိုးဖြင့် အသာအယာ ထိုးလိုက်၏။

ကျားမျက်လုံးမှာ အတွင်းသို့ နစ်ဝင်သွားပြီး 'ကလစ်'ဟူသော အသံကလေး ပေါ်ထွက်လာ၏။

သော့ခလောက်ကြီးများကို ဖွင့်ရန်အတွက် စိတ်ချသွားရပေပြီ။

ကျားမျက်လုံးမှာ လျှို့ဝှက်ခလုတ်တခုသာ ဖြစ်၏။

ထိုလျှို့ဝှက်ခလုတ်ကို မနှိပ်ပဲ သော့ခလောက်ကို ဖွင့်မိပါက လေးဘက်လေးတန်မှ လက်နက်ပုန်း အဆိပ်အပ်များ ထွက်လာ



ကာ တံခါးမကြီးရှေ့တွင် ရှိနေသူမှန်သမျှကို ထိမှန်နိုင်ကြောင်း မြေပုံတွင် ဖော်ညွှန်းထားလေသည်။

ချက်ချင်းပင် အဲ့နန်သည် သူ့အင်္ကျီအတွင်းမှ တမိုက်ခန့်ရှည်လျားသော သံမဏိပြားကလေးကို ထုတ်ယူပြီး သော့ပေါက်များအတွင်း သွင်းကာ လှည့်လိုက်သည်။

တခဏနှင့်ပင် သော့ခလောက်ကြီး သုံးခုစလုံး ပွင့်သွားကြလေသည်။

လူတကိုယ်ဝင်သာရုံ တံခါးကို ခပ်ဟဟကလေးဖွင့်ကာ သူတို့နှစ်ဦးစလုံး ငွေတိုက်အတွင်း ဝင်လိုက်ကြ၏။

ငွေတိုက်တွင် အမြဲတမ်း မီးမငြိမ်းအောင် ထွန်းညှိထားသော မီးပုံးကလေးများကြောင့် အလင်းရောင်က ခပ်မှိန်မှိန် ရှိနေ၏။

သူတို့သည် တံခါးကို အသေအချာ ပြန်ပိတ်လိုက်သည်။

ပထမအခန်းတွင်းသို့ ခုန်ဝင်လိုက်ကြ၏။

ပထမအခန်းမှာ အခန်းကျယ်ကြီးဖြစ်ပြီး အခန်း လေးဘက်လေးတန်တွင် ဗီရိုကြီးတလုံးစီ ရှိနေကြ၏။

သူတို့ အခန်းကျယ်ကြီးအလယ်သို့ အရောက်တွင် ဗီရိုကြီးလေးလုံးမှာလည်း တပြိုင်တည်းဝုန်းကနဲ ပွင့်လာကြ၏။

ဗီရိုကြီးအတွင်းဘက်မှ ဝတ်စုံဝါ ဝတ်ဆင်ထားသော လူလေးယောက် ခုန်ထွက်လာကြ၏။

တဦးမှာ အရပ်လေးပေခန့်ရှိ လူပုကလေးဖြစ်ပြီး သူ့ခန္ဓာကိုယ်က ဝနေသောကြောင့် ဘဲဥတလုံးကို ထောင်ထားသည်နှင့် တူနေသည်။

သူ့ လက်ထဲတွင်မူ အလေးချိန်စီးပြီး ကြီးမားလှသော ပေါက်ဆိန်ကြီးတလက်ကို ဆုပ်ကိုင်ထားလေသည်။

နောက်တဦးမှာ အရပ် ၆-ပေကျော် ရှည်လျားသော လူရှည်ကြီးတယောက်ဖြစ်ပြီး ခန္ဓာကိုယ်မှာလည်း ကြီးမားထွားကျိုင်းလှလေရာ လူဘီလူးကြီးနှင့် တူနေလေတော့သည်။

သူ့ကိုယ်နှင့်မလိုက်အောင် လက်ထဲတွင် သေးငယ်လှသော နှစ်ဘက်ချွန်ဓားငယ်ကလေး တချောင်းကို ဆုပ်ကိုင်ထားလေသည်။

နောက်တယောက်မှာ ဗယ်ဘက် ခြေထောက် တချောင်း ပြတ်နေပြီး ချိုင်းထောက်ကို ထောက်ထားသည်။ သူ့နှာခေါင်းမှာ အရင်းမှပြတ်နေပြီး ရှည်လျားသောသွားများက ခေါ်ထွက်နေသောကြောင့် အရုပ်ဆိုးလွန်းနေ၏။

နောက်တဦးမှာမူ မျက်စိစုံလုံးကန်းနေပြီး သူ့လက်နှစ်ဘက်ကို ဆန့်တန်းထားလေသည်။

လက်ချောင်း ဆယ်ချောင်းစလုံးမှ လက်သဲများမှာ တထွာနီးပါးခန့် ရှည်လျားနေသည်။

သူသည် သူ့လက်ချောင်းများကို တလှုပ်လှုပ်တယမ်းယမ်းဖြင့် လှုပ်ရှားနေယင်း သေမင်းအောင်တို့အားတိုက်ခိုက်ရန်ပြင်ဆင်ထားလေသည်။

သူတို့လေးဦးစလုံး သေမင်းအောင်နှင့် အဲ့နန်ကို ဝိုင်းထားကြပြီး ဖြစ်လေသည်။

သေမင်းအောင်နှင့်အဲ့နန် ဆတ်ကနဲ ကျောချင်းကပ်လိုက်ကြပြီး တိုက်ခိုက်ရန်အသင့် ပြင်လိုက်ကြ၏။



ထိုစဉ် ဝတ်စုံဝါလေးဦးစလုံး သူတို့ထံတပြိုင်နက် ခုန်ဝင်တိုက်ခိုက်ကြတော့သည်။

သေမင်းအောင်သည် သူ့ကျောပြင်မှ ဓားပြားကြီးကိုဖြုတ်ယူတိုက်ခိုက်သလို အဲ့နန်ကလည်း သူ့ခါးတွင် ခွေလာသော ကြာဖွတ်ဖြင့် ပြန်လည်တိုက်ခိုက်၏။

လူပုကလေးမှာ သူ့လက်တွင်းမှ ပေါက်ဆိန်ကြီးဖြင့် သေမင်းအောင်တို့၏ အောက်ပိုင်းကို တိုက်ခိုက်၏။

လူရှည်ကြီးကမူ အပေါ်စီးမှ တိုက်ခိုက်၏။

မျက်ကန်းကြီးသည်သူ၏လက်သဲကြီးများကို စွန်ကုတ်သဖွယ်ထားကာ သေမင်းအောင်တို့၏ ကျောပြင်ကို ထိုးစိုက်ချနိုင်ရန် သိုင်းကွက်အမျိုးမျိုးနင်းပြီး တိုက်ခိုက်၏။

ခြေကျိုးကြီးကမူ ချိုင်းထောက်ကြီးကို လှံတံသဖွယ် အသုံးပြုပြီး သေမင်းအောင်တို့၏ ရင်ဝကို ထိုးစိုက်ရန် ပြုလုပ်နေ၏။

ဝတ်ရုံဝါလေးဦး၏ တိုက်ခိုက်မှုမှာ တဦးချင်း တိုက်ခိုက်နေသော ပုံစံမျိုးမဟုတ်ပဲ လေးယောက် ပေါင်းပြီး သိုင်းကွက်တကွက်ကြီးဖြစ်အောင် ဖန်တီးတိုက်ခိုက်နေပုံမျိုး ဖြစ်သည်။

လွတ်ကွက်၊ ဟာကွက် မရှိအောင် တိုက်ခိုက်နေခြင်းမျိုး ဖြစ်လေသည်။

သေမင်းအောင်တို့အဖို့ ခန္ဓာကိုယ် ရွှေ့လျား ရှောင်တိမ်းဖို့ပင် အခွင့်မ[illegible]ချ။

ခုန်ပျံဖောက်ထွက်နိုင်ဖို့လည်း မလွယ်ကူလှ။

ဝတ်ရုံဝါ လေးဦး၏ ပိတ်ဆို့မှုက အကွက်စေ့လှသလို၊ တိုက်ခိုက်မှုကလည်း ကြောက်ခမန်းလိလိ သွက်လက်လွန်းလှသည်။

သမင်းအော်နှင့် အဲ့နန်တို့အနေဖြင့် ပြန်လည် ထိုးစစ်ဆင်နိုင်ရန် အခွင့်အရေးမရ။

သူတို့နှစ်ယောက်စလုံး ဇောချွေးများပင်ပြန်လာကြ၏။

ယခုအခြေအနေအတိုင်း ဆက်တိုက်သွားလျှင် သူတို့အတွက် ရှုံးနိမ့်နိုင်ကြောင်း သမင်းအော်တွေးမိသည်။

သူတို့လေးယောက်အနက် တယောက်ယောက်ကို ရှင်းလင်းဖယ်ရှားနိုင်မှ ဝတ်စုံဝါလေးဦး၏ သိုင်းကွက်များ ပျက်ကုန်တော့မည် ဖြစ်ကြောင်း သမင်းအော် အကဲခတ်မိသည်နှင့် သူနှင့် ခေါင်းချင်းဆိုင်ထားသော အဲ့နန်ကို တီးတိုး ပြောလိုက်၏။

"လောရှည်ကြီးကို ခင်ဗျား အပြတ်ရှင်း၊ ကျန်သုံးယောက်ကို ကျုပ် ထိန်းထားမယ်"

"ဟုတ်ကဲ့"

အဲ့နန်ကလည်း သမင်းအော်၏ ရည်ရွယ်ချက်ကို သဘောပေါက် နားလည်သောကြောင့် သဘောတူလိုက်၏။

သမင်းအော် ခံစစ်အနေအထားမှ ထိုးစစ်အနေအထားသို့ ပြောင်းလိုက်ပြီး....

လူပုကလေး၊ ခြေကျိုးနှင့် မျက်ကန်းကြီးတို့ သုံးဦးကို တရကြမ်း တိုက်ခိုက်လိုက်၏။



ထိုသို့ တိုက်ကွက်ကို စတင်ပြောင်းလိုက်သည့် အချိန်မှာပင် အတွင်းအားကို ထုတ်သုံးလိုက်သောကြောင့် လူပုကလေး၊ ခြေကျိုးနှင့် မျက်ကန်းကြီး နောက်သို့ ခြေနှစ်လှမ်းသုံးလှမ်းခန့် ခုန်ဆုတ်လိုက်ကြသည်။

လူရှည်ကြီးက သူ့လူသုံးယောက်အတွက် အကူအညီပေးလိုသော်လည်း အဲ့နန်၏ လျှပ်တပြက်တိုက်ခိုက်မှုကြောင့် အကူအညီ မပေးနိုင်တော့ချေ။

တဆက်တည်း ဆိုသလိုပင် အဲ့နန် သူ့လက်ကို လှုပ်ယမ်းလိုက်၏။

ကြာပွတ်ဖျားက မြွေတကောင်လို တွန့်လိန်လျက် လူရှည်ကြီး လက်တွင်းမှ နှစ်ဘက်ချွန် ဓားကလေးကို ဆွဲလုသွားတော့၏။

ဆက်တိုက်ဆိုသလိုပင် အဲ့နန်၏ လက်ဝါးစောင်းက လူရှည်ကြီး၏ ရင်ဘတ်ပေါ် ကျသွားပြီး 'ဖန်း'ကနဲ အသံမြည်သွား၏။

လူရှည်ကြီးပါးစပ်မှ သွေးကနဲ သွေးများ ထိုးအန်လာပြီး ကြမ်းပြင်ပေါ် ဝုန်းကနဲ မှောက်ကျသွား၏။

လူရှည်ကြီး၏ ဖြစ်အင်ကြောင့် ကျန်ဝတ်ရုံဝါသုံးဦး မျက်စိမျက်နှာ ပျက်သွားကြ၏။

သူတို့၏ လေးယောက်ပေါင်း သိုင်းကွက်မှာ ပျက်သွားရပြီ မဟုတ်ပါလော။

သမင်းအော် ရရှိလာသောအခွင့်အရေးကို တုန့်ဆိုင်းမနေပဲ အရယူလိုက်သည်။

သူ့လက်ထဲမှ ဓားပြားကြီးက လျှပ်လက်သလို ဆက်တိုက် လှုပ်ရှားသွားသည်။

ခြေကျိုးကြီးနှင့် မျက်ကန်းကြီးတို့ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားကြသည်။

အခြေအနေကို ရိပ်စားမိသော လူပုကလေး နံရံဆီ လွှားကနဲ ခုန်ပေါက်ရောက်ရှိသွားသည်။

နံရံမှခလုတ်ကိုနှိပ်ရန် သူ့လက်ကို လှမ်းလိုက်၏။

"ဧ်း....ဒုတ်"

သေမင်းအော် သူ့ဓားပြားကြီးဖြင့် လူပုကလေးထံ ပစ်လိုက်ရာ ထုတ်ချင်းပေါက် စိုက်ဝင်သွား၏။

ဖားကလေးတကောင်ကို လှံတချောင်းဖြင့်ထိုးစိုက်လိုက်သည့်ပုံစံလို လူပုကလေး ယက်ကန်ယက်ကန်ဖြင့် အသက်ပျောက်သွားသည်။

သေဆုံးနေသော လူပုကလေးထံ သေမင်းအော် လျှောက်ခဲ့ပြီး လူပုကလေးကို ခြေနှင့်နင်းကာ သူ့ဓားပြားကြီးကို ဆွဲထုတ်ယူလိုက်၏။

သူ့ကျောပြင်တွင် ပြန်လည်ချိတ်ဆွဲလိုက်သည်။

သေမင်းအော် မြေပုံကိုထုတ်ပြီး ပြန်ကြည့်သည်။

ထို့နောက် လူပုကလေး ထွက်လာသော ဗီရိုဆီသို့ လျှောက်သွားပြီး ဗီရိုကို ဖွင့်လိုက်၏။

ဗီရိုအတွင်းတွင် လူနှစ်ယောက်ဝင်သာရုံသာ အကျယ်အဝန်း ရှိနေသည်။



ဗီရိုအတွင်း နဂါးရုပ်နှစ်ရုပ်ကို ရေးခြယ်ထား၏။

သေမင်းအော်နှင့် အဲနန် တခြားဗီရိုသုံးလုံးကိုလည်း လိုက်ပြီး ဖွင့်ကြည့်သည်။

ဗီရိုအတွင်းတွင် နဂါးရုပ် တစ်ရုပ်၊ သုံးရုပ်၊ လေးရုပ်စသဖြင့် အသီးသီး ရေးခြယ်ထားလေ၏။

နဂါးရုပ်တစ်ရုပ်သာ ရေးခြယ်ထားသော ဗီရိုကြီးအတွင်းသို့ သေမင်းအော် ဝင်လိုက်သည်။

နဂါးရုပ်မှ မျက်လုံးနှစ်လုံးကို ဖိလိုက်သည်နှင့် ဗီရိုနောက်ဘက်တွင် လူတကိုယ်စာဝင်သာရုံ အပေါက်တပေါက် ပေါ်လာသည်။

ထိုအပေါက်မှ သေမင်းအော်နှင့် အဲနန် ဝင်ခဲ့ကြသည်။

အခန်းကျဉ်းကလေး တခန်းတွင်းသို့ ရောက်ခဲ့ကြသည်။

အခန်းတခြမ်းကို သံတိုင်ကြီးများဖြင့် အခိုင်အခန့် ကာရံထားလေ၏။

သံတိုင်တွင် တံခါးတချပ်ရှိပြီး ကြီးမားသောသော့ခလောက်ကြီးတခု ခတ်ထားလေသည်။

သံတိုင်၏ နောက်ဘက်အခန်းတွင်း ငင်မြင့်ကလေးပေါ်တွင် သေတ္တာတလုံးကို မြင်လိုက်ကြရသည်။

သေမင်းအော်သည် မြေပုံကို တချက်ကြည့်လိုက်ပြန်သည်။

ပြီးနောက် သူ့ဘေးနားတွင်ရှိသော ကုလားထိုင် နှစ်လုံးအနက် တလုံးကိုယူပြီး သံတိုင်တံခါးရှေ့သို့ ပစ်လိုက်၏။

သံတိုင်တံခါးရှေ့မှ ကြမ်းခင်းကြီးမှာ ဝုန်းကနဲ အောက်ကို နိမ့်ကျသွားပြီး ကုလားထိုင်ပါ ကြမ်းခင်းနှင့်အတူ ပါသွား၏။

တခဏအတွင်းမှာပင် ကြမ်းခင်းကြီး ပြန်ပေါ်လာသော်လည်း ကုလားထိုင်မှာ ပါမလာတော့ပေ။

လျှို့ဝှက်ကြမ်းခင်းကြီးမှာ မူလကြမ်းခင်းနှင့် တပြေးတည်းဖြစ်သွားပြီး အက်ကြောင်းရာပင် မပေါ်တော့။

သေမင်းအော် သူ့နောက်ဘက် ခေါင်းပေါ်မှ နံရံကို မော့ကြည့်လိုက်သည်။

ကြီးမားလှသော သမင်ချိုကြီးတချို နံရံတွင် ချိတ်ဆွဲထားသည်ကို မြင်လိုက်ရလေ၏။

အရှည်ဆုံး ချိုကို သေမင်းအော် လက်ဖြင့် ဖမ်းဆွဲလိုက်ချလိုက်သည်။

ထို ချိုရှည်ကြီးသည် မောင်းတံတခုလို အောက်ဘက်ကျလာသည်။

အပေါ်ကို ပြန်မတက်တော့။

သေမင်းအော် ကုလားထိုင်တလုံးကိုယူပြီး သံတိုင်တံခါးရှေ့ဘက်သို့ ပေါက်လိုက်ပြန်သည်။

ကုလားထိုင်မှာ ကြမ်းခင်းပေါ် အရှိန်ပြင်းစွာကျသွားသော်လည်း လျှို့ဝှက်ကြမ်းခင်းမှာ အောက်သို့ ကျွံကျမသွားတော့။

သမင်ချိုတွင် လျှို့ဝှက် တပ်ဆင်ထားသော မောင်းထိန်းခလုတ်ကိုဆွဲကာ ထိန်းထားပြီးဖြစ်သောကြောင့်ပင်။

သေမင်းအော်နှင့် အဲ့နန် ရဲရဲတင်းတင်းပင် သံတံခါးရှေ့သို့ လျှောက်လာကြသည်။

သူတို့၏ လှုပ်ရှားမှုများက သွက်လက်လွန်း၏။





သူတို့၏ မျက်လုံးအစုံမှာ လောဘရောင်များသန်းလျက် ရှိနေပြီး သံတိုင်ဘက်မှ သေတ္တာဆီသို့ ရောက်နေကြ၏။

သံတံခါးရှေ့ ရောက်သည်နှင့် အဲ့နန်သည် သံမဏိပြားကလေးကို သော့ခလောက်ကြီးအတွင်းသို့ သွင်းကာ ကမန်းကတန်း ဖွင့်လိုက်သည်။

သော့ခလောက်ကြီးမှာ ချက်ချင်းမပွင့်။

ငွေတိုက် တံခါးမကြီးတွင် ခတ်ထားသော သော့ခလောက်သုံးချောင်းနှင့် ဖွင့်ရသည်ထက်ပင် အခက်အခဲဖြစ်နေလေသည်။

အထူးစီမံထားသော ခိုင်ခန့်သည့် သော့ခလောက်ကြီးမှန်း အဲ့နန်သာမက သေမင်းအော်ပါသိလိုက်သည်။

သို့သော် အဲ့နန် ကြိုးစားပမ်းစား ဖွင့်လိုက်ပြီးသည့်နောက် သော့ခလောက်ကြီး ပွင့်သွားလေတော့သည်။

သေမင်းအော်နှင့် အဲ့နန် ဝမ်းသာအားရပင် သံတံခါးကို ဖွင့်ကာ အတွင်းသို့ ခုန်ဝင်လိုက်ကြသည်။

စင်မြင့်ပေါ်မှ တတောင် ပတ်လည်ခန့်ရှိ ကြေးသေတ္တာကလေးကို မြတ်မြတ်နိုးနိုး ကိုင်တွယ်လိုက်ကြ၏။

"ကျုပ်တို့ ရည်ရွယ်ချက်တော့ အောင်ပြီ သေမင်းအော်"

"ကျုပ်တို့ တွေးထင်ထားတဲ့အတိုင်း ရတနာ သေတ္တာဟာ ဒီအခန်းထဲမှာပဲ ရှိနေတာပါပဲ၊ ဟား....ဟား....ဟား"

အဲ့နန် လောဘရမက်သံကြီးဖြင့် ရှင်မြူးစွာ ပြောလိုက်၏။

သေမင်းအော်လည်း အဟားဟားဖြင့် ရယ်ယင်း ခေါင်းညိတ်လိုက်၏။

"ဟား....ဟား....ဟား.... ဟုတ်တယ် အဲ့နန်၊ ကျုပ်တို့ထင်တာထက် ပိုပြီး လွယ်လွယ်ကူကူနဲ့ ဒီသေတ္တာကိုရပြီ၊ပိုပြီးသေချာအောင် သေတ္တာကို ဖွင့်ကြည့်ကြစို့ရဲ့ ဒီသော့ခလောက်ကိုဖွင့်"

သေမင်းအော် သေတ္တာတွင်ပိတ်ထားသော သော့ခလောက်ကိုလက်ညှိုးထိုးပြပြီး ပြောလိုက်၏။

အဲ့နန် ခေါင်းညိတ်ပြီး သော့ပေါက်တွင်းသို့ သံမဏိပြားကလေးကို ထိုးသွင်းရန် ရွယ်လိုက်၏။

"ဒေါင်....ဒေါင်....ဒေါင်....ဒေါင်....ဒေါင်....ဒေါင်"

ထိုစဉ် အချက်ပေး ခေါင်းလောင်းသံများက ငွေတိုက်အတွင်း ထွက်ပေါ်လာလျက် ဆူညံစွာ အဆက်မပြတ် ပေါ်ထွက်လာလေသည်။

* *

သေမင်းအော် သေတ္တာကို ဆတ်ကနဲ ကောက်မလိုက်သည်။

သေတ္တာမှာ အလေးချိန်စီးသော်လည်း သူ့အဖို့ ပေါ့ပါးလှသည်။

သေမင်းအော်နှင့် အဲ့နန် တယောက်မျက်နှာကိုတယောက်ကြည့်လိုက်သည်။



သူတို့တွေ ငွေတိုက်အပြင်ဘက်သို့ အမြန်ဆုံးရောက်မှ ဖြစ်လိမ့်မည်ဟု နားလည်ကြသည်။

သံတိုင်အခန်းမှ ထွက်ခဲ့ကြ၏။

လျှို့ဝှက်တံခါးကိုဖွင့်ပြီး ဗီရိုကြီးမှ ထွက်လိုက်ကြသောအခါ အချက်ပေး ခေါင်းလောင်းမြည်ရန် လျှို့ဝှက်ခလုတ်ကို နှိပ်သူအား တွေ့လိုက်ကြရသည်။

အဲ့နန်၏ လက်ချက်ဖြင့် အသက်ထွက်သွားပြီဟု ထင်ရသော လူရှည်ကြီးပင် ဖြစ်သည်။

လူရှည်ကြီးသည် စိတ်အားတင်းပြီး လျှို့ဝှက်ခလုတ်ကိုနှိပ်နေလေသည်။

"ရှမ်း...."

အဲ့နန်၏ ကြာပွတ်က လူရှည်ကြီး၏ လည်ပင်းဆီသို့ ရစ်ပတ်သွားသည်။

ထိုအခါမှ လူရှည်ကြီး၏လက်က လျှို့ဝှက်ခလုတ်မှ လွတ်ထွက်သွားသည်။

သူ၏ လည်ပင်းနှင့် ကျောများ စုတ်ပြတ်ကုန်ကာ အသက်ထွက်သွားတော့သည်။

ငွေတိုက်အတွင်း လျှို့ဝှက်ခေါင်းလောင်းသံမှာ ရပ်သွားသော်လည်း ငွေတိုက်ပြင်ပဘက်တွင် ကုလားတက်ခေါက်သံများ ညံစီစွာ ထွက်ပေါ်နေလေသည်။

ပိုင်ကျန်းတမြို့လုံး တပ်လှန့်ကြလေပြီ။

ငွေတိုက်ဆီသို့ လာကြသော လုံခြုံရေး အဖွဲ့ဝင်များ
မိစ္ဆာနက်ဂိုဏ်းသားတို့မှာ ငွေတိုက် ပတ်ဝန်းကျင်တွင် တိုက်
နေကြလေပြီ။

လုံခြုံရေးအဖွဲ့ဝင်တိုင်း အနီရောင်ဝတ်စုံကို ဝတ်ဆင်
ကြသလို မိစ္ဆာနက်ဂိုဏ်းဝင်တို့မှာ အနက်ရောင် ဝတ်စုံများ
ထားလျက် မျက်နှာတွင် မိစ္ဆာနက်ဂိုဏ်းတံဆိပ်ပါသော
စွပ်နက်ကြီးများ စွပ်ထားကြလေသည်။

"မိစ္ဆာနက်ဂိုဏ်းဟေ့....မိစ္ဆာနက်ကွ"

"မိစ္ဆာနက်ဟေ့"

ဟစ်ကြွေးယင်း တိုက်ခိုက်နေသော မိစ္ဆာနက်ဂိုဏ်းသား
အော်သံများမှာလည်း ပွက်လော ညံနေလေသည်။

သေမင်းအော်နှင့် အဲ့နန်တို့ ငွေတိုက်ထဲဝင်သွားကတည်း
ငွေတိုက်ပတ်ဝန်းကျင်တွင် ရှိသော ဂိုဏ်းသားများကို အုပ်
စောင့်ကြပ်နေသော ကျန်းရှင်ချောင်သည် ငွေတိုက်ထဲမှ အ
ပေး ခေါင်းလောင်းသံများ ညံစီလာကတည်းက မြို့တံ
ဆီ ပြေးထွက်ခဲ့ပြီး ဖြစ်သည်။

သေမင်းအော်၏ အမိန့်အတိုင်း သူတို့မိစ္ဆာနက်ဂိုဏ်းဝ
လွယ်လင့်တကူ ထွက်ခွာနိုင်ရန် မြင်းများကိုစုရုံးအသင့်ပြ
ရမည်ဖြစ်၏။

သူသည် သေမင်းအော်တို့နှင့်လည်း ငွေတိုက်ထဲသို့ မလိုက်
ရတနာသေတ္တာကို ယူဆောင်ရာတွင် သူ့ကြိုးပမ်းချက်
လိုသောကြောင့် ဖြစ်၏။



မိစ္ဆာနက်တို့နှင့် မြို့လုံခြုံရေး အဖွဲ့ဝင်များ၏ တိုက်ပွဲတွင်
ည်း သူမပါဝင်လိုပေ။

အမှန်တရားဘက်မှ ရပ်တည် တိုက်ခိုက်နေသော လုံခြုံရေး
ဖွဲ့ဝင်များနှင့် သူမတိုက်လိုခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့်လည်း သူ့ဆန္ဒ၊ သူ့အကြောင်းကို သိသော
သမင်းအော်သည် ဤကဲ့သို့ အခြေအနေများ ဖြစ်ပေါ်လာ
က သူ့ကိုမြင်းများနှင့်အတူ မြို့တံခါးဝနားတွင် စောင့်နေရန်
ဝန်ပေးခဲ့ခြင်း ဖြစ်လေသည်။

မြို့တံခါးဝဆီသို့ သူပြေးထွက်ခဲ့စဉ် ငွေတိုက်ဆီသို့ ပြေးလွှား
းကြသော လုံခြုံရေးအဖွဲ့ဝင်များနှင့် မြို့သူမြို့သား အချို့ကို
မြင်ရ၏။

သို့သော် ကျန်းရှင်ချောင်၏ ဝတ်စားဆင်ယင်ပုံမှာ ရိုးရိုး
သူအရပ်သားတို့၏ ဝတ်စုံမျိုး ဖြစ်နေသောကြောင့် သူ့ကို
သူကမှ ဂရုတစိုက်မကြည့်ကြ။

သူသည် မည်သည့် အနှောင့်အယှက် အဟန့်အတားကိုမှ
ရပဲ မြင်းအုပ်ကြီးများရှိရာသို့ ထွက်လာခဲ့သည်။

မြင်းအုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားသော မိစ္ဆာ
ဂိုဏ်းဝင်နှစ်ဦးမှာ အမှောင်မှ ခုန်ထွက်လာကြသည်။

ဦးဆုံး တိုက်ခိုက်မည်ပြုပြီးမှ ကျန်းရှင်ချောင်မှန်း သိရသော
အရိပ်အခြေ ပေးလိုက်ကြ၏။

"ဒီဘက်ကအခြေအနေ ဘယ်လိုလဲဟေ့"

"ထူးခြားမှု မရှိပါဘူး ဆရာလေး၊ အေးအေးဆေး ပါပဲ၊ ဖြတ်သွား ဖြတ်လာတဲ့ လူတယောက်တလေမှ ပါဘူး"

ကျန်းရှင်ချောင်၏ အမေးကို ဂိုဏ်းသားတယောက်က လိုက်သည်။

"ဒါနဲ့ ချင်းကန်တယောက်ကော၊ သူ့ကို ဒီမှာစောင့် ငါလွှတ်လိုက်တာ ကြာပြီ"

"ခုထိ ရောက်မလာသေးပါဘူး ဆရာလေး"

"ခက်တာပဲ၊ ဘယ်များရောက်နေပါလိမ့်"

ထိုစဉ်တိုက်ခိုက်အော်ဟစ်သံများမှာ သူတို့နှင့် တဖြည်း နီးလာလေသည်။

မြင်းအုပ်ကြီးဆီ ဂိုဏ်းသားတချို့လည်း ပြေးလာကြ

ကျန်းရှင်ချောင်သည် သူ့ထံရောက်လာသော ဂိုဏ်း များကို မြင်းပေါ်တွင် တက်စေပြီး အသင့်ပြင်ထားစေ

သူကလည်း မြင်းတကောင်ပေါ် တက်လိုက်ပြီး အော်တို့ အလာကို စောင့်နေလေ၏။

မကြာမီ သေတ္တာတလုံးကို ပိုက်လာသော သေမင်းအော အဲ့နန်တို့ပါ ရောက်လာကြ၏။

သေမင်းအော်တို့နောက် လိုက်လာသော လုံခြုံရေး များကို ဂိုဏ်းသားအချို့က ခုခံဟန့်တားထားလေသည်

"သွားကြမယ်ဟေ့၊ တို့သွားကြမယ်၊ ရတနာသေတ္တ ရခဲ့ပြီ"



သေမင်းအော် အော်ဟစ်အမိန့်ပေးပြီး မြင်းပေါ်ခုန်တက် သည်။

"လူလေး သွားမယ်လေ၊ ဘာငိုင်နေတာလဲ"

ကျန်ရစ်သော ဂိုဏ်းသားများအတွက် နောက်ဆံတင်းနေ သော ကျန်းရှင်ချောင်ကို သေမင်းအော် လှမ်းပြောလိုက်ပြီး ရှေ့ဆုံးမှ သူ့မြင်းကို မြို့တံခါးဝဆီ ဒုန်းစိုင်းထွက်ခွာသွား လေသည်။

သူ့နောက်မှ အဲ့နန်နှင့် ဂိုဏ်းသားများ ထပ်ချပ်မကွာ လိုက် ပါသွားကြလေသည်။

ကျန်းရှင်ချောင်လည်း မြို့တံခါးဆီ သူ့မြင်းကို ဦးတည် ထွက်ခွာမည်အပြုတွင် မြို့တွင်းမှ ဒုန်းစိုင်းပြေးလာသော မြင်း တစီးကို တွေ့လိုက်ရသောကြောင့် စောင့်ကြည့်လိုက်မိသည်။

မြင်းပေါ်တွင် လူနှစ်ယောက် ပါလာသည်ကို ဦးဆုံးတွေ့ ရပြီး အနီးရောက်လာသောအခါ မြင်းပေါ်တွင် ပါလာသူ နှစ်ဦးမှာ ချင်းကန်နှင့် လင်းလီလီတို့ဖြစ်မှန်း သိရတော့၏။

ချင်းကန်သည် လင်းလီလီကို လက်တဘက်မှ ပွေ့ဖက်ယင်း မြင်းကို ဒုန်းစိုင်းစီးလာသည်။

လင်းလီလီ၏ အမူအရာကို မြင်ရုံနှင့် အကြောပိတ်ခံထားရ ကြောင်း ကျင်းရှင်ချောင် အကဲခတ်မိလေသည်။

ထိုမြင်ကွင်းကြောင့် ကျန်းရှင်ချောင် ဒေါသတကြီး ဖြစ် သွားသည်။

သူ့ဒေါသစိတ်ကို ထိန်းချုပ်နိုင်ခြင်း မရှိတော့။

အဘယ်ကြောင့် ဆိုသော် ချင်းကန်သည် ယခင်တခါက လင်းလီလီအပေါ် စော်ကားရန် ကြံစည်ခဲ့မိသည့်အတွက် သူ့အနေနှင့် လင်းလီလီကို ခွင့်လွှတ်ပါရန် တောင်းပန်ခဲ့ပြီး ဖြစ်သည်။

နောင် ထိုကဲ့သို့အဖြစ်မျိုး မဖြစ်တော့ပါဘူး ဟူ၍လည်း ကတိဝန်ခံချက်များ ပေးခဲ့သည်။

သို့သော် ယခုအခါ ချင်းကန်သည် သူ့ကတိစကားကို ဖောက်ဖျက်ပြီး ယုတ်မာမှုကို ဖော်ထုတ်ပြန်လေပြီ။

လင်းလီလီအား သူတို့စခန်းသို့ ခိုးယူရန် မြင်းဖြင့်တင်ဆောင်လာခြင်း ဖြစ်လေသည်။

ကျန်းရှင်ချောင် တွေဝေစဉ်းစားနေခြင်း မပြုတော့။

သူ့မြင်းကို ချင်းကန်မြင်းနှင့် ဘေးချင်းယှဉ်ပြီး ပူးကပ်လိုက်၏။

တဆက်တည်းပင် ချင်းကန်ကို သူ့ညာဘက်လက်ဖြင့် ဖြတ်ရိုက်လိုက်သည်။

ချင်းကန်သည် လင်းလီလီကို ဖက် ထား သော ကြောင့် နှစ်ယောက်စလုံး မြင်းပေါ်မှ ကျသွားကြသည်။

ကျန်းရှင်ချောင်လည်း သူတို့ထံ လွှားကနဲ ခုန်ဆင်းသည်။

ကျန်းရှင်ချောင် မြေပေါ် မရောက်ခင် ချင်းကန်ဆီမှ ဓားမြှောင်တစင်းက သူ့ရင်ဝဆီ တန်းတန်းမတ်မတ် ဝင်လာ၏။

သူ့ထံဝင်လာသောဓားမြှောင်ကို ကျန်းရှင်ချောင် လက်ဖြင့် ခတ်ထုတ်လိုက်သည်။



သူ့ခြေဖျားက ချင်းကန် မျက်နှာဆီသို့ ဖြန်းကနဲ ကျသွားသည်။

ချင်းကန် နောက်ဘက်ကို နှစ်ပတ်သုံးပတ် လိမ့်ထွက်သွားသည်။

ကျန်းရှင်ချောင် လင်းလီလီ၏ ပိတ်ထားသော အကြောများကို ဖွင့်ပေးလိုက်သည်။

ကြောက်ရွံ့စိတ်ကြောင့် သူမတကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်။

"ကဲ....ညီမ၊ ဘာမှ မကြောက်နေနဲ့တော့၊ အိမ်ကိုသာ အေးအေးဆေးဆေး ပြန်ပါ"

မြို့ဘက်မှ အလင်းရောင်မှာ ထိုနေရာတွင် ဝိုးတဝါးသာ လင်းနေသောကြောင့် ဦးဆုံး ကျန်းရှင်ချောင် မျက်နှာကို လင်းလီလီ မမြင်မိ။

အသံထွက်လာတော့မှ ကျန်းရှင်ချောင်မှန်း သိလိုက်ရပြီး စိတ်သက်သာရာရသွား၏။

အနီးကပ်မို့ ထိုအခါမှ ကျန်းရှင်ချောင် မျက်နှာကိုလည်း ပီပီသသ မြင်ရတော့၏။

ကျန်းရှင်ချောင်သည် လင်းလီလီကို ပြောပြီး ချင်းကန်ထံ ကြည့်လိုက်၏။

ချင်းကန်မှာ လဲကျရာမှ ထရပ်နေပြီဖြစ်၏။

မြို့ဘက်ဆီမှ တိုက်ခိုက်သံများလည်း စဲသွားပြီး သူတို့ဘက်သို့ ပြေးလာသော လူစုကြီးကို လှမ်းမြင်ရသည်။

“ကဲ ချင်းကန် သွားကြစို့”

“ဒီမှာ ကျန်းရှင်ချောင် မင်းဟာ မိစ္ဆာနက်ဂိုဏ်းချုပ်ကြီးရဲ့ သားဆိုပြီး နေရာတကာမှာ စွာကျယ်စွာကျယ် လုပ်တယ်၊ ဒီတခါတော့ မင်းသေသေ ငါသေသေပဲဟေ့”

ချင်းကန်စကားကြောင့် လင်းလီလီ အံ့သြ တုန်လှုပ်သွားသည်။

ချန်လူးဟု အမည်ခံထားပြီး သူမ၏ အရှက်ကို အကြိမ်ကြိမ် ကာကွယ်ခဲ့ဖူးသည့် သူသည် ရက်စက်ယုတ်မာသော မိစ္ဆာနက်ဂိုဏ်းချုပ်ကြီး၏သား ကျန်းရှင်ချောင် ဖြစ်နေသည် ဆိုပါကလား။

လင်းလီလီ ကြောက်ရွံ့စိတ်ဖြင့် နောက်ဘက်သို့ ဆုတ်လိုက်မိ၏။

ထိုစဉ် ချင်းကန်သည် ကျန်းရှင်ချောင်ထံ ခုန်ဝင်တိုက်ခိုက်လိုက်တော့၏။

မြို့ဘက်မှ ပြေးလာသော လူစုမှာ တစတစ နီးလာသောကြောင့် ကျန်းရှင်ချောင် ညှာမနေနိုင်တော့။

ပြီးတော့ ချင်းကန်သည် ကတိသစ္စာပျက်သောသူတယောက် ဖြစ်နေသဖြင့် ယုတ်မာသောစိတ်ထားရှိသူ တယောက် ဖြစ်၏။

ချင်းကန် ထိုးစိုက်လာသော ဓားချက်ကို ကျန်းရှင်ချောင် ကိုယ် တပတ်လှည့်ခုန်ကာ ရှောင်တိမ်းလိုက်၏။

တဆက်တည်းပင်သူ၏အတွင်းအားအပြည့်ပါသောလက်ဝါးစောင်းက ချင်းကန် ငယ်ထိပ် တည့်တည့်ကို ရိုက်ချလိုက်၏။



‘ခွမ်း’ကနဲ ဦးခေါင်းခွံ အက်ကွဲသံ ပေါ်လာပြီး ချင်းကန် လဲကျပြီး ငြိမ်သက်သွား၏။

ကျန်းရှင်ချောင် ထွက်ပြေးရန် မြင်းကို ရှာသော်လည်း မတွေ့ရတော့။

သူ့ကို ဝိုင်းထားသော လူအုပ်ကြီးကိုသာ မြင်ရလေသည်။

အလင်းရောင်မှာ ဝိုးတဝါးမို့ တဦးမျက်နှာ တဦးကိုမှ မတွေ့ရပေ။

ကျန်းရှင်ချောင် ချက်ချင်းပင် သူ့အင်္ကျီတွင်းမှ ခေါင်းစွပ်ကို ထုတ်ယူပြီး သူ့ခေါင်းတွင် စွပ်ချလိုက်၏။

မိစ္ဆာနက် တံဆိပ်ပါသော ခေါင်းစွပ်။

“ဒီမှာ မိစ္ဆာနက် ဂိုဏ်းသားတယောက် ကျန်သေးတယ်ဟေ့ မလွတ်စေနဲ့ ဝိုင်းထား၊ မြို့တံခါးကိုလဲ ပိတ်ထားကြ”

လူအုပ်တွင်းမှ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူတယောက် ခုန်ထွက်လာပြီး အော်ပြောလိုက်၏။

သူကား လုံခြုံရေးမှူး လျံစွမ်းပင် ဖြစ်သည်။

သူသည် သူ၏ လက်နှစ်ဖက်ကို တွန့်လိမ် ကွေ့ကောက်ယင်း ကျန်းရှင်ချောင်ကို စတင် တိုက်ခိုက်ကြတော့၏။

ကျန်းရှင်ချောင် အတွင်းအားကို စုစည်းလိုက်ကာ သူ့ထံ ရိုက်လာသော လျံစွမ်း၏ လက်ဝါးစောင်းကို သူ့ လက်ဝါးဖြင့် ခံပေးလိုက်သည်။

လက်ချင်းထိသံ ‘ဖန်း’ကနဲ ပေါ်လာပြီး ကျန်းရှင်ချောင်မှာ မူလနေရာတွင်ပင်ရပ်နေနိုင်လျက် လျံစွမ်းမှာ နောက်သို့ ခြေနှစ်လှမ်းခန့် ပြန်ဆုတ်လိုက်ရ၏။

လျှံစွမ်းသည် ကျန်းရှင်ချောင်၏ အတွင်းအား ထက်မြက်မှုကိုလည်း သိရှိသွားလေတော့သည်။

ကျန်းရှင်ချောင်သည် လျှံစွမ်းထက် အတွင်းအား သာနေသည်။

ဤသည်ကို ထောက်ရှုပြီး ယခု သူနှင့် ရင်ဆိုင်နေရသော မိစ္ဆာနက် ဂိုဏ်းဝင်မှာ သာမန် ဂိုဏ်းဝင်တယောက် မဟုတ်မှန်း လျှံစွမ်းသိလိုက်ရတော့၏။

သူတို့ကိုဝိုင်းထားသော လူစုထဲတွင် နငတကချုပ်ကြီး ရင်လင်တူလည်း ပါရှိလေရာ လျှံစွမ်းနှင့် မျက်နှာဖုံးစွပ်ထားသော မိစ္ဆာနက်ဂိုဏ်းသားတို့၏ တိုက်ခိုက်မှုကို မြင်ရရုံဖြင့် ထိုမိစ္ဆာနက်ဂိုဏ်းသား၏ တိုက်ခိုက်မှုစွမ်းရည်ကို အကဲခတ်မိသွားလေပြီ။

သူကိုယ်တိုင် ဝင်တိုက်ရန် မသင့်လျော်သေးသဖြင့် အခြေအနေကို ဆက်ပြီး ကြည့်နေလိုက်၏။

သူတို့လူစုမှာလည်း ဝိုင်းထားပြန်၊ မြို့တံခါးကိုလည်း ပိတ်ထားပြီ ဖြစ်သောကြောင့် ထိုမိစ္ဆာနက်ဂိုဏ်းသားအနေဖြင့် သူတို့လက်မှ ထွက်ပြေးလွတ်မြောက်နိုင်တော့မည် မဟုတ်ဟု နာယကချုပ်ကြီး ရင်လင်တူ ယုံကြည်ထားသောကြောင့်ဖြစ်၏။

ထိုအချိန်တွင် ရန်သူကိုအထင်သေးသဖြင့်ဝင်ရောက်တိုက်ခိုက်ခြင်းကို နောင်တရမိသော လျှံစွမ်းသည် သူ့အတွင်းအားကို စုစည်းလိုက်သည်။

အတွင်းအားကိုသာမက လက်စကြာသိုင်းကွက်ကိုပါ ပူးတွဲအသုံးပြုပြီး တိုက်ခိုက်ရန် လျှံစွမ်း ဆုံးဖြတ်လိုက်၏။



ကျန်းရှင်ချောင်ထံ လွှားကနဲ ခုန်ဝင်လိုက်ပြန်သည်။

ယခုအခါ သူသည် အတွင်းအားကိုအဓိကမထားပဲသိုင်းကွက်ကိုသာ အဓိကထားပြီး တိုက်ခိုက်လေ၏။

သူ့လက်က ဗယ်မှပြပြီး ညာမှတိုက်၏။ ညာမှပြပြီး ဗယ်မှတိုက်သည်။

လျှံစွမ်း၏ ဆန်းကျယ်သော တိုက်ကွက်များကို ကျန်းရှင်ချောင် အတွင်းအားဖြင့် ခုခံသေးသည်။

သို့သော် လျှံစွမ်း၏လက်များက စကြာလို တရစပ်လှည့်ပတ်တိုက်ခိုက်နေသောကြောင့် သူ့လက်များကိုလည်း ဝှေ့ယမ်းလှုပ်ရှားကာ ခုခံရတော့သည်။

ကျန်းရှင်ချောင်သည်လည်း အတွင်းအားကို လျှော့ချကာ သိုင်းကွက်များဖြင့်ပြန်လည်တိုက်ခိုက်ရတော့၏။

သူတို့နှစ်ဦး၏ ရှောင်တိမ်းလှုပ်ရှားသံများက လှစ်ကနဲ၊ လှစ်ကနဲနှင့် လျှပ်ပြက်သည့်ပမာ မြန်ဆန်လွန်းလှသည်။

လျှံစွမ်းသည် တိုက်ခိုက်ယင်းမှ ကျန်းရှင်ချောင်၏သိုင်းကွက်ကို အကဲခတ်မိပြီး ထိတ်လန့်သွားလေသည်။

တဘက်ရန်သူ မိစ္ဆာနက် တိုက်ခိုက်သော သိုင်းကွက်များမှာ လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော်ခန့်က ထင်ပေါ် ကျော်ကြားခဲ့သော လက်သီးပုန်း ခုနစ်ကွက်သိုင်း နည်းစနစ်များဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

လျှံစွမ်းနည်းတူ ဘေးမှကြည့်နေသော နာယကချုပ် ရင်လင်တူသည်လည်း မျက်နှာဖုံးစွပ် မိစ္ဆာနက်ဂိုဏ်းသား၏ သိုင်းကွက်

များမှာ မည်သည့်သိုင်းကွက်ဖြစ်ကြောင်း ရိပ်မိသွားပြီး မျက်နှာ ပျက်သွား၏။

လျှံစွမ်းအတွက်လည်း စိုးရိမ်မကင်း ဖြစ်သွားသည်။

ထိုသိုင်းကွက်များကို အချိန်ကြာကြာ လျှံစွမ်းခုခံနိုင်လိမ့်မည် မဟုတ်ကြောင်း ရင်လင်တူသိသည်။

ကျန်းရှင်ချောင်၏ လက်သီးပုန်းများ မ ထင် မှတ် သော နေရာမှ ပေါ်ထွက်လာတတ်သောကြောင့် လျှံစွမ်း နောက်ဆုတ် နောက်ဆုတ်ဖြင့် ခုခံနေရလေသည်။

တချက်တွင် လျှံစွမ်း မည်သို့မှ ရှောင်တိမ်း မဖယ်ထုတ်နိုင်မီ ကျန်းရှင်ချောင်၏ လက်သီးပုန်းတလုံးက သူ့ရင်ဝကို ဝုန်းကနဲ ဝင်တိုးမိလေ၏။

လျှံစွမ်း နောက်သို့လွင့်ပြီး လဲကျသွားသည်။

ဘေးမှကြည့်နေသော လူစုကြီးမှာ ဟင်းကနဲ၊ ဟာကနဲ ဖြစ်သွားကြ၏။

"အို...အစ်ကိုလေးလျှံစွမ်း"

သူ့ဘေးမှ ပေါ်လာသော လင်းလီလီ၏ အသံကြောင့် ကျန်းရှင်ချောင်း အသံလာရာသို့ ကြည့်လိုက်မိ၏။

ထိုစဉ် သူ့နောက်မှ လေကိုထွင်းဖောက်လာသောအသံများ ကို ကြားလိုက်လေ၏။

အန္တရာယ်ဟူသော အသိကြောင့် ကျန်းရှင်ချောင် ကိုယ်ကို ဆတ်ကနဲ လှည့်လိုက်ပြီး လက်နှစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

သူထံသို့ တန်းဝင်လာသော မြှားတံများက လွင့်စဉ်ကုန် သည်။



သို့သော် မြှားတချောင်းမှာမူ သူ့ပခုံးတွင် စိုက်ဝင်သွား သည်။

လင်းလီလီထံ သူ့အာရုံ ရောက်သွားခြင်းကြောင့် ယခုလို ခံလိုက်ရခြင်း ဖြစ်လေသည်။

အဆိပ်လူးထားသောမြှားမို့ သူ့ခန္ဓာကိုယ် တချက် ယိုင် သွားသည်။

"မြှားထိသွားပြီဟေ့၊ မြှားထိသွားပြီ"

လူအုပ်ကြီးထံမှ ပြောဆိုသံများ ပေါ်လာ၏။

ထိုမြှားများကို လျှံစွမ်း၏တပည့် လုံခြုံရေးအဖွဲ့ဝင်များက တပြိုင်တည်း ပစ်ခတ်လိုက်ကြခြင်း ဖြစ်သည်။

သူတို့၏ခေါင်းဆောင်ကို ကျန်းရှင်ချောင်က အသေသတ် လိုက်သည် ထင်ပြီး ဒေါသကို မချုပ်တည်းနိုင်တော့ပဲ ယခုလို နောက်ကျောမှ ပစ်ခတ်လိုက်ကြခြင်းဖြစ်သည်။

ကျန်းရှင်ချောင် စိတ်အားတင်းလိုက်ပြီး လင်းလီလီထံ တချက် ကြည့်လိုက်သည်။

သူ့ကိုစိုးရိမ်စိတ်ဖြင့် ကြည့်နေသော လင်းလီလီ မျက်နှာ ကလေးကို စိုးတဝါးမြင်ရလေသည်။

"မင်းတို့ကို ဘယ်သူကပစ်ဖို့ အမိန့်ပေးလိုက်လို့လဲကွ၊ ဟေ့ နောက်ကျောက ခိုးပြီးတိုက်တဲ့ မင်းတို့အပြုအမူဟာ သိပ်ရှက်ဖို့ ကောင်းတယ်၊ မင်းတို့ဟာတွေ သိုင်းသမားကောင်းမပီသ"

လျှံစွမ်း မြေပေါ်မှပြန်ထပြီး သူ့လူများကို လှမ်းအော်ဆူပူ လိုက်သည်။

သို့သော် သူ့စကားကိုဆုံးအောင် မပြောလိုက်နိုင်။

ကျန်းရှင်ချောင်၏ လှုပ်ရှားမှုကို မြင်တွေ့ လိုက်ရသော ကြောင့်ပင် ဖြစ်သည်။

ကျန်းရှင်ချောင်သည် ပြင်းထန်သောဒဏ်ရာ ရရှိနေသည့် ကြားမှ လူအုပ်ကြီးကို ခုန်ပျံကျော်လွှားကာ ဖောက်ထွက်သွား လေသည်။

မြင်ရသူအားလုံး အံ့သြတကြီး ဖြစ်ကုန်ကြ၏။

နာယကချုပ်ကြီး ရင်လင်တူနှင့် လျှိုစွမ်းမှာမူ သူတို့၏ရန် ဖြစ်သော ကျန်းရှင်ချောင်၏ ကိုယ်ဖော့ပညာကို ချီးကျူးလို့ မိကြသည်။

'တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလားဟေ့၊ ငါတသ ဒီလောက်ကောင်းတဲ့ ကိုယ်ဖော့ ပညာမျိုး ဒီတခါပဲ တွေ့ သေးတယ်'

နာယကချုပ်ကြီး ရင်လင်တူ တီးတိုးရေရွတ်လိုက်သည်။

ချီးကျူးမည်ဆိုလျှင်လည်း ချီးကျူးထိုက်ပါသည်။

ကျန်းရှင်ချောင်သည် အဆိပ်သင့်သော ဒဏ်ရာကို ရ သော်လည်း လူအုပ်ကြီးကို ခုန်ပျံကျော်လွှား ထွက်ပြေးနိုင် သည် မဟုတ်ပါလော။

တအောနှင့် ကျန်းရှင်ချောင် အမှောင်တွင်းဝယ်ပျောက်ကွ သွားလေတော့၏။

* *



## အခန်း တဆယ့်ခြောက်

မြို့တွင်းရှိ အိမ်တိုင်း အိမ်တိုင်း မီးထွန်းထားသောကြောင့် လမ်းပေါ်တွင်လည်း အလင်းရောင် ဖြာဆင်းနေလေသည်။

အိမ်တိုင်းလိုလို အိမ်မပျော်ကြတော့။

မိစ္ဆာနက်ဂိုဏ်း သူတို့မြို့ကို ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အကြောင်းကိုသာ လူတိုင်း ပြောဆိုနေကြ၏။

လမ်းပေါ်တွင်မူ အသွားအလာ သိပ်မရှိလှ။

သာမန် မြို့သူမြို့သားတို့ လမ်းပေါ်ကို မထွက်ရဲ။

သိုင်းပညာ အစွမ်းထက်ပြီး ကြောက်စရာ ကောင်းလှသော မိစ္ဆာနက် ဂိုဏ်းသားတယောက်သည် မြို့တွင်းမှာပင် ပုန်းရှောင်

လျက်ရှိနေသေးသည်ဟူသော သတင်းက တမြို့လုံးတောမီးပမာ ပြန့်နှံ့သွားသောကြောင့် ဖြစ်၏။

လုံခြုံရေးမှူး လျှံစွမ်းနှင့် မိစ္ဆာနက်ဂိုဏ်းဝင်တယောက်၏ တိုက်ပွဲအကြောင်း၊ မိစ္ဆာနက်ဂိုဏ်းသားသည် အဆိပ်လူးမြားမှန်သည့် ဒဏ်ရာရထားသော်လည်း လွတ်မြောက်ထွက်ပြေးသွားသည့်အကြောင်း၊ မြင်ခဲ့ရသူ၊ ကြားခဲ့ရသူများမှ တဆင့်စကားတဆင့်ကားသွားခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်းလမ်းများပေါ်တွင် လုံခြုံရေး အဖွဲ့ဝင်နှင့် တာဝန်ရှိသူတို့မှအပ မည်သူမှ အသွားအလာ မလုပ်ရဲကြ။

ကိုယ့်အိမ်ကို ကိုယ်ပြန်ကြကာ ကိုယ့်မိသားစု လုံခြုံရေးအတွက် စီစဉ်ကြလေသည်။

မည်သည့်အိမ်သို့မဆို ဒဏ်ရာရထားသော မိစ္ဆာနက်ဂိုဏ်းဝင် ရောက်လာပါက သတင်းပို့ရန် မြို့သူမြို့သားများအား နာယကအဖွဲ့ကလည်း ကြေငြာထားလေသည်။

ထိုစဉ် မိုးနတ်မယ် စားတော်ဆက် တည်ရှိရာ အိမ်ကြီးဆီသို့ လူနှစ်ယောက် လျှောက်လာကြသည်။

လုံခြုံရေးမှူး လျှံစွမ်းနှင့် လင်းလီလီတို့ပင် ဖြစ်ကြ၏။

လျှံစွမ်းက လင်းလီလီ၏ အဖြစ်ကို မေးသဖြင့် လင်းလီလီကလည်း သူမကို မိစ္ဆာနက် ဂိုဏ်းဝင်တဦးဖြစ်သော ချင်းကန်ဆိုသူက ဖမ်းဆီးခေါ်ဆောင်သွားပုံ၊ ထိုစဉ် လျှံစွမ်းနှင့် တိုက်ခိုက်သော မိစ္ဆာနက် ဂိုဏ်းသားတဦးက ချင်းကန်ကို သတ်ပြီး



သူမကို ကယ်တင်လိုက်ပုံ၊ ထို့နောက် လျှံစွမ်းတို့တတွေ ရောက်လာပြီး ထိုသူနှင့် တိုက်ပွဲဖြစ်ပုံကို ပြောပြလိုက်၏။

"ဒါဖြင့် အစ်ကိုလေးနဲ့ တိုက်ခိုက်ခဲ့တဲ့မိစ္ဆာနက် ဂိုဏ်းသားရဲ့ မျက်နှာကို လင်းလီလီ မြင်လိုက်ရသလား"

"ဟင့်အင်း....မမြင်လိုက်ရပါဘူး အစ်ကိုလေး"

လျှံစွမ်း၏ အမေးစကားကို လင်းလီလီ ချက်ချင်းပင် ခေါင်းခါဖြေလိုက်ပြီးမှ သူမကိုယ်သူမ အံ့အားသင့်မိလေသည်။

သူမအနေဖြင့် ကျန်းရှင်ချောင်အတွက် ဘာ့ကြောင့် လိမ်မိပါလိမ့်ဟု သူမကိုယ်သူမ နားမလည်နိုင်အောင် ဖြစ်သွား၏။

တကယ်တော့ ကျန်းရှင်ချောင်သည် လူတိုင်းရွံမုန်းနေသော မိစ္ဆာနက်ဂိုဏ်းဝင် တယောက်။

ဂိုဏ်းဝင်မှ ရိုးရိုးဂိုဏ်းဝင်မဟုတ်။

အရက်စက် အကြမ်းကြုတ်ဆုံး မိစ္ဆာဂိုဏ်းချုပ်ကြီး၏ သားတယောက်။

ဖခင်၏ ဗီဇသွေးပါပြီး ကျန်းရှင်ချောင်လည်း ရက်စက်ကြမ်းကြုတ် ယုတ်မာသူတယောက် ဖြစ်ချင် ဖြစ်နိုင်သည်။

သို့ပါလျက် သူသည် ကျန်းရှင်ချောင်ကို အဘယ်ကြောင့် ကာကွယ်လိုစိတ် ဖြစ်ပေါ်ခဲ့သနည်း။

သို့သော် သူမအနေဖြင့် ကျန်းရှင်ချောင်းအပေါ် ကာကွယ်ခြင်း မဟုတ်ဟု သူမစိတ်ကို သူမ ဖြေသိမ့်လိုက်သည်။

မှန်သည်။

သူမသိထားသည်မှာ သူ့နာမည် ချန်လူး။

သိုင်းပညာ ထက်မြက်ပြီး မဟုတ်လျှင် မခံတတ်သူ။

မိမိ၏ အရှက်ကို အကြိမ်ကြိမ် အကာအကွယ် ပေးခဲ့သည့် ကျေးဇူးရှင် တယောက်။

ထို့ကြောင့် သူမအနေဖြင့် သူ့ဆိုင်တွင် လာရောက်တည်းခိုခဲ့သော ချန်လူးဆိုသည့် ကိုလူချောကလေးအနေဖြင့် ကာကွယ်ခြင်းသာ ဖြစ်သည်။

ပြီးတော့ သူ့မျက်လုံးအစုံတွင် သူမအနေဖြင့် ရက်စက်ကြမ်းကြုတ်မှုကို တခါမှမတွေ့ရ၊ ယုတ်မာရိုင်းစိုင်းမှုကို တကြိမ်မှ မမြင်ရ။

ထိုကဲ့သို့ သူမစိတ်ကို သူမ ဖြေသိမ့်ပြီးသည်နှင့် လင်းလီလီ၏ ရင်သည် ပေါ့ပါးသွားသည်။

လျှံစွမ်းအား လိမ်လည် ပြောဆိုလိုက်ခြင်းအတွက် ခံစားချက် မရှိတော့။

"ဘာတွေတွေးပြီး ငေးနေတာလဲ လီလီ၊ အစ်ကိုလေးမေးတာကိုလဲ ဖြေပါအုံး"

လျှံစွမ်းစကားသံကြောင့် လင်းလီလီအတွေးစပြတ်သွားကာ လျှံစွမ်းကို လှည့်လိုက်သည်။

"ဟင်....ဘာမေးတယ် အစ်ကိုလေး"

လျှံစွမ်း အမေးစကားကို သူမ မကြားလိုက်သဖြင့် ထပ်မေးလိုက်ရ၏။

"ဩော်....အစ်ကိုလေးနဲ့ တိုက်ခိုက်ခဲ့တဲ့ မိစ္ဆာနက်ဂိုဏ်းသားဟာ ဘာဖြစ်လို့ လီလီကို ကယ်တင်ရတာလဲလို့ အစ်ကိုလေး



စဉ်းစားမိလို့ပါ၊ ရိုးရိုးကယ်တင်တာ မဟုတ်သေးဘူး၊ သူတို့ဂိုဏ်းဝင်တဦးဖြစ်တဲ့ ချင်းကန်ကို အသေသတ်ပြီး ကယ်တင်တာမျိုးဆိုတော့ အတော်ဆန်းတယ်လေ၊ အစ်ကိုလေး သိထားရသလောက် ချင်းကန်ဆိုတာကလဲ မိစ္ဆာနက် ဂိုဏ်းထဲမှာ အင်မတန် အရေးပါ အရာရောက်တဲ့လူတယောက်ပဲ၊ အဲ....လီလီကို အစ်ကိုလေး မေးတာက ချင်းကန် နာမည်ကို လီလီဘယ်လို သိသလဲဆိုတာကိုပါ"

လျှံစွမ်းက သူ့တွေးခေါ်ယူဆချက်များကို ရှင်းပြပြီး သူသိချင်သည်ကို မေးလိုက်၏။

ပထမတော့ လင်းလီလီ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ချက်ချင်းပင် အဖြေပေးရန် စကားစကို စဉ်းစားမိပြီး ဖြစ်သည်။

"ချင်းကန်နာမည်ကို သိတာက သူတို့နှစ်ယောက်မတိုက်ခိုက်ခင် ချင်းကန်ရဲ့ နာမည်ကို ဟို မိစ္ဆာနက် ဂိုဏ်းသားက ခေါ်လိုက်လို့ သိတာပါ"

"ဟို လူရဲ့နာမည်ကိုကော ချင်းကန်က မခေါ်ဘူးလား"

"ဟင့်အင်း....ဒါတော့ မခေါ်ဘူး"

လင်းလီလီ ဖြောင်ပင် လိမ်လိုက်သည်။

လျှံစွမ်း သူမ လိမ်ပြောနေခြင်းကိုရိပ်မိလေသလားဟု အကဲခတ်ကြည့်လိုက်သည်။

လျှံစွမ်း၏ မျက်နှာပြင်တွင်သူမအပေါ် သံသယဖြစ်ကြောင်း မတွေ့မြင်ရ။

"အင်း....ဆက်ပြောပါအုံး။

"အချက်ပေးကုလားတက်ခေါက်သံတွေကြားတော့ လီလီလဲ ခြံအပြင်ဘက် ထွက်ကြည့်မိတယ်လေ၊ ဒီမှာတင် မြင်းတစီးနဲ့ ချင်းကန် ရောက်လာပြီး လီလီကို ဖမ်းသွားတာပါ၊ အစ်ကိုလေးနဲ့တိုက်တဲ့ မိစ္ဆာနက်ဂိုဏ်းသားက လီလီကို ကယ်တင်လိုက်တာကိုတော့ လီလီ တိတိကျကျ ကျွန်မ မတွေးတတ်ဘူး၊ ချင်းကန်နဲ့သူနဲ့ ရန်စရှိလို့ ယင်လဲဖြစ်မယ်၊ ဒါမှမဟုတ် သူ့အနေနဲ့ မိစ္ဆာနက်ဂိုဏ်းသားတယောက် ဖြစ်ပေမယ့် စိတ်ယုတ်မာ မရှိပဲ စိတ်ကောင်းရှိလို့လဲ ဖြစ်ချင်ဖြစ်မယ်"

လင်းလီလီ၏ စကားအဆုံးတွင် လျှံစွမ်း သက်ပြင်းရှည်ကြီး တချက်ချလိုက်ကာ ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်၊

"အင်း....ဟုတ်တယ်၊ လီလီ ယူဆသလို ဒီလူဟာ မိစ္ဆာနက်ဂိုဏ်းဝင်တယောက် ဖြစ်ပေမယ့် စိတ်ယုတ်မာမရှိပဲ စိတ်ကောင်းရှိလို့ပဲဆိုတာ ဖြစ်နိုင်တယ်၊ ဒီယူဆချက်ကို အစ်ကိုလေး လက်ခံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ စိတ်စေတနာကို အစ်ကိုလေး ကိုယ်တိုင် တွေ့ကြုံသိလိုက်ရလို့ပဲ"

"ဟင်....အစ်ကိုလေးက ဘယ်လိုသိလို့လဲ"

"လင်းလီလီ အံ့သြစိတ်ဖြင့် လျှံစွမ်း မျက်နှာကို ဖြတ်ကနဲ ကြည့်ကာ မေးလိုက်၏။

"ဒီလိုလေ အစ်ကိုလေးနဲ့ သူနဲ့ တိုက်ခိုက်ကြတုန်းက အစ်ကိုလေး ရင်ဘတ်ကို သူ့လက်သီးနဲ့ထိုးလိုက်လို့ အစ်ကိုလေး လဲကျသွားတာ လီလီ မြင်တယ်မဟုတ်လား"



"အင်း.... မြင်တယ်လေ၊ လီလီတောင် အော်လိုက်မိသေးတယ်၊ လီလီ စိတ်ထဲမှာ သူ့လက်သီးချက်က ပြင်းထန်တော့ အစ်ကိုလေး ဒုက္ခဖြစ်သွားပြီထင်ပြီး အော်လိုက်မိတာပေါ့"

"အဲဒါကို အစ်ကိုလေး ပြောတာပေါ့၊ သူဟာ အတွင်းအားအင်မတန်ပြည့်စုံတဲ့ သိုင်းသမားတယောက် လီလီ၊ သူ့လက်သီးချက်က အစ်ကိုလေးရဲ့ ရင်ဘတ်ချက်ကောင်းကို ထိုးမိတာ၊ တချက်တည်းနဲ့ အသက်ပါ သေစေနိုင်တဲ့နေရာမျိုး၊ အစ်ကိုလေးတော့ တခါဖြင့် ကိစ္စချောပြီလို့ မှတ်လိုက်တာ၊ သူ့ရဲ့အတွင်းအားကို အစ်ကိုလေးက သိထားတာကိုး၊ဒါပေမယ့် အစ်ကိုလေး ဘာမှမဖြစ်ခဲ့ဘူး၊ ဒါကြောင့်လဲ သူဟာ အကြောင်းမဲ့ လူသတ်ချင်စိတ်မရှိတဲ့ လူကောင်းတယောက်ဆိုတာ အစ်ကိုလေး သိလိုက်တာပေါ့"

"ဟင်....ဘာဖြစ်လို့လဲ အစ်ကိုလေး"

"ဒီလိုလေ ဒီအချိန်တုန်းက သူ့အနေနဲ့ အစ်ကိုလေးကို တကယ်သတ်ယင် အစ်ကိုလေး သေရပြီပေါ့၊ ဒီတုန်းက သူဟာ အတွင်းအားကိုမသုံးပဲ အစ်ကိုလေးကို တွန်းထိုးရုံ တွန်းထိုးလိုက်တာ၊ သူ့အနေနဲ့ ညှာလိုက်တာဆိုပါတော့၊ ဒါကြောင့် သူ့စိတ်ဓာတ်ကို အစ်ကိုလေး အံ့သြသွားတာပေါ့၊ မိစ္ဆာနက်ဂိုဏ်းသားထဲမှာလဲ ဒီလို လူကောင်းသူကောင်းမျိုး ရှိသေးတာပဲလို့ တွေးလိုက်မိတယ်"

"ဟော.... စကားကောင်းနေလိုက်တာ၊ ရောက်တောင်လာပြီ"

မိုးနတ်မယ်စားတော်ဆက်ရှေ့သို့ ရောက်လာသောကြောင့် လျှံစွမ်း စကားဖြတ်လိုက်သည်။

လျှံစွမ်း ကိုယ်တိုင်က သူမရင်ထဲတွင် သိထားသော ချန်လူး အမည်ခံ ကျန်းရှင်ချောင်အား ချီးကျူးစကား ပြောနေသောကြောင့် လင်းလီလီ၏ ရင်ထဲတွင် ပီတိဖြစ်နေလေရာ လျှံစွမ်း ပြောလိုက်မှ သူမတို့အိမ်ရှေ့သို့ ရောက်နေမှန်း သတိထားမိတော့သည်။

"ဩော်...ဟုတ်ပါရဲ့ အစ်ကိုလေးရဲ့၊စကားကောင်းနေတာနဲ့ လီလီတောင် သတိမထားမိဘူး၊ ကဲ... လီလီ သွားမယ်နော်"

"လီလီ သွားရဲမလား၊ အိမ်ထဲထိ လိုက်ပို့ပေးရအုံးမလား"

"ကိစ္စမရှိပါဘူး အစ်ကိုလေး၊ ဒီအထိ လိုက်ပို့တာကိုပဲ ကျေးဇူးတင်လှပါပြီ၊ လီလီ သွားရဲပါပြီ"

"ကဲ....ဒါဖြင့် အစ်ကိုလေးသွားမယ်၊ ငွေတိုက်မှာ အစ်ကိုလေးကို နာယယချုပ်ကြီး စောင့်နေလေရဲ့၊ လုပ်စရာတွေက ရှိသေးတယ်လေ"

"ဟုတ်ကဲ့ အစ်ကိုလေး"

လျှံစွမ်း ထွက်သွားသောအခါ လင်းလီလီသည် ခြံကြီး အတွင်း ဝင်လာခဲ့လေသည်။

အိမ်ကြီး၏အပေါ်ထပ် တည်းခိုဆောင်များတွင် မီးရောင် အချို့ တွေ့မြင်နေရသေးသဖြင့် အခန်းတိုင်းလိုလို မိစ္ဆာနက်ဂိုဏ်း၏ သတင်းစကားကြောင့် မအိပ်နိုင်ကြသေး ကြောင်း လင်းလီလီ သိလိုက်၏။

လွင်စာပေ



အိမ်ကြီးရှေ့အရောက်တွင် အိမ်ကြီးထဲမှ ထွက်လာသော မိခင်ဖြစ်သူ ကျုံးခွေနှင့် ဦးလေးကျုံးအိုင်ဖေ့တို့ကို တွေ့ရသည်။

"သမီးရယ်....ဘယ်ကိုများ သွားနေတာလဲကွယ်၊ အမေ့မှာဖြင့် သမီးအတွက် စိတ်ပူလိုက်ရတာ"

"ဟုတ်ပါရဲ့ တူမလေးရယ်၊ ဦးလေးရဲ့ လူတွေကိုတောင်မှ မြို့ထဲလွှတ်ပြီး တူမလေးကို အရှာခိုင်းလိုက်တယ်"

မိခင်နှင့် ဦးလေးဖြစ်သူက ကရုဏာဒေါသောဖြင့် အပြစ်တင်သည်။

လင်းလီလီလည်း သူမ၏အဖြစ်အပျက်မှန်ကို ပြောပြလိုက်၏။

ချင်းကန်က သူမကို နှစ်ကြိမ်တိုင်တိုင် ကြံစည်ပုံ၊နှစ်ကြိမ်စလုံး ချန်လူးက ကယ်ဆယ်ပုံ။ ယခုအကြိမ်တွင် ချင်းကန်ကို ချန်လူးက သတ်လိုက်ရပုံ။

ချင်းကန်နှင့် ချန်လူးတို့မှာ မိစ္ဆာနက်ဂိုဏ်းဝင်များဖြစ်ကြပြီး ချန်လူးမှာ မိစ္ဆာနက်ဂိုဏ်းချုပ်ကြီး သေမင်းအော်၏ သားတယောက်ဖြစ်ကာ သူ၏အမည်ရင်းမှာ ကျန်းရှင်ချောင် ဖြစ်ပုံ။

ကျန်းရှင်ချောင်နှင့် လျှံစွမ်းတို့ တိုက်ခိုက်ကြပြီး ကျန်းရှင်ချောင် မြားမှန်ကာ ထွက်ပြေးသွားပုံတို့ကို အမှန်အတိုင်း ပြောပြလိုက်လေသည်။

လင်းလီလီ ပြောပြသမျှကို ရင်တမမဖြင့် နားထောင်နေသော မိခင်နှင့် ဦးလေးတို့သည် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ ကံကြီးပေလို့သာပေါ့ကွယ်၊ နို့မို့ဆို သမီးလေး လူဆိုးတွေလက်ထဲ ပါသွားပြီပေါ့"

"ဟုတ်ပါရဲ့ မမရယ်၊ ကံကောင်းလို့သာပေါ့၊ ဟိုသူငယ်ချင်းလူး အဲ....အဲ... ကျွန်းရှင်ချောင်က ကယ်ပေလို့သာပေါ့၊ သူဟာ လူဆိုးဂိုဏ်းဝင်တယောက် ဖြစ်ပေမယ့် တူမလေးကို ကယ်တင်လိုက်လို့ ထွက်မပြေးနိုင်ပဲ ခုလို ဖြစ်သွားရတာတော့ စိတ်မကောင်းစရာပါပဲ"

ဦးလေးဖြစ်သူက ကျွန်းရှင်ချောင်အတွက် စိတ်မကောင်းဖြစ်မိကြောင်း ပြောသောအခါ လင်းလီလီ စိတ်သက်သာသွားမိသည်။

ထို့ကြောင့် သူမ၏ စိတ်ရင်းအတိုင်း မိခင်နှင့် ဦးလေးဖြစ်သူကို တောင်းပန်စကား ပြောလိုက်သည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်မအတွက် သူ အခုလိုဖြစ်ရတာပါ၊ ဒီတော့ ဦးလေးနဲ့ အမေကို တောင်းပန်ပါရစေ"

"ဘာများလဲ သမီးရဲ့"

"ဩော်....သမီးကို အခု ကယ်တင်လိုက်တဲ့သူကို ဘယ်သူဘယ်ဝါမှန်း မသိဘူးလို့ လူတိုင်းကို သမီးပြောထားလို့ပါ၊ ဒီတော့ အမေတို့အနေနဲ့လဲ သူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို ဖုံးကွယ်ထားစေချင်ပါတယ်၊ နို့မို့ဆို သူ့အတွက် အန္တရာယ်ပိုပြီးများလာမယ် မဟုတ်လား၊ သူဟာ မိစ္ဆာနက်ဂိုဏ်းဝင်တယောက် ဖြစ်ပေမယ့် သမီးအရှက်ကို ကာကွယ်ပေးတဲ့ ကျေးဇူးရှင်တယောက်အနေနဲ့ သူ့ကိုလဲ ဒီလောက်တော့ ပြန်ပြီး အကာအကွယ်ပေးသင့်တယ်လို့ သမီးထင်လို့ပါ"



မိခင်ဖြစ်သူ ကျုံးခွေနှင့် ဦးလေးဖြစ်သူ ကျုံးအိုင်ဖေ့တို့လည်း လင်းလီလီ၏ သဘောထားခံယူချက်ကို လက်ခံလိုက်ကြ၏။

"အေးကွယ်၊ ဒီကိစ္စကို ဦးလေးတို့ ဖုံးကွယ်ထားပါ့မယ်"

"ကျေးဇူးက ရှိထားနေပြီကိုး၊ ကဲ ကဲ မမတို့ သားအမိ အဆောင်ထဲကို ပြန်ကြတော့၊ ကျွန်တော် လိုက်ပို့ပေးမယ်"

သူတို့သုံးယောက်စလုံး အိမ်မကြီးကိုပတ်ကာ လင်းလီလီတို့ သားအမိနေသော အိမ်ကြီးဘေးမှ အဆောင်ဆီ လာခဲ့ကြ၏။

အဆောင်ဆီသို့မရောက်မီ သူတို့သုံးဦးစလုံး ခြေလှမ်းများ တန့်ရပ်သွားကြသည်။

လင်းလီလီတို့သားအမိ ကြောက်ရွံ့စိတ်ဖြင့် ကျုံးအိုင်ဖေ့ အနီးသို့ တိုးကပ်လိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် သူတို့နှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတပင်ဆီမှ တဟင်းဟင်းနှင့် ညည်းညူသံများ ပေါ်လာသောကြောင့် ဖြစ်သည်။

ကျုံးအိုင်ဖေ့ပင် ပထမ ထိတ်ကနဲဖြစ်သွားပြီး ညည်းညူသံကို နားစွင့်ထောင်နေမိသည်။

နောက်မှ လူတယောက်၏ ညည်းညူသံမှန်း သိလိုက်ပြီး အသံထွက်ပေါ်ရာ သစ်ပင်ကြီးဆီ အသာအယာလျှောက်သွား၏။

ကျုံးခွေနှင့်လင်းလီလီတို့ တယောက်လက်တယောက်ဆွဲကာ ရင်တထိတ်ထိတ်ဖြင့် ကျန်ခဲ့သည်။

ညည်းညူသံမှာ တဆက်တည်း ပေါ်ထွက်နေသည် မဟုတ်ပဲ၊ ရပ်သည့်အခါ ရပ်သွားသလို ခဏနှင့် ပြန်ပေါ်လာပြန်သည်။

သစ်ပင်အောက် ရောက်သွားသော ကျုံးအိုင်ဖေ့သည် ချက်ချင်းပင် မျက်စိမျက်နှာပျက်ဖြင့် လင်းလီလီတို့ထံ အပြေးအလွှား ရောက်လာသည်။

သူ့ထံမှ အရေးတကြီး ပြောလိုက်သော စကားသံသည် ခပ်တိုးတိုးကလေး ပေါ်ထွက်လာ၏။

"သစ်ပင်အောက်မှာ သူရောက်နေတယ်၊ ချင်လူး၊ အဲလေ ကျန်းရှင်ချောင်"

ကျုံးအိုင်ဖေ့ စကားအဆုံးတွင် လင်းလီလီတို့ သားအမိသည် သည်းထိတ်ရင်ပို ဖြစ်သွားကြ၏။

သစ်ပင်ကြီး၏ တဘက် အကွယ်တွင် ကျန်း ရှင် ချောင် လဲလျောင်းပြီး ညည်းညူနေသည်ကို ဝိုးတဝါး မြင်ကြရသည်။

သူ့ပခုံးတွင် အဆိပ်လူးမြားမှာ စိုက်ဝင်လျက်ပင် ရှိနေသေးသည်။

သို့သော် မြားတံကို ချိုးထားသောကြောင့် အပြင်ဘက်တွင် တတွာခန့်သာ ထွက်နေလေသည်။

ကျန်းရှင်ချောင်အနေဖြင့် အဆိပ်လူးမြားကို ဆွဲမထုတ်ခြင်းကြောင့်လည်း အသက်ရှင်နေသေးခြင်းဖြစ်သည်။



ကုသရန် ဆေးဝါးအဆင်သင့်မရှိပဲ၊ အဆိပ်လူးမြားကိုဆွဲထုတ်မိပါက ပြင်ပလေဝင်ပြီး ငါးမိနစ်အတွင်း သေဆုံးသွားနိုင်ကြောင်း သူသိထားသောကြောင့်ဖြစ်သည်။

"ကိုင်း....ဘယ်လိုလုပ်ကြမလဲ မမ"

"ငါတော့ ဘယ်လိုလုပ်ရမယ်မှန်း မသိတော့ပါဘူး မောင်လေးရယ်"

ကျန်းရှင်ချောင်၏ ဖြစ်အင်ကိုကြည့်ပြီး ကျုံးခွေနှင့်ကျုံးအိုင်ဖေ့တို့သည် မည်သို့ လုပ်ဆောင်ရမည်ကို ဝေခွဲမရဖြစ်နေသည်။

လင်းလီလီ ဝင်ပြီး တောင်းပန်သည်။

"သမီး တောင်းပန်ပါတယ် အမေရယ်၊ သူဟာ သမီးရဲ့ ကျေးဇူးရှင်တယောက်ပါ၊ သမီးကြောင့် ခုလို သူဒုက္ခရောက်နေချိန်မှာ သူ့ကို သမီးတို့ ကယ်ဆယ်သင့်ပါတယ်၊ သမီးတို့မှ မကယ်ယင် သူသေသွားမှာပဲ"

"အင်း....တူမလေး ပြောတာလဲ မှန်တာပဲ၊ ဒါပေမယ့် သူဟာ မိစ္ဆာနက် ဂိုဏ်းဝင်တယောက်၊ ရိုးရိုးဂိုဏ်းဝင်တောင် မဟုတ်ဘူး၊ သေမင်းအောင်ရဲ့ သား၊ ဦးလေးတို့ သူ့ကိုကယ်တင်လိုက်တာကို တခြားလူတွေ သိသွားယင်တော့ အတော့်ကို မကောင်းတဲ့ ကိစ္စပဲ"

"ဘတ်သူ့မှမသိအောင် သူ့ကို တနေရာမှာထားပြီး ဆေးကုယင် ဖြစ်ပါတယ် ဦးလေးရယ်၊ သမားတော်ကြီး အိန်ဂွမ်ကိုခေါ်ပြီး တိတ်တဆိတ် ဆေးကုယင် ဖြစ်ပါတယ်၊ သမီးတို့

မိသားစုအပေါ် သမားတော်ကြီး အိန်ဂွမ် ဘယ်လို သဘော ထားတယ်ဆိုတာ ဦးလေးတို့ မေမေတို့အသိပဲ မဟုတ်လား"

ကျန်းရှင်ချောင်အသက်သေမှာ စိုးရိမ်စိတ်ဖြင့် လင်းလီလီ သူမစိတ်ကူးထဲတွင် ပေါ်သမျှကို ပြောချလိုက်၏။

"ကဲ....မောင်လေးရယ်၊ ဒီသူငယ်ကို မမတို့ ကယ်တင်လိုက် ကြတာပေါ့၊ လူ့အသက်တချောင်း ကယ်ကောင်းပါတယ် ကွယ်၊ သမားတော်ကြီး အိန်ဂွမ်ဟာ မမတို့ရဲ့စကားကို နား ထောင်မယ့်သူပါ၊သူ့ကို ယာခင်းထဲက စတိုဆောင်ဆီကိုပဲခေါ် သွားပြီး၊ အဲဒီမှာ ထားကြတာပေါ့၊ ဒါဆိုယင် ဘယ်သူမှ မသိနိုင်ပါဘူး"

ကျုံးခွေကပါ ဆန္ဒပြုလိုက်သဖြင့် ကျုံးအိုင်ဖေ့မှာ ဘာမှ မပြောတော့။

ညည်းညူယင်းမှ သတိမေ့သွားပြီဖြစ်သော ကျန်းရှင် ချောင်ကို ပွေ့ချီလိုက်၏။

မှောင်ရိပ်ကိုခိုကာ အိမ်ကြီးနောက်ဘက် ယာခင်းဘက်မှ စတိုဆောင်ရှိရာသို့ သုံးယောက်သား ခပ်သုတ်သုတ် လာခဲ့ကြ တော့သည်။

* * *

## အခန်း တဆယ့်ခုနစ်

ရောင်နီပျိုးချိန်တွင် မိစ္ဆာနက်ဂိုဏ်း၏ စခန်းဆီသို့ သေမင်း အော်နှင့် ဂိုဏ်းသားများ ပြန်ရောက်လာကြသည်။

ပိုင်ကျန်းမြို့ကထွက်လာကတည်းက သူတို့အားလုံး လမ်းတွင် ရပ်နားခြင်းမရှိခဲ့။

မနားမနေ တရကြမ်း ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။

သေမင်းအော်အနေဖြင့် ရတနာသေတ္တာကို သူ့လက်ဝယ် ပါလာခဲ့ခြင်းအတွက် နောက်မှ ပိုင်ကျန်းလုံခြုံရေးအဖွဲ့ဝင်များ ထပ်ချပ်မခွာ လိုက်ပါလာလိမ့်မည်ဟု ထင်ခဲ့သည်။

ထို့ကြောင့်လည်းနောက်ကြောင်းကိုပင် ပြန်လှည့်မကြည့်မိ။

စခန်းသို့ အမြန်ဆုံးရောက်ရန်သာ စိတ်စောပြီး မရပ်မနား ခရီးပြင်း နှင်ခဲ့ခြင်း ဖြစ်လေသည်။

စခန်းသို့ရောက်လျှင် မည်သည့်အန္တရာယ်ကိုမှ မှုစရာ မလို တော့ပေ။

သူ၏ ပိုင်နက်အတွင်းသို့ မည်သည့် ရန်သူမျိုးမှ အလွယ် တကူ ဝင်ရောက်နိုင်မည် မဟုတ်ကြောင်း သေမင်းအောင်သိ သည်။

စခန်းရောက်မှပင် ကျန်ရစ်သောဂိုဏ်းသားများ၊ ကျဆုံးခဲ့ သောဂိုဏ်းဝင်များကို စစ်ဆေးတော့မည်ဟု သေမင်းအောင် ဆုံးဖြတ်ခဲ့၏။

ယခုလည်း စခန်းသို့ သူတို့အားလုံး ရောက်ရှိသည်နှင့်သူနှ ပါလာသော သေတ္တာကို လုံခြုံသောတနေရာတွင်သေမင်းအော ထားလိုက်သည်။

ဂိုဏ်းသားများကို တစုတဝေးတည်း နေစေလျက် စစ်ဆေ ခြင်းအမှုကို ပြုသည်။

ချင်းကန် အပါအဝင် ဂိုဏ်းသားလေးယောက် လျော့ သည်။

ပြီးတော့ သား ကျန်းရှင်ချောင်ကိုလည်း မတွေ့။

"ကျန်းရှင်ချောင်ကော ...ကျန်းရှင်ချောင်"

သေမင်းအောင် လူအုပ်ထဲကို မျက်စိကစားလိုက်ပြီး စိုး စိတ်ဖြင့် အသံကျယ်ကျယ် အော်လိုက်၏။

ဂိုဏ်းသားများလည်း မျက်စိမျက်နှာပျက်နှင့် ဟိုသည်ကြ ကာ ကျန်းရှင်ချောင်ကို ရှာကြသည်။ မတွေ့။



"ဆရာလေး....ဆရာလေးကျန်းရှင်ချောင်"

ဂိုဏ်းသားများ အသံကျယ်ကျယ်ဖြင့် အော်ခေါ်ကြသည်။ မည်သို့မှ ထူးခြားခြင်းမရှိ။

"မြို့တံခါးရှက်က ထွက်ကာနီး ကျန်းရှင်ချောင် ကျုပ်တို့ နောက် ကပ်ပါလာတာ ကျုပ်ကိုယ်တိုင်တွေ့လိုက်ပါတယ် ဆရာ ကြီး၊ ပိုင်ကျန်းမြို့ထဲမှာ ကျန်ခဲ့တာတော့ မဖြစ်နိုင်ဘူး၊ ချင်းကန် လဲပါမလာဘူးဆိုတော့ သူနဲ့ ချင်းကန်တို့နှစ်ယောက် ဒဏ်ရာ ရနေတဲ့လူတွေကို ခေါ်ပြီး နောက်က တဖြည်းဖြည်းချင်း လိုက် တာပဲ ဖြစ်မယ်"

အဲ့နန် သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

သေမင်းအောင်လည်း ထိုအချက်ကိုတွေးမိပြီး စိတ်သက်သာမှု အနည်းငယ် ရသွား၏။

"အင်း....ဟုတ်တယ်၊ မြို့တံခါးကထွက်ကာနီး သူ့ကိုတောင် ကျုပ် ခေါ်ခဲ့သေးတာပဲ၊ ပိုင်ကျန်းမြို့ထဲမှာ ကျန်ခဲ့တာတော့ ဖြစ်နိုင်မယ် မထင်ပါဘူးလေ၊ ခင်ဗျားယူဆသလို သူနဲ့ ချင်းကန် တို့ နောက်က ဖြည်းဖြည်းခြင်း လိုက်လာတာပဲဖြစ်မယ်၊ ရှီဟိုနဲ့ ကုတ်လေ့တို့နှစ်ယောက် လာခဲ့ကြစမ်း"

သေမင်းအောင် အဲ့နန်ကို ပြန်ပြောလိုက်ယင်းမှ အသံကျယ် ကျယ်ဖြင့် ဂိုဏ်းသားနှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

ရှီဟိုနှင့်ကုတ်လေ့တို့နှစ်ယောက် လှစ်ကနဲ သေမင်းအောင် ရှေ့သို့ ရောက်လာခဲ့ကြ၏။

သာမန်ဂိုဏ်းဝင်များအနက် သူတို့နှစ်ယောက်သည် စုံစမ်းထောက်လှမ်းမှုပညာတွင် ထူးချွန်သူများဖြစ်ကြ၏။

"အခု တို့လာခဲ့တဲ့ လမ်းအတိုင်း မင်းတို့နှစ်ယောက်သွား၊ ကျွန်းရှင်ချောင်တို့နဲ့ မတွေ့မချင်းသွား၊ သွားယင်းနဲ့လဲ လမ်းကရွာတွေမှာဝင်ပြီး စနည်းနာ၊ နောက်ဆုံး တလမ်းလုံး သူတို့ကိုမတွေ့ယင် ပိုင်ကျန်းမြို့အထိ ရောက်အောင်သွား၊ သူတို့သတင်းကို စုံစမ်းခဲ့၊ ကဲ အခုပဲသွားကြ"

သေမင်းအော် ပြောပြောဆိုဆို ငွေထုပ် တထုပ်ကို ပေးလိုက်၏။

သူတို့နှစ်ဦး လမ်းတွင်သုံးစွဲရန်အတွက် ဖြစ်သည်။

ချက်ချင်းပင် ရှိဟိုနှင့် ကုတ်လွေ့တို့ နှစ်ယောက်စလုံး ထွက်ခွာသွားကြတော့သည်။

ထိုကဲ့သို့ စီစဉ်ပြီးမှ သေမင်းအော် စိတ်အေးလက်အေး ဖြစ်သွားသည်။

ရတနာသေတ္တာကို ဖွင့်ရန်လည်း သတိရမိသည်။

"ဩော်....အဲ့နန် ရတနာသေတ္တာကို ဒီပဲယူခဲ့၊ အများရှေ့မှာပဲ ဖွင့်ပြီး အောင်ပွဲခံကြတာပေါ့"

အဲ့နန်ခေါင်းညိတ်ပြီး ဂူကြီးထဲဝင်သွားသည်။

ခဏအကြာတွင် မြူးတူးတက်ကြွသော မျက်နှာဖြင့်သေတ္တာကို ပိုက်ပြီး အဲ့နန် ပြန်ထွက်လာသည်။

သေမင်းအော်ရှေ့တွင် အသာအယာချသည်။

"ကိုင်း....သော့ကိုဖွင့်လိုက်"



သေမင်းအော်စကားအဆုံး အဲ့နန် သော့ခလောက်ကို သူ့လက်ဝါးစောင်းဖြင့် ဗန်းကနဲ ရိုက်ချလိုက်လေသည်။

သော့ခလောက် ပွင့်ထွက်သွား၏။

"ဒီမှာ အဝတ်တထည်လာခင်းစမ်းဟေ့၊ အဲ့နန် သေတ္တာကိုဖွင့်၊ ဟား ဟား ဟား ဟား ဘာပဲဖြစ်ဖြစ် ကျုပ်တို့တတွေ စွန့်စားရကျိုးနပ်ပါတယ်လေ"

သေမင်းအော် ကျေနပ်အားရစွာ ပြောလိုက်သည်။

သား အတွက် သောက ရောက်နေသော စိတ်မှာလည်း လောဘစိတ်ကြောင့် မရှိတော့။

ယခုအခါတွင် သူ့စိတ်တွင်းဝယ် ကျွန်းရှင်ချောင်းကိုပင် မေ့ပျောက်သွားပြီဖြစ်သည်။

သူ့အာရုံထဲတွင် ကြိုတင် မြင်နေသည်မှာ သေတ္တာထဲမှ အဖိုးတန် ရွှေငွေ လက်ဝတ်ရတနာများပင် ဖြစ်လေသည်။

အဲ့နန် သေတ္တာကိုဖွင့်လိုက်သည်။

အားလုံးမျှအကြည့်က သေတ္တာအတွင်းသို့ စူးစိုက် ရောက်သွားကြ၏။

သေတ္တာထဲတွင် အရွယ်အစား အမျိုးမျိုး ဖောင်းကားနေသော ကတ္တီပါအိတ်ကလေးများကို တွေ့ကြရသည်။

ကတ္တီပါအိတ်ကလေးများမှာ သေတ္တာပြည့်လုနီးပါး ရှိနေသည်။

"ဟား ဟား ဟား ဟားသေတ္တာနဲ့အပြည့်ပါလား၊သေတ္တာနဲ့အပြည့်ပါလား၊ ထင်ထားတာထက်တောင် ပိုများနေပါ

ကလား၊ ဟား ဟား ဟား ဟား၊ ဒီအိတ်ထဲမှာ မှာမှာအဲ့
ကလေးတွေပါလား၊ ဒါဆို ဒီအိတ်ဟာ ကျောက်သံပတ္တမြား
တွေ ထည့်ထားတဲ့အိတ်တွေပဲ ဖြစ်ရမယ်"

အဲ့နန် သေတ္တာထဲမှ အိတ်တအိတ်ကို ကောက်ယူလိုက်ပြီး လောဘရမက်သံကြီးဖြင့် သူ့ယူဆချက်ကို ပြောလိုက်သည်။

"ခင်းထားတဲ့ အဝတ်ပေါ်ကို အိတ်ထဲကရတနာတွေ သွန်ထည့်လိုက်စမ်း အဲ့နန်၊ သွန်ထည့်လိုက်စမ်း"

သေမင်းအော် ရှင်မြူးအားရသော လေသံကြီးဖြင့် ပြောသည်။

အဲ့နန် ကတ္တီပါအိတ်ကို လက်ဖြင့်ဆွဲဖြဲလိုက်ပြီး ဂိုဏ်းသားတယောက် ခင်းပေးထားသော အဝတ်စပေါ်ကို အိတ်အတွင်းမှ ပစ္စည်းများ သွန်ချလိုက်သည်။

အားလုံးပင် ပြူးပြူးပြက်ပြက်ဖြင့် အိတ်တွင်းမှ ထွက်ကျလာမည့် ရတနာများကို တက်ကြွစွာ စူးစိုက်ကြည့်နေကြသည်။

ခင်းထားသော အဝတ်ပေါ်သို့ ကတ္တီပါအိတ် အတွင်းမှ ပစ္စည်းများ ထွက်ကျလာသည်။

"ဟာ....ဟင်....အို"

"ဘာတွေလဲ"

အိတ်အတွင်းမှ ထွက်ကျလာသော အရာများကို မြင်သည်နှင့် အားလုံး၏နှုတ်ဖျားမှ အာမေဍိတ်သံများ ပြိုင်တူ ထွက်ပေါ်လာကြသည်။

အဖြူရောင်၊ အနီရောင်၊ အနက်ရောင်၊ ကျောက်တုံး ကျောက်ခဲကလေးများ ဖြစ်နေသောကြောင့်ပင်။



သေမင်းအော် မျက်စိ မျက်နှာပျက်နှင့် အခင်းပေါ်မှ ကျောက်ခဲများကို ကိုင်ကြည့်လိုက်သည်။

"ကျောက်ခဲတွေ....ကျောက်ခဲတွေပါလား"

သေမင်းအော် ဒေါသစိတ်၊ အံ့ဩစိတ်ဖြင့် အော်ပြောလိုက်၏။

"နောက်အိတ်တွေကိုဖွင့်စမ်း၊ ဖွင့်စမ်း"

ငိုင်တွေတွေကြီး ဖြစ်နေသော အဲ့နန်ကို သေမင်းအော် အော်ပြောလိုက်၏။

သူကိုယ်တိုင် သေတ္တာတွင်းမှ ကတ္တီပါအိတ်များကို နှိုက်ယူလိုက်၏။

အဲ့နန်ကလည်း အိတ်များကို နှိုက်ယူသည်။

နှစ်ယောက်သား တုန်တုန်ယင်ယင်ဖြင့် အိတ်များကို ဆွဲဖြဲဖွင့်ကြသည်။

ကတ္တီပါအိတ်များ အားလုံးထဲမှ ထွက်ကျလာသည့် အရာအားလုံးမှာ ရောင်မျိုးစုံသော ကျောက်ခဲကလေးများသာ ဖြစ်နေကြတော့သည်။

"ဟင်....အားလုံး ကျောက်ခဲတွေ၊ ကျောက်ခဲတွေ၊ ဘယ်မလဲ ရတနာတွေ၊ ရတနာတွေဘယ်မှာလဲ၊ တို့တော့ အလိမ်ခံလိုက်ရပြီ၊ အလိမ်ခံလိုက်ရပြီ"

သေမင်းအော် ယူကြုံးမရစိတ်၊ ဒေါသစိတ်ဖြင့် အော်ပြောလိုက်သည်။

ဂိုဏ်းသားအားလုံး စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ချနေကြ၏။

အဲ့နန်မှာလည်း ကြက်ကြီး လည်လိမ်ထားသလို မည်သည့်စကားကိုမှ မပြောနိုင်တော့။

ဒေါသစိတ်၊ မခံချင်စိတ် လွှမ်းမိုးနေသော သေမင်းအော်သည် ကျောက်ခဲများကို ခြေဖြင့်ကန်ပစ်သည်။ သေတ္တာကို ဆွဲလွှင့်ပစ်လိုက်သည်။

"ခုချက်ချင်း ပိုင်ကျွန်းမြို့ကို သွားတိုက်ကြမယ်၊ ပရိယာယ်တွေ၊ ပညာတွေ၊ သုံးနေစရာမလိုတော့ဘူး၊ တို့အားလုံးသေယင်လဲ သေ၊ ပိုင်ကျွန်းတမြို့လုံး ပြာကျယင်လဲကျ၊ အားလုံးလူစုကြ"

သေမင်းအော် သူ့ကျောမှ ဓားပြားကို ရှမ်းကန်ဆွဲထုတ်ပြီး အော်ပြောလိုက်၏။

ဒေါသကြောင့် သူ့အသားတွေ တဆတ်ဆတ် တုန်နေလေသည်။

တချိန်လုံး ငေးငေးငိုင်ငိုင်ကြီး ဖြစ်နေသော အဲ့နန် ထိုအခါကျမှ လှုပ်ရှားလာပြီး သေမင်းအော်ကို ဖျောင်းဖျလိုက်၏။

"မဖြစ်သေးဘူး ဆရာကြီး။ မဖြစ်သေးဘူး၊ ခုချက်ချင်း ပိုင်ကျွန်းမြို့ကို ကျုပ်တို့ သွားတိုက်လို့ကတော့ ကျွန်တော်တို့ တတွေသာ အထိနာမှာပေါ့၊ ခုချိန်မှာ ပူပူနွေးနွေး ဖြစ်နေသေးတော့ ပိုင်ကျွန်းမြို့ကာကွယ်ရေး အစီအစဉ်တွေ သေသေချာချာ စီစဉ်ထားမှာပဲ၊ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ရတနာသေတ္တာ အစစ် ဘယ်မှာရှိတယ်ဆိုတာလဲ သိတော့မှာမဟုတ်ပဲ၊ အခုတိုင်းဆိုယင် ရတနာသေတ္တာဟာ ငွေတိုက်ထဲမှာ မရှိတာတော့ သေချာနေတယ်လေ၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ ခုချက်ချင်း



သွားလို့တော့ မဖြစ်သေးဘူး၊ ဒါကြောင့် ပိုင်အောင် စီစဉ်ပြီးမှ ပိုင်ကျွန်းတမြို့လုံး မီးလောင်တိုက်သွင်းကြတာပေါ့၊ ကျန်းရှင်ချောင်နဲ့ ချင်းကန်တို့ပဲဖြစ်ဖြစ်၊ ရှီဟိုနဲ့ ကုတ်လေ့တို့ပဲဖြစ်ဖြစ် သူတို့ပြန်လာတော့မှ အခြေအနေကို ကြည့်ပြီး စီစဉ်ကျယင်ကောင်းမယ်"

အဲ့နန်၏စကားမှာ ကျိုးကြောင်း ဆီလျော်နေသောကြောင့် သေမင်းအော် သူ့စိတ်ကို လျှော့ချလိုက်ရတော့သည်။

"ကောင်းပြီလေ၊ ခင်ဗျားပြောသလို ကျန်းရှင်ချောင်နဲ့ ချင်းကန် အလာကို စောင့်ကြည့်ကြသေးတာပေါ့"

"ကဲ....ပိုင်ကျွန်းမြို့သူမြို့သားတွေကြောင့် ကျုပ်သား ဒုက္ခရောက်ရတယ် ဆိုယင်တော့ တမြို့လုံး မီးလောင်တိုက်သွင်းရမှာပဲ၊ ရတနာသေတ္တာလဲမရ၊ ကျုပ်သားလဲ ဆုံးရမယ် ဆိုယင်တော့၊ တောက်"

"ကျွန်တော်သိပါတယ်ဆရာကြီး၊ ဆရာကြီး သားကို ဘယ်လောက် ချစ်တယ်ဆိုတာ ကျွန်တော်အသိဆုံးပါ၊ ကျုပ်တို့တွေ ခေါင်းအေးအေးထားပြီး ဆွေးနွေးကြတာပေါ့၊ အခုတော့ အနားယူယင်း သူတို့အလာကို စောင့်ကြတာပေါ့"

အဲ့နန် ဖျောင်းဖျပြောဆိုပြီး သေမင်းအော်ကို ဖက်တွဲကာ ဂူကြီးအတွင်းသို့ ခေါ်သွားလေတော့သည်။

* * *

## အခန်း တဆယ့်ရှစ်

သမားတော်ကြီး အိန်ဂွမ်။

ဆေးပညာတွင် ထူးချွန်သော ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ပိုင်ကျန်းမြို့တွင် ထင်ပေါ် ကျော်ကြားသည်။

သူကုသခဲ့သော လူနာမှန်သမျှ ပျောက်ကင်းမှုကိုသာ ရခဲ့သည်။

မည်သည့်ရောဂါ မည်သည့် အခြေအနေဆိုးမျိုးကို ရောက်နေသည့် လူနာဖြစ်ဖြစ် အသက်ချမ်းသာရာ ရတတ်သည်။

သမားတော်ကြီး အိန်ဂွမ်အနေဖြင့် အဆိပ်မိသူများ၊ ဒဏ်ရာရသူများကို ကုသရာတွင် ပို၍ ကျော်ကြားသည်။

သူသည် ပိုင်ကျန်းမြို့သားတယောက် မဟုတ်။



ယခင်က တောင်ပိုင်းဒေသတွင် နေထိုင်ခဲ့သူ ဖြစ်သည်။

ကျုံးအိုင်ဖေ့နှင့် သမားတော်ကြီး အိန်ဂွမ်သည် ယခင်က တောင်ပိုင်းဒေသ သန်နာရွာတွင်အတူနေထိုင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်ကြသည်။

ထို့ကြောင့် ကျုံးခွေနှင့်လည်း မောင်ရင်းနှစ်မ ပမာ ချစ်ခင်ရင်းနှီးရှိလေသည်။

ကျုံးအိုင်ဖေ့နှင့် သမားတော်ကြီး အိန်ဂွမ်တို့မှာ ညီအစ်ကို မောင်နှမရင်းပမာ ဆက်ဆံကြ၏။

တဦးတခက်အခါကို တဦးက စေတနာသန့်သန့်ဖြင့် အပြန်အလှန် အကူအညီပေးခဲ့ကြ၏။

ကျုံးအိုင်ဖေ့တို့ထက် ငါးနှစ်ခန့်စောပြီး သမားတော်ကြီး အိန်ဂွမ်သည် ပိုင်ကျန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

ကျုံးအိုင်ဖေ့တို့မောင်နှစ်မကိုပင်ပိုင်ကျန်းမြို့တွင် လာရောက်အခြေချနေထိုင်ရန် သူက ခေါ်ခဲ့ခြင်း ဖြစ်လေသည်။

ယခု သူ့ထံသို့ ကျုံးအိုင်ဖေ့ ရောက်လာပြီး ကျန်းရှင်ချောင်၏ အဖြစ်မှန်ကို ပြောပြကာ အကူအညီတောင်းလာသော အခါ သမားတော်ကြီး အိန်ဂွမ် မနေသာတော့။

မိုးနတ်မယ် စားတော်ဆက်သို့ အပြေးအလွှား လိုက်လာခဲ့ရလေသည်။

သူ့အနေဖြင့် လူဆိုးလူမိုက်တဦးကို ဆေးကုသပေးရန် ဆန္ဒမရှိပေ။

အဆိပ်ပင် ရေလောင်းပေးသလို ဖြစ်မှာစိုးသောကြောင့် ဖြစ်သည်။

သို့သော် သူ၏ တူမရင်းသဖွယ် ချစ်ရသော လင်းလီလီ၏ ကျေးဇူးရှင်တယောက် ဖြစ်နေကြောင်း သိရသောအခါ သူ့တူမလေး စိတ်ချမ်းသာရေးအတွက် လိုက်လာခဲ့ရခြင်း ဖြစ်သည်။

ကျန်းရှင်ချောင်၏ အကြောင်းကို သူ့နှုတ်မှ ဖွင့်ဟမပြောပါဟူ၍လည်း ကတိပေးလိုက်ရတော့သည်။

ယာခင်းထဲမှာ စတိုခန်းကို မသုံးပဲ ပစ်ထားခဲ့သည်မှာကြာလေပြီ။

ထို့ကြောင့် စတိုခန်းသို့ လူအဝင်အထွက် မရှိ။ ယာခင်းနှင့် ပတ်သက်သော ပစ္စည်းတချို့တလေသာ ထားရှိလေသည်။

ကျုံးအိုင်ဖေ့သည် ကျန်းရှင်ချောင်အတွက် စတိုခန်းထဲတွင် သန့်ရှင်းသော နေရာတခုကို စီစဉ်ပေးထားသည်။

ကျုံးအိုင်ဖေ့နှင့် သမားတော်ကြီး အိန်ဂွမ်တို့ ရောက်လာသည်အထိ ကျန်းရှင်ချောင်မှာ အဆိပ်တက်ပြီး သတိမေ့နေဆဲ။

ဘေးနားတွင် လင်းလီလီနှင့် ကျုံးခွေတို့သာ ရှိနေကြသည်။

လင်းလီလီ၏ မျက်နှာတွင် စိုးရိမ်စိတ်များ လွှမ်းမိုးနေပြီး သမားတော်ကြီး အိန်ဂွမ် ရောက်လာသောအခါ ဝမ်းသာအားတက်သွားသည်။

သမားတော်ကြီး အိန်ဂွမ်သည်ချက်ချင်းပင် ကျန်းရှင်ချောင်၏ ပခုံးတွင် စိုက်ဝင်နေသော မြားတံကို ဆွဲထုတ်ယူလိုက်သည်။

သွေးများ ဝေါကနဲ ထွက်လာသည်။

ဒဏ်ရာတွင်းသို့ အနီရောင်ဆေးမှုန့်များ ထည့်ပေးလိုက်သောအခါ သွေးများမကျဆင်းတော့။



သမားတော်ကြီး အိန်ဂွမ်သည်အနီရောင်ဆေးမှုန့်များထပ်မံပြီး သိပ်ထည့်ပေးပြန်သည်။

တခဏအတွင်းမှာပင် ညိုမှောင်သော သွေးများ လျှံကျလာ၏။

အဆိပ်ရောနေသော သွေးပုပ်များ ထွက်လာခြင်း ဖြစ်၏။

သွေးပုပ်များ ကုန်သွားသောအခါ ဒဏ်ရာတွင်းသို့ အဝါရောင်ဆေးမှုန့်များ သိပ်ထည့်ပေးလိုက်ပြန်သည်။

ပြီးမှ သက်ပြင်းကိုချလိုက်ပြီး လင်းလီလီဘက် လှည့်ကာ စတင်ပြောလိုက်သည်။

"စိုးရိမ်စရာ မရှိတော့ပါဘူး တူမလေး၊ မကြာခင် သူသတိရလာမှာပါ၊ ဘကြီးတို့ နောက်တနာရီလောက်များ နောက်ကျသွားပြီး ရောက်လာယင်တော့ သူ့ကို ကယ်နိုင်တော့မှာ မဟုတ်ဘူး၊ မြားထိပ်ဖူးက လူးထားတဲ့ အဆိပ်က အင်မတန်ပြင်းထန်တာကွယ့်။ ကျုံးအိုင်ဖေ့ရေ ဒီမြားတံကို မြေကြီးထဲတူးပြီး မြှုပ်လိုက်ပါကွာ"

"အေးဟေ့....ငါမြှုပ်လိုက်ပါ့မယ် သူငယ်ချင်း"

ကျုံးအိုင်ဖေ့ မြားတံကိုယူပြီး စတိုခန်းထဲမှ ထွက်သွားသည်။

တချိန်လုံးစိုးရိမ်စိတ်ဖြင့် သမားတော်ကြီး အိန်ဂွမ်လုပ်သမျှကြည့်နေသော လင်းလီလီမှာ ယခုမှ စိတ်သက်သာရာ ရသွားသည်။

"ရော့ နှမကြီး ဒီဆေးမှုန့်တွေကို သူ့ဒဏ်ရာထဲမှာ တနေ့သုံးကြိမ် ထည့်ပေးပါ၊ လေးငါးရက် အတွင်းမှာ သူ့ဒဏ်ရာ ပျောက်သွားပါလိမ့်မယ်"

သမားတော်ကြီး အိန်ဂွမ် ဆေးမှုန့်များ ထည့်ထားသော ပုလင်းကလေးကိုကျုံးခွေ လက်ထဲထည့်ပေးယင်း ပြောလိုက်၏။

ကျုံးခွေ ဆေးပုလင်းကို လှမ်းယူလိုက်ပြီးမှ စိုးရိမ်စိတ်ဖြင့်

"ဒီသူငယ်ကလေးရဲ့ အကြောင်းကိုတော့ ဘယ်သူမှမသိစေချင်ဘူး အစ်ကိုကြီးရယ်"

"ကျုံးအိုင်ဖေ့ ငါ့ကို ပြောပြပြီးပါပြီ၊ ငါနားလည်ပါတယ် စိတ်ချပါ၊ နေ့တိုင်းလဲ ငါလာကြည့်အုံးမှာပဲ၊ အေး.... တခုတော့ နင်တို့အတွက် ငါစိုးရိမ်တယ်။ သူဟာ စိတ်ထားကောင်းတဲ့ လူတယောက်ဖြစ်တယ်ဆိုပေမယ့် မိစ္ဆာနက်ဂိုဏ်းဝင် တယောက် ဖြစ်နေလေတော့ ခပ်ပေါ့ပေါ့တော့ မနေကြနဲ့၊ ဒဏ်ရာပျောက်တာနဲ့ ဒီနေရာကနေ သူထွက်သွားပါစေ"

သမားတော်ကြီး အိန်ဂွမ်ကလည်း လင်းလီလီတို့ မိသားစုအတွက် စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။

"ဟုတ်ကဲ့ အစ်ကိုကြီး။ ဘ သူ့ဒဏ်ရာပျောက်လို့ သွားလာနိုင်တဲ့အခြေအနေမျိုး ဖြစ်လာယင်တော့ ကျွန်မတို့နဲ့ မထားပါဘူး၊ လျှို့စွမ်းတို့ကိုအကြောင်းကြားယင်လဲကြား ဒါမှမဟုတ် လာရာလမ်းကို သူပြန်ချင်သပဆိုယင်လဲ ပြန်ပါစေပေါ့"

"အား.... အင်း"

ဆိုစဉ် ကျန်းရှင်ချောင် နှုတ်ဖျားမှ ညည်းညူသံ ထွက်ပေါ်လာပြီး ခန္ဓာကိုယ်မှာလည်း လှုပ်ရှားစ ပြုလာသည်။



"ဟော....သူသတိရလာပြီ"

လင်းလီလီ ဝမ်းသာအားရပြောလိုက်သည်။

ကျုံးခွေနှင့် သမားတော်ကြီး အိန်ဂွမ်တို့ပါ မြိုင်တူ ကြည့်လိုက်ကြ၏။

ကျန်းရှင်ချောင် မျက်စိ ဖွင့် လိုက် သည် နှင့် မိန်းကလေး တယောက်၏ မျက်နှာကို စိုးတဝါး မြင်လိုက်ရသည်။

နောက် သူ့အမြင်က တဖြည်းဖြည်း ကြည်လင်လာပြီး ထိုမိန်းကလေးမှာ လင်းလီလီ ဖြစ်ကြောင်း သိရသောအခါ ဝမ်းသာအားတက်သွားမိသည်။

အဆိပ်လူး မြားဒဏ်ရာကြောင့် သူ သတိမေ့သွားသည်ကိုလည်း ပြန်လည်အမှတ်ရလာသည်။ ထိုစဉ်က သူ့ကိုယ်သူ ငယ်မယ့်သူဝေးပြီး သေပြီဟု ထင်ခဲ့သည်။

ယခု သူသတိရလာလာခြင်း လင်းလီလီ၏ ဝင်းပပမျက်နှာလေးကို မြင်လိုက်ရသောအခါ သူသည် ရန်သူ့လက်တွင်းသို့ မကျရောက်သေးပဲ လုံခြုံသောနေရာတွင် ရောက်နေကြောင်းကို ယုံကြည်စိတ်ချသွား၏။

တဆက်တည်းပင် သူ့ကို အကဲခတ်ကြည့်နေသော သမားတော်ကြီး အိန်ဂွမ်နှင့် ကျုံးခွေတို့ကို တွေ့မြင်ရပြန်သည်။

"မောင်ရင့်ဒဏ်ရာ စိုးရိမ်စရာ မလိုတော့ပါဘူး၊ လေးငါးရက်လောက်ဆိုယင် ပျောက်သလောက် ဖြစ်သွားမှာပါ"

သမားတော်ကြီး အိန်ဂွမ် ပြုံးရွှင်သော မျက်နှာထားဖြင့် အားပေးနှစ်သိမ့်လိုက်သည်။

ထိုအခါမှ အိန်ဂွမ်ကို သူ့အားကူသသော သမားတော်ကြီးမှန်း ကျန်းရှင်ချောင် သိလိုက်ပြီး စိတ်သက်သာရာ ရသွားသည်။

"ငါတို့ရောက်နေတာက ဒေါ်လေးတို့ရဲ့ ယာခင်းထဲက စတိုခန်းထဲမှာပဲကွယ့်၊ တူမောင် ဒီမှာရှိနေတယ်ဆိုတာ ဒေါ်လေးတို့ကလွဲပြီး ဘယ်သူမှ မသိပါဘူး"

ကျန်းရှင်ချောင် စိုးရိမ်ပူပန်မှု မရှိစေရန် ကျုံးခွေက လေသံအေးအေးဖြင့် ပြောလိုက်သည်။

"ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ အဒေါ်တို့ သိနေကြပြီလား"

သမားတော်ကြီးနှင့် လင်းလီလီ၏ မိခင် ပြောစကားများအရ သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း သိနေပုံရသဖြင့် ကျန်းရှင်ချောင် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

သူ့အမေးကို လင်းလီလီက ဝင်ဖြေလေသည်။

ချင်းကန်နှင့် ကျန်းရှင်ချောင်တို့ မတိုက်ခိုက်ခင် ချင်းကန်၏ စကားအရ ကျန်းရှင်ချောင် ဘဝမှန်ကို သူမအနေဖြင့် သိခဲ့ရသဖြင့် မိခင်နှင့် ဦးလေးတို့ကို ပြန်ပြောလိုက်ရကြောင်း၊ သူမ၏ အရှက်ကို အကြိမ်ကြိမ် အကာအကွယ်ပေးခဲ့သောကြောင့် မိခင်နှင့် ဦးလေးတို့က ကျန်းရှင်ချောင်ကို ယခုလို ကူညီကယ်တင်ခဲ့ခြင်းဖြစ်ကြောင်းပါ ပြောပြလိုက်၏။

ထိုအချိန်တွင် ကျုံးအိုင်ဖေ့လည်း ပြန်ရောက်လာသောကြောင့် သမားတော်ကြီးအိန်ဂွမ်မှာ သူ၏ယုံကြည်စိတ်ချရသော သူငယ်ချင်းတယောက် ဖြစ်ကြောင်းပါ ပြောပြသည်။



"ဒါနဲ့ မောင်ရင် တကယ်ပဲ မိစ္ဆာနက်ဂိုဏ်းချုပ် သေမင်းအော်ရဲ့သား ကျန်းရှင်ချောင်ပဲလားကွယ့်"

ကျန်းရှင်ချောင် နှုတ်မှဝန်ခံခြင်းကို ကြားလိုသဖြင့် ကျုံးခွေ မေးလိုက်သည်။

"မှန်ပါတယ် ဒေါ်လေး၊ ကျွန်တော့်ဖေဖေဟာ သေမင်းအော်ပါ"

"အင်း....မင်းဖခင်ရဲ့ ရက်စက်မှု၊ ကြမ်းကြုတ်မှု၊ စာနာစိတ်မရှိမှု ဂုဏ်သတင်းတွေကိုတော့ ဒေါ်လေးတို့လဲ ကြားရပါတယ်ကွယ်၊ ဒါပေမယ့် မင်းရဲ့ပုံသဏ္ဍာန်မှာတော့ ဒီလိုအရိပ်အရောင်မျိုးတွေ မမြင်ရပါလားကွယ့်၊ မင်းဖခင်ရဲ့ စရိုက်မျိုး မင်းမှာ ရှိပုံမရဘူး"

ကျန်းရှင်ချောင်ကို သေချာစွာ အကဲခတ်ပြီး ကျုံးခွေ ဝေဖန်လိုက်၏။

"ကျွန်တော်ဟာ သေမင်းအော်ရဲ့ မွေးစားသားပါ ဒေါ်လေး"

"သြော်....ဒါကြောင့်ကိုး"

ကျုံးခွေ တီးတိုးရေရွတ်လိုက်သည်။

ကျုံးအိုင်ဖေ့ စိတ်ဝင်တစားဖြင့် မေးလိုက်၏။

"ဒါဖြင့် တူမောင်ရဲ့ မိရင်း ဖရင်းတွေကကောကွယ်၊ ဘယ်သူတွေတုန်း၊ မရှိကြတော့ဘူးလား"

"ကျွန်တော့်ဖခင်ရင်းနာမည်က ကျန်းဆွန်ဟွပါ၊ မိခင်က လင်ရှီကွန်းပါ၊ ကျွန်တော့်မိဘရင်း နှစ်ပါးစလုံး လွန်ခဲ့တဲ့

ဆွယ့်လေးနှစ်လောက်က နယ်ချဲ့တော်လှန်ရေးကို ဆင်နွဲယင်း ကျဆုံးခဲ့ကြပါတယ်၊ ဆွေမျိုးသားချင်းမရှိတော့တဲ့ ကျွန်တော့်ကို သေမင်းအော်က ကောက်ယူမွေးစားခဲ့တာကြောင့် မိစ္ဆာနက်ဂိုဏ်းထဲ ကျွန်တော်ရောက်ခဲ့ရတာပဲ ဆိုပါတော့"

ကျန်းရှင်ချောင် ပြောပြချက်ကို အားလုံးပင် စိတ်ပါဝင်စားစွာ နားထောင်ကြပြီးနောက် သမားတော်ကြီး အိန်ဂွမ် မျက်မှောင်ကြီးကြုံ့ပြီး မေးလိုက်သည်။

"နေပါအုံး မောင်ရင်ရဲ့၊ မင်းမိဘနှစ်ပါး နာမည်က ကျန်းဆွန်ဟွနဲ့ လင်ရှီကွန်း ဟုတ်လား"

"ဟုတ်ပါတယ် ဘကြီး"

"ခြသေ့်မင်း ကျန်းဆွန်ဟွနဲ့ ငွေကြယ်သခင်မ လင်ရှီကွန်းတို့များ ဖြစ်နေမလား"

မှန်ပါတယ် ဘကြီး၊ ကျွန်တော့်မိဘတွေဟာ ခြသေ့်မင်း ကျန်းဆွန်ဟွနဲ့ ငွေကြယ်သခင်မ လင်ရှီကွန်းတို့ပဲ ဖြစ်ပါတယ်"

"ဟော ဖြစ်မှဖြစ်ရလေကွယ်"

သမားတော်ကြီး အိန်ဂွမ် အံ့ဩစိတ် ယူကြုံးမရစိတ်ဖြင့် ဟီးတိုးညည်းတွားလိုက်၏။

"ဘကြီးက ကျွန်တော့်မိဘရင်းတွေကို သိလို့လားဟင်"

သမားတော်ကြီး အိန်ဂွမ်၏ အမူအရာကို အကဲခတ်ပြီး ကျန်းရှင်ချောင် မေးလိုက်သည်။

"အင်း....လူချင်းတော့ မမြင်ဘူး မသိဖူးပါဘူးကွယ်၊ ဒါပေမယ့် မျိုးချစ်သိုင်းလောကမှာတော့ မောင်ရင့် မိဘတွေရဲ့



ဂုဏ်သတင်းတွေကို လူတိုင်းချီးမွမ်းပြောဆိုနေကြတော့ ကျုပ်လဲ သူတို့ရဲ့သတင်းကို အတော်ကလေး ကြားထားရတယ် ဆိုပါတော့ကွယ်"

"ကျွန်တော့်မိဘများအကြောင်းကို ဘကြီးသိသမျှ ပြောပြပါလားခင်ဗျာ"

တကယ်တော့ ကျန်းရှင်ချောင်သည် သူ့မိဘရင်းများ အကြောင်းကို သေချာစွာမသိ။

မျိုးချစ်စိတ်ရှိသော ပုဂ္ဂိုလ်များဖြစ်ပြီး နယ်ချဲ့တော်လှန်ရေးတွင် ကျဆုံးခဲ့ကြောင်းလောက်သာ သိထားခဲ့သည်။

ယခု သူ့မိဘများအကြောင်းကို သိသည်ဆိုသော သမားတော်ကြီး၏ စကားကြောင့် စိတ်ဝင်တစား မေးလိုက်မိခြင်းဖြစ်သည်။

"အင်း....ဘကြီးသိထားသလောက် ပြောရမယ်ဆိုယင်တော့ မင်းမိဘတွေဟာ စိတ်ရင်းစေတနာ ကောင်းကြတယ်၊ ရိုးသားဖြောင့်မတ်ကြတယ်၊ သစ္စာတရားကို ဦးထိပ်မှာထားတဲ့သူတွေ၊ မဟုတ်တာ မမှန်တာကို ဘာတခုမှမလုပ်ဘူး၊ သိုင်းပညာမှာတော့ ထိပ်တန်း သိုင်းရာဇာကြီးတွေပဲ၊ သူတို့ကို တော်ရုံလူ မယှဉ်ပြိုင်ရဲဘူး၊ သူတို့ဟာ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကို အင်မတန်ချစ်မြတ်နိုးတဲ့ မျိုးချစ်ကြီးတွေပဲ၊ ဒါကြောင့်မို့ လူကောင်း သူကောင်းတွေ အဖြူရောင် သိုင်းသမားကြီးတွေမှန်သမျှ သူတို့ကို ချစ်ခင်လေးစားကြတယ်၊ အင်း....နယ်ချဲ့တော်လှန်ရေးမှာ

သူတို့တွေ ကျဆုံးသွားတုန်းက သိုင်းလောကတခုလုံး ယူကြုံး မရဖြစ်ကြရတယ်၊ သူတို့မှာ ရှစ်နှစ်ရှယ် သားကလေးတယောက် ကျန်ခဲ့တယ်ဆိုတာ အားလုံးသိကြပေမယ့် အဲဒီ သားကလေး ဘယ်ရောက်သွားတယ်ဆိုတာ ဘယ်သူမှမသိလိုက်ကြဘူး၊ လက်စ သတ်တော့ မောင်ရင်က သေမင်းအော်ရဲ့ ကောက်ယူမွေးစား ခြင်း ခံလိုက်ရတာကိုး”

သမားတော်ကြီး အိန်ဂွမ် သူ့စကားကို အဆုံးသတ်လိုက်ပြီး မှ နှမြောတသသည့် မျက်နှာဖြင့် ကျန်းရှင်ချောင်ကို ကြည့် ကာ ခေါင်းကိုခါရမ်းလိုက်သည်။

ကျန်လူအားလုံးမှာ ကျန်းရှင်ချောင်ကို ထူးဆန်း အံ့သြ သည့် မျက်နှာများဖြင့် ကြည့်လိုက်ကြသည်။

ကျန်းရှင်ချောင်ပင် သူ့မိဘရင်းများ၏ ကောင်းသတင်း များကို ကြားရသောအခါ ဝမ်းမြောက်ဂုဏ်ယူမိလေသည်။

“ဖြစ်ရလေ ငါ့တူရယ် မင်းရဲ့မိဘတွေက တကယ့်တိုင်းပြည် အဖိုးတန် လူတော်လူကောင်းတွေ ဖြစ်ပါရက်ကနဲ့ မင်းကတော့ တိုင်းပြည်ရဲ့ အဖျက်လုပ်ငန်းကို လုပ်နေတဲ့ မိစ္ဆာနက်ဂိုဏ်းဝင် တယောက် ဖြစ်နေရတယ်ကိုးကွယ့်၊ ငါ့တူရဲ့လုပ်ရပ်တွေကြောင့် သေသွားခဲ့တဲ့ မင်းမိဘတွေရဲ့ ကောင်းခဲ့သမျှဟာ အလကား ဖြစ်ကုန်ပါဦးမယ်ကွယ်”

ကျုံးအိုင်ဖေ့ လေသံအေးအေးဖြင့် ဖျောင်းဖျလိုက်၏။



“မှန်ပါတယ်ကွယ်၊ မောင်ရင့်လို တက်လမ်းရှိတဲ့ လူငယ် တယောက်အနေနဲ့ အမှားကိုပြင်ပြီး အမှန်လမ်းကို လျှောက် သင့်ပါပြီကွယ်၊ မောင်ရင့်လို အရည်အချင်းရှိတဲ့ လူငယ်လူရွယ် တွေသာ တိုင်းပြည်အကျိုးပြု လုပ်ငန်းတွေကို လုပ်ဆောင်မယ် ဆိုယင် ဘယ်လောက်များ ကောင်းလိုက်မလဲကွယ်”

သမားတော်ကြီး အိန်ဂွမ်ကလည်း အမှန်လမ်းကိုလျှောက် ရန် တိုက်တွန်းသည်။

“အေးကွယ်၊ ငါ့တူအနေနဲ့ ဒေါ်လေးတို့ဆီမှာ နေစဉ် ကာလ ခေါင်းအေးအေးနဲ့ စဉ်းစားဦးပေါ့ကွယ်”

“တကယ်လို့ ငါ့တူသာ လူကောင်းတယောက်ဘဝနဲ့ ရပ် တည်တော့မယ်ဆိုယင်တော့ ဒေါ်လေးတို့နဲ့ တသက်လုံးနေနိုင် ပါတယ်ကွယ်”

ကျုံးခွေကလည်း သူမ၏ ဆန္ဒမှန်ကို ထုတ်ဖော်သည်။

ကျန်းရှင်ချောင် တဦးစီ၏ မျက်နှာများကို လိုက်ကြည့် ယင်း မည်သို့ ပြန်ပြောရမှန်းမသိ။ မည်သို့ ဝေခွဲရမည်မှန်း မသိ။

လင်းလီလီ၏ မျက်နှာကို ကြည့်လိုက်တော့ သူ့ကိုစိုက်ကြည့် နေကြောင်း တွေ့ရသည်။

သူမသည် ဘာစကားမှ မပြော။

သို့သော် လင်းလီလီ၏ အကြည့်မျက်လုံး အဓိပ္ပါယ်ကို သူ နားလည်ပါသည်။

နှုတ်မှ မည်သည့်စကားကိုမှ မပြောသော်လည်း မျက်လုံးက “အစ်ကိုရယ်၊ လူဆိုး လူမိုက်ကြီး မဖြစ်ချင်ပါနဲ့တော့၊ လူကောင်း

သူကောင်းတယောက်အဖြစ် ရပ်တည်လိုက်ပါတော့” ဟု ပြောနေပုံမျိုး။

ကျန်းရှင်ချောင် သက်ပြင်းရှည်ကြီးကို ဟင်းကနဲ ချလိုက်ပြီး မျက်လုံးအစုံကို အသာအယာမှိတ်လိုက်တော့သည်။

× * ×

## အခန်း တဆယ့်ကိုး

အလင်းရောင် ကွယ်ပျောက်သွားပြီး အမှောင်ထု စိုးမိုးလာချေပြီ။

ညစဉ်ညတိုင်းလိုပင်အုတ်အုတ်ကျက်ကျက် ပျော်ပျော်ရွှင်ရွှင်ဖြစ်နေတတ်သော မိစ္ဆာနက်ဂိုဏ်းစခန်းမှာ ယခုညတွင် အထူးတိတ်ဆိတ်နေသည်။

တကယ်တော့ မိစ္ဆာနက်အတွက် အောင်ပွဲခံရမည့်ည၊ ပျော်ပွဲရွှင်ပွဲ ကျင်းပရမည့်ည။

ယခုတော့ သူတို့ရည်မှန်းထားသလို ပိုင်ကျန်းမြို့၏ ရတနာသေတ္တာကို အရမယူနိုင်ခဲ့။

ရတနာသေတ္တာအစား ကျောက်ခဲသေတ္တာသာ ရခဲ့သည်။

ပို၍ဆိုးသည်မှာ ကျန်းရှင်ချောင်တို့တတွေပါ ယခုအချိန်အထိ ရောက်မလာကြသေးသဖြင့် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ခန့်မှန်းမိခြင်းဖြစ်သည်။

ထို့ကြောင့် မိစ္ဆာနက်ဂိုဏ်းအဖွဲ့ အကျိုးရှိမလာသည့်အပြင် အရှုံးနှင့်ပင် ရင်ဆိုင်နေရသောကြောင့် အားလုံး မျက်စိမျက်နှာများ မသာမယာ ဖြစ်ကြရသည်။ စိတ်မချမ်းမြေ့မှုများခံစားကြရသည်။

တဦးနှင့်တဦးပင် စကားမပြောနိုင်ကြ။

ငိုင်တွေတွေကြီးဖြင့် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြလေသည်။

ထိုအထဲတွင် သေမင်းအော်မှာ အဆိုးဆုံး၊ ပိုမိုအခံစားရဆုံး။

နေ့လည်လောက်ကတည်းက စခန်းအဝသို့ထွက်ပြီး သေမင်းအော် တမျှော်မျှော်နှင့်ဖြစ်နေလေသည်။

မည်သူ့ကိုမှလည်း စကားမပြော။

သူ့မျက်နှာတွင် စိုးရိမ်စိတ်၊ ခံပြင်းစိတ်များ လွှမ်းမိုးနေလေသည်။

အဲ့နန်ပင် သေမင်းအော်၏ အရိပ်အကဲ ကြည့်နေရုံမှအပမည်သည့်စကားကိုမှ မဆိုရဲပေ။

သေမင်းအော် ခံစားချက်ကို သူအသိဆုံး ဖြစ်သောကြောင့်ပင်။

မွန်းလွဲပိုင်းမှ ယခု မိုးချုပ်လာသည်အထိ သေမင်းအော် တချက်ကလေးမထိုင်။



ဟိုမှသည်မှ လမ်းလျှောက်ယင်း ဂဏာမငြိမ် ဖြစ်နေလေသည်။

သူ့မျက်နှာတွင် စိတ်သောက ဝေဒနာကြောင့် ချောင်ကျသလိုပင် ဖြစ်သွားသည်။

တခါတခါ ခံပြင်းစိတ်နှင့် သူ့အနီးမှ သစ်ပင်များကိုလက်ဝါးစောင်းဖြင့် တဖြောင်းဖြောင်း ရိုက်နေတတ်သည်။

နောက်ပိုင်းကို အခြေအနေ ပြန်ကြည့်ခိုင်းလိုက်သော ရှိဟိုနှင့်ကုတ်လေ့တို့ပင် ယခုအချိန်အထိ ပြန်မရောက်ကြသေးသဖြင့် မည်သည့် သတင်းမှမကြားရသောကြောင့် သေမင်းအော် ယခုလောက် စိတ်သောက ရောက်နေရခြင်း ဖြစ်သည်။

"ဘယ့်နှယ့်လဲ အဲ့နန်၊ ခုထိလဲ ဘယ်သူမှ ပေါ်မလာကြပါလား၊ ကျုပ်တို့တတွေလိုက်သွားကြမှနဲ့တူတယ်၊ သားလေးတို့တော့ အန္တရာယ်တခုခုနဲ့ ရင်ဆိုင်နေရတာ သေချာပြီ"

ယခု မိုးချုပ်ချိန်ကျမှ သူ့အနီးတွင် တွေတွေကြီးငိုင်နေသော အဲ့နန်ကို သေမင်းအော် ပြောလိုက်သည်။

"ဟုတ်တယ် သေမင်းအော်၊ လွှတ်လိုက်တဲ့ ရှိဟိုနဲ့ကုတ်လေ့ နှစ်ယောက်လဲ ပြန်မရောက်လာကြသေးတော့ အခြေအနေကတော့ တယ်ပြီး ကောင်းလှပုံ မပေါ်ဘူး၊ ညကြီးမိုးချုပ်ဆိုတော့ လူစုလူဝေးနဲ့ လိုက်သွားဖို့တော့ မကောင်းဘူး"

အဲ့နန်၏စကားမှာ လက်ခံနိုင်စရာ ဖြစ်သောကြောင့်....

"ကောင်းပြီလေ၊ နှစ်ယောက်လောက်ပဲခေါ်ပြီး ကျုပ်ကိုယ်တိုင်လိုက်သွားမယ်၊ အခြေအနေမှန်ကို မသိရမချင်း ဒီည ကျုပ်အိပ်ပျော်မှာ မဟုတ်ဘူး"

သေမင်းအော် ပြောပြောဆိုဆို ခရီးထွက်ဖို့ပြင်ဆင်ရန် ဂူထဲသို့ ဝင်မည်အပြု မြင်းခွာသံများ ပေါ်လာသောကြောင့် ခြေလှမ်းတန့်ရပ်သွားပြီး နားစွင့်လိုက်သည်။

ကိုယ့်အတွေးနှင့်ကိုယ် အသီးသီးငြိမ်သက်နေကြသော ဂိုဏ်းသားများအားလုံး မြင်းခွာသံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

မြင်းခွာသံကို နားစွင့်လိုက်ပြီး တကောင်တည်းလာသော မြင်းခွာသံမျိုး မဟုတ်ကြောင်း သိကြရသည်။

ပြီးတော့ ဒုန်းစိုင်းပြီးလာနေပုံမျိုး။

စိတ်ဓာတ်ကျနေသော သေမင်းအော် အနည်းငယ်စိတ်အားတက်သွားသည်။

သားဖြစ်သူကျန်းရှင်ချောင် ပြန်လာနေသလားဟု ကိုယ်ဖြစ်ချင်ရာ ဖမ်းတွေးလိုက်သည်။

ဖြစ်ပါစေဟူ၍လည်း စိတ်တွင်းမှ ဆုတောင်းလိုက်မိလေသည်။

မြင်းခွာသံများသည် တခဏနှင့်ကျယ်လောင်လာပြီး မကြာမီ စခန်းအတွင်းသို့ မြင်းနှစ်စီး ဒုန်းစိုင်း၍ ဝင်လာကြသည်။

မြင်းများဆီသို့ အာရုံစူးစိုက်ကြည့်နေသော သေမင်းအော် မြင်းစီးလာသူများကို မြင်ရသောအခါ စိတ်ဓာတ်ကျသွားလေသည်။

မြင်းများကို ဒုန်းစိုင်းစီးလာကြသူများမှာ ရှိဟိုနှင့်ကုတ်လေ့တို့ ဖြစ်ကြ၏။



သို့သော် သူတို့နှစ်ဦးထံမှ သားဖြစ်သူ ကျန်းရှင်ချောင်၏ သတင်းကို ကြားနိုင်မည်ဖြစ်ကြောင်း တွေးမိသောအခါ စိတ်သက်သာရာ ရသွားမိသည်။

ရှိဟိုနှင့် ကုတ်လေ့တို့သည် သေမင်းအော်ရှေ့သို့ ရောက်အောင် မြင်းကိုစိုင်းလာခဲ့ပြီးမှ ဖြတ်ကနဲ ခုန်ဆင်းလိုက်ကြသည်။

"ငါ့သားကို တွေ့ခဲ့ကြသလား၊ သူ ဘယ်မှာလဲ၊ဘယ်မှာလဲ၊ ငါ့ပြောကြစမ်းကွာ မြန်မြန်"

ရှိဟိုနှင့်ကုတ်လေ့တို့ကို အမောဖြေခွင့်မပေး။

သေမင်းအော် အလောတကြီး မေးမြန်းလိုက်သည်။

"ဆရာလေးကျန်းရှင်ချောင်ကို မတွေ့ခဲ့ရပါဘူး ဂိုဏ်းချုပ်ကြီး၊ လမ်းခရီးတလျှောက်မှာ ကျွန်တော်တို့ သေချာစွာကြည့်ခဲ့သလို ရွာတွေမှာလဲဝင်ပြီး စနည်းနာခဲ့ပါသေးတယ်"

ရှိဟို ပြောလိုက်သည်။

"ဟင်....မင်းတို့တတွေ ပိုင်ကျန်းမြို့အထိ သွားမစုံစမ်းကြဘူးလား"

"ပိုင်ကျန်းမြို့ထဲအထိ ဝင်ပြီး စုံစမ်းခဲ့ကြပါတယ် ဂိုဏ်းချုပ်ကြီး၊ ဆရာချင်းကန်ကို ကျွန်တော်တို့ဂိုဏ်းဝင် တယောက်ရဲ့လက်ချက်နဲ့ပဲ သေဆုံးခဲ့ရတယ်ဆိုတဲ့ သတင်းကို ကျွန်တော်စုံစမ်းလို့ ရခဲ့ပါတယ်"

ကုတ်လေ့၏ရှင်းပြချက်ကိုကြားရသောအခါ သေမင်းအော်အနီးမှ အံ့နန် ခံပြင်းစိတ်၊ ယူကြုံးမရစိတ် ဖြစ်သွားပြီး ဒေါသတကြီးဖြင့် မေးလိုက်သည်။

"ဘာကွ....ချင်းကန်ကို တို့ဂိုဏ်းဝင်ထဲက အချင်းချင်း ပြန်သတ်လိုက်တယ် ဟုတ်လား၊ ချင်းကန်ကို သတ်တဲ့ကောင်က ဘယ်သူလဲ"

"ဒါတော့ ပိုင်ကျွန်းတမြို့လုံး ဘယ်သူမှ မပြောနိုင်ကြပါဘူး ဆရာကြီး၊ ဆရာချင်းကန်ကို သတ်သွားတဲ့ ကျွန်တော်တို့ဂိုဏ်းဝင်ဟာ မျက်နှာဖုံးစွပ်ထားတယ်လို့ သိရပါတယ်၊ သူဟာ လုံခြုံရေး အဖွဲ့ဝင်တွေရဲ့ မြားမှန်ခံရပြီး လွတ်မြောက်ထွက်သွားတယ်လို့ သိခဲ့ရပါတယ်"

"ကဲပါကွာ....ငါ့သားရဲ့သတင်းကို ဘာကြားခဲ့ရသလဲဆိုတာကိုပဲ ပြောစမ်းပါအုံး"

သားဖြစ်သူအတွက် ဆန္ဒစောနေသော သေမင်းအော် ကြားဖြတ်ပြီး မေးလိုက်သည်။

"ဆရာလေးကျွန်းရှင်ချောင်ရဲ့ သတင်းကို ကျွန်တော်တို့လဲ သေသေချာချာ စုံစမ်းခဲ့ကြပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒါပေမယ့် ဆရာလေးကျွန်းရှင်ချောင်နဲ့ ပတ်သက်လို့ ဘာသတင်းမှ စုံစမ်းလို့ မရခဲ့ပါဘူး"

ရှိဟို၏စကားကြောင့် သေမင်းအော် စိတ်ပျက် အားလျော့သွားသည်။

ကျွန်းရှင်ချောင်အတွက် တွေးမရ။ စဉ်းစားမရ ဖြစ်သွားသည်။

ထိုစဉ်ကုတ်လွေ့က ဖြည့်စွက်ပြောသည်။

"ဆရာချင်းကန်အပြင် ကျွန်တော်တို့ဂိုဏ်းဝင် လေးယောက်ကို ပိုင်ကျွန်းမြို့လုံခြုံရေးအဖွဲ့ဟာ အသေ ဖမ်းမိသွားပါတယ်



ဂိုဏ်းချုပ်ကြီး၊ ဆရာချင်းကန်နဲ့ သူတို့လေးယောက် မြေမြှုပ်တဲ့နေရာကို ကျွန်တော်တို့ကိုယ်တိုင် သွားကြည့်ခဲ့ပါတယ်"

"အဲဒီ လေးယောက်ထဲမှာ ငါ့သား.... ငါ့သား မပါဘူး မဟုတ်လား"

"မပါပါဘူး ဂိုဏ်းချုပ်ကြီး"

"ဒါဆိုယင်တော့ ကျွန်းရှင်ချောင်အတွက် စိုးရိမ်နေစရာ မလိုတော့ပါဘူး ဆရာကြီး"

အဲ့နန် မျက်မှောင်ကြုတ် စဉ်းစားနေယင်းမှ ပြောလိုက်၏။

"ဘာဖြစ်လို့လဲ အဲ့နန်"

"ကျွန်းရှင်ချောင်ဟာ မိစ္ဆာနက်ဂိုဏ်းချုပ် သေမင်းအော်ရဲ့ သား၊ ပြီးတော့ တတိယခေါင်းဆောင် နေရာကို ယူထားတဲ့ လူတယောက်၊ အဲ ကျွန်းရှင်ချောင်လိုလူတယောက်ကို ပိုင်ကျွန်းမြို့ လုံခြုံရေးအဖွဲ့ အနေနဲ့ အသေပဲဖြစ်ဖြစ်၊ အရှင်ပဲဖြစ်ဖြစ်၊ ဖမ်းမိသွားယင် ဒီသတင်းကို ဖုံးကွယ်ထားစရာအကြောင်း မရှိပါဘူး၊ ဖုံးကွယ်လို့လဲ မရပါဘူး၊ ဒါကြောင့် ကျုပ်တွေးမိတာကတော့ ကျွန်းရှင်ချောင်က သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတခုနဲ့ ပိုင်ကျွန်းမြို့ထဲမှာပဲ ခြေရာဖျောက်ပြီး နေချင်နေနိုင်သလို တနေရာကို ခရီးလွန်နေတာလဲ ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ကျွန်းရှင်ချောင်အတွက် စိုးရိမ်နေစရာ မလိုပါဘူး"

အဲ့နန်၏ တွေးခေါ်ယူဆပုံမှာ လက်ခံချင်စရာကောင်းသော်လည်း သေမင်းအော်ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

"အင်း....ခင်ဗျားပြောတာ အပေါ်ယံကြော တွေးကြည့်ယင် ဖြစ်နိုင်သလိုလိုနဲ့ သေချာတွေးကြည့်ယင်တော့ မဖြစ်နိုင်ဘူး အဲ့နန်၊ ကျုပ်သားအကြောင်း ကျုပ်အသိဆုံးပါ၊ ကျုပ်သားဟာ ကျုပ်မသိပဲ ဘယ်ကိစ္စကိုမှ မလုပ်ဘူး၊ ကျုပ်ကို ခွင့်မပန်ပဲ ဘယ်ကိုမှသွားတတ်တာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်စိတ်ထဲမှာ သူဟာ အန္တရာယ် တခုခုနဲ့ ရင်ဆိုင်နေရတယ်လို့ပဲ ထင်ရတယ်"

"ခင်ဗျားတွေးသလိုလဲ ဖြစ်နိုင်တာပဲလေ၊ အခုလဲ ကျွန်တော် တွေးမိတယ်ဆရာကြီး...."

"ဆိုပါအုံး"

"ဒီလိုလေ ကျုပ်တပည့်ချင်းကန်ကို သတ်သွားတဲ့လူဟာ ကျုပ်တို့ ဂိုဏ်းဝင်ထဲကဆိုတော့ ကျန်းရှင်ချောင်များ ဖြစ်နေမလားလို့"

"အို ကျုပ်သား ဒီလို ဇာတ်တူသားစားတဲ့ လူစားမျိုး မဟုတ်ဘူး"

"မဟုတ်သေးဘူးလေ၊ ချင်းကန်ရဲ့သိုင်းပညာကို ဆရာကြီးလဲ သိသားပဲဆရာကြီး၊ တော်ရုံတန်ရုံ ဂိုဏ်းဝင်တယောက်က သူ့ကိုမယှဉ်နိုင်ပါဘူးလေ၊ ကျန်းရှင်ချောင်ကိုသာ ချင်းကန် မနိုင်တာ၊ ကျွန်တော်တော့ ချင်းကန်ကိုသတ်ပြီးကျန်းရှင်ချောင် ထွက်ပြေးသွားတယ်လို့"

"အို မဟုတ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး"

"ဟုတ်-မဟုတ် ဆရာကြီးနဲ့ကျွန်တော်ကိုယ်တိုင် စုံစမ်းကြည့်ယင် ကောင်းမယ်ဆရာကြီး"



"ကောင်းပြီလေ၊ ကျုပ် မနက်ဖြန်ကျ ခင်ဗျားနဲ့ရုပ်ဖျက်ပြီး ပိုင်ကျန်းမြို့ကို သွားကြမယ်အဲ့နန်၊ ချင်းကန် ဘယ်သူ့လက်ချက်နဲ့ သေဆုံးခဲ့ရတယ် ဆိုတာကိုလဲ စုံစမ်းမယ်၊ ကျုပ်သား ကျန်းရှင်ချောင် ဘယ်မှာရှိနေတယ်ဆိုတာကိုလဲ စုံစမ်းမယ်၊ ပြီးတော့ ပိုင်ကျန်း မြို့သူမြို့သားတွေရဲ့ ရတနာသေတ္တာကို နာယကအဖွဲ့က ဘယ်မှာသိမ်းဆည်းထားတယ် ဆိုတာကိုလဲ အမှန်အတိုင်း သိရအောင် စုံစမ်းမယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ ဆရာကြီး၊ မနက်ဖြန် ပိုင်ကျန်းမြို့ကို ကျွန်တော်တို့ကိုယ်တိုင်သွားပြီး စုံစမ်းကြတာပေါ့"

* * *

## အခန်း   နှစ်ဆယ်

ကျေးငှက်သာရကာတို့၏ လွင်စီစီအော်မြည် ဟစ်ကြွေးသံတို့က သာယာစွာ ထွက်ပေါ်လာလျက်ရှိသည်။

ယာခင်းထဲတွင် ကျန်းရှင်ချောင်နှင့် လင်လီလီတို့ လမ်းလျှောက်လာကြ၏။

ကျန်းရှင်ချောင် ပခုံးမှဒဏ်ရာ အတော်ကလေး သက်သာသွားပြီ ဖြစ်၍ ယနေ့စမ်းပြီး လမ်းလျှောက်ထွက်ခြင်းဖြစ်သည်။

သို့သော် သူ့အနေဖြင့် အိမ်ကြီးဆီသို့ မသွားရဲသေး။

စတိုခန်းထဲတွင် နေထိုင်ကာ အပြင်သို့မထွက်ပဲ နေခဲ့၏။

အညောင်းမိနေပြီ ဖြစ်သောကြောင့်ယခုမှလမ်းစမ်းလျှောက်ခြင်း ဖြစ်သည်။



ပခုံးမှဒဏ်ရာမှာ မကျက်သေးသော်လည်း နာကျင်မှုဝေဒနာကိုမူ မခံစားရတော့။

သူသည် လင်းလီလီနှင့် ယှဉ်တွဲ လျှောက်လာရသောကြောင့် ပီတိဖုံးပြီး အပြုံးဝေနေသည်။

လင်းလီလီ မျက်နှာကလေးကမူ စိုးရိမ်စိတ်ရောယှက်လျက် နှုတ်ခမ်းကလေး စူထားသည်။

"အစ်ကိုကလေ ပြောစကားလဲ နားမထောင်ဘူး၊ အပြင်ကိုထွက်လမ်းလျှောက်တာ သူများတွေမြင်သွားယင် မကောင်းဘူးပေါ့၊ ညီမက အစ်ကို အန္တရာယ်ဖြစ်မှာစိုးလို့ ပြောနေတာသိလား"

သူမထံမှ မကျေနပ်သံ စကားလုံးကလေးများ ပေါ်လာသည်။

ကျန်းရှင်ချောင်ကမူ အပြုံးမပျက်။

သူ့အတွက် လင်းလီလီက စိုးရိမ်ပူပန်စိတ်ဖြင့် ပြောနေခြင်းဖြစ်သောကြောင့် ရင်တွင်းမှ ကျေနပ်ကြည်နူးနေမိသည်။

သူ၏တသက်တာတွင် ယခုလို မိန်းမချောကလေးများနှင့် တခါမျှ နီးနီးကပ်ကပ် မနေဖူးခဲ့။ စကားမပြောဖူးခဲ့။

အန်းဝေ့း တောအုပ်အတွင်းမှာသာ သူ့ဘဝကို မြှုပ်နှံပြီးပြင်းခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် လင်းလီလီနှင့် ပတ်သက်ပြီး သူ့ရင်ထဲတွင် နှုပ်ရှားလာခဲ့ရသည်မှာ အမှန်။

"အြော်....ညီမရယ်၊ အစ်ကိုရဲ့ ဘဝမှန်ဇာစ်မြစ်ကို ညီမတို့သွားစုကလွဲပြီး ဘယ်သူမှသိထားတာမှ မဟုတ်ပဲ၊ ပြီးတော့

ညီမတို့က စားသောက်ဆိုင်နဲ့ တည်းခိုခန်း ဖွင့်ထားတော့ လူဝင်လူထွက်များတာမို့ အစ်ကို့ကို ဘယ်သူမှ ထူးထူးခြားခြား ဂရုပြုမိကြမှာ မဟုတ်ပါဘူး၊ အဲ....ညီမတို့က ဖွင့်မပြောသမျှ အစ်ကိုဟာ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး၊ညီမတို့တည်းခိုခန်းမှာလာတည်းတဲ့ ဧည့်သည်တယောက်လို့ပဲ ထင်ကြမှာပါ"

ကျန်း ရှင် ချောင် ပူပင်ကြောင့်ကျမှု ကင်းစွာဖြင့် ပြောလိုက်၏။

"အံမယ်....ညီမတို့ကတော့ **အစ်ကို**ကို ဘယ်သူ ဘယ်ဝါလို့ ဖွင့်ပြောပါ့မလား၊ ဒါပေမယ့် အစ်ကိုလေးလျှံစွမ်းက သိပ်ပါးတယ်၊ အစ်ကို့ကိုသူမြင်သွားတာနဲ့ ရိပ်မိသွားနိုင်တယ်"

"လျှံစွမ်းဆိုတာက"

"ဟိုနေ့က အစ်ကိုနဲ့တိုက်ခိုက်ကြတဲ့သူပေါ့၊ လုံခြုံရေးမှူးတယောက်ပဲ၊ သူဟာ **အစ်ကို**ကို သေမင်းအော်ရဲ့သားမှန်း သိသွားယင်တော့ မလွယ်ဘူး"

"ဩော် သူလား၊ အင်မတန်သစ္စာရှိပြီး မတရားတဲ့ကိစ္စကို မှနှစ်ခြိုက်တဲ့သူ တယောက်ပါပဲ"

"အစ်ကို ဘယ်လိုသိသလဲ"

"ဩော် အစ်ကို့ကို သူ့တပည့်တွေ မြားနဲ့ ဝိုင်းပစ်ကြတုန်းက သူအော်ကြိမ်းမောင်းလိုက်သေးတာပဲ၊ အစ်ကိုဟာ သူ့ရန်သူတယောက် ဖြစ်ပေမယ့် အင်အားနဲ့ အနိုင်ကျင့်လိုစိတ် မရှိဘူးလေ၊ သူ့ လိုစိတ်ဓာတ်ကိုတော့ အစ်ကို ချီးကျူးပါတယ်"

"အစ်ကို့ကိုလဲ သူကချီးကျူးတာပဲ"



လင်းလီလီစကားကြောင့် ကျန်းရှင်ချောင် သူမမျက်နှာကို ဖြတ်ကနဲကြည့်လိုက်သည်။

"ဟင်....ဟုတ်လား၊ သူက အစ်ကို့ကိုချီးကျူးတယ်၊ နေပါအုံး သူ ချီးကျူးလောက်အောင် **အစ်ကို**က ဘာများ လုပ်ခဲ့လို့လဲ"

"သူ့ကို အစ်ကို့အနေနဲ့ အသေသတ်နိုင်တဲ့ အခွင့်အရေးကို ရခဲ့ပေမယ့် **အစ်ကို**က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရအောင်တောင် မတိုက်ခိုက်ဘူးဆို၊ ဒါကြောင့် သူက အစ်ကို့ကို ချီးကျူးတာပေါ့။ **အစ်ကို**ဟာ မိစ္ဆာနက်ဂိုဏ်းဝင် ဖြစ်ပေမယ့် စိတ်ယုတ်မာ မရှိဘူးလို့ ပြောသွားတယ်"

"ချင်းကန်ကို အစ်ကို သတ်လိုက်တာတော့ သူမပြောဘူးလား"

"အို....အစ်ကိုကလဲ၊ ဒါကတော့ ချင်းကန်ဟာ စိတ်ယုတ်မာရှိတဲ့ လူတယောက်ပဲ၊ ဒီအချိန်တုန်းက အစ်ကို အချိန်မီထွက်ပြေးနိုင်အောင် သူ့ကိုသတ်လိုက်ရတာပဲ"

လင်းလီလီ သူ့ဘက်မှကာကွယ်ပြီး ပြောနေကြောင်း သိရသောအခါ ကျန်းရှင်ချောင် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

နှစ်ယောက်သား စကားဆက်မပြောမိကြ။

စပါးခင်းမှ ထွက်ခဲ့ပြီး အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတပင်အောက်တွင် ထိုင်လိုက်ကြ၏။

သစ်ပင်ထက်မှအော်မြည် တွန်ကျူးနေသော ကျေးငှက်တို့၏ အသံများမှာ လွင်စီနေသည်။

လင်းလီလီ ကျေးငှက်ကလေးများကို မော့ကြည့်လိုက်ပြီးမှ ကျန်းရှင်ချောင်မျက်နှာကို တဆက်တည်းကြည့်ကာ ပြောလိုက်သည်။

"အစ်ကို စဉ်းစားပြီးပြီလားဟင်"

"ဟင်....ဘာကို **စဉ်းစား**ရမှာလဲညီမ"

လင်းလီလီ၏ အမေးကို သဘောမပေါက်သဖြင့် ကျန်းရှင်ချောင် ပြန်မေးလိုက်၏။

"ဩော်....အစ်ကိုရဲ့ ဘဝရှေ့ရေးကို ဘယ်လို ခရီးဆက်မယ်ဆိုတာ စဉ်းစားပြီးပြီလားလို့ မေးတာပါ၊ မိစ္ဆာနက်ဂိုဏ်းကို ပြန်သွားပြီး လူဆိုးကြီးပဲ ပြန်လုပ်မလား၊ အလင်းထဲမှာနေပြီး နိုင်ငံရဲ့ အကျိုးပြု လုပ်ငန်းတွေကို လုပ်မလား၊ ဒါကို ညီမ သိချင်လို့ပါ"

ထိုအခါမှ ကျန်းရှင်ချောင် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

ချက်ချင်း ပြန်မပြောသေးပဲ အဝေးကို ငေးကြည့်နေပြီးမှ ဖြည်းဖြည်းလေးလေး ပြန်ပြောသည်။

"အစ်ကိုရဲ့ မွေးစားဖခင်ကြီးကို အစ်ကို သိပ်ပြီးချစ်တယ်၊ သံယောဇဉ်ကြီးပါတယ်ညီမ၊ ဖေဖေကလဲ အစ်ကိုအပေါ် ဒီလိုပါပဲ၊ မျက်စိအောက်ကတောင် အပျောက်ခံတာ မဟုတ်ပါဘူး၊ အခုဆိုယင် သူဟာ အစ်ကို့အတွက် အတော့်ကို ပူပင်သောက ရောက်နေရှာမှာပါ"



"ဟင်....ဒါဖြင့် အစ်ကို အမှောင်လမ်းကိုပဲ ပြန်လျှောက်...ပေါ့"

လင်းလီလီမျက်နှာပြင်တွင် စိုးရိမ်ပူပန်မှုများယှက်သန်းသွား... စိတ်ပျက်သံကလေးဖြင့် ပြန်မေးလိုက်သည်။

"မှဟုတ်သေးပါဘူး ညီမရယ်၊ အစ်ကိုစကား မဆုံးသေး...ဘူး"

"ဆက်ပြောပါအုံး"

"အစ်ကိုရဲ့ စိတ်ခတ် အမှန်ကို ပြောရယင် အစ်ကို့အနေနဲ့ ...ခိုးတိုက်ခိုက်တဲ့ အလုပ်တွေကို မလုပ်ချင်ဘူး၊ ရက်စက် ကြမ်း...ြုတ်တဲ့ အပြုအမူမျိုးကို ရွံမုန်းတယ်၊ အစ်ကိုတို့ မိစ္ဆာနက်...်းရဲ့ အနိုင်ကျင့်မှုကြောင့် အသက်စည်းစိမ်တွေ ဆုံးရှုံးခဲ့ရ...တွေအတွက် တနေ့မှ အစ်ကို့ရင်မှာ မချမ်းမြေ့ခဲ့ဘူး"

"ဒါဖြင့်လဲ အစ်ကိုရယ် ဘာဖြစ်လို့ အစ်ကို့အနေနဲ့ မိစ္ဆာ...က် ဂိုဏ်းဝင်တယောက် ဖြစ်နေရသလဲ"

"ဒါကတော့ဒီလိုရှိတယ်ညီမ၊ ခုနက အစ်ကိုပြောခဲ့သလို အစ်...့ ဖေဖေအပေါ်ကို အစ်ကိုအနေနဲ့ သိပ်ချစ်တယ်၊ သိပ်ပြီး...ယောဇဉ်ရှိတယ်၊ ဖေဖေ စိတ်မချမ်းမသာ ဖြစ်မှာကို မလို...ားဘူး၊ ဒါကြောင့်လဲ ဖေဖေရဲ့ အလိုဆန္ဒအတိုင်း မိစ္ဆာနက်...်းမှာ ပါဝင်လှုပ်ရှားခဲ့ရတာပဲပေါ့၊ ဒါပေမယ့် အစ်ကိုဟာ...အထိ ကိုယ်ထိလက်ရောက် ဘယ်သူ့ရဲ့ပစ္စည်းကိုမှ လုယက်...ခိုက်ခြင်း မပြုခဲ့သေးဘူး၊ မတရားသဖြင့် အနိုင်ကျင့်ပြီး...ယ်သူ့ကိုမှ မသတ်ခဲ့သေးဘူး၊ မနှိပ်စက်ခဲ့သေးဘူး၊လူကောင်း

သူကောင်း တယောက် အဖြစ် အစ်ကို့ဘဝကို ရပ်တည်ချင်တာ
ကြာပါပြီညီမ”

“ဒါဖြင့်လဲအစ်ကိုရယ် အခုလိုအချိန်မျိုးမှာ အစ်ကို့ အနေ
အမှန်လမ်းကိုလျှောက်ဖို့ အခွင့်အရေး အပေါ်ဆုံးပါပဲ၊ အစ်
သာ လူကောင်းတယောက် ဘဝနဲ့ ရပ်တည်မယ်ဆိုယင် အစ်
လေး လျှံစွမ်းတို့ကလဲ အစ်ကို့ကို ကြိုဆိုကြမှာပါ၊ ဘကြီးအိန္
ပြောသလို ခုလိုအချိန်မျိုးမှာအစ်ကိုတို့လိုအရည်အချင်းပြည့်ဝ
လူတွေကို တိုင်းပြည်က လိုအပ်နေတာ အမှန်ပဲ၊ ဘယ့်နှယ်
အစ်ကို”

“အစ်ကို့ သေသေချာချာ စဉ်းစားပြီး အမြန်ဆုံး ဆုံးဖြ
ပါ့မယ် ညီမ”

“အစ်ကိုဆုံးဖြတ်ချက်ဟာ ညီမ ကြားချင်တဲ့ စကားမျိုး
ဖြစ်ပါစေ အစ်ကိုရယ်”

“အစ်ကိုပြောချင်တဲ့ စကားတခွန်းကိုတော့ အခုပဲ အစ်
ပြောချင်တယ်ညီမ”

“ဘာများလဲ အစ်ကိုရယ်”

“ညီမကို သိပ်ချစ်တယ်ဆိုတဲ့ စကားမျိုးပေါ့”

“အို”

လင်းလီလီ မျက်နှာတွင် ရှက်သွေးဖြာသွားပြီး ကျန်းရှ
ချောင်ကို ဖြတ်ကနဲ ကြည့်လိုက်သည်။

သူမမျက်နှာတွင် ဒေါသ၏ အရိပ်အငွေ့များကို မတွေ့ရ
ချက်ချင်းပင် သူမခေါင်းကို ပြန်ငုံ့လိုက်ပြီး ထိုင်ရမလို၊ ထ
မလို ဖြစ်နေသည်။



“ကဲ....အစ်ကို ပြောချင်တဲ့စကားကို ပြောပြီးပြီ၊ အစ်ကို
ားချင်တဲ့စကားကို ညီမက ပြန်ပြောအုံးလေ”

“အို ဘာပြောရမှာလဲ”

“အစ်ကို့ကို ချစ်ပါတယ်ဆိုတဲ့ စကားပေါ့”

“သွား”

လင်းလီလီ မျက်စောင်းတချက် ထိုးလိုက်ပြီး ရှက်ပြုံး
လေး ပြုံးကာ အိမ်ကြီးဆီပြေးထွက်သွားတော့၏။

ကျန်းရှင်ချောင် လင်းလီလီကျောပြင်ကို ကြည့်ပြီး ပြုံးပြုံး
း ကျန်ခဲ့လေသည်။

* * *

## အခန်း နှစ်ဆယ့်တစ်

ပိုင်ကျန်းဈေးကြီး။

နယ်ခြားမြို့ကလေး၏ ဈေးကြီးဖြစ်သောကြောင့် တဘ
နိုင်ငံမှ ကုန်ပစ္စည်းများကိုပါ ဝင်ရောက် ရောင်းချသဖြင့်စည်က
သည်။

ရောင်းချသူများက ပစ္စည်းစုံစုံကို ရောင်းချခြင်းကြေ
ဝယ်သူများလည်း ကြိတ်ကြိတ်တိုးနေသည်။

ပိုင်ကျန်းမြို့ကို ရောက်လာသူ ညွှန့်သည်မှန်သမျှ ဈေး
အတွင်းသို့ လာရောက် လေ့လာဝယ်ခြမ်းလေ့ရှိသည်။

လိုချင်သောပစ္စည်းမှန်သမျှ ဈေးကြီးတွင် ဝယ်ယူ ရရှိ
သည်။



တနေ့တာလုံးပင် ရောင်းသူ၊ ဝယ်သူမပြတ်ပဲ စည်ကားလှန်းလှသည်။

နဂါးပွဲတော် ကျင်းပခဲ့စဉ် သုံးရက်အတွင်း ဈေးကြီးကို ပိတ်ထားခဲ့ရသဖြင့် ယခု ပြန်ဖွင့်စအချိန်တွင် ရောင်းသူဝယ်သူတို့ တိုးမပေါက်အောင် ရှိနေတော့သည်။

ဈေးကြီးအတွင်း လူများကြားတွင် သူတောင်းစားကြီး နှစ်ဦးတို့ လှည့်လည်တောင်းရမ်းလျက် ရှိသည်။

နှစ်ဦးစလုံး အသက်ခုနစ်ဆယ် ပတ်ဝန်းကျင်ရှိ အဘိုးအိုကြီးများ ဖြစ်ကြပြီး ဆံပင်များ မုတ်ဆိတ် ပါးသိုင်းမွေးများ ဆွတ်ဆွတ်ဖြူနေကြလေပြီ။

တဦးမှာ မျက်စိကြောင်တောင် ကန်းနေပြီး တဦးမှာ ခြေထောက်တဘက် သေနေတာကို တရွတ်တိုက် ဆွဲလျက် ချိုင်းထောက်ဖြင့် သွားလာလျက်ရှိသည်။

ချိုင်းထောက်နှင့် အဘိုးအိုမှာ ရှေ့မှသွားလျက် သူ၏ပခုံးကို နောက်ဘက်မှ မျက်ကန်းအဘိုးအိုက ကိုင်ပြီးလိုက်သည်။

သူ့ခါးတွင် တောင်ဝှေးတချောင်း ချိတ်ဆွဲထားသည်။

သူတို့နှစ်ဦး၏ အော်ဟစ်တောင်းရမ်းသံ၊ ဆုပေးသံများက ဈေးရောင်း ဈေးဝယ်တို့၏အသံကို လွှမ်းမိုးပေါ်ထွက်နေလေသည်။

လူတိုင်းလိုလိုပင် ကရုဏာစိတ်ထားဖြင့် သူတို့လက်ထဲတွင် ဆုပ်ကိုင်ထားသော ခွက်စုတ်ကြီးများအတွင်းသို့ ငွေစများ ပေးလှူကြသည်။

သူတောင်းစား အဘိုးအိုကြီး နှစ်ဦးသည် လူစုလူဝေးများနားနေသောနေရာမျိုးတွင်မကြာခဏထိုင်ပြီးနားတတ်ကြသည်။

ယခုလည်း သူတို့နှစ်ဦးသည် ဈေးထဲတွင် တပတ်လှည့်လည်ကာ တောင်းရမ်းပြီးနောက် ဈေးရောင်း ဈေးဝယ်သူများအနားယူနေကြသော ဈေးပေါက်ဝအနီးရှိ သစ်ပင်ကြီးတပင်အောက်တွင်ထိုင်၍ နားနေလိုက်ကြ၏။

သူတို့သည် ပခုံးတွင် လွယ်ပိုးလာသည့် ဟောင်းနွမ်းနံစော်သော လွယ်အိတ်ကြီးအတွင်းမှ မုန့်များကို ထုတ်ယူစားသောက်ပြီး အနားယူနေကြခြင်း ဖြစ်သည်။

မျက်ကန်းအဘိုးကြီးမှာ မျက်တောင်တချက်မှမခတ်ပဲ သူတို့အနီးပတ်ဝန်းကျင်တွင် လူအများ ပြောဆိုနေကြသော ရောက်တတ်ရာရာ စကားများကို နားစွင့်နေလေသည်။

သူ့နည်းတူ ချိုင်းထောက်နှင့် အဘိုးအိုကလည်း မုန့်တချပ်ကို အားပါးတရစားယင်း လူများပြောဆိုသမျှကို နားစွင့်လျက်ရှိနေလေသည်။

ချိုင်းထောက်နှင့် အဘိုးအိုသည် သူ့လက်မှမုန့်ကို အကုန်စားလိုက်ပြီးနောက် သူ၏ ညစ်ပေနေသော ဝတ်ရုံမည်းမည်းကြီးဖြင့် သူ့လက်ကို သုတ်လိုက်သည်။

ပြီးနောက် သူ့ချိုင်းထောက်ကို လှမ်းယူရန် လက်ကိုလှမ်းလိုက်သော်လည်း သူ့မျက်လုံးအစုံက ဈေးထဲမှထွက်လာသောလူတယောက်ကို မြင်လိုက်ရသဖြင့် လက်မှာ တန့်ရပ်သွားသည်။



သူသည် ဈေးထဲမှ ထွက်လာသူကို စူးစိုက်ကြည့်နေရာမှ မျက်ကန်းအဘိုးအိုကို ကျန်သူ့လက်တဘက်ဖြင့် အသာတို့လိုက်သည်။

မျက်ကန်းအဘိုးအိုသည် ချိုင်းထောက် အဘိုးအိုဘက်သို့ မျက်နှာလှည့်လိုက်ပြီးနောက် ချိုင်းထောက်အဘိုးအို ကြည့်နေသော နေရာသို့ တဆက်တည်း မျက်နှာလှည့်လိုက်သည်။

သူသည်လည်း ဈေးထဲမှထွက်လာသူကို မြင်လိုက်ပြီး လုံခြုံရေးမှူး လျှံစွမ်း ဖြစ်ကြောင်း သိလိုက်လေသည်။

ချိုင်းထောက်နှင့် အဘိုးအို၏ အကြည့်က လျှံစွမ်းထံမှ လွဲဖယ်သွားသော်လည်း မျက်ကန်းအဘိုးအိုကမူ လျှံစွမ်းဘက်သို့ မျက်နှာကို လှည့်မလှည့်ထားလေသည်။

သူ၏မျက်လုံးအစုံမှာ ကြောင်တောင်တောင်ကြီး ဖြစ်နေပြီး လုံးဝ မျက်တောင်မခတ်ချေ။

သူ့ကိုမြင်ရုံဖြင့် ဘယ်သူကမှမဆို မျက်ကန်းကြီးတယောက်ဖြစ်ကြောင်း သိကြလိမ့်မည် ဖြစ်၏။

သို့သော် တကယ်တန်းမူ ထိုအဘိုးအိုမှာ မျက်စိကြောင်တောင်ကန်းနေသော မျက်ကန်းအဘိုးအို သူတောင်းစားကြီး ဟန်ဆောင်ထားသော မိစ္ဆာနက်ဂိုဏ်းချုပ်ကြီး သေမင်းအော် ဖြစ်ကြောင်း သိကြမည်ဆိုပါလျှင်....။

ချိုင်းထောက်နှင့် ခြေတဘက် သေနေသော အဘိုးအိုဟန်ဆောင်ထားသူမှာ မိစ္ဆာနက်ဂိုဏ်း၏ ဒုတိယခေါင်းဆောင် အဲ့နန်ဖြစ်ကြောင်း သိကြမည်ဆိုပါလျှင်....။

သေမင်းအောင်နှင့် အဲ့နန်တို့သည် လွန်ခဲ့သောသုံးရက်လောက်ကတည်းကပိုင်းကျန်းမြို့အတွင်းသို့ ထိုကဲ့သို့သူတောင်းစားအဘိုးကြီးများဟန်ဆောင်ပြီး ဝင်ခဲ့ခြင်းဖြစ်လေသည်။

သူတို့သည် ပိုင်ကျန်းမြို့တွင်း လူစည်ကားသောနေရာအနှံ့သို့ သူတောင်းစားအသွင်ဖြင့် လှည့်လည် သွားလာပြီး သူတို့သိလိုသော သတင်းများကို စနည်းနာခဲ့ကြသည်။ စုံစမ်းခဲ့ကြသည်။

ကျန်းရှင်ချောင် အကြောင်း။

ပိုင်ကျန်း မြို့သူမြို့သားတို့၏ ရတနာသေတ္တာအကြောင်း။

ချင်းကန်ကို သတ်သွားသည့် မိစ္ဆာနက်ဂိုဏ်းဝင် ဆိုသူမှာ မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်း။

သူတို့ကိုယ်တိုင်က နှုတ်ဖြင့် လိုက်မေးနေပါလျှင် မသင်္ကာဖြစ်မည်စိုးသောကြောင့် သူများ ပြောစကားများကိုသာ နားထောင်ပြီး သူတို့အတွက် သတင်းအစအန ရလိုရငြား သတင်းအနံ့ကို ခံနေကြခြင်း ဖြစ်လေသည်။

သို့သော် ယခုအချိန်အထိ သူတို့သိချင်သော အကြောင်းသုံးချက်အနက် အကြောင်းတချက်၏ သတင်းအစကိုပင် မကြားသိရသေးချေ။

သားဖြစ်သူ ကျန်းရှင်ချောင်၏ သတင်းကို လုံးဝစုံစမ်း၍မရခြင်းအတွက် သေမင်းအောင် စိတ်ပျက်လက်ပျက် ဖြစ်နေလေသည်။

ရှိဟိုနှင့် ကုတ်လေ့တို့ထံမှ သိရသော သတင်းထက် သူတို့ပိုပြီးမသိကြရသေး။



ယခု လုံခြုံရေးမှူး လျှံစွမ်းကို မြင်ရသောအခါ ထူးခြားချက်များ တွေ့ရလေမလား ဟူသောစိတ်ဖြင့် မျက်ကန်းအဘိုးအိုဟန်ဆောင်ထားသော သေမင်းအောင် ကြည့်ရှုအကဲခတ်နေခြင်းဖြစ်လေ၏။

အကယ်၍ လျှံစွမ်းက သူတို့ဘက်လှည့်ကြည့်သည်ဆိုသော်ပင် သေမင်းအောင်နှင့် မျက်နှာချင်း ဆိုင်မိမည် ဖြစ်သော်လည်း မျက်ကန်းအဘိုးအို သူတောင်းစားကြီး တယောက်အနေဖြင့် သူ့ကိုမြင်လိမ့်မည်ဟုပင် ထင်မှတ်လိမ့်မည်။

အဲ့နန်ကမူ လျှံစွမ်းထံ မျက်နှာလုံးဝမလှည့်တော့ပဲ တဘက်သို့ လှဲနေလိုက်လေသည်။

လျှံစွမ်းကို သေမင်းအောင် ကြည့်နေစဉ်မှာပင် လျှံစွမ်းထံသို့ လျှောက်လာသော ခေါင်းတုံးပြောင်ပြောင်နှင့် လူတစ်ယောက်ကို မြင်လိုက်ရလေသည်။

ထို ခေါင်းတုံးပြောင်ကို မြင်လိုက်သည်နှင့် သေမင်းအောင် စိတ်ထဲတွင် အလွန်အမင်း အံ့သြသွားမိလေသည်။

"အလို ရွှေခေါင်းပြောင်ညီနောင်သုံးဖော်လဲ ဒီကိုရောက်နေကြပါလား၊ ကျန်နှစ်ယောက်ကဘယ်မှာရှိနေကြပါလိမ့်၊ ဟော့....ဟော့....ရွှေခေါင်းပြောင်က လျှံစွမ်းနဲ့ စကားပြောနေကြပါလား"

သေမင်းအောင် စိတ်ထဲတွင် ရွှေခေါင်းပြောင်ကို မြင်သည်နှင့် ထူးခြားချက်တခုခုတော့ ရှိနေပြီဟု မှတ်ချက်ချလိုက်သည်။

လျှံစွမ်းနှင့် ရွှေခေါင်းပြောင်တို့ စကားပြောနေသည်ကို မြင်ရပြန်သောအခါ တွေးမရလောက်အောင် ဖြစ်မိသည်။

ရွှေခေါင်းပြောင် ညီနောင်သုံးဖော်၏ အကြောင်းကို သေမင်းအော် အတွင်းကျကျ သိထားသောကြောင့်လည်း သူ့စိတ်ထဲတွင် ထူးဆန်းနေမိခြင်း ဖြစ်သည်။

ရွှေခေါင်းပြောင် ညီနောင်သုံးဖော်သည် ကြေးစား သိုင်းသမားများ ဖြစ်ကြသည်။

သို့သော် ဥပဒေအပြင်ဘက်မှ ကြေးစားများ မဟုတ်။

ဥပဒေဘောင်အတွင်းမှ လှုပ်ရှားနေသော ကြေးစား သိုင်းသမားများ ဖြစ်ကြလေသည်။

ဒုစရိုက်သမားတို့အား နှိမ်နင်းသည့် လုပ်ငန်းများ၊ တန်ဖိုးရှိသော ပစ္စည်းဥစ္စာများကို ကာကွတ်စောင့်ရှောက် ထိန်းသိမ်းပေးသည့်လုပ်ငန်းများ၊ လူကောင်း သူကောင်းတို့၏ အသက်စည်းစိမ်ကို ကာကွယ်သည့် လုပ်ငန်းများကို အခကြေးငွေယူပြီး ဆောင်ရွက်ပေးနေကြသူများ ဖြစ်၏။

ပြီးတော့ ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်သည် ဤနယ်ဤဒေသသားများ မဟုတ်ကြ။

သည်ဘက်ကိုလည်း တခါမျှ လာရောက် မကျက်စားဘူး။

သူတို့သည် ဤဒေသနှင့် မိုင်ပေါင်းရှစ်ရာကျော် ဝေးကွာသော အရပ်တွင်သာ ကျင်လည်ကျက်စားကြသူများဖြစ်၏။

ယခုတော့ ဤဒေသ၊ ဤမြို့တွင် ရွှေဂေါင်းပြောင်တို့သည် လျှံစွမ်းနှင့် အဆက်အသွယ် ပြုနေကြောင်းကိုမြင်ရသောအခါ သေမင်းအော်စိတ်တွင် အထူးအဆန်း ဖြစ်မိလေသည်။



တဘက်သို့ မျက်နှာလွှဲထားသော အဲ့နန်းရှီး အတွင်း လက်တို့လိုက်သည်။

အဲ့နန်မျက်နှာက လျှံစွမ်းတို့ဆီ လှစ်ကနဲ ရောက်သွားနေ လျှံစွမ်းနှင့်စကားပြောနေသော ရွှေဂေါင်းပြောင်ကိုပါ မြင်သွားသည်။

"ထူးထူးဆန်းဆန်း သူတို့က ဒီကို ရောက်နေကြပါလား"

သေမင်းအော်ကြားသာရုံ အဲ့နန် တီးတိုး ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ ဂတုံးနောက် ကျုပ်လိုက်သွားမယ်၊ခင်ဗျားက ဟိုတယောက်နောက် အခြေအနေလိုက်ကြည့်၊ ညနေဘက်ဒီမှာပဲ ပြန်ဆုံကြမယ်"

ထိုစဉ် လျှံစွမ်းမှာ ထွက်ခွာသွားသောကြောင့် အဲ့နန်လည်း ချိုင်းထောက်ကိုယူကာ မလှမ်းမကမ်းမှ နောက်ယောင်ခံ လိုက်သွားသည်။

ရွှေဂေါင်းပြောင်မှာချက်ချင်းမသွားသေးပဲ တစုံတယောက်ကို စောင့်မျှော်နေဟန်ဖြင့် အတန်ကြာအောင် ရပ်နေပြီးမှ ထွက်ခွာသွားလေသည်။

သေမင်းအော်သည် သူ့ခါးမှတောင်ဝှေးကို ဖြုတ်ထုတ်ပြီး မျက်ကန်းသူတောင်းစားအသိုးအိုး၏ အသွင်မျိုးနှင့်ပင် ခပ်လှမ်းလှမ်းမှ နောက်ယောင်ခံ လိုက်လာခဲ့၏။

ရွှေဂေါင်းပြောင်သည် နောက်ကြောင်းကို ပြန်လှည့်မကြည့်။

လျှို့စွမ်းနှင့် ဖားအေးဆေးဆေး လျှောက်လှမ်းပြီးသွားနေမြင်ရပြန်၏။

သမင်းအော်ကလည်း တောင်ဝှေးကိုလမ်းတွင်စမ်းထောက်ဟန်ဖြင့် မြေတွင် တဒေါက်ဒေါက်ထောက်ယင်း မလှမ်းမကမ်းမှ လိုက်နေသည်။

လမ်းအသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ပြီးနောက် သချိုင်းကြီးအနီးသို့ ရောက်လာသောအခါ ရွှေဂေါင်းပြောင်သည် သချိုင်းကြီး အတွင်းကို ဝင်သွားလေသည်။

သမင်းအော် သချိုင်း တံခါးပေါက်တွင်ပင် နေခဲ့ပြီး အုတ်ဂူများကို ကျော်လွှားသွားနေသော ရွှေဂေါင်းပြောင်ကို အသာကြည့်နေသည်။

ရွှေဂေါင်းပြောင်ကရပ်ပြီး အတွင်း ဝင်ရောက်ပျောက်ကွယ်သွားသော အခါမှ သမင်းအော်လည်း တောင်ဝှေးကိုမြေပေါ်တွင် တဒေါက်ဒေါက် စမ်းယင်း သချိုင်းတွင်း ဝင်ရောက်ခဲ့၏။

သမင်းအော် သွားလာလှုပ်ရှားဟန်က တကယ့် မျက်ကန်းသူတောင်းစားအတိုးကြီး အသွင်မျိုး။

သူသည် ပုန်းလျှိုးကွယ်လျှိုး ဇရပ်ကြီးဆီသို့ ချဉ်းကပ်နိုင်သော်လည်း တဦးဦးက မိမိ၏လှုပ်ရှားမှုကို စောင့်ကြည့်နေကြောင်း တွေးမိသဖြင့် ယခုလိုပင် မျက်ကန်းသူတောင်းစားအတိုးအိုအသွင်ဖြင့် ပြောင်ပြောင်ထင်ထင် ဝင်ရောက်ခဲ့ခြင်း ဖြစ်လေသည်။



ရွှေဂေါင်းပြောင်လိုလူမျိုး သချိုင်း ဇရပ်ကြီး အတွင်း ဝင်ရောက်သွားကတည်းက သူ့စိတ်တွင် အကြောင်းတခုခုထူးနေကြောင်း သိလိုက်လေပြီ။

ပြီးတော့ ဤနယ်မြေ၊ ဤဒေသမှာ မိမိကျွမ်းကျင်သောနေရာနှမျိုးမဟုတ်။

တဘက်ရန်သူက မိမိအပေါ် သံသယမရှိအောင် နေထိုင်လှုပ်ရှားမှ တော်ကာကျလိမ့်မည် ဖြစ်ကြောင်း သမင်းအော်သိသည်။

ဇရပ်ကြီး အနီးသို့ သမင်းအော် ရောက်လာသောအခါ ဇရပ်တွင်းမှ မည်သည့် လှုပ်ရှားမှုအသံမျိုးမှမကြားရ။

တောင်ဝှေးကိုထောက်ယင်း ဇရပ်တွင်း သမင်းအော် ဝင်ခဲ့သည်။

ဇရပ်အတွင်း အလောင်းတင်သော အုတ်ခုံကလေး သုံးခုံမှအပ သက်ရှိသတ္တဝါဟူ၍ တဦးတလေမှ မတွေ့ရချေ။

သို့သော် သူ့အကြားအာရုံမှ အသက်ရှူသံလို အသံများကို ကြားနေရသည်။

ကြားရသည်က ဇရပ်အမိုးပေါ်မှ။

မျက်ကန်းကြီးဟန်ဆောင်ထားရသော သမင်းအော် မော့ကြည့်၍ မဖြစ်။

သူ့အပေါ်တွင် တဦးဦးရှိကြောင်းတော့ သိလိုက်ရပြီ။

အကယ်၍ သူသာ မော့ကြည့်လိုက်မည် ဆိုလျှင် သူ၏ဟန်ဆောင်မှု ပေါ်ပေါက်သွားနိုင်သည် မဟုတ်ပါလော။

သေမင်းအော် တောင်ဝှေးကိုစမ်းထောက်ယင်း အလောင်းတင်စင်အနီးသို့ ရောက်လာပြီး ထိုင်ချလိုက်၏။

သူ၏ဟန်ပန်က ဇရပ်အတွင်း နေထိုင် အနားယူတော့မည့်ပုံစံမျိုး။

ထိုစဉ် ခေါင်မိုးဆီမှ စကားသံတရပ် ပေါ်ထွက်လာခဲ့၏။

"ဟေ့.....ဇရပ်ထဲရောက်နေတာ ဘယ်သူလဲဟေ့"

ထိုအသံကိုကြားရရုံဖြင့် ရွှေဂေါင်း အစ်ကိုကြီး၏ အသံဖြစ်ကြောင်း သေမင်းအော်မှတ်မိလိုက်သည်။

ခုနက သူတွေ့ခဲ့ရသည့် ရွှေဂေါင်းပြောင်မှာ အငယ်ဆုံးဖြစ်၏။

သို့ဆိုလျှင် ဤဇရပ်အတွင်းတွင် ရွှေဂေါင်းပြောင်ညီနောင်သုံးဖော်စလုံး ရှိနေပြီဖြစ်ကြောင်း သေမင်းအော် သိလိုက်ရလေပြီ။

"ကျုပ်က တရပ်တကျေးက လာခဲ့တဲ့ သူတောင်းစားကြီးတယောက်ပါ"

သေမင်းအော် အဘိုးအိုအသံဖြင့် တုန်တုန်ယင်ယင်ပြန်ပြောလိုက်သည်။

"ဒီဇရပ်ထဲကို ဘာလာလုပ်တာလဲ"

"ဒီမှာတည်းခိုနေထိုင်မလို့ပါ"

"ဟေ့.... ဒီဇရပ်ထဲမှာ ဘယ်သူမှ တည်းခိုလို့ မရဘူး၊ ချက်ချင်း ပြန်ထွက်သွား"

"ကျုပ်တို့လို သူတောင်းစားတွေအဖို့ ဒီလိုသချိုင်းဇရပ်မျိုးမှာ မတည်းခိုလို့ ဘယ်နေရာမျိုးမှာ သွားပြီး တည်းရမှာလဲ"



"ထွက်သွားစမ်းအဘိုးကြီး၊ ဒီနေရာမှာကလွဲလို့ တည်းချင်တဲ့နေရာမှာသွားတည်း"

"မသွားနိုင်ဘူးလေ၊ မသွားနိုင်ဘူး"

"ဝှစ် ဝှစ် ဝှစ် ဝှစ် ဝှစ် ဝှစ်"

သေမင်းအော်၏ စကားအဆုံးတွင် လေကို ဖောက်ထွင်းပြီး အသံများ ပေါ်ထွက်လာ၏။

သေမင်းအော် သူ့လက်ထဲမှ တောင်ဝှေးဖြင့် ခေါင်းပေါ်တွင် စကြာမွှေ့ ဝှေ့ယမ်းလိုက်၏။

တချွင်ချွင်မြည်သော အသံများ ပေါ်လာပြီး သူ့ထံပစ်လိုက်သော လက်နက်ပုန်းများ လွင့်စဉ်သွားကြ၏။

"ဟိတ်"

သေမင်းအော် တဆက်တည်းပင် အမိုးဆီသို့ လှားကနဲခုန်လိုက်ပြီး ရွှေဂေါင်းပြောင် အသံပေါ်လာရာသို့ တောင်ဝှေးဖြင့် လှဲရိုက်သည်။

ခေါင်မိုးပေါ်တွင် ရှိနေသော ရွှေဂေါင်းပြောင်ညီနောင်သုံးဖော်မှာ သေမင်းအော်၏ ရိုက်ချက်ကို ရှောင်တိမ်းပြီး ကြမ်းပြင်ပေါ် လှားကနဲခုန်ဆင်းလိုက်ကြ၏။

သူတို့ပစ်လွှတ်လိုက်သော လက်နက်ပုန်းများကို ဖယ်ရှားကာ တဆက်တည်း ပြန်လည်တိုက်ခိုက်နိုင်စွမ်းရှိသော မျက်ကန်းအဘိုးကြီး၏ သိုင်းပညာကို သူတို့သုံးဦးစလုံး ထိတ်လန့်သွားကြ၏။

သေမင်းအော်၏ ခန္ဓာကိုယ်က လေထဲမှ အလောင်းစင်တခုပေါ်သို့ ပြန်ကျသွား၏။

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားဟာ တကယ့်မျက်ကန်းအဘိုးအို သူတောင်းစားကြီးတယောက် မဖြစ်နိုင်ဘူး"

အစ်ကိုကြီးရွှေဂေါင်းပြောင်၏ အမေး။

"ကျုပ်နောက်ကို ခင်ဗျားနောက်ယောင်ခံ လိုက်လာတာ ကျုပ်သိတယ်၊ ဘာအကြံနဲ့ ကျုပ်နောက်ကို လိုက်လာတာလဲ၊ ပြော"

ရွှေဂေါင်းပြောင် အငယ်ကောင်၏ စကားသံ။

"ခုန လက်နက်ပုန်းပစ်ပြီး ခင်ဗျားရဲ့ အရည်အချင်းကို စမ်းကြည့်လိုက်တာပဲ၊ ခုတော့ ခင်ဗျားရဲ့ဖုံးကွယ်မှု ပေါ်သွားပြီ မဟုတ်လား၊ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ အမှန်အတိုင်း မပြောပဲနဲ့ ဒီဇရပ်ထဲက ထွက်သွားခွင့် မပေးနိုင်တော့ဘူး"

အစ်ကိုလတ် ရွှေဂေါင်းပြောင် ပြောပြောဆိုဆို သေမင်းအော် နောက်ဘက်သို့ ခုန်ရောက်သွားသည်။

အစ်ကိုကြီး ရွှေဂေါင်းပြောင်လည်း သေမင်းအော်၏ ဘေးဘက်သို့ ရောက်သွားကာ ပိတ်ဆို့လိုက်၏။

သူတို့သုံးဦးစလုံး သေမင်းအော်ကို တိုက်ခိုက်ရန် သိုင်းကွက်များ အသင့်နင်းထားကြလေပြီ။

"မင်းတို့တွေ ငါ့ကိုတိုက်လို့ ဘယ်တုန်းကမျှား နိုင်ဖူးလို့လဲ၊ ရွှေဂေါင်းပြောင်ညီနောင်တို့ရယ်"

သေမင်းအော် တောင်ဝှေးကို အသာ ထောက်ထားယင်း လေသံအေးအေးဖြင့် ပြောလိုက်၏။

"ဟင်....ခင်ဗျားက ကျုပ်တို့ကိုသိနေတယ် မဟုတ်လား"



ရွှေဂေါင်းပြောင်အစ်ကိုကြီး အံ့သြတကြီး မေးလိုက်၏။ သေမင်းအော် ခေါင်းကို ဆတ်ကနဲညိတ်လိုက်ပြီး....

"အေးလေ....ငါ့ကိုလဲ မင်းတို့သိနေကြပါတယ်"

"အို....မသိဘူး၊ ခင်ဗျားဘယ်သူလဲ"

"ငါ သေမင်းအော် မိစ္ဆာနက် ဂိုဏ်းချုပ်ကြီး သေမင်းအော်"

"ဟင်....ခင်ဗျား ခင်ဗျားသေမင်းအော်"

ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်စလုံး မျက်နှာပြင်များ တွင် ကြောက်ရွံ့ထိတ်လန့်မှုများ ယှက်သန်းသွားပြီး နောက်ကို ခြသုံးလှမ်းခန့် ခုန်ဆုတ်လိုက်ကြသည်။

ထိုစဉ် သေမင်းအော်သည် သူ့မျက်နှာပေါ်မှ မုတ်ဆိတ်၊ ...းသိုင်းမွေးအတုများကို ဖယ်ခွာလိုက်ပြီး ချက်ချင်းပင် ပြန် ...ပ်လိုက်လေသည်။

ရွှေဂေါင်းပြောင်ညီနောင်တို့မှာ သေမင်းအော်၏ မူရင်းမျက် ...ကို မြင်လိုက်ကြရပြီးနောက် အံ့သြထိတ်လန့်မှုမှ ဝမ်းမြောက် ...မ်းသာအမူအယာသို့ ပြောင်းလဲသွားကြသည်။

"ဟင်....သေမင်းအော်ပါလား"

"ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီးနဲ့ ခုလို ပြန်တွေ့ရတာ ...မ်းသာဖို့ ကောင်းလိုက်တာ"

"ကျွန်တော်တို့ကလဲ ခင်ဗျားနဲ့ ပြန်တွေ့ဆုံချင်နေတာ"

ညီနောင် သုံးဖေါ်စလုံး ဝမ်းသာအယ်လဲဖြင့် ပြောကြား ...က်ကြ၏။

သေမင်းအောင်နှင့် ရွှေဂေါင်းပြောင် ညီနောင်သုံးဖော်တို့သည် တချိန်က လေးကြိမ်တိတိ တွေ့ဆုံခဲ့ကြဖူးသည်။

ရွှေဂေါင်းပြောင်ညီနောင်တို့ ကျက်စားသော ဒေသသို့ကိစ္စတခုဖြင့် သေမင်းအောင် ရောက်သွားစဉ်က ဖြစ်သည်။

ထိုစဉ် သေမင်းအောင်ကို လုပ်ကြံရန် လူတစုက ရွှေဂေါင်းပြောင် ညီနောင်ကို ငွေပေးပြီး ငှားရမ်းကြသည်။

ရွှေဂေါင်းပြောင်ညီနောင်သည် သေမင်းအောင်ကို သုံးကြိမ်တိုင်တိုင် တိုက်ခိုက်လုပ်ကြံခဲ့သော်လည်း အောင်မြင်မှုမရခဲ့။

သူတို့သာ ဆုတ်ခွာထွက်ပြေး ခဲ့ကြရသည်သာ။

တကြိမ်တွင် ရွှေဂေါင်းပြောင်ညီနောင်ကို ထိုဒေသမှ လူဆိုးဂိုဏ်းကြီးတဂိုဏ်းက ဝိုင်းဝန်းတိုက်ခိုက်ကြ၏။

ရွှေဂေါင်းပြောင်ညီနောင်တို့မှာ များပြားလှသော လူဆိုးဂိုဏ်းကြီးကို ခုခံတိုက်ခိုက်နိုင်ခြင်း မရှိကြချေ။

သူတို့ကိုယ်တိုင်တွင် ဒဏ်ရာအနံ့အပြား ရလာကာ အသက်သေဆုံးရန်မှ လွဲပြီး၊ တခြားလွတ်လမ်းကို မမြင်ကြတော့။

ဝိုင်းဝန်းပိတ်ဆို့ထားသော လူဆိုးဂိုဏ်းကြီးကို ထိုးဖောက်ထွက်နိုင်ဖို့ မလွယ်ကူသောအခြေအနေ။

ထိုအချိန်တွင် တိုက်ပွဲအတွင်းသို့ သေမင်းအောင် ထိုးဖောက်ဝင်ရောက်လာသည်။

သူသည် ရွှေဂေါင်းပြောင်ညီနောင်တို့ဘက်မှလူဆိုးဂိုဏ်းကြီးကို တရကြမ်း တိုက်ခိုက်လေသည်။



သေမင်းအောင်၏ အပြုအမူကြောင့် ရွှေဂေါင်းပြောင်တို့ အံ့ဩသွားကြသည်။

သေမင်းအောင်သည် ဒမြဂိုဏ်း ခေါင်းဆောင်ကြီးတယောက်ဖြစ်၏။

ထိုသို့သော သူမျိုးက သူတို့ဘက်မှ ဝင်ကူပြီး လူဆိုးဂိုဏ်းကြီးကို တိုက်ခိုက်နေသောအခါ တွေးမရအောင် ဖြစ်ကြရ၏။

သို့သော်လည်း လက်ရှိအခြေအနေတွင် ရွှေဂေါင်းပြောင်ညီနောင်တို့ စိတ်အားတက်ကြွသွားကြ၏။

သူတို့သုံးဦးစလုံး အသက်ဆုံးရှုံး၏မည့် အခြေအနေမျိုးတွင် သူတို့ဘက်မှ သေမင်းအောင် ဝင်ကူသည် မဟုတ်ပါလော။

သေမင်းအောင် လက်ချက်ဖြင့် သူတို့ဂိုဏ်းသားများ အကျအဆုံး များကုန်သည်။

နောက်ဆုံးတွင် ထွက်ပြေး ဆုတ်ခွာ သွားကြ၏။

ရွှေဂေါင်းပြောင် ညီနောင်တို့လည်း ဒဏ်ရာများ ရနေသည်မှအပ အသက်ချမ်းသာရာ ရသွားကြသည်။

လူဆိုးများ တဦးတလေမှ မရှိသောအခါ ရွှေဂေါင်းပြောင်တို့မှာ ရရှိထားကြသော ဒဏ်ရာများက ပြင်းထန်ကြသောကြောင့် မြေပေါ်တွင် တုံးလုံးပက်လက် ဖြစ်ကုန်ကြသည်။

ထိုအချိန်တွင် သူတို့ သုံးဦးစလုံးကို သေမင်းအောင်အနေဖြင့် ပျှက်ဆိတ်ကလေးများ သတ်ရသည်ထက်ပင် သတ်ရန် လွယ်ကူသော အခြေအနေမျိုး ဖြစ်နေသည်။

သေမင်းအော်က သူတို့အသက်ကို ညှင်းဆဲပြီးသတ်လိုက်မှာ ရွှေဂေါင်းပြောင်ညီနောင်တို့ စိုးရိမ်ကြောက်လန့်နေမိကြသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ညီနောင်သည် သေမင်းသော် အား သုံးကြိမ်သုံးခါ လုပ်ကြံသတ်ဖြတ်ရန် တိုက်ခိုက်ခဲ့ကြဖူး သည် မဟုတ်ပါလော။

နောက်ဆုံး သေမင်းအော်အနေဖြင့် သူတို့ကို ကိုယ်ထိလက် ရောက် မသတ်ဖြတ်သွားနိုင်သည့်တိုင်အောင် လောလောဆယ် အခြေအနေတွင် သူတို့တွင် ပြင်းထန်သော ဒဏ်ရာများ ရနေ ကြသောကြောင့် လမ်းမလျှောက်နိုင်ကြ။

အချိန်မီ ဆေးကုသဖို့ မလွယ်ကူ၊

သူတို့ဒဏ်ရာမှ သွေးများကလည်း အလွန်ထွက်နေကြပြီ။

ထိုစဉ် သေမင်းအော်သည် သူတို့ကို ကတိတခုတောင်းသည်။

သူ့ကို ရန်သူအဖြစ် မဆက်ဆံပဲ မိတ်ဆွေရင်းချာပမာ ဆက်ဆံရန်ကတိ။

ထိုကတိကိုသာ ရွှေဂေါင်းပြောင်တို့က ပေးပါက ရွှေဂေါင်း ပြောင်တို့၏ အသက်ကို သူကယ်တင်မည်ဖြစ်ကြောင်းပြောသည်။

ရွှေဂေါင်းပြောင်တို့အနေနှင့်လည်း ကြောက်စရာကောင်း လှသော သေမင်းအော်နှင့် ရန်သူများမဖြစ်လိုကြ။

လွယ်လွယ်ကူကူပင် သေမင်းအော် လိုချင်သော ကတိကို ပေးလိုက်သည်။

အကယ်၍ သေမင်းအော်တွင် အကူအညီလိုအပ်ပါက သူတို့ တတ်နိုင်သော အကူအညီမှန်သမျှ ပေးမည်ဖြစ်ကြောင်းကိုပါ ပြောကြားကြ၏။



ချက်ချင်းပင် သေမင်းအော်သည် သူတို့၏ သွေးကြောများ ကို ပိတ်ပေးလိုက်ခြင်းဖြင့် ဒဏ်ရာမှ ထွက်နေသော သွေးများ မထွက်ကြတော့။

ဒဏ်ရာအနှံ့ကိုလည်း သူ့တွင် ပါလာသော ဆေးများဖြင့် ထည့်ကာ ကုသပေး၏။

သူ့တွင်ပါလာသော စားနပ်ရိက္ခာများကိုလည်း ကျွေးမွေး သည်။

သေမင်းအော် နှစ်ရက်စလုံး ရွှေဂေါင်းပြောင်ညီနောင်တို့ ကို ပြုစုစောင့်ရှောက်သည်။

ရွှေဂေါင်းပြောင်တို့၏ စိတ်တွင် သေမင်းအော်ကို သူတို့၏ ကျေးဇူးရှင်တယောက်အဖြစ် သတ်မှတ်လိုက်ကြ၏။

ထို့နောက်ပိုင်း သေမင်းအော် ထိုဒေသမှ ပြန်လာခဲ့သည်။

အချိန်တော်တော်ကြာ ရွှေဂေါင်းပြောင်တို့နှင့် ပြန်မတွေ့ခဲ့။

ခုမှ ပြန်လည်တွေ့ဆုံခြင်းဖြစ်၏။

ယခု သေမင်းအော်နှင့် ပြန်ဆုံတွေ့ကြရသောအခါ သူတို့ သုံးဦးစလုံး အမှန်တကယ်ပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွား ကြခြင်းဖြစ်သည်။

သေမင်းအော်သည် အလောင်းတင် စင်ပေါ်မှ ခုန်ဆင်း လိုက်ပြီး၊ ရွှေဂေါင်းပြောင်ညီနောင် သုံးဖော်ကို ဝမ်းသာအယ် လဲ နှုတ်ဆက်လိုက်လေသည်။

မိတ်ဟောင်း ဆွေဟောင်းများပမာ တဦးနှင့်တဦး အပြန်ိ အလှန် ဖက်လိုက်ကြ၏။

"ဒါနဲ့ ခင်ဗျားက ဒီလိုပုံစံမျိုးနဲ့ ဒီဇရပ်ကို ဘာဖြစ်လို့ ရောက်လာရတာလဲ"

အစ်ကိုကြီး ရွှေခေါင်းပြောင် မေးလိုက်၏။

"ကျုပ်အကြောင်းမပြောခင် မင်းတို့သုံးယောက် ဒီမြို့ကို ဘယ်လို ရောက်လာတယ်၊ ဒီမြို့ပေါ်ရောက်ပြီး ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေအားလုံးပါ ကျုပ်အမှန်အတိုင်း သိချင်တယ်၊ ပြောပြမယ်ဆိုယင်တော့ ကျုပ်ကို ကျေးဇူးပြုရာ ရောက်တာပေါ့"

"ခင်ဗျား သိချင်သပဆိုယင် ပြောပြပါ့မယ်လေ"

အစ်ကိုကြီး ရွှေခေါင်းပြောင် ကျေကျေနပ်နပ်ပင် ခေါင်းညိတ်လိုက်ပြီး ဤမြို့မှ နာယကအဖွဲ့၏ ခေါ်ယူမှုကြောင့် ရောက်လာခဲ့ရပုံနှင့် မြို့ပေါ်သို့ရောက်ပြီး တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကိုပါ တဆက်တည်း ပြောပြလိုက်လေသည်။

*　　*　　*

## အခန်း နှစ်ဆယ့်နှစ်

ပိုင်ကျန်းမြို့ အုပ်ချုပ်ရေးအဖွဲ့ နာယကချုပ် ရင်လင်တူ၏ နေအိမ်အတွင်း အစည်းအဝေးခန်းမတွင် နာယကအဖွဲ့ ဆယ့်တစ်ဦးနှင့် လုံခြုံရေးမှူး လျှံစွမ်းတို့ ဆွေးနွေးနေကြ၏။

နာယကချုပ်ကြီး ရင်လင်တူသည် ထို အစည်းအဝေးကို အရေးပေါ်ခေါ်လိုက်ရခြင်း ဖြစ်သည်။

အစည်းအဝေးကျင်းပရာ အခန်းပတ်ပတ်လည်တွင် အစောင့်များကို အထပ်ထပ်ချထားပြီး မည်သူ တဦးတယောက်ကိုမျှ အစည်းအဝေးကျင်းပနေချိန် အတောအတွင်း အဝင်အထွက်မရှိစေရန် တင်းကျပ်စေခဲ့သည်။

ထို့ကြောင့်လည်း ထိုအစည်းအဝေးမှာ အရေးတကြီး ကျင်းပရမည့် လျှို့ဝှက် အစည်းအဝေး ဖြစ်ကြောင်း အထူး တွေးတောနေစရာ မလိုတော့။

လျှို့စွမ်းပင် ထိုအစည်းအဝေး ကျင်းပရခြင်းအတွက် အံ့ဩ နေလေသည်။

မနေ့ကမှ သူတို့တတွေ အစည်းအဝေး ထိုင်ခဲ့ကြသေးသည် မဟုတ်လော။

မနေ့က အစည်းအဝေးသည် ငွေတိုက်သို့ ဝင်စီးသွားသော မိစ္ဆာနက်ဂိုဏ်းကိစ္စကို ဦးတည်ကျင်းပခဲ့ခြင်း ဖြစ်၏။

မိစ္ဆာနက်ဂိုဏ်းသည် သူတို့ဆင်ထားသော အကွက်အတိုင်း ကျော့ကွင်းထဲသို့ ကျရောက်ခဲ့သောကြောင့် ကျနပ်အားရ ကြ၏။

သူတို့အနေဖြင့် ရတနာများကို သံချိုင်းအတွင်းတွင် လျှို့ဝှက်ပြီး ကြိုတင်ထားနိုင်ခဲ့ကြသဖြင့် မိစ္ဆာနက်ဂိုဏ်းမှ လုယူမသွားနိုင်ခြင်းအတွက် ဝမ်းသာနေကြသည်။

သူတို့အတွက်ဆုံးရှုံးမှုဆို၍ ငွေတိုက်ထဲတွင် လျှို့ဝှက်အစောင့်ချထားသော လူလေးဦးသာ ဆုံးရှုံးခဲ့ရ၏။

ပြီးတော့ မြို့တွင်းတိုက်ပွဲတွင် လုံခြုံရေး အဖွဲ့ဝင်ငါးဦး ထပ်ပြီးဆုံးရှုံးခဲ့ရ၏။

ထိုအရှုံးနှင့် သာဓကယူပြီး နောက်ထပ် မိစ္ဆာနက်ဂိုဏ်းဝင်များ သူတို့မြို့တွင်းသို့ တိတ်တဆိတ် ဝင်ရောက်တိုက်ခိုက်နိုင်ခြင်း ပြုရန် အစီအစဉ်များ ချထားကြခြင်း ဖြစ်၏။





မြို့တံခါးဝ အဝင်အထွက်ကို အထူးစစ်ဆေးကာ လူဝင်လူထွက်ကို ခွင့်ပြုရန် ဆုံးဖြတ်ကြ၏။

ထိုနေ့ အစည်းအဝေးနှင့်ပင် သူတို့၏ ဆုံးဖြတ်ချက်များ စီစဉ်မှုများ ပြတ်သွားသည်။

နောက်နေ့တွင် ဆက်ပြီးအစည်းအဝေးကျင်းပရန် အစီအစဉ် လည်း မရှိ။

သို့သော် ယနေ့ နာယကချုပ်ကြီးက အထူးအစည်းအဝေးကို အရေးပေါ် ခေါ်လိုက်သောအခါ လျှို့စွမ်းနှင့် နာယကအဖွဲ့ဝင် ဆယ်ဦးတို့ပါ အံ့ဩကြရသည်။ တွေးမရ ဖြစ်နေကြသည်။

လူစုံသည်နှင့် နာယကချုပ်ကြီးသည် အစည်းအဝေးကို စတင် သည်။

အရေးပေါ် အစည်းအဝေး ခေါ်ယူရခြင်းအကြောင်းကို ရှင်းလင်းတင်ပြလေသည်။

"အခုလို ဘာကြောင့် အရေးပေါ် အစည်းအဝေးကို ခေါ် ယူရတယ်ဆိုတဲ့အကြောင်းကို ရှင်းပြပါ့မယ်၊ဆွန်းချိနယ်စားကြီး ချူချာဟန်ဆိုယင် အားလုံးပဲ သိကြပါလိမ့်မယ်၊ သူ့သတင်း သူ့အကြောင်းကိုလဲ အားလုံးသိပြီးဖြစ်ပါလိမ့်မယ်၊နယ်စားကြီး ချူချာဟန်က နယ်ချဲ့ဆန့်ကျင်ရေးကို ဦးဆောင်လှုပ်ရှားနေတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတယောက်၊ သူဟာ သစ္စာရှိတယ်၊ ကတိတည် တယ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးအပေါ်မှာ စေတနာထား တယ်၊ သူ့ကိုယ်ကျိုးကို အနစ်နာခံပြီး အများအကျိုးကို ဆောင်ရွက်နေတဲ့သူ၊ သူ့ရဲ့နောက်မှာ မျိုးချစ်သိုင်းသမားတွေ

အင်အားအပြည့်ရှိနေတယ်၊ အခုဆိုယင် သူဟာ ကျူးကျော်လာမယ့် နယ်ချဲ့တွေကို တိုက်ထုတ်နိုင်ဖို့ အစီအစဉ်တွေဆွဲနေပြီ၊ လူအင်အားတွေ ရသလောက် ထပ်ပြီးစုဆောင်းနေပြီ၊ ဒါပေမယ့် နယ်စားကြီး ချူချာဟန်အတွက် အခက်အခဲကြီးတခုနဲ့ ရင်ဆိုင်နေရတယ်၊ အဲဒီ အခက် အခဲက ဘာလဲဆိုတော့ ငွေကြေးအမြောက်အများလိုအပ်နေတဲ့ အခက်အခဲပဲ''

''နယ်စားကြီး ချူချာဟန်ဟာ ဥစ္စာပစ္စည်း အတော်ကလေးကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကြီးတယောက်၊ ပြီးတော့ သူ့နောက်မှာလည်း ငွေကြေးပြည့်စုံတဲ့ မျိုးချစ်သိုင်းဂိုဏ်းကြီးတွေ အတော်များများရှိနေတယ်မဟုတ်လား၊ နယ်စားကြီး ချူချာဟန်လို ပုဂ္ဂိုလ်မျိုးအနေနဲ့ ဘာဖြစ်လို့ ငွေကြေးအခက်အခဲ ဖြစ်နေတာပါလိမ့်''

နာယကချုပ်ကြီး ရင်လင်တူ၏ စကားမဆုံးခင် နာယကအဖွဲ့ဝင် နံပါတ်(သုံး)က ဝင်ရောက်ပြောလိုက်ခြင်း ဖြစ်၏။

နံပါတ်သုံးစကားကို နားထောင်ပြီးမှ နာယကချုပ်ကြီး ရင်လင်တူ ခေါင်းတချက်ညိတ်ကာ ပြန်လည် ပြောကြားလေသည်။

''မှန်ပါတယ်၊ နယ်စားချူချာဟန်ဟာ ဥစ္စာပစ္စည်းကြွယ်ဝသူဖြစ်သလို သူ့ကိုထောက်ခံအားပေးနေတဲ့ မျိုးချစ်သိုင်းဂိုဏ်းကြီးတွေထဲက ဂိုဏ်းအတော်များများဟာ ငွေကြေးပြည့်စုံကြတာ အမှန်ပါပဲ၊ သူတို့ဟာ သူတို့ပိုင် ငွေကြေးဥစ္စာပစ္စည်းတွေကို နယ်ချဲ့တော်လှန်ရေးအတွက် သုံးစွဲခဲ့ကြပါတယ်၊ လက်နက်



ရိက္ခာ စုဆောင်းတယ်၊ လူအင်အားစုဆောင်းတယ်၊ ဒါကြောင့် အခုဆိုယင် သူတို့ဟာ ငွေကြေးအတော်များများ လိုအပ်နေကြပါတယ်''

''ဒီအကြောင်းကို နာယကချုပ်ကြီးအနေနဲ့ ဘယ်လိုသိရပါသလဲ''

နာယကအဖွဲ့ဝင် နံပါတ်တဆယ်က မေးလိုက်ခြင်း ဖြစ်သည်။

နာယကချုပ်ကြီး ရင်လင်တူကလည်း မဆိုင်းမတွ ပြန်ပြောသည်။

''ကျုပ်သိရတဲ့ အကြောင်းကတော့ ဒီလိုပါ၊ နယ်စားကြီး ချူချာဟန်ဆီက ရေး သား ပေးပို့လိုက်တဲ့ သဝဏ်လွှာဟာ ဒီမနက်ပဲ ကျုပ်ဆီ လက်ထဲကို တိုက်ရိုက်ရောက်လာလို့ပါပဲ၊ ဟောဒီမှာပါ၊ ကျုပ်ဖတ်ပြပါ့မယ်''

နာယကချုပ်ကြီး ပြောပြောဆိုဆို သူ့ဝတ်ရုံတွင်းမှ စာလိပ်တလိပ်ကို ဆွဲယူလိုက်၏။

နာယကအဖွဲ့ဝင် ဆယ်ဦးနှင့် လုံခြုံရေးမှူး လျှံစွမ်းတို့သည် စိတ်ဝင်တစား ဖြစ်သွားကြပြီး ရင်လင်တူ ဖတ်ပြမည့် စာကို နားစွင့်နေလိုက်ကြ၏။

နာယကချုပ်ကြီးသည် စာရွက်ကို ဖြန့်လိုက်ပြီး စတင်ဖတ်ကြားလေသည်။

သို့/

နာယကချုပ်ကြီး ရင်လင်တူသိစေရန် ကျွန်ုပ်ဆွန်းချိ နယ်စားကြီး ချူချာဟန် သဝဏ်လွှာပါးအပ်ပါသည်။ ကျွန်ုပ်၏ စိတ်ဓာတ်၊ ကျွန်ုပ်၏ အကြောင်းများကို ပိုင်ကျန်းမြို့အုပ်ရေး နာယကကြီးအနေဖြင့် သိရှိပြီး ဖြစ်ပါလိမ့်မည်။ ထိုနည်းတူစွာပင် ကျွန်ုပ်ကလည်း နာယကချုပ်ကြီးတို့၏ မျိုးချစ်စိတ်ဓာတ်၊ နာယက အဖွဲ့၏ အကြောင်းရပ်များကို သိရှိထားပြီး ဖြစ်ပါသည်။

ပိုင်ကျန်းမြို့ နာယက အဖွဲ့အနေဖြင့် နယ်ချဲ့တော်လှန်ရေးကို ဆင်နွှဲရန် တာစူထားကြောင်း သိရှိရပါသည်။ နယ်ချဲ့တော်လှန်ရေးအတွက် ငွေအင်အား၊ လူအင်အား စုဆောင်းရန် စီစဉ်ထားကြောင်းလည်း သိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်နှင့်နာယကချုပ်ကြီးတို့ အနေဖြင့် နယ်ချဲ့ကိုတော်လှန်ရေးအတွက် ရည်ရွယ်ချက်ချင်းတူညီကြလေသည်ဖြစ်ရာ ကျွန်ုပ်တို့တတွေအနေဖြင့် ပူးပေါင်းဆင်နွှဲခြင်းဖြင့် နယ်ချဲ့တော်လှန်ရေး နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။



ယခုအခါ ကျွန်ုပ်အနေဖြင့် နယ်ချဲ့ ဆန့်ကျင်ရေးအတွက် သုံးစွဲရန် ငွေကြေးလျော့နည်းလျက်ရှိပါသည်။ ထို့အတွက် နာယကချုပ်ကြီးနှင့် ကိုယ်တိုင် တွေ့ဆုံဆွေးနွေးလိုပါသည်။ ဖြစ်နိုင်မည်ဆိုပါလျှင် နာယကချုပ်ကြီးတို့ထံမှ ငွေကြေး အကူအညီကို အမြန်ဆုံး အလိုရှိနေကြပါသည်။

နိုင်ငံတော် ကာကွယ်ရေးသည် နိုင်ငံကို အုပ်ချုပ်သော ကျွန်ုပ်တို့ကဲ့သို့ နိုင်ငံ ဝန်ထမ်းများတွင်သာ တာဝန်ရှိသည်မဟုတ်ပဲ၊ နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူတို့တွင်လည်း တာဝန် ရှိကြောင်း နာယက ချုပ်ကြီး အနေဖြင့် သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါသည်။

စုပေါင်းညီညွတ်စွာဆောင်ရွက်လျှင် နိုင်ငံတော် ကာကွယ်ရေး နယ်ချဲ့ဆန့်ကျင်ရေးတို့ကို အောင်မြင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်အလိုရှိနေသော အကူအညီများအတွက် နာယကချုပ်ကြီးကိုယ်တိုင် ကျွန်ုပ်ထံ ကြွရောက်နိုင်မည်ဆိုပါက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုလျက်ရှိပါသည်။ ကျွန်ုပ်ကိုယ်တိုင် လာရောက်ရန် အခက်အခဲများစွာ ရှိပါသောကြောင့် ယခုလို သဝဏ်လွှာပါးလိုက်ရခြင်း ဖြစ်ပါသည်။

ဤ သဝဏ်လွှာနှင့်အတူ ကျွန်ုပ် လွှတ်လိုက်သော ကျွန်ုပ်၏ လူယုံများအားအကြောင်းပြန်ကြားလိုက်စေလို ပါသည်။

ချူချာဟန်
ဆွမ်းချီနယ်စားကြီး

တချိန်လုံး ငြိမ်သက် တိတ်ဆိတ်နေသော အခန်းတွင်းရှိလူ အားလုံးမှာ စာဖတ်သံ ဆုံးသွားမှ လှုပ်လှုပ်ရှားရှား ပြန်ဖြစ် လာကြ၏။

နာယကချုပ်ကြီး စာရွက်ပေါ်မှ မျက်နှာခွာလိုက်ပြီးတဆက် တည်းပင် ပြောသည်။

"နယ်စားကြီး ချူချာဟန်ရဲ့ စာကတော့ဒါပါပဲ၊ ဒါကြောင့် မို့ ကျုပ်တို့အနေနဲ့ ဘယ်လို စီစဉ်ဆောင်ရွက်ကြမယ်၊ နယ်စား ကြီး ချူချာဟန်ရဲ့ ဆန္ဒသဘောအတိုင်း ကျုပ်တို့တွေ လိုက် လျောနိုင်ကြမလား၊ သူလိုနေတဲ့အကူအညီပေးသင့် မပေးသင့် ဆွေးနွေး ညှိနှိုင်းကြဖို့ အရေးပေါ် အစည်းအဝေးကို ခေါ် လိုက်ရတာပဲ ဖြစ်ပါတယ်၊ ဒီတော့ အကြံပေးကြပါ၊ ဆွေးနွေး ကြပါ"

နာယကချုပ်ကြီး ရင်လင်တူ၏ စကားအဆုံးတွင် နာယက အဖွဲ့ဝင်များ တဦးမျက်နှာတဦး ကြည့်ကာ အကဲခတ်လိုက် ကြ၏။



ချက်ချင်းပင် နာယကအဖွဲ့ဝင်နံပါတ်ရှစ် ထရပ်ကာ သူ့ သဘောဆန္ဒကို စတင် ပြောကြားလေသည်။

"ကျုပ်ရဲ့ ဆန္ဒသဘောထားကို ပြောရမယ်ဆိုယင်တော့ နယ်စားကြီး ချူချာဟန်နဲ့ ကျုပ်တို့တွေ ပူးပေါင်းသင့်တယ်လို့ ထင်ပါတယ်၊ နယ်စားကြီးဟာ တကယ်ပဲ မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်သလို အရည်အချင်း ပြည့်ဝတဲ့သူလဲ ဖြစ်ပါတယ်၊ သူနဲ့ ပူးပေါင်းလိုက်တဲ့အတွက် ကျုပ်တို့ရဲ့ အရေးကြီးဆုံး ရည် ရွယ်ချက်ဖြစ်တဲ နယ်ချဲ့ဆန့်ကျင်ရေး ပိုပြီး အောင်မြင်သွားနိုင် ပါတယ်"

နာယက အဖွဲ့ဝင် နံပါတ်သုံးကလည်း ဝင်ပြောလိုက်သည်။

"ကျုပ်တို့ဆီမှာထားရှိကဲ့ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေတွေကို ထိ ကျုပ်တို့ဟာ ထုတ်မသုံးခဲ့သေးပါဘူး၊ ဘယ်လို စီစဉ်ရမယ် ဆိုတာ စဉ်းစားနေကြတုန်းပဲ၊ ဒီတော့ ဒီရံပုံငွေ တချို့တဝက် ကိုပဲဖြစ်ဖြစ် အကုန်လုံးကိုပဲဖြစ်ဖြစ် နယ်စားကြီးလက်ထဲလွှဲအပ် ပေးလိုက်နိုင်ယင် နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းတွေမှာ ထိထိ ရောက်ရောက် အမြန်ဆုံး အသုံးပြုနိုင်ပါလိမ့်မယ်။

"ဟုတ်ပါတယ် နယ်စားကြီးအလိုရှိတဲ့ အကူအညီကိုသာ ကျုပ်တို့ ပေးလိုက်နိုင်မယ်ဆိုယင် နယ်စားကြီးရဲ့ အင်အားနဲ့ ကျုပ်တို့ဒေသတစိုက်မှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ မိစ္ဆာနက် ကြီးကို လွယ်လွယ်ကူကူ ဖြိုခွဲတိုက်ဖျက်နိုင်ပါလိမ့်မယ်"

နာယကအဖွဲ့ဝင် နံပါတ်တဆယ်နှင့် နံပါတ်ငါးတို့ကပါ တဆက်တည်း သူတို့ဆန္ဒကို ပြောကြားလိုက်ကြ၏။

ကျန်နာယကအဖွဲ့ဝင် အားလုံးကလည်း ထိုကဲ့သို့ပင် ဆန္ဒပြ သဘောတူကြသောအခါ နာယကချုပ်ကြီး ရင်လင်တူထံမှ ကျေနပ်အားရသော စကားသံပေါ်ထွက်လာလေသည်။

"အင်း....အခုလို နာယက အဖွဲ့ဝင်များရဲ့ ဆန္ဒကို ကြားရတဲ့အတွက် ကျုပ် အင်မတန်မှ နှစ်ထောင်းအားရ ဖြစ်မိပါတယ်၊ ကျုပ်ရဲ့ ဆန္ဒဟာလဲ နယ်စားကြီးရဲ့ စာကို ရရချင်း ဒီလို ရှိခဲ့ပါတယ်၊ ဒါဖြင့်ယင် ကျုပ်တို့ဆီမှာရှိတဲ့ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေကို နယ်စားကြီး ချူချာဟန် လက်ထဲ လွှဲအပ်လိုက်ဖို့ အားလုံး သဘောတူကြတယ်ပေါ့"

ကျန်နာယက အဖွဲ့ဝင်များ အားလုံး ခေါင်းညိတ်ပြကြသည်။ သဘောတူကြောင်း ပြောကြသည်။

"ဒါဆိုယင် နယ်စားကြီး ချူချာဟန်ဆီကို ကျုပ်သွားတဲ့အခါမှာ တပါတည်း ကျုပ်တို့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေတွေကို ယူသွားပါ့မယ်၊ ပြီးတော့ မိစ္ဆာနက်ဂိုဏ်းကို အမြန်ဆုံး ဖြိုဖျက်ပေးဖို့လဲ နယ်စားကြီးထံမှာ အကူအညီ ပြန်တောင်းခဲ့မယ်၊ အဲ...အရေးကြီးတာက နယ်စားကြီးဆီကို ရံပုံငွေတွေ သွားပို့တဲ့အခါ ဘယ်လို အစီအစဉ်နဲ့ သွားပို့ကြမယ်ဆိုတာကို ဆွေးနွေးကြဖို့ လိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြို့သူမြို့သားတွေ ကျုပ်တို့ကို အပ်နှင်းထားခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးရံပုံငွေအဖြစ် အသုံးပြုဖို့ လှူဒါန်းခဲ့တဲ့ ရတနာတွေရဲ့ တန်ဖိုးပမာဏဟာ အင်မတန် များပြားလှပါတယ်၊ ဒါကြောင့်လဲ မိစ္ဆာနက်ဂိုဏ်းကတောင် လုယူနိုင်ဖို့ ကြိုးစားခဲ့ကြသေးတာ မဟုတ်လား၊



ဒါပေမယ့် ကျုပ်တို့ရဲ့ ပိုက်နက်ထဲမှာမို့ သူတို့တွေ ရတနာတွေကို ရမသွားပါဘူး၊ အခုတော့နယ်စားကြီးဆီ ဒီရတနာတွေယူသွားရတော့မယ်ဆိုတော့ လမ်းခရီးမှာ ဒီရတနာတွေ အလုမခံရဖို့၊ အတိုက်မခံရဖို့ အရေးကြီးပါတယ်"

"အကောင်းဆုံးကတော့ ဒီရတနာတွေကို ပိုင်ကျန်းမြို့က ထုတ်ယူသွားတဲ့သတင်းကို ကျုပ်တို့ အခုဒီမှာရှိနေတဲ့ လူတွေကလွဲလို့ တခြားဘယ်သူမှ မသိအောင်၊ မပေါက်ကြားအောင် ဖုံးကွယ်ထားနိုင်ဖို့ပါပဲ"

"မှန်ပါတယ် နာယကချုပ်ကြီး ပြောသလို ဒီသတင်းသာ ပေါက်ကြားသွားယင်တော့ လမ်းခရီးမှာအန္တရာယ်တွေအများကြီး ပေါ်ပေါက်နိုင်ပါတယ်၊ မိစ္ဆာနက်ဂိုဏ်းကလဲ အသေအလဲ တိုက်ခိုက်လုယူကြမှာပါပဲ"

"ဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

နာယကချုပ်ကြီး၏ စကားအဆုံးတွင် နာယကအဖွဲ့ဝင်နံပါတ် နှစ်နှင့်တစ်တို့က ဝင်ပြောကြ၏။

အားလုံးပင် ထိုကိစ္စအတွက် နီးစပ်ရာလူချင်း ခေါင်းချင်းဆိုင် တီးတိုးတိုင်ပင်ကြသည်။

"တခုလောက် ကျွန်တော်အကြံပြုပါရစေ နာယကချုပ်ကြီးခင်ဗျာ"

တချိန်လုံး စကားတခွန်းမှမဆိုပဲ နာယကအဖွဲ့ဝင်များပြောဆိုသမျှကိုသာ နားစိုက်ထောင်နေသော လုံခြုံရေးမှူးလျှံစွမ်းထံမှ စကားသံ စတင် ထွက်ပေါ်လာသည်။

"ပြောပါလုံခြုံရေးမှူး"

နာယကချုပ်ကြီး၏ ခွင့်ပြုချက်ကို ရသည်နှင့် လုံခြုံရေးမှူး လျှံစွမ်း သူ့တွေးတောစဉ်းစားရသမျှကို အကြံပြု ပြောကြားလေသည်။

"ရတနာတွေကို နယ်စားကြီးဆီ အရောက်ပို့တဲ့အခါမှာ လမ်းခရီးတလျှောက်လုံး အန္တရာယ်တွေ ပေါ်ပေါက်လာနိုင်တာ အမှန်ပါပဲ ခင်ဗျာ၊ ဒီတော့ နာယကချုပ်ကြီးအနေနဲ့ ရတနာသေတ္တာကိုယူသွားတဲ့အခါမှာဘယ်သူ့မှ မရိပ်မိနိုင်အောင် အစောင့်အရှောက်များများ ခေါ်မသွားစေချင်ပါဘူး၊ တတ်နိုင်ယင် အရေးတကြီးကိစ္စနဲ့ သွားတဲ့ ပုံသဏ္ဍာန်မျိုးကိုမပေါ်စေချင်ပါဘူး၊ အိမ်ထောင်စုတစုအနေနဲ့ ခရီးထွက်တဲ့ပုံစံမျိုးနဲ့သွားယင် ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်၊ရတနာကို လုယူချင်တဲ့ လူတွေ လုံးဝမရိပ်မိအောင် ကျွန်တော်တို့တတွေအနေနဲ့ ပိပိရိရိ လှည့်ကွက်ကလေး လုပ်ပေးရပါလိမ့်မယ်"

"နေပါဦး လုံခြုံရေးမှူး၊ လုံခြုံရေးမှူးပြောမှ ကျုပ်တို့ခေါင်းထဲမှာ လက်ကနဲ အကြံကောင်းတခုကို ရလိုက်တယ်"

လျှံစွမ်း၏ စကားမဆုံးခင် နာယကချုပ်ကြီး ကြားဖြတ်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့....အမိန့်ရှိပါ နာယကချုပ်ကြီး"

"ဒီလိုလေ ကျုပ်တို့ရဲ့ရတနာတွေ သယ်ဆောင်ဖို့ အစီအစဉ်က ဘယ်လိုပဲ လျှို့ဝှက်ထားပေမယ့် တဘက်ရန်သူတွေရဲ



ခြေလှမ်းဟာလဲ အင်မတန် သွက်နေတော့ တနည်းနည်းနဲ့ သိမသွားဘူးလို့ မပြောနိုင်ဘူး၊ ဒီတော့ ကျုပ်အနေနဲ့ အကြံရတာတော့ နယ်စားကြီးဆီ ကျုပ်သွားတဲ့အခါမှာ လုံခြုံရေးမှူးပြောသလို အစောင့်အရှောက်များများ ခေါ်မသွားပါဘူး၊ ကိုယ်ရေးကိုယ်တာ ကိစ္စတခုနဲ့သွားတဲ့ ဟန်မျိုးပဲသွားယင်ကောင်းပါတယ်၊ ဒါပေမယ့် ရတနာတွေကိုတော့ ကျုပ်နဲ့အတူတူ ယူမသွားဘူး"

"ဟင်ဒါဖြင့် နာယကချုပ်ကြီးက နယ်စားကြီးဆီ လောလောဆယ် ရတနာတွေကို မပေးတော့ဘူးပေါ့"

နာယကအဖွဲ့ဝင် နံပါတ်တစ်က နားမလည်ဟန်ဖြင့် ကြားဖြတ်မေးလိုက်သည်။

နာယကချုပ်ကြီး ခေါင်းကိုဖြည်းဖြည်းခါရမ်းကာချက်ချင်းပင်ပြန်ဖြေသည်။

"မဟုတ်သေးပါဘူး၊ နံပါတ်တဆယ်က နယ်စားကြီးဆီ ရတနာတွေကို ယူတော့သွားပါမယ်၊ ဒါပေမယ့် ကျုပ်နဲ့တော့ ယူမသွားဘူးလေ၊ တဘက်ရန်သူတွေ မရိပ်မိအောင် ကျုပ်က ဟန်ပြအနေနဲ့ပဲ သွားမယ်၊ တကယ်လို့ ရတနာတွေကို သယ်ဆောင်သွားတယ်ဆိုတဲ့ သတင်းကို ပေါက်ကြားသွားတယ်ထားဦး၊ ကျုပ်နောက်လိုက်ကြမယ့် ရန်သူတွေဟာရတနာတွေကို မရနိုင်တော့ဘူးပေါ့၊ ကျုပ်စီစဉ်ချင်တာက ဒီလိုလေ၊ ရတနာတွေကို ယုံကြည်စိတ်ချရတဲ့ မိသားစုတစုကို ပေးလိုက်မယ်၊ သူတို့ဟာ ထင်ထင်ပေါ်ပေါ်ထဲက မဖြစ်ရဘူး၊ ပြီးတော့

သိုင်းပညာကို မကျွမ်းကျင်တဲ့ မိသားစုလဲ ဖြစ်ရမယ်၊ သူတို့တွေ အနေနဲ့ သာမန်ခရီးသွားပုံစံမျိုးနဲ့ သွားယင် ရတနာတွေကို လ ယူမယ်ဘယ်ရန်သူမျိုးမဆို သူတို့ဆီမှာ ရတနာတွေပါတယ်ဆို တာ မသိနိုင်ဘူးပေါ့၊ ဒီလိုဆိုယင် နယ်စားကြီးဆီ အေးမသိ ရန်မခပဲ ရတနာတွေပို့ဖို့ ကျုပ်တို့ရဲ့ အစီအစဉ်ဟာ အောင်မြင် သွားမှာပါပဲ”

နာယကချုပ်ကြီး သူ့ စကားကိုဖြတ်လိုက်ပြီး၊ သူ့ ဆိုလို ချက်ကို ကျန်လူများ သဘောပေါက် မပေါက် အကဲခတ်ကြည့် ရှုလိုက်သည်။

နာယက အဖွဲ့ဝင် အများစုမှာ သဘောမပေါက်သေးဟန် ဖြင့် ကျိုးတိုးကြောင်တောင် ဖြစ်နေကြလေသည်။

ထိုစဉ် လုံခြုံရေးမှူးလျှံစွမ်း ထပြောလိုက်သည်။

“မှန်ပါတယ် ခင်ဗျာ၊ နာယကချုပ်ကြီးရဲ့ အစီအစဉ်ဟာ အထူးပဲ ကောင်းမွန်လှပါတယ်၊ ရန်သူကို တဘက် လမ်းလွဲ လိုက်မိအောင် ပရိယာယ် ဆင်လိုက်တဲ့ သဘောပါပဲ၊ ဒီအတိုင်း သာ စီစဉ်လိုက်မယ်ဆိုယင် ရန်သူဟာ ရေလိုက်လွဲသွားမှာအမှန် ပါပဲ၊ အရေးကြီးတာကတော့ နာယချုပ်ကြီး အမိန့်ရှိသလို ယုံကြည်စိတ်ချရဆုံး မိသားစုတစုကို ရှာဖွေ ပေးနိုင်ဖို့ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့အတူ ရတနာတွေကို သယ်ဆောင် သွားရမှာမို့ သူတို့ဟာ အရေးကြီးဆုံး ကဏ္ဍက ပါဝင်နေလို့ပဲ ဖြစ်ပါတယ်”

လုံခြုံရေးမှူး လျှံစွမ်း ထပ်ပြောလိုက်မှ သဘောမပေါက်၊ နားမလည် ဖြစ်နေသေးသော နာယက အဖွဲ့ဝင်အချို့ပါ



နာယကချုပ်ကြီး၏ အကြံဉာဏ်ကို သဘောပေါက်သွားကြ တော့၏။

“အင်း....အစီအစဉ်ကတော့ အင်မတန် ကောင်းပါတယ်၊ ဒါပေမယ့် သိုင်းပညာ လုံးဝမတတ်တဲ့ မိသားစုကို ဒီရတနာ တွေ ပေးလိုက်ပြီး သယ်ယူပို့ဆောင်ခိုင်းမယ်ဆိုတော့ တဘက် ရန်သူတွေသာ ဒီလျှို့ဝှက်ချက်ကို သိသွားပြီး၊ ဒီမိသားစုကို တိုက်ခိုက်လုယက်ယင် ရတနာတွေဟာ အားလုံး လွယ်လွယ်ကူ ကူနဲ့ ပါမသွားနိုင်ဘူးလား”

နာယက အဖွဲ့ဝင် နံပါတ် လေးက သူ့ တွေးမိသည့်အချက် ကို တင်ပြလိုက်သည်။

“ဒီလိုလေ အဲဒီမိသားစုနဲ့အတူ လုံခြုံရေးမှူးလျှံစွမ်းနဲ့ ထိပ်တန်း သိုင်းသမား တယောက်ပါ လိုက်သွားရမှာပေါ့၊ လုံခြုံရေးမှူးလိုက်သွားတဲ့ခရီးနဲ့ ကျုပ်သွားမယ့် ခရီးနှစ်ခု အနက် ကျုပ်သွားမယ့်ခရီးကိုသာ တဘက်ရန်သူတွေဟာစိတ် ဝင်စားကြမှာပါ၊ တကယ်လို့ကျုပ်တို့လျှို့ဝှက်ချက်လွဲချော်သွား သည့်တိုင်အောင်မှ လုံခြုံရေးမှူး ပါနေလေတော့ ပူစရာ မလို ပါဘူးလေ”

“ဟုတ်ကဲ့ ဒီလိုဆိုယင်တော့ စိတ်ချရပါတယ်”

နာယကချုပ်ကြီး ရှင်းပြချက်ကို နာယကအဖွဲ့ဝင် နံပါတ် လေးနှင့် ကျန်နာယက အဖွဲ့ဝင်များပါ လက်ခံသွားကြသည်။

နာယက အဖွဲ့ချုပ်ကြီးက လုံခြုံရေးမှူးဘက်သို့ မျက်နှာပြု လိုက်၏။

"လုံခြုံ ရေးမှူးလျှံစွမ်း"

"ဟုတ်ကဲ့....အမိန့်ရှိပါ နာယကချုပ်ကြီး"

"ကျုပ်တို့ လိုချင်တဲ့မိသားစုမျိုးကို လုံခြုံ ရေးမှူးလဲ အမြန်ဆုံး ရှာပါ၊ ကျုပ်တို့လဲ ရှာဖွေကြမယ်လေ၊ ကျုပ်တို့တွေ နောက်လေးရက်မြောက်နေ့မှာ အစည်းအဝေး ပြန်လုပ်မယ်၊ ဒီအတွင်း အဲဒီမိသားစုကို ရှာဖွေပြီး အစည်းအဝေးမှာတင်ပြကြတာပေါ့၊ ခုနစ်ရက်ပြည့်တဲ့နေ့မှာ ကျုပ်တို့ ခရီးဆက်နိုင်အောင် စီစဉ်ကြမယ်၊ နယ်စားကြီးထံသို့လဲ ကျုပ် အကြောင်းကြားလိုက်မယ်၊ နောက်ကျင်းပမယ့် အစည်းအဝေးမှာ ကျုပ်တို့ အသေးစိတ် စီစဉ်ကြတာပေါ့၊ ဒီနေ့တော့ အစည်းအဝေးကို ရပ်နားလိုက်ကြစို့"

နာယကချုပ်ကြီး စကားကို အဆုံးသပ်လိုက်ပြီး အစည်းအဝေးကို ပြီးဆုံးကြောင်း ကြေငြာလိုက်တော့သည်။

* * *

## အခန်း နှစ်ဆယ့်သုံး

နေဝန်းပေါ်ထွက်စအချိန်။

အိပ်တန်းမှ နိုးထခဲ့ကြပြီဖြစ်သော ကျေးငှက်သာရကာတို့၏ မြူးတူး တွန်ကျူးသံများက နံနက်ခင်း၏ အလှကို သာယာကြည်နူးစေသည်။

လင်းလီလီ အစားအသောက်များ ထည့်ထားသော လင်ဗန်းတချပ်ကို အသာမ,ကိုင်ပြီး စတိုခန်းဆီသို့ ခြေကိုသွက်သွက် လှမ်းလာသည်။

သူမမျက်နှာက လန်းဆန်း ရွှင်မြူးလျက်ရှိသည်။

သူမနှင့် ကျန်းရှင်ချောင်တို့သည် ချစ်သူဘဝသို့ ရောက်ခဲ့ကြပြီ ဖြစ်သည်။

ကြည်နူးတွယ်တာစရာ စကားကလေးတွေကိုလည်း ပြောဆိုခဲ့ကြသည်မှာ အခါခါ။

ကျန်းရှင်ချောင်နှင့် ဆုံတွေ့ရလေတိုင်း၊ ပြောဆိုရလေတိုင်း သူမရင်မှာ ချမ်းမြေ့မှုအရသာကို ခံစားခဲ့ရသည်။

သူမကလည်း ကျန်းရှင်ချောင်ကို ဂရုတစိုက် ပြုစုခဲ့သည်။

ယခုအခါ ကျန်းရှင်ချောင်၏ ဒဏ်ရာမှာ လုံး၀ ပျောက်ကင်းစ ပြုနေလေပြီ။

ထို့ကြောင့် သူမရင်ထဲတွင် ခံစားမှုဝေဒနာတရပ်ကို ခံစားနေရလေ၏။

ချစ်ရသော ကျန်းရှင်ချောင်တယောက် မိစ္ဆာနက်ဂိုဏ်းဆီသို့ ပြန်သွားခဲ့ပါက သူမရင်ကျိုးရပေမည်။

ကျန်းရှင်ချောင် လမ်းမှန်ကိုလျှောက်မည့် ဆုံးဖြတ်ချက်မျိုးကို ချနိုင်ပါစေဟု ဆုတောင်းရသည်မှာလည်း အကြိမ်ကြိမ် အခါခါ။

ကျန်းရှင်ချောင်ထံမှ ယတိပြတ် အဖြေမျိုးကို မရသေးသဖြင့်လည်း စိုးရိမ်ပူပန်စိတ် များနေရသေးသည်။

သို့သော် ကျန်းရှင်ချောင်နှင့် တွေ့ဆုံရတော့မည့်အခါတိုင်း သူမစိတ်မှာ ရွှင်မြူးကြည်နူးခဲ့ရစမြဲ။

ယခုလည်း နံနက်စာကို ချစ်သူ စားသောက်ဖို့ ကိုယ်တိုင်ယူဆောင်လာခဲ့ရခြင်းအတွက် ကျေနပ် ချမ်းမြေ့နေလေသည်။

နံနက်တိုင်းသည် သူမကိုယ်တိုင် ဤသို့ ချစ်သူ အတွက် စားကောင်း သောက်ဖွယ်များကို ကိုယ်တိုင် စီမံလာကာ လာရောက်ကျွေးမွေးစမြဲ။



"အစ်ကို....အစ်ကိုရေ"

ပွင့်နေသော စတိုခန်းတံခါး၀သို့ ရောက်သောအခါ လင်းလီလီ အသံပြုခေါ်လိုက်သည်။

နံနက်တိုင်း သူမကို ထိုတံခါး၀တွင် ကျန်းရှင်ချောင်အမြဲတမ်း ထွက်ကြိုနေစမြဲ။

ယနေ့ မတွေ့ရသဖြင့် အသံပြုလိုက်ခြင်းဖြစ်၏။

သို့သော် အတွင်းမှ ပြန်ထူးသံပေါ်မလာ။ လှုပ်ရှားသံလည်း မကြားရ။

"အစ်ကို အိပ်ရာက မနိုးသေးဘူးနဲ့တူတယ်"

လင်းလီလီတွေးလိုက်ပြီး အတွင်းသို့ ၀င်လာခဲ့၏။

အိပ်ရာပေါ်တွင် ကျန်းရှင်ချောင်ကို မတွေ့ရ။

"အစ်ကို....အစ်ကိုရေ"

သူမစိတ်ထဲ ထင့်ကနဲဖြစ်သွားပြီး အသာအယာ ခေါ်လိုက်မိပြန်သည်။

အခန်းအတွင်းသေချာစွာကြည့်သော်လည်းကျန်းရှင်ချောင်၏ အရိပ်အရောင်ကိုပင် မတွေ့ရ။

"အစ်ကို ဘယ်များသွားနေပါလိမ့်၊ စောစောစီးစီး တခါမှ သူတယောက်တည်း အပြင်မထွက်ဖူးပါဘူး"

လင်းလီလီ သူ့လက်ထဲမှ လင်ဗန်းကိုပင် အောက်မချနိုင်ပဲ စတိုခန်းအပြင်ဘက်ကို ပြန်ထွက်လာပြန်သည်။

ယာခင်းအတွင်း ဝေးမျှော် ရှာဖွေလိုက်ပြန်သည်။

မည်သူ တဦးတယောက်ကိုမှမတွေ့။

သူမရင်ထဲတွင် ခံစားချက်လှိုင်းကယက် ထသွားပြီး စိုးရိမ်စိတ်လည်း ဖြစ်ပေါ်လာသည်။

"အစ်ကို....အစ်ကို၊ ငါ့ကိုမပြောပဲ မိစ္ဆာနက်ဂိုဏ်းကို ပြန်သွားပြီလား မသိဘူး၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ငါ့ကို ပြောနေယင် တားနေမှာစိုးလို့ မပြောပဲပြန်သွားတာဖြစ်မယ်၊ ရက်စက်လိုက်တာ အစ်ကိုရယ်၊ ရက်စက်လိုက်တာ"

ထိုအတွေးဖြင့် သူမ မျက်လုံး တစုံတွင် မျက်ရည်ကြည်တို့ ရစ်ဝဲလာသည်။ မျက်ရည်ဥတို့ ပါးပြင်ပေါ် လိမ့်လိမ့် ကျဆင်းလာသည်။

"ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ"

လင်းလီလီ လှုပ်ရှားသော စိတ်ဖြင့် ဝေခွဲမရ ဖြစ်နေမိသည်။

ကျန်းရှင်ချောင်နောက်သို့ပင် လိုက်သွားရနိုးနိုး၊ မိခင်ဖြစ်သူကိုပင် သွားပြောရနိုးနိုး သောကများနေလေသည်။

ထိုစဉ် စတိုဆောင်နောက်ဘက်ဆီမှ ပေါက်တူးပေါက်သံကို ဆက်တိုက်ကြားလိုက်ရသည်။

သူမ မျက်လုံးကလေး ဝိုင်းသွားကာ အပြေးကလေး စတိုဆောင် နောက်သို့ လာခဲ့သည်။

စတိုဆောင်နောက်ဘက် ယာခင်းထဲတွင် ပေါက်တူး ပေါက်နေသော ကျန်းရှင်ချောင်ကို မြင်ရလေသည်။

သူမ၏ညှိုးနွမ်းနေသော မျက်နှာပြင်မှာ ရုတ်ခြည်း ပြုံးရွှင်ကြည်နူးသွားသည်။



"အစ်ကို.... အစ်ကိုရေ"

နှုတ်မှလည်း ဝမ်းသာအဲလဲ ခေါ်လိုက်သည်။

တဆက်တည်းပင် သူမသည် ကျန်းရှင်ချောင်ဆီသို့ အပြေးကလေး ရောက်သွားသည်။

သူ့ထံ ပြေးလာသော လင်းလီလီကို ကျန်းရှင်ချောင် မြင်ရသောအခါ ပေါက်တူးပေါက်ခြင်းကို ရပ်တန့်လိုက်ပြီး သူမ့ကို ပြုံးပြုံးကြီး ကြိုလိုက်သည်။

"အစ်ကိုက ဒီမှာအလုပ် လုပ်နေတာကိုး၊ ညီမက အစ်ကို ပြန်သွားပြီးလို့ ထင်နေတာ"

"အစ်ကို ဘယ်ကိုပြန်သွားရမှာလဲညီမရဲ့"

"မိစ္ဆာနက်ဂိုဏ်းကို အစ်ကို ပြန်သွားပြီလို့ ညီမထင်သွားတာ၊ ခါတိုင်းလို စတိုခန်းထဲမှာလဲအစ်ကို့ကိုမတွေ့၊ ရှေ့ဘက်ယာခင်းထဲမှာလဲ မတွေ့တော့ စိတ်ပူသွားမိတာပေါ့"

လင်းလီလီ စိုးရိမ်ပူပန်မှု ဖုံးလွှမ်းနေသောမျက်နှာကလေးကို ကျန်းရှင်ချောင် ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်၏။

"ညီမရယ် ညီမနဲ့ဝေးရာကို ပြေးခွာနိုင်တဲ့ အစွမ်းသတ္တိမျိုး အစ်ကို့မှာ မရှိတော့ပါဘူးကွယ်၊ မကောင်းမှုတွေ စုဝေးရာ မိစ္ဆာနက်ဂိုဏ်းကိုလဲ အစ်ကို ဘယ်တော့မှ မပြန်တော့ပါဘူး"

"ဟင်....တကယ်ပဲလား အစ်ကိုရယ်"

လင်းလီလီ ဝမ်းသာလိုက်လှဲစွာ ပြောလိုက်၏။

ကျန်းရှင်ချောင် ခေါင်းကို ဆတ်ကနဲညိတ်လိုက်၏။

"တကယ်ပေါ့ညီမ၊ ခုချိန်ကစပြီး အစ်ကိုဟာ အမှန်လမ်းကို လျှောက်တော့မယ်၊ မကောင်းမှု မှန်သမျှ ဘာကိုမှ မလုပ်တော့ဘူး"

"ညီမ....ညီမဝမ်းသာလိုက်တာ အစ်ကိုရယ်၊သိပ်ပြီးဝမ်းသာတာပဲ"

"ကဲ....လူကောင်းဘဝနဲ့ ရပ်တည်တော့မယ့် အစ်ကို့ကို ညီမအိမ်မှာ တသက်လုံးထားမလားဟင်"

"အို....ထားမှာပေါ့အစ်ကိုရဲ့၊ အမေကလဲ အစကတည်းက အစ်ကိုသာ လမ်းမှန်ကို လျှောက်မယ်ဆိုယင် ဒီမှာပဲနေနိုင်တယ်လို့ ပြောထားတာပဲ မဟုတ်လား"

"ဟင်း....ဟင်း....အစ်ကို့ချစ်သူရဲ့ နှုတ်ဖျားက နေပါအစ်ကိုရယ်လို့ ပြောမှ အစ်ကိုကနေမှာ"

"အောင်မယ်လေး.... အရေးထဲမှာ ဈေးကိုင်နေပြန်ပါပြီ"

"ဘာလဲ မပြောဘူးပေါ့"

"ပြောမယ်....ပြောမယ်၊ ညီမချစ်ရတဲ့ အစ်ကိုရယ်ညီမတို့အိမ်မှာ အစ်ကိုတသက်လုံး နေမယ်ဆိုယင် ညီမတော့ သိပ်ဝမ်းသာမှာပဲရှင်၊ ကဲ....ကျေနပ်ပလား"

"ဟား ဟား ဟား ဟား"

ကျန်းရှင်ချောင် သဘောကျစွာ ရယ်မောယင်း လင်းလီလီကို သူ့ရင်ခွင်ထဲသို့သွင်းရန် လက်လှမ်းလိုက်သည်။

"အိုး....အစ်ကို ဟိုး၊ ညီမယူလာတဲ့ အစားအသောက်တွေကို အယင်စားအုံး၊ ကျန်တဲ့ကိစ္စက နောက်မှ၊ နောက်မှ"



သူတို့နှစ်ဦးကြားတွင် လင်းလီလီ လင်ဗန်းကိုထိုးခံထားလိုက်ပြီး ပြောလိုက်၏။

ကျန်းရှင်ချောင်း မချင့်မရဲဖြင့် ဟင်းကနဲ သက်ပြင်းချလိုက်ကာ လင်းဗန်းတွင်းမှ မုန့်တချပ်ကို ကောက်ဝါးလိုက်တော့သည်။

လင်းလီလီ ရယ်မောသံကလေးမှာ လွင်စီစီ ပေါ်ထွက်သွားလေတော့သည်။

* * *

## အခန်း နှစ်ဆယ့်လေး

သုံးရက်လကလေးက ကွေးကွေးကလေး သာနေသည်။

ယနေ့ည တိမ်ညိုတိမ်မည်းတို့ ကောင်းကင်ပြင်တွင် ကင်းစင်နေသောကြောင့် ကြယ်ပွင့်ကလေးများပါ မှိတ်တုတ် မှိတ်တုတ် ပေါ်ထွက်နေကြလေသည်။

အလင်းရောင်မျှင်မျှင်ကလေးက သဲချိုင်းမြေပေါ် သို့မှုန်ဝါး ဝါး ဖြာဆင်းကျနေ၏။

လေညင်းကပါ မတိုက်မခတ် ငြိမ်သက်နေသောကြောင့် သစ်ပင်သစ်ကိုင်းတို့မှာ ငြိမ်သက်နေကြ၏။

သစ်ရွက်ခတ်သံတို့ပင် မကြားရလောက်အောင် သင်္ချိုင်းမြေအတွင်း တိတ်ဆိတ်နေလေသည်။



သင်္ချိုင်းအလယ်ရှိ ဇရပ်ကြီး၏ ရှေ့ခပ်လှမ်းလှမ်း ကြီးမားလှသော အုတ်ဂူကြီး တလုံး၏ နောက်ကွယ်တွင် သဏ္ဍာန်နှစ်ခု မလှုပ်မယှက်ဖြင့် ရှိနေကြလေသည်။

ဝတ်ရုံနက်ကြီးများကို အသီးသီး ဝတ်ဆင်ထားကြသော သေမင်းအော်နှင့် အဲ့နန်တို့ နှစ်ယောက်။

သူတို့နှစ်ဦးစလုံး မိုးချုပ်စကတည်းက ဤနေရာသို့ တိတ်တဆိတ် ရောက်နေခဲ့ကြလေသည်။

သူတို့နှစ်ဦးစလုံး ရောက်ကတည်းက မည်သည့်စကားကိုမျှ မပြောကြသေးပဲ သင်္ချိုင်းတံခါးဝဆီသို့လည်းကောင်း၊ဇရပ်ကြီး ရှေ့သို့လည်းကောင်း သူတို့မျက်လုံးများက ရောက်သွားတတ်လေသည်။

သို့သော် ယခုအချိန်အထိ မည်သည့်ထူးခြားမှုကိုမျှ မတွေ့ကြရသေးချေ။

သူတို့၏ မျက်လုံးများက တခုခုကို စောင့်မျှော်နေဟန်ဖြင့် လှုပ်ရှားနေကြ၏။

လွန်ခဲ့သောညက မိုးရွာသည်။

မိုးရွာသောညပင် ဖြစ်သော်လည်း ထိုညက သူတို့နှစ်ဦးစလုံး ဤအုတ်ဂူနောက်သို့ပင် ရောက်လာပြီး တစုံတခုကို စောင့်မျှော်ခဲ့ကြသေး၏။

ထိုစဉ်က သူတို့တကိုယ်လုံး အချိန်တော်တော်ကြာအောင် မိုးရေစွတ္တ ရွှဲရွှဲစိုနေကြသော်လည်း အချမ်းဒဏ်ကို ကြံ့ကြံ့ခံလျက် ထူးခြားမှုကို စောင့်မျှော်နေခဲ့ကြ၏။

သို့သော် အချိန်သာကုန်ပြီး သန်းခေါင်သာ ကျော်သွား၏။ အအေးဒဏ်ကိုသာ ခံလိုက်ကြရသည်။

သူတို့ စောင့်မျှော်ရကျိုးမနပ်ခဲ့။

မည်သူ တဦးတယောက်မှလည်း မပေါ်လာ။

မည်သည့်ထူးခြားမှုကိုမှလည်း မတွေ့ခဲ့ကြရ။

ယခု ဒုတိယအကြိမ် ဤနေရာသို့ ရောက်လာခဲ့ကြခြင်း ဖြစ်၏။

ယနေ့တော့ ရာသီဥတု သာယာသည်။

သူတို့တတွေ နေထိုင်ရသည်မှာ သက်တောင့်သက်သာ ရှိသည်။

သေမင်းအော်၏ မျက်နှာပြင်တွင် စိတ်အားထက်သန်မှုများ ယှက်သန်းနေသော်လည်း အဲ့နန်ကမူ စိတ်ပျက်သည့် အသွင် သဏ္ဌာန်မျိုးဖြင့် မျက်နှာကြီး ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေလေသည်။

ယနေ့ညလည်း သန်းခေါင် ကျော်အောင် သူတို့တတွေ ဤအုတ်ဂူကြီးနောက်တွင် မလှုပ်မယှက် နေကြရဦးမည် မဟုတ်ပါလား။

"ခင်ဗျားရဲ့ တွေးခေါ်ယူဆချက်က လွဲမှားနေလေရော့ လား သေမင်းအော်"

အဲ့နန်ထံမှလေသံဖြင့် ခပ်တိုးတိုးပြောလိုက်သော စကားသံ ထွက်ပေါ်လာ၏။

ဇရပ်ရှေ့ဘက်ဆီ စူးစိုက်ကြည့်နေသော သေမင်းအော်ကို အဲ့နန်က ဖြတ်ကနဲ လှည့်ကြည့်ပြီး တီးတိုးပြန်မေးလိုက်၏။

လှိုင်စာပေ
[illegible] လမ်း၊ တောင်ငူ။



"ခင်ဗျား ဘာကိုဆိုလိုတာလဲ အဲ့နန်"

"ဒီလိုလေ၊ ရွှေဂေါင်းပြောင်ညီနောင်တွေဆီကရတဲ့ သတင်းကို ခင်ဗျားဖာသာခင်ဗျား ဝေဖန်တွက်ဆပြီး ဒီဇရပ်ကြီးမှာ မြို့သူမြို့သားတွေရဲ့ ရတနာတွေကို နာယကအဖွဲ့ဟာ တိတ်တဆိတ် ဝှက်ထားလိမ့်မယ်လို့ ခင်ဗျားပြောခဲ့တယ်"

"ဟုတ်တယ်လေ၊ ရွှေဂေါင်းပြောင် ညီနောင်တို့ကတော့ ဒီရတနာတွေအကြောင်းကို မသိတော့ တိတိကျကျတော့ မပြောနိုင်ကြဘူးပေါ့၊ ဒါပေမယ့် သူတို့ကို အခကြေးငွေပေးပြီး နာယကအဖွဲ့ဟာ ဒီဇရပ်ထဲမှာ အစောင့်ချထားခဲ့ကြတယ်၊ သူတို့ တတွေကလဲ့လို့ ညဲဘက်မှာ ဘယ်သူပဲ ဒီဇရပ်ကိုလာလာ တိုက်ခိုက်ကြဖို့လဲ အမိန့်ပေးထားတယ်၊ ပြီးတော့ သူတို့တတွေဟာ ရွှေဂေါင်းပြောင်တို့မသိတဲ့ လျှို့ဝှက်ခလုတ်ကိုနှိပ်ပြီး ပေါ်လာတဲ့ လျှို့ဝှက်တံခါးကနေ ဇရပ်အောက်ဘက်ကို ဆင်းသွားလေ့ ရှိတယ်၊ ဒီထူးခြားမှုတွေကို ကျုပ်ဖာသာ တွေးတောဆက်စပ် ကြည့်လိုက်တဲ့အခါမှာ ဒီဇရပ်ကြီးရဲ့ လျှို့ဝှက်တနေရာရာမှာ သူတို့ဘတွေအတွက် အင်မတန် အရေးကြီးတဲ့ ပစ္စည်းတခုခုကို သိုဝှက်ထားကြမယ်လို့ သိနိုင်တော့တာပေါ့၊ သူတို့တတွေအတွက် အရေးကြီးဆုံး ပစ္စည်းဟာ ဘာဖြစ်နိုင်သလဲဆိုတာ ခင်ဗျားလဲ သိပါတယ်၊ သူတို့ကို မြို့သူမြို့သားတွေ အပ်နှံထားတဲ့ ရတနာ တွေပဲ မဟုတ်လား"

သေမင်းအော် သူ့မျက်လုံးအစုံဖြင့် သံချိုင်းတံခါးဝနှင့် ဇရပ်ရှေ့သို့ အစုန်အဆန်ကြည့်နေယင်း ရှင်းပြလိုက်၏။

"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ တွေးခေါ်ယူဆချက်ဟာ ဖြစ်နိုင်တဲ့ အလားအလာ ရှိပါတယ်၊ ဒါကြောင့်လဲ ခင်ဗျားရဲ့ဆန္ဒအတိုင်း ဒီမှာလာစောင့်ခဲ့ကြတာပဲပေါ့၊ ဒါပေမယ့် မနေ့ညကဘာမှ ထူးခြားချက်မတွေ့ရဘူး၊ ဒီနေ့လဲ ခုချိန်အထိအောင် ထူးခြားချက် မရှိသေးတော့ ကျုပ်စိတ်ထဲမှာ တမျိုးဖြစ်လာလို့ပါ"

"ဘယ်လိုတမျိုးဖြစ်လာတာလဲ"

"ရွှေဂေါင်းပြောင်ညီနောင်သုံးဖော် ပြောလိုက်တဲ့ သတင်းစကားတွေဟာ မှန်မှ မှန်ပါ့မလားလို့"

"ရတနာတွေရဲ့အကြောင်းကို သူတို့သိထားတာ မဟုတ်လေတော့ လူတို့ပြောတဲ့ သတင်းစကားဟာ အမှန်ပဲလို့ ကျုပ်ယူဆတယ်၊ ပြီးတော့ ရွှေဂေါင်းပြောင်သုံးဖော်အနေနဲ့ ကျုပ်ကို မလိမ်ရဲကြပါဘူးလေ"

"ဒါဖြင့်လဲ ကျုပ်တို့တွေ ခုလိုစောင့်နေကြမယ့်အစား ဇရပ်ထဲက လျှို့ဝှက်အခန်းထဲကိုဝင်တဲ့ လျှို့ဝှက်ခလုတ်ကို သေသေချာချာရှာကြည့်ယင် ပိုမကောင်းဘူးလား"

"ကျုပ်ကိုယ်တိုင် သေသေချာချာ ရှာကြည့်ခဲ့ပါတယ်၊ ဘယ်လိုမှ မတွေ့ခဲ့လို့ ခုလို အပင်ပန်းခံပြီး လာစောင့်နေတာပေါ့"

"ကျုပ်ပါလိုက်ခဲ့ပြီး ရှာယင်ကော"

"ခင်ဗျားလိုက်ခဲ့လို့ မဖြစ်လို့ပေါ့ အဲ့နန်၊ ဒါဆိုယင် ရွှေဂေါင်းပြောင်ညီနောင်ကလဲ ခွင့်ပြုမှာမဟုတ်ဘူး၊ ခုချိန်မှာ သူတို့နဲ့ကျုပ် ပဋိပက္ခမဖြစ်ချင်ဘူးလေ၊ ကျုပ်တို့ အကြံအစည်



ပျက်သွားနိုင်တယ် မဟုတ်လား၊ သူတို့ကို ချော့ပေါင်းထားမှ သူတို့ဆီက သတင်းထူးတွေကို ကျုပ်တို့ ဆက်ကြားကြရမယ်၊ လုံးဝစုံစမ်းလို့မရတဲ့ ကျုပ်သားရဲ့ သတင်းကိုလဲ သူတို့ကိုပဲ စနည်းနာခိုင်းထားရတယ်၊ ဒီတခါ ကျုပ်တို့ဘက်က အပိုင်ဖြစ်အောင် ဒီလောက်တော့ ဇွဲရှိရမှာပေါ့ အဲ့နန်"

"ဟုတ်ပါတယ် သေမင်းအောဘ်၊ ကျုပ် စိတ်လောကြီးသွားလို့ပါ၊ ဆက်စောင့်ကြတာပေါ့"

ထို့နောက် သူတို့နှစ်ဦးလုံး ပါးစပ်ပိတ်သွားကြ၏။

မျက်လုံးများကသာ လှုပ်ရှားနေကြပြီး ထူးခြားမှု ပေါ်လာနိုး ပေါ်လာနိုးဖြင့် ဇွဲရှိရှိဖြင့် ဆက်စောင့်ကြသည်။

သို့သော် သန်းခေါင်သာကျော်သွားပြီး မည်သည့်ထူးခြားမှုကိုမှ မတွေ့ကြရသောအခါ သေမင်းအောဘ်ပင် စိတ်ပျက်ချင်သလိုလို ဖြစ်သွားတော့၏။

*　　　*　　　*

## အခန်း နှစ်ဆယ့်ငါး

မွန်တည့်ချိန် ဖြစ်သောကြောင့် မိုးနတ်မယ် စားသောက်ဆိုင်တွင် စားသောက်သူ အနည်းငယ်သာ ရှိလေသည်။

စားပွဲထိုး မိန်းကလေးတသိုက်မှာ တနေရာတွင် စိုင်းဖွဲ့ပြီး စကားပြောနေကြ၏။

လင်းလီလီနှင့်ကျုံးခွေတို့ သားအမိမှာ ကောင်တာစားပွဲတွင် ရှိနေကြသည်။

သူတို့သည် မနက်ဘက်မှ ရောင်းရသောငွေများကို ရေတွက်နေကြသည်။

လင်းလီလီလီ၏ အမူအယာမှာ ရှင်မြူးတက်ကြွနေသလို မိခင်ဖြစ်သူ ကျုံးခွေ၏ မျက်နှာပြင်မှာလည်း ကြည်လင်လန်းဆန်းလျက် ရှိနေသည်။



"သမီးရဲ့ဦးလေးကော မြို့ထဲသွားတာ ခုထိ ပြန်မလာသေးဘူးလား"

ကျုံးခွေက မေးလိုက်သဖြင့် လင်းလီလီ ပြန်ဖြေသည်။

"မရောက်သေးဘူး အမေ၊ အစ်ကို့အတွက်-အဝတ်အစားကလေးတွေကိုပါ ဝယ်ပေးဦးမယ်ဆိုပြီး ထွက်သွားတာ"

"အေးကွယ်၊ ကျန်းရှင်ချောင် လူကောင်းတယောက်အဖြစ်ကို ရောက်လာလို့ သူလဲ အတော်ကလေး ပျော်နေပုံရတယ်၊ ဒီမှာ ကျန်းရှင်ချောင် နေမယ်ဆိုတော့ သူ သိပ်ပြီးကျေနပ်သွားတယ်၊ ဆိုင်မှာ အဖေါ်ရတာမို့ အားလဲ အတော်တက်သွားတယ်နဲ့ တူပါတယ်"

"အမေကလဲ သိပ်ပြီး မေ့တတ်တာပဲ"

လင်းလီလီ မျက်စိမျက်နှာပျက် ဖြစ်သွားပြီးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကာ ပြောလိုက်၏။

"ဟဲ့....ဘာဖြစ်လို့လဲ သမီး"

"အစ်ကို့ နာမည်အမှန်ကို အမေ ခေါ်လိုက်လို့ပေါ့၊ တော်ပါသေးရဲ့ ဒီနားမှာ ဘယ်သူမှ မရှိသေးလို့၊ ဒီမြို့မှာအစ်ကို့နာမည်ကို ချန်လူးလို့ သမီးတို့က ပြောင်းထားတယ် မဟုတ်လား၊ ပြီးတော့ ရွာကလိုက်လာတဲ့ သမီးရဲ့ အစ်ကိုဝမ်းကွဲလို့လဲ တမြို့လုံးကို ကြေငြာထားတာ"

ထိုအခါမှ မိခင် ကျုံးခွေလဲ မျက်ကလဲဆန်ပြာဖြင့် ဘေးပတ်ဝန်းကျင်တို့ ကြည့်လိုက်ကာ-

"ဟုတ်ပါရဲ့ သမီးရယ်၊ မေမေမေ့ပြီး ခေါ်လိုက်မိတာပါ၊ နောင်ကို သတိထားမှ၊ ဒါနဲ့ သမီးကိုမေးရဦးမယ်"

ဘေးဘီကိုကြည့်ပြီး လင်းလီလီအနီးသို့ ကျုံးခွေ တိုးကပ်လိုက်၏။

ပြီးနောက် လေသံတိုးတိုးဖြင့် မေးမြန်းသည်။

"ကောင်လေးအနေနဲ့ တကယ်ပဲ နောင်တရပြီး စိတ်ပြောင်းသွားတာ ဟုတ်ရဲ့လားကွယ်၊ သမီးကတော့ သူ့ရဲ့အခြေအနေအမှန်ကို သိနိုင်လို့ မေးကြည့်တာပါ"

"ဩော်....အမေကလဲ၊ တကယ့်ကို သူဆုံးဖြတ်တာပါအမေရဲ့၊ အခု နောက်ပိုင်း သူ့ရဲ့ နေပုံ ထိုင်ပုံကိုလဲအမေမြင်သားပဲ"

"အေးကွယ် ဒီလိုဖြစ်ယင်တော့ အမေလဲ ဝမ်းသာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့သမီးရဲ့ အခြေအနေအမှန်ကိုအမေ အနေနဲ့ ရိပ်မိလေတော့ တွေးပြီးပူမိတာပါ၊ သူသာလူကောင်းတယောက်ဘဝနဲ့ ရပ်တည်မယ်ဆိုယင် သူ့လိုလူမျိုးတယောက်နဲ့ အမေ့သမီးကို သဘောမတူစရာ မရှိပါဘူးကွယ်"

မိခင်ဖြစ်သူ၏ စကားကို ကြားရသောအခါ လင်းလီလီ ဝမ်းသာ အားတက်သွားလေ၏။

"သမီး ဝမ်းသာလိုက်တာ အမေရယ်၊ စိတ်ချပါ သမီးကိုတော့ သူမလိမ်ပါဘူး"

"ဟော.... အမေ ဟိုမှာ အစ်ကိုလေး လျှံစွမ်း လာနေပါလား။

လင်းလီလီ၏ မျက်လုံးအစုံက ဆိုင်တံခါးပေါက်ဝဆီရောက်သွားပြီး ပြောလိုက်သောကြောင့် မိခင်ဖြစ်သူပါ လှမ်းကြည့်လိုက်၏။



ဆိုင်ထဲသို့ ဝင်လာသော လျှံစွမ်းကို မြင်ရလေသည်။

"ဟုတ်ပါ့ရဲ့ကွယ်၊ မလာစဖူး အလာ ထူးလှချည်လား၊ လာဟေ့ လာလာ၊ ဘယ့်နှယ် ဒီကိုမရောက်တာ အတော်ကြာသွားပါပေါ့လား"

သူတို့က ပြုံးရွှင်သော မျက်နှာဖြင့် လာနေသောလျှံစွမ်းကို ကျုံးခွေ လှမ်းပြီးခေါ်လိုက်၏။

"ဟုတ်ကဲ့ဒေါ်လေး၊ ကျွန်တော်လဲခုတလောအလုပ်ကလေးတွေ အတော်များနေတာနဲ့ ရောက်မလာနိုင်တာပါ၊ ဒီနေ့တော့ ဒေါ်လေးတို့ဆီ အလည်လာချင်တာနဲ့ ထွက်ခဲ့တယ် ဆိုပါတော့၊ ပြီးတော့ ဒေါ်လေးရဲ့ တူဝမ်းကွဲတယောက် ရောက်နေတယ်ဆိုတဲ့ သတင်းကိုလဲ ကြားရတာနဲ့ သူနဲ့လဲတွေ့ပြီး မိတ်ဆက်ယင်းနဲ့ လာခဲ့တယ်ဆိုပါတော့"

လျှံစွမ်းစကားကြောင့် ကျုံးခွေမှာ မျက်စိမျက်နှာ ပျက်မလိုဖြစ်သွားပြီးမှ ပြန်ထိန်းထားလိုက်ရ၏။

လင်းလီလီ အမူအရာမပျက် ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ပြောသည်။

"လီလီတို့ကလဲ အစ်ကိုလေး လျှံစွမ်းနဲ့ လီလီရဲ့ အစ်ကိုဝမ်းကွဲချန်လူးကို တွေ့ပေးချင်နေတာပါ၊ အစ်ကိုလေးဆီ လာမယ် လာမယ်နဲ့ ဆိုင်မှာ အလုပ်တွေ များနေလို့ မရောက်ဖြစ်တာ"

"ဩော်....လီလီရဲ့ အစ်ကိုဝမ်းကွဲ နာမည်က ချန်လူးတဲ့လား"

"ဟုတ်ပါတယ် အစ်ကိုလေး၊ အစ်ကို ချန်လူးပါ"

"သူ အခုရှိလားဟင်"

"ဟုတ်....ဟုတ်ကဲ့ ရှိပါတယ်၊ အပေါ်ထပ် သီးသန့်ခန်းထဲမှာပဲ နေပါတယ်"

"ဒါဖြင့် အခုပဲ သူ့ကို အစ်ကိုလေး တွေ့ပါရစေလား"

"ဟုတ်ကဲ့ လီလီလိုက်ပို့ပေးပါမယ် အစ်ကိုလေး လာပါ၊ အမေကောင်တာစားပွဲမှာ ထိုင်လိုက်ပါအုံး"

"အေး....အေး....ကဲ....ငါ့တူ မင်းနှမနဲ့ လိုက်သွားပေတော့ကွယ်"

လင်းလီလီ ဦးဆောင်လျက်လျှံစွမ်းတို့ အပေါ်တက်ခဲ့ကြ၏။

ကောင်တာတွင် စိုးရိမ်ပူပန်စိတ်ဖြင့် ကျုံးခွေ ကျန်ခဲ့သည်။

"ဘုရား....ဘုရား.... ချောချောမောမော ဖြစ်ကြပါစေ၊ လျှံစွမ်းက အင်မတန် ပါးနပ်တဲ့ကောင်လေးဆိုတော့ ကျန်းရှင်ချောင်ရဲ့ဘဝမှန်ကို သိသွားယင်တော့ မတွေးဝံ့စရာပဲ"

ကျုံးခွေစိတ်တွင် တွေးတောယင်း ရင်မောနေလေသည်။

လင်းလီလီလည်း လှေကားမှ တက်ခဲ့ရာမှ မျက်စိမျက်နှာပျက်နေလေ၏။

လျှံစွမ်းမှာ သူမနောက်ဘက်မှ လိုက်လာသောကြောင့် သူမ၏ စိုးရိမ်ပူပန်မှု လွှမ်းမိုးနေသော မျက်နှာပြင်ကို မတွေ့ရသဖြင့် တော်သေး၏။

'အစ်ကို့ကို ကြိုတင်အကြောင်းမကြားနိုင်ခဲ့ဘူး၊ တကယ်လို့ အစ်ကိုသာ ပေါ့ပေါ့တန်တန်နေပြီး သူ့ဘဝမှန်ကိုအစ်ကိုလေး လျှံစွမ်းရိပ်မိသွားယင်တော့ အခက်ပဲ၊ အစ်ကိုလေး လျှံစွမ်းဟာ သိပ်ပြီး ပါးနပ်တဲ့လူတယောက်'



သူမစိတ်ထဲတွင်လည်း ပူပန်တွေးတောလာခဲ့၏။

သူမအနေဖြင့် ကျန်းရှင်ချောင်ကို ကြိုတင် ကြားသိနိုင်စေရန် လျှံစွမ်းနှင့် စကားတွေ ဖောင်ဖွဲ့ပြောသွားချင်သည်။

သို့သော် လျှံစွမ်းသည်သူမနှင့် နောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက်ပါလာသဖြင့် စကားပြောရန် ခက်နေ၏။

အပေါ်ထပ်သို့ အရောက် စင်္ကြန်လမ်းကို လျှောက်ခဲ့ပြီး ကျန်းရှင်ချောင်နေသော အခန်းရှေ့သို့ရောက်မှ သူမဘေးနားတွင် လျှံစွမ်းလာရပ်သည်။

တဆက်တည်းပင်သူ့လက်ဖြင့် ထံခါးကို ခေါက်လိုက်သည်။

"ဒေါက်....ဒေါက်....ဒေါက်....ဒေါက်...."

"အစ်ကို....အစ်ကိုချန်လူး"

လင်းလီလီလည်း မနေသာတော့ပဲ ခေါ်လိုက်ရတော့၏။

"ညီမလား လာပြီ....လာပြီ"

အခန်းတွင်းမှ ကျန်းရှင်ချောင်အသံ ပေါ်လာပြီး တခဏအတွင်းမှာပင် တံခါးပွင့်သွား၏။

တံခါးဝတွင် လင်းလီလီနှင့်အတူ ရပ်နေသော လျှံစွမ်းကို တွေ့လိုက်ရသောအခါ ကျန်းရှင်ချောင် မျက်နှာ ကွက်ကနဲ ပျက်သွား၏။

သူ့အနေဖြင့် လျှံစွမ်းကို မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် စိတ်ထဲတွင်ထင့်နေ၏။

လျှံစွမ်းက သူ့ကို စူးစိုက်ကြည့်ပြီး အကဲခတ်နေကြောင်း မြင်ရသောအခါ ပို၍ မလုံမလဲ ဖြစ်ရ၏။

အခြေအနေကို ရိပ်စားမိသော လင်းလီလီ ချက်ချင်းပင် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

"အစ်ကိုလေး လျှံစွမ်း၊ သူဟာ ညီမရဲ့ အစ်ကိုဝမ်းကွဲ ချန်လူးပါပဲ၊ အစ်ကို ချန်လူးရေ သူကတော့ ဒီမြို့ကလုံခြုံရေးမှူး အစ်ကိုလေး လျှံစွမ်းပါပဲ"

လျှံစွမ်းက ရင်းရင်းနှီးနှီးစတင်ပြီး နှုတ်ဆက်သောကြောင့် ကျန်းရှင်ချောင်ကလည်း ဝမ်းသာပါကြောင်း ပြန်လည် နှုတ်ဆက်ရလေသည်။

အခန်းတွင်းသို့ ဝင်ပါရန်လည်း ဖိတ်ခေါ်လိုက်ရ၏။

လျှံစွမ်းလည်းကျန်းရှင်ချောင်၏ ဖိတ်ခေါ်ချက်ကို လက်ခံပြီး အခန်းထဲဝင်ခဲ့၏။

လင်းလီလီ ရင်တထိတ်ထိတ်ဖြင့် နောက်ဘက်မှ ကပ်လိုက်လာရ၏။

ကျန်းရှင်ချောင်အနေဖြင့် လျှံစွမ်း၏ အမူအရာကိုကြည့်ပြီး စိတ်သက်သာရာရသွား၏။

လျှံစွမ်းအနေဖြင့် သူ့ကို လူစိမ်းတယောက် အနေဖြင့် အကဲခတ်ကြည့်သည် မှန်သော်လည်း မည်သူမည်ဝါဟု သံသယ ရှိပုံမပေါ်ပေ။

"အေးဗျာ၊ လီလီတို့ မိသားစုအဖို့ ခင်ဗျားလို ဆွေမျိုးသားချင်းတယောက် ရောက်လာတော့ အားကိုး အားထားရတာပေါ့"

လျှံစွမ်း အခန်း ပါတ်လည်ကို မျက်စိ ကစားလိုက်ပြီး ပြောလိုက်၏။



"ဟုတ်ပါတယ်"

ကျန်းရှင်ချောင် စကားကို တိုတိုတုတ်တုတ်ပင် ပြော၏။ သူ့အနေဖြင့် စကားများများ ပြောပါက သူ့ဇာတ်မြစ်ကို လျှံစွမ်း ရိပ်စားမိသွားမည် စိုးသောကြောင့်ပင်။

"ကျွန်တော်တို့ဆီလဲ လာလည်ပါအုံးမိတ်ဆွေ၊ မြို့တွင်း နေရာအနှံ့ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ကဲ့ လာခဲ့ပါ့မယ်၊ ကျွန်တော်လဲ"

ကျန်းရှင်ချောင်မျက်လုံးအစုံက ကုတင်ခြေရင်းတွင် ရှိသော သူ၏ ကျောပိုးအိတ်ဆီ ရောက်သွားပြီး စကား တပိုင်းတစ ရပ်သွား၏။

အိတ်ထဲမှ သူ၏ ခေါင်းစွပ်အနက်ကလေး တပိုင်းတစပေါ် နေသောကြောင့်ပင်။

ထိုခေါင်းစွပ်နက်တွင် မိစ္ဆာနက်ဂိုဏ်းအမှတ်တံဆိပ် ရိုက်နှိပ်ထားပြီး လျှံစွမ်းနှင့် တိုက်ခိုက်သောညက သူ အသုံးပြုခဲ့သေးသည်။

ထိုခေါင်းစွပ်ကို ပထမ ဖျောက်ဖျက်ရန် စိတ်ကူးရမိသော်လည်း လိုလိုမယ်မယ် သိမ်းဆည်းထားခဲ့ခြင်း ဖြစ်၏။

ဦးဆုံး သူ သိမ်းဆည်းထားစဉ်က အိတ်၏ အတွင်းပိုင်းတွင် ဖြစ်သည်။

ခုနကမှ အိတ်ထဲရှိသူ့အင်္ကျီတထည်ကိုထုတ်ယူပြီး လင်းလီလီတို့ ရောက်လာသည်နှင့် အိတ်ထဲသို့ ပစ္စည်းများ ကမန်းကတန်း ပြန်ထည့်ခဲ့ရာမှ ယခုလို ခေါင်းစွပ်နက်က အပေါ်ဘက် ရောက်နေခြင်း ဖြစ်၏။

ထိုခေါင်းစွပ်နက်ကို လျှံစွမ်းမြင်ပြီး သူ့အပေါ် သံသယ ရှိသွားမှာစိုးရိမ်သောကြောင့် စကားရပ်သွားခြင်းဖြစ်၏။

အကင်းပါးလှသော လျှံစွမ်း၏မျက်လုံးကလည်း ကျန်းရှင်ချောင်၏ ထူးခြားသော အမူအရာကြောင့် ကျန်းရှင်ချောင်မျက်လုံး ရောက်သွားရာသို့ သူပါ လိုက်ကြည့်သော အခါ ခေါင်းစွပ်နက်ကို မြင်သွားလေသည်။

သို့သော် ခေါင်းစွပ်နက်မှာ တပိုင်းတစသာ ပေါ်ထွက်နေသောကြောင့် မိစ္ဆာနက်ဂိုဏ်း တံဆိပ်မှာလည်း တဝက်တပျက်သာ ပေါ်နေလေသည်။

ထိုအိတ်ချိတ်ထားသော နေရာတွင် သောက်ရေအိုး တလုံးလည်း ရှိနေလေသည်။

ခေါင်းစွပ်နက်ကို ထုတ်ယူကြည့်ရန် နည်းလမ်းကို လျှံစွမ်းစဉ်းစားယင်း ဟန်မပျက် စကားဆက်ပြောသည်။

"ဘာဖြစ်လဲမိတ်ဆွေရဲ့၊ ဆက်ပြောပါအုံး"

"ဩော်... ဟုတ်ကဲ့၊ ကျွန်တော်လဲ တယောက်တည်း မလာတတ်လို့ ဦးလေးကျုံးအိုင်ဖေ့ အားတဲ့နေ့ကျမှပဲ သူ့ကိုအဖော်ခေါ်ပြီး လာခဲ့ပါမယ်"

လျှံစွမ်းအမေးကို ကျန်းရှင်ချောင် အဆင်ပြေအောင် ပြောလိုက်ရ၏။

"ဒီလိုဆိုလဲ ကျွန်တော်အားတဲ့နေ့ မိတ်ဆွေကို လာခေါ်ပါ့မယ် စကားပြောကောင်းတာနဲ့ ရေတောင်ငတ် လာတယ်၊ တခွက်လောက် သောက်မယ်နော်"

လျှံစွမ်း ပြောပြောဆိုဆို ရေအိုးဆီလျှောက်သွား၏။



"ကျွန်တော်ခပ်ပေးမယ်လေ"

"နေပါစေ၊ ရပါတယ်"

ကျန်းရှင်ချောင် မဟန့်တားနိုင်ခင် ရေအိုးဆီသို့ လျှံစွမ်း ရောက်သွားသည်။

ရေတခွက်ကို ခပ်သောက်ယင်း သူ့မျက်လုံးအစုံက အိတ်ထဲမှ ထွက်ပေါ်နေသော ခေါင်းစွပ်နက်ကို သေသေချာချာ ကြည့်သည်။

အနီးကပ် ကြည့်လိုက်သောအခါမှ မိစ္ဆာနက်ဂိုဏ်းတံဆိပ်ပါသော ခေါင်းစွပ်တခုဖြစ်ကြောင်း သိလိုက်ရတော့၏။

ခေါင်းစွပ်နက်ကို လျှံစွမ်း အိတ်ထဲမှ ဆတ်ကနဲ ဆွဲထုတ်ယူလိုက်၏။

"ခင်ဗျား ဘာလုပ်တာလဲ"

ကျန်းရှင်ချောင် အော်ဟစ်လိုက်ယင်းမှ သူ့အနီးသို့ လွှားကနဲ ရောက်လာ၏။

လျှံစွမ်း ဘေးကို ဆတ်ကနဲ ခုန်ရှောင်ပေးလိုက်ပြီးခေါင်းစွပ်နက်ကို မြှောက်ပြယင်း လင်းလီလီကို ပြောလိုက်၏။

"လီလီ....သူဟာ ဘယ်သူလဲ၊ မိစ္ဆာနက်ဂိုဏ်းဝင်တယောက်မဟုတ်လား"

လျှပ်တပျက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် လင်းလီလီ ဘာပြော၍ ဘာလုပ်ရမှန်းမသိတော့။ ကြောက်ရွံ့တုန်လှုပ်နေသည်။

လျှံစွမ်းက ထိုကဲ့သို့ တိုက်ရိုက်ပြောဆိုလာသောအခါ လင်းလီလီသာမက ကျန်းရှင်ချောင်ပါ မည်သို့ရှင်းပြ ပြောဆိုရမှန်း မသိတော့။ ကြောင်ငေးငေးကြီး ဖြစ်သွားသည်။

လျှံစွမ်းအတွေးထဲတွင် မိစ္ဆာနက်ဂိုဏ်း သူတို့မြို့တွင်း ဝင်ရောက်ခဲ့သော ညက သူနှင့်တိုက်ခိုက်ခဲ့ရသော မျက်နှာဖုံးနက်စုပ်ထားသော မိစ္ဆာနက်ဂိုဏ်းသား၏ ကိုယ်လုံးကိုယ်ပေါက်ကို ပြန်လည် မြင်ယောင်လိုက်မိသည်။

သူသည် ချက်ချင်းပင် တွေးတော ဆက်စပ်လိုက်ပြီး ပြောလိုက်ပြန်သည်။

"ဩော်....လက်စသတ်တော့ မင်းက ဟိုညက ငါနဲ့တိုက်ခိုက်ခဲ့တဲ့ မိစ္ဆာနက်ဂိုဏ်းသားကိုး၊ အင်း သိပြီ၊ သိပြီ၊ လီလီဟာ သူ့အရှက်ကို ကာကွယ်ပေးခဲ့တဲ့ မင်းကို ကယ်တင်လိုက်တာပေါ့ ဟုတ်လား"

လျှံစွမ်းစကားကြောင့် ကျန်းရှင်ချောင်ရော လင်းလီလီပါ မျက်စိမျက်နှာ ပျက်သွားကြ၏။

"အို....နောင်ကြီး ဘာတွေပြောနေတာလဲ"

ကျန်းရှင်ချောင် ငြင်းပယ်ရန် ကြိုးစားသေးသည်။

သို့သော် သူ့ထံသို့ လျှံစွမ်းခန္ဓာကိုယ်က လှစ်ကနဲ ရောက်လာသည်။

သူ့ရင်ဝသို့ လက်ဝါးစောင်းဖြင့် ဆတ်ကနဲ ရိုက်ချသည်။ အတွင်းအား အပြည့်ပါသော လက်ဝါးစောင်းပင် ဖြစ်၏။



လျှံစွမ်း ရုတ်တရက် တိုက်ခိုက်လာသောကြောင့် လက်ဝါးစောင်း ရိုက်ချက်ကို ကျန်းရှင်ချောင် သူ့လက်ဖြင့် ဖျန်းကနဲ ကာလိုက်၏။

လျှံစွမ်း၏ အတွင်းအားကို သိထားသော ကျန်းရှင်ချောင်သည် သူ့အတွင်းအားကိုလည်း အပြည့်သုံးကာ ခံလိုက်ခြင်း ဖြစ်၏။

ထိုသို့ အတွင်းအားအပြည့် မသုံးပဲနေ၍လည်းမဖြစ်။

သူ့အနေဖြင့် အတွင်းအားကို လျှော့သုံးမိခဲ့ပါက လျှံစွမ်း၏ ရိုက်ချက်ဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားရလိမ့်မည် ဖြစ်လေသည်။

လက်ဝါးစောင်း နှစ်ခုထိသံ ဖြန်းကနဲပေါ်လာပြီးသည်နှင့် လျှံစွမ်းလက်မှာ ကျင်ကနဲ ဖြစ်သွားပြီး သူ့ခန္ဓာကိုယ်မှာလည်း နောက်ဘက်သို့ ဝုန်းကနဲ လဲကျသွား၏။

လျှံစွမ်း ချက်ချင်းပင် ဆတ်ကနဲ ပြန်ထလိုက်၏။

သူသည် ကျင်နေသော သူ့လက်တဘက်ကို ကျန်လက်တဘက်ဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ကာ ပြေဖျောက်သွားစေရန် ပွတ်လုပ်နေ၏။

ကျန်းရှင်ချောင် ထံသို့လည်း မဲ့ပြုံးပြုံးကြည့်ကာ မခံချင်ဒေါသဖြင့် ပြောလိုက်၏။

"ဟုတ်တယ်၊ မင်းဟာ ဟိုညက ငါနဲ့တိုက်ခိုက်ခဲ့တဲ့ မိစ္ဆာနက်ဂိုဏ်းသားပဲ၊ ကဲ....ပြောစမ်း မင်းနာမည် ဘယ်သူလဲ၊ နာမည်အမှန်ကို မေးတာနော်"

ကျန်းရှင်ချောင် ဖြေရခက်နေဟန်ဖြင့်၊ လီလီကို ကြည့်လိုက်၏။

ကြောက်ရွံ့စိုးရိမ်စိတ်ကြောင့် တကိုယ်လုံး ဆတ်ဆတ်တုန်နေသော လင်းလီလီ ဖြေလိုက်သည်။

"သူ....သူ့နာမည်အမှန်က ကျန်းရှင်ချောင်ပါ အစ်ကိုလေး၊ သူ....သူဟာ မိစ္ဆာနက်ဂိုဏ်းချုပ်ကြီးသေမင်းအောင်ရဲ့သားပါ"

"ဩော်....မင်းက မိစ္ဆာနက်ဂိုဏ်းရဲ့ တတိယခေါင်းဆောင် ကျန်းရှင်ချောင်ကိုး၊ အဲ့ပါရဲ့ လီလီရယ်၊ သူ့လိုလူမျိုးကိုမှ လီလီတို့က လက်ခံထားရတယ်လို့"

လျှံစွမ်း ကျန်းရှင်ချောင်ကိုကြည့်ပြီး ပြောနေရာမှ လီလီဘက်သို့ လှည့်ပြောလိုက်ပြန်သည်။

နောက် သူ့အကြည့်က ကျန်းရှင်ချောင်းထံ ပြန်ရောက်သွားပြန်သည်။

"ကဲ....မင်း ငါနဲ့ အေးအေးဆေးဆေး လိုက်ခဲ့စေချင်တယ်၊ မင်းကို ချုပ်ထားပြီးမှ ဘယ်လိုစီစဉ်ရမယ်ဆိုတာနာယကအဖွဲ့ကို တင်ပြရမယ်"

"အို....သူ့ကို မဖမ်းပါနဲ့ အစ်ကိုလေး"

"ဟုတ်ပါတယ် ကျွန်တော် ရှင်းပြပါရစေဦး"

ကျန်းရှင်ချောင်က သူ့ စိတ်သဘောထားကို ရှင်းပြရန် စကားစလိုက်သည်။

"အို....ဘာမှ ရှင်းမနေနဲ့ နာယကအဖွဲ့ဆီကိုရောက်မှ မင်းရှင်းချင်တာရှင်း၊ ခုတော့ ငါနဲ့ အေးအေးဆေးဆေးလိုက်ခဲ့"



"မလိုက်နိုင်ဘူးဗျာ၊ မလိုက်နိုင်ဘူး"

ကျန်းရှင်ချောင် ဒေါသထွက်လာပြီး လေသံမာမာဖြင့် ဖြင့် ပြောလိုက်၏။

ထိုစဉ် လျှံစွမ်းက စတင်တိုက်ခိုက်လေ၏။

သူ့လက်ဝါးစောင်းကို စကြာမွှေသလို တရကြမ်းဝှေ့ရမ်းကာ တိုက်ခိုက်၏။

သူ၏ သိုင်းကွက်များမှာ မြန်ဆန် သွက်လက်လှသောကြောင့် ကျန်းရှင်ချောင် ခုခံ ရှောင်တိမ်းနေရသည်။

ပြန်လည် တိုက်ခိုက်ရန် အခွင့်အရေးကို မရခဲ့။

လျှံစွမ်းသည် ကျန်းရှင်ချောင်နှင့် အတွင်းအားချင်းယှဉ်ပြိုင်နိုင်ခြင်း မရှိကြောင်းကို သိထားလေသောကြောင့် သူ၏ လက်စကြာ သိုင်းကွက်များကို တကွက်ပြီးတကွက် အဆက်မပြတ် ထုတ်သုံးကာ တိုက်ခိုက်နေခြင်းဖြစ်၏။

ခံစစ်သဘောဖြင့် တိုက်ခိုက်နေရသော်လည်း ကျန်းရှင်ချောင် တိုက်စစ်ဖြင့် ပြောင်းလဲတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

သို့မဟုတ် လျှံစွမ်း၏ လက်ဝါးစောင်းသည် သူ့ခန္ဓာကိုယ်သို့ တချက်တချက်တွင် ရိုက်မိသွားနိုင်ကြောင်း တွေးမိသောကြောင့် ဖြစ်၏။

လျှံစွမ်း သိုင်းကွက်ဖြင့် တိုက်ခိုက်နေသောကြောင့် သူကလည်း သိုင်းကွက်ဖြင့်ပင် ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

"ယား...."

ကျန်းရှင်ချောင်တချက် ခုန်လိုက်ပြီး သူ့လက်ဝါးစောင်းကို လျှံစွမ်းပခုံးဆီသို့ ဖြတ်ကနဲ ခုတ်ချလိုက်၏။

လျှံစွမ်း လှစ်ကနဲ ရှောင်လိုက်ပြီး ကျန်းရှင်ချောင်၏ လည်ပင်းဆီ သူ့လက်ဝါးစောင်းဖြင့် ပြန်ရိုက်သည်။

သို့သော် သူ့ လက်ဝါးစောင်းက ကျန်းရှင်ချောင်၏ လည်ပင်းဆီရောက်ရန် သုံးလက်မအကွာတွင် ကျန်းရှင်ချောင်၏ လက်ဝါးစောင်းက သူ့ခါးဆီသို့ ဖန်းကနဲ ရိုက်ချခြင်း ခံလိုက်ရ၏။

ကျန်းရှင်ချောင် အတွင်းအားမပါသော ရိုက်ချက်ကိုလျှံစွမ်း ခံလိုက်ရသော်လည်း ခွေကနဲ လဲကျသွားသည်။

သူ လဲကျမသွားခင် ကျန်းရှင်ချောင်၏ ကျန်လက်တဘက်က သူ့အကြောကို ပိတ်လိုက်နိုင်သောကြောင့် ကြမ်းပြင်ပေါ်မှ ပြန်မထနိုင်တော့။

ထိုစဉ် အခန်းတွင်းသို့ ကျုံးခွေ အပြေးအလွှားဝင်ရောက်လာပြီး မြင်ရသော မြင်ကွင်းကြောင့် မျက်ကလဲဆန်ပျာ ဖြစ်သွား၏။

"အို....ဘယ်လိုဖြစ်တာလဲကွယ်"

ကျုံးခွေ ပူပန်သောစိတ်ဖြင့် မေးလိုက်၏။

ကြေကွဲဝမ်းနည်းစိတ်ဖြင့် ငိုကြွေးနေသော လင်းလီလီ မိခင်ဖြစ်သူကိုဖက်ပြီး ပြောလိုက်၏။

"အစ်ကိုရဲ့ ဘဝအမှန်ကို အစ်ကိုလေး လျှံစွမ်းသိသွားပြီး ခုလို ဖြစ်တာပဲ အမေရယ်"



ကြမ်းပေါ်တွင် အကြောပိတ်ခံထားရပြီး ပြန်မထနိုင် ဖြစ်နေသော လျှံစွမ်းသည် ကျန်းရှင်ချောင်ကို နားမလည်စိတ်ဖြင့် ကြည့်နေလေသည်။

ကျန်းရှင်ချောင်အနေဖြင့် အတွင်းအား သုံးကာ သူ့ကို ပြင်းပြင်းထန်ထန်ဒဏ်ရာရအောင်တိုက်ခိုက်နိုင်သောအခွင့်အရေးကို ရခဲ့သော်လည်း ယခုလို အကြောပိတ်ရုံလောက် တိုက်ခိုက်ခဲ့ခြင်းအတွက် အံ့သြနေခြင်း ဖြစ်၏။

ဤသည်ကို ထောက်ရှုပြီး ကျန်းရှင်ချောင်သည် သူ့ကို ရန်သူတယောက်အဖြစ် သဘောမထားကြောင်း လျှံစွမ်း ရိပ်စားမိသည်။

ထိုစဉ် ကျန်းရှင်ချောင်ထံမှ အသံပေါ်လာ၏။

"နောင်ကြီးကို ခုလို အကြောပိတ်ထားရတဲ့အတွက် ခွင့်လွှတ်ပါ၊ ကျွန်တော်ရှင်းပြတာကို ဆုံးအောင်လို့ နောင်ကြီး နားမထောင်မှာစိုးလို့ပါ၊ အခု ကျွန်တော် ရှင်းပြပြီးလို့ နောင်ကြီး မကျေနပ်ဘူးဆိုယင် ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်"

ထို့နောက် ကျန်းရှင်ချောင်သည် သူ့ဘဝဖြစ်စဉ်အမှန်နှင့် သူပြောင်းလဲလာသော သဘောထား ခံယူချက်ကို ရှင်းလင်းပြောပြလိုက်၏။

လျှံစွမ်းလည်း စိတ်ပါလက်ပါ နားထောင်သည်။

ကျုံးခွေနှင့် လင်းလီလီတို့ သားအမိကလည်း ဝင်ရောက်ရှင်းလင်းပြောပြကြသည်။

ကျန်းရှင်ချောင်နှင့် ချင်းကန် သူတို့ဆီတွင် လာရောက်တည်းခိုသည်မှအစ ယခုအချိန်အထိ ဖြစ်ပျက်ပုံများကို ပြောပြကြလေသည်။

ထိုအခါမှ လျှံစွမ်းလည်း ကျန်းရှင်ချောင်၏ ဘဝမှန် စိတ်သဘောထားမှန်ကို သိသွားလေ၏။

ကျန်းရှင်ချောင်အပေါ် လူဆိုးလူမိုက် တယောက်အဖြစ် အထင်သေးသောစိတ်မှာ ပျောက်ကွယ်သွား၏။

ကျန်းရှင်ချောင်၏ မိရင်းဖရင်းများမှာ ခြသေ့မင်း ကျန်းဆွန်ဟွနှင့် ငွေကြယ်သခင်မ လင်ရှိကွန်းတို့မှန်း သိသွားသောအခါတွင် အထင်ကြီးလေးစားသောစိတ်ပင် လျှံစွမ်း စိတ်ထဲတွင် ပေါ်လာလေတော့သည်။

* * *

## အခန်း နှစ်ဆယ့်ခြောက်

သေမင်းအော်ကော အဲ့နန်ပါ အကြီးအကျယ် စိတ်ပျက်နေကြပြီ ဖြစ်သည်။

သူတို့နှစ်ဦး ပိုင်ကျန်းမြို့တွင်းသို့ ရောက်ခဲ့သည်မှာ ကြာလေပြီ။ သို့သော် ယခုအချိန်ထိတိုင်အောင် သူတို့ သိချင်သော အချက်သုံးချက်စလုံးကို ပိုင်ပိုင်နိုင်နိုင် စုံစမ်း၍မရသေးချေ။

တစ် - ပိုင်ကျန်း မြို့ သူ မြို့ သား တို့၏ ရတနာများကို သိုဝှက်ထားသော နေရာအတိအကျ။

နှစ် - ကျန်းရှင်ချောင်၏ သတင်းအစအန။

သုံး - ချင်းကန့်အား သတ်သွားသော မိစ္ဆာနက်ဂိုဏ်းဝင်မှာ မည်သူဖြစ်ကြောင်း။

စသည့် အချက်သုံးချက်ပင် ဖြစ်လေသည်။

ထိုအချက်သုံးချက်မှ တချက်ချက်ကိုပင် ယခုထက်တိုင်အောင် စုံစမ်းမရခဲ့ကြသောကြောင့် စိတ်ပျက်နေကြခြင်း ဖြစ်၏။

ပိုင်ကျန်းမြို့သူမြို့သားတို့၏ ရတနာများကို သင်္ချိုင်းဇရပ်ကြီးအတွင်း လျှို့ဝှက်တနေရာရာတွင် ထားနိုင်ကြောင်း မှန်းဆနိုင်ကြသော်လည်း လျှို့ဝှက်တံခါးကို ရှာမတွေ့နိုင်ခဲ့ကြ။

ရွှေဂေါင်းပြောင်ညီနောင်တို့ ကိုယ်တိုင် ထိုလျှို့ဝှက်ချက်ကို မသိကြသောကြောင့် အကူအညီမပေးနိုင်ကြ။

ယနေ့မှ မည်သည့်ထူးခြားချက်ကိုမှ မတွေ့ရလျှင် မနက်ဖြန် မိစ္ဆာနက်စခန်း တည်ရှိရာ အန်းဝေ့းတောအုပ်အတွင်းသို့ ပြန်ကြရန် ဆုံးဖြတ်ထားလိုက်ကြ၏။

ယခုအခါ သူတို့နှစ်ဦးစလုံး သူတောင်းစားပုံစံမျိုးများဖြင့် မဟုတ်တော့ပဲ ကုန်သည်ကြီးများ အသွင်ဖြင့် ရုပ်ဖျက်ထားလေ၏။

ကျန်းရှင်ချောင်နှင့် ချင်းကန်တို့ တည်းခိုခဲ့သော မိုးနတ်မယ်စားသောက်ဆိုင်သို့ နောက်ဆုံးအကြိမ် စုံစမ်းရန် ရောက်လာခဲ့ကြလေသည်။

ယခင်နေ့တွေကလည်း သုံးကြိမ်တိတိ အဲ့နန်တယောက်တည်း ရောက်ခဲ့ကြပြီး ဖြစ်သည်။

ကျန်းရှင်ချောင်နှင့် ချင်းကန် အကြောင်း မသိမသာ စုံစမ်း၏။

ချင်းကန်နှင့် ချန်လူးတို့အကြောင်း နားစွင့်၏။



ချင်းကန် သေဆုံးသည့်ညမှစပြီး ချန်လူးလည်း တပါတည်း ပြန်မလာတော့ကြောင်းသာ စုံစမ်းသိရှိခဲ့ရသည်။

သုံးကြိမ်စလုံး ထို့ထက်ပိုပြီး မသိကြရ။

ယခု နောက်ဆုံးအကြိမ်အဖြစ်သာ လာခဲ့ကြခြင်း ဖြစ်လေသည်။

အခု နောက်ဆုံးအကြိမ်တွင်တော့ အဲ့နန်နှင့်အတူ သေမင်းအော်ပါ လိုက်ခဲ့လေသည်။

ယခင်အကြိမ်များက ရွှေဂေါင်းပြောင်တို့နှင့်အတူ ဇရပ်အတွင်းမှ လျှို့ဝှက်တံခါးပေါက်ကို ရှာဖွေနေရခြင်းကြောင့် သူကိုယ်တိုင် လိုက်မလာနိုင်ခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ဦး မိုးနတ်မယ်စားတော်ဆက်အတွင်း ရောက်လာကြသောအခါ စားပွဲတလုံးတွင်စားသောက်သူ သုံးယောက်သာ ရှိကြောင်း တွေ့ရပြီး တဆိုင်လုံး လူရှင်းနေလေသည်။

အခြား စားပွဲတလုံးတွင်မူ စားပွဲထိုး မိန်းကလေးတသိုက် စိုင်းဖွဲ့စကားပြောနေကြသည်။

ကောင်တာစားပွဲတွင် လင်းလီလီ ထိုင်နေလေသည်။

သေမင်းအော်နှင့် အဲ့နန်တို့သည် နောက်ဘက် ယခင်းကို မြင်ရသော စားပွဲတလုံးတွင် ဝင်ထိုင်လိုက်ကြ၏။

အရက်တအိုးနှင့် အမြည်းအနည်းငယ်ကို မှာလိုက်၏။

အရက်နှင့် အမြည်းကို စားသောက်ယင်း စားပွဲထိုး မိန်းကလေးတသိုက် စကားပြောနေကြသည်ကို နားစွင့်ထောင်နေကြ၏။

သူတို့သိလိုသော အချက်တချက်၏ သဲလွန်စလေးကိုပင် ရလိုရငြား။

သို့သော် မိန်းကလေးတသိုက် ပြောဆိုနေသည်မှာ သူတို့သိချင်သော အချက်များကို အထောက်အကူပြုစေမည့် စကားတလုံးတလေမှပင် မပါချေ။

သေမင်းအော်နှင့် အဲ့နန် စိတ်ပျက်စွာဖြင့် တဦးမျက်နှာကို တဦးကြည့်ကာ ခေါင်းခါယမ်းလိုက်ကြ၏။

"ကောင်တာက မိန်းကလေးဆီမှာ ကျုပ် နည်းနည်းပါးပါး သွားပြီး စနည်းနာလိုက်အုံးမယ်"

သေမင်းအော် တီးတိုးပြောပြီး ထိုင်ရာမှထရန် ပြင်လိုက်၏။

သို့သော် သူ့မျက်လုံးအစုံက ဆိုင်တံခါးဝသို့ရောက်သွားပြီး သူ့စိတ်ထဲတွင် အံ့ဩဝမ်းသာသွားလေ၏။

ထိုင်ရာမှ မထဖြစ်သေးပဲ ဆိုင်ပေါက်ဝသို့ကြည့်ပြီး အမူအရာပြောင်းသွားသော သေမင်းအော် အဖြစ်ကို အဲ့နန် မြင်ရသောအခါ သူပါ ဆိုင်ပေါက်ဝသို့ လှည့်ကြည့်လိုက်မိ၏။

ဆိုင်တွင်းသို့ ဝင်လာသော ကျန်းရှင်ချောင်ကို မြင်လိုက်ရသည်။

သေမင်းအော် သူ့စိတ်ကို မထိန်းသိမ်းနိုင်တော့ပဲ ဝမ်းသာအားရ လှမ်းခေါ်မည်အပြု အဲ့နန် သေမင်းအော်လက်ကို ဆုပ်ကိုင်ပြီး တီးတိုးသတိပေးလိုက်သည်။

"မခေါ်နဲ့၊ကျုပ်တို့ကို ဘယ်သူဘယ်ဝါဆိုတာ ပတ်ဝန်းကျင်က သိသွားနိုင်တယ်"



အဲ့နန်၏ စကားမှာ လျော်ကန်သင့်မြတ်နေသောကြောင့် သေမင်းအော် သူ့စိတ်ကို သူထိန်းလိုက်ပြီး အသာကြည့်နေလေ၏။

ကျန်းရှင်ချောင်၏ အမူအရာမှာ လန်းဆန်းမြူးကြွလျက် ရှိနေပြီး သူ့တွင် မည်သည့် အကျဉ်းအကျပ်မှ ပေါ်နေပုံမရကြောင်းသေမင်းအော် အကဲခတ်လိုက်မိ၏။

ကျန်းရှင်ချောင်သည် ဆိုင်တွင်းသို့ဝင်လာသော်လည်း သူတို့ရှိရာ စားပွဲဆီသို့ ရောက်မလာခဲ့။

ကောင်တာ စားပွဲရှေ့တွင် ရပ်လိုက်ပြီး ကောင်တာမှ မိန်းကလေးနှင့် တီးတိုးစကားပြောနေသည်ကို မြင်ကြရ၏။

ခဏအကြာတွင် ကောင်တာမှ မိန်းကလေးသည် စားပွဲထိုးမိန်းကလေး တယောက်ကို ကောင်တာတွင် ထိုင်ခိုင်းကာ ကျန်းရှင်ချောင်နှင့်အတူ ဆိုင်ပြင်သို့ ထွက်ခွာသွားလေ၏။

ချက်ချင်း လိုက်လျှင် ရုပ်ပျက်ဆင်းပျက် ဖြစ်မည်စိုးသောကြောင့် ငွေရှင်းနေရသေးသည်။

ကျန်းရှင်ချောင်နှင့် လင်းလီလီတို့မှာ ဆိုင်ပြင်သို့အရောက် အိမ်ကြီးကိုပတ်ပြီး ယာခင်းထဲသို့ လှမ်းလျှောက်လာခဲ့ကြ၏။

သူတို့နှစ်ဦးစလုံး၏ မျက်နှာများမှာ ရွှင်မြူးတက်ကြွနေကြလေသည်။

"အမေနဲ့ ဦးလေးတို့ကော ဘယ်မှာကျန်ခဲ့ကြသလဲ အစ်ကို"

ကျန်းရှင်ချောင်၏ လက်တဘက်ကို ဆွဲကိုင်ထားယင်း မှ လင်းလီလီ မေးမြန်းလိုက်သည်။

"အစ်ကိုလေး လျှံစွမ်း အိမ်မှာကျန်ခဲ့တယ်လေ၊ အစ်ကိုလေးက ဒေါ်လေးတို့နဲ့ ဦးလေးတို့ကို အရေးတကြီးကိစ္စတာ တိုင်ပင်ချင်တယ်ဆိုပြီး ခဏခေါ်ထားလိုက်တာပါ၊ အခုပဲ ပြန်ရောက်လာပါလိမ့်မယ်၊ အစ်ကိုတောင် ဈေးကြီးထဲခဏဝင်လည်ပြီးမှ ပြန်ခဲ့တာ"

"နာယကအဖွဲ့ချုပ်ကကော အစ်ကို့ကို တကယ်ပဲ သူတို့ဆီမှာ အမှုထမ်းဖို့ ခေါ်တာလား"

"တကယ်ပေါ့ညီမရ၊အစ်ကိုက မိစ္ဆာနက်ဂိုဏ်းဝင်တယောက်ဖြစ်ပေမယ့် ကိုယ်ထိလက်ရောက် ဘယ်ပြစ်မှုမျိုးမှ မကျူးလွန်လေတော့ အစ်ကို့ကို ခွင့်လွှတ်ကြတာပေါ့၊ ပြီးတော့ အစ်ကို့ရဲ့ မိရင်းဖရင်းတွေရဲ့ ဂုဏ်အရှိန်အဝါကြောင့် အစ်ကို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါတယ်၊ အချိန်မရွေး သူတို့ဆီမှာ အမှုထမ်းနိုင်ပြီး နိုင်ငံတာဝန်ကို ဆောင်ရွက်ဖို့လဲ ပြောကြတယ်"

"ဒါဆိုယင် အစ်ကို့ဘဝဟာ အစစ အဆင်ပြေသွားပြီပေါ့နော်"

"ဒါပေါ့ ညီမရယ်၊ အစ်ကိုဟာ လူကောင်းသူကောင်းဘဝနဲ့ ခုဆိုယင် နေရာမရွေး ဒေသမရွေး သွားလာလို့ရပြီ၊ ဒီတော့ အစ်ကိုသွားမယ့် လမ်းတလျှောက်မှာလဲ အစ်ကို အသည်းနှစ်အောင် ချစ်ရတဲ့ ညီမပါ ရှိနေတော့ သိပ်ပြီး အဆင်ပြေသွားတာပေါ့"

"လာညီမ စတိုခန်းထဲ သွားကြရအောင်"



"ဟင်းနော် အစ်ကို ဘာလုပ်မလို့လဲ၊ ဉာဏ်မများနဲ့"

"ဥာဏ်များတာ မဟုတ်ပါဘူး ညီမရဲ့၊ အိမ်ကြီးပေါ်ကို ပြောင်းတုန်းက စတိုခန်းထဲမှာ အစ်ကို့ရဲ့ ခေါ်ခြောင်ကလေးတလက် ကျန်ခဲ့တာယူမယ် ယူမယ်နဲ့ မယူဖြစ်ခဲ့ဘူး၊ခုမှသွားယင်း သတိရလာလို့ပါ"

နှစ်ဦးသား လက်တွဲပြီး စတိုခန်းထဲသို့ ဝင်ခဲ့ကြ၏။

စတိုခန်းထဲရှိ ကျန်းရှင်ချောင် အိပ်ခဲ့သော ခုတင်အောက်ဘက်မှ ခေါ်ခြောင်ကလေးကို ရှာယူလိုက်သည်။

ခေါ်ခြောင်ကို လက်တွင်ကိုင်ပြီး ရှင်မြူးသော ကျန်းရှင်ချောင်မျက်နှာမှာ ညှိုးနွမ်း ဆွေးမြေ့သွားသည်။

"ဘာဖြစ်လို့လဲအစ်ကို၊ဘာကိုတွေးမိလို့အစ်ကိုစိတ်မကောင်းချောင်ဖြစ်သွားတာလဲ"

ကျန်းရှင်ချောင်၏ ပြောင်းလဲသွားသော မျက်နှာပြင်ကို အကဲခတ်လိုက်ပြီး လင်းလီလီ မေးလိုက်၏။

ကျန်းရှင်ချောင် ခေါ်ခြောင်ကလေးကို မြှောက်ပြပြီး ပြန်ပြောသည်။

"ဒီခေါ်ခြောင်ကလေးဟာ အစ်ကို့ရဲ့မွေးစားဖေဖေ သေမင်းအော်က အစ်ကို့ကို အမြတ်တနိုးပေးထားတဲ့ ခေါ်ခြောင်ကလေးပေါ့ညီမ၊ဒီခေါ်ခြောင်ကိုမြင်တော့ ဖေဖေ့ကို သွားပြီး သတိရမိလို့ပါ၊ ခုချိန်မှာ ဖေဖေတယောက်တော့ အစ်ကို့ကို သိပ်ပြီး စိတ်ပူနေတော့မှာပဲ၊ အစ်ကို့သတင်းကို မကြားယင် သိပ်ပြီးစိတ်သောကရောက်နေရှာတော့မှာပဲ၊ဖေဖေဟာအစ်ကို့ကို သိပ်ပြီး ချစ်တာ"

"မှန်တာပေါ့သားရယ် သိပ်မှန်တာပေါ့"

တံခါးပေါက်ဆီမှ အသံထွက်ပေါ်လာပြီး အခန်းတွင်းသို့ ရုပ်ဖျက်ထားကြသော သေမင်းအောင်နှင့် အဲ့နန်တို့ ဝင်ရောက်လာကြ၏။

သူတို့နှစ်ဦးကိုမြင်တော့ လင်းလီလီသာမက ကျန်းရှင်ချောင်ပါ အကဲခတ် ကြည့်နေလိုက်ကြ၏။

ရုပ်ဖျက်ထားခြင်းမှာ ပီရိသောကြောင့် ကျန်းရှင်ချောင် ကိုယ်တိုင်ပင် သူတို့ကို မမှတ်မိ။

"ဖေဖေပါ သားရဲ့ ဘာများ ကြောင်ငေးပြီး ကြည့်နေရတာလဲ"

သေမင်းအောင် ပြောပြောဆိုဆို ရုပ်ဖျက်ထားသော သူ့မျက်နှာပေါ်မှ မုတ်ဆိတ် ပါးသိုင်းမွေးများကို လက်ဖြင့်ပွတ်သပ်ခွာလိုက်၏။

ထိုအခါမှ သေမင်းအောင် မျက်နှာပေါ်လာသည်။

"ဟင်....ဖေဖေ....ဖေဖေ"

သေမင်းအောင်ကို ရုတ်တရက် တွေ့လိုက်ရခြင်းကြောင့် ကျန်းရှင်ချောင် ဝမ်းသာအားရ ပြေးဖက်လိုက်သည်။

သေမင်းအောင်ကလည်း ဝမ်းသာအားရ တင်းကျပ်စွာ ပြန်ဖက်လိုက်လေသည်။

"သား...သား....လူလေး"

လင်းလီလီမှာ သေမင်းအောင်နှင့် ကျန်းရှင်ချောင်တို့ကိုကြည့်ပြီး အားနားမှု စိုးရိမ်ပူပန်မှု ဖြစ်ရလေသည်။



သေမင်းအောင်နှင့်အတူ ကျန်းရှင်ချောင် ပြန်လိုက်သွားယင် အခက်ဟု တွေးမိ၍ ဖြစ်သည်။

"ဖေဖေတို့ ဒီမြို့မှာ ရောက်နေတာ ကြာပြီသား၊ အစိက ကတော့ သားရဲ့ သတင်းကိုလာစုံစမ်းကြတာပဲ၊ သားရဲ့ သတင်းကို ဘာမှ မကြားရလို့ ဖေဖေဖြင့် စိတ်ပူလိုက်ရတာကွယ်၊ ခုမှပဲ စိတ်အေးရတော့တယ်၊ ဒီရက်တွေမှာ သားက ဘယ်ကို သွားနေလို့လဲ"

သေမင်းအောင် မေးလာသောအခါ ကျန်းရှင်ချောင် လင်းလီလီတို့ထံသို့ ရောက်လာခဲ့ရပုံ။ လင်းလီလီတို့ မိသားစု ကယ်တင်ခြင်းကြောင့် မိမိအသက်ချမ်းသာရာရခဲ့ပုံတို့ကို ပြောပြလိုက်၏။

လျှို့စွမ်းနှင့်အတူ နာယက ဆယ်ဦးအဖွဲ့ကို သွားတွေ့ခဲ့သည့် အကြောင်းကိုမူ ချန်လှပ်ထားလေသည်။

"ဩော်...မိန်းကလေးတို့ တတွေက သားရဲ့ အသက်ကို ကယ်တင်ခဲ့ကြတာကိုး၊ အေးကွယ် ကျုပ်က သိပ်ပြီး ကျေးဇူးတင်ပါတယ်"

ကျန်းရှင်ချောင် ရှင်းပြချက် စကားအဆုံးတွင် လင်းလီလီကို ကြည့်ကာ သေမင်းအောင် ပြောလိုက်၏။

"ကိုယ့်အဖွဲ့သားချင်းဖြစ်တဲ့ချင်းကန်ကိုတော့ ဒီမိန်းကလေး အတွက်နဲ့ သေလောက်တဲ့အထိ မင်းမတိုက်ခိုက်သင့်ဘူး ကျန်းရှင်ချောင်"

ကျန်းရှင်ချောင် ရှင်းပြချက်ထဲတွင် ချင်းကန် သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရကြောင်းကိုပါ အမှန်အတိုင်း ထည့်ပြောခဲ့

သဖြင့် အဲ့နန်မကျေမနပ် မခံချင်စိတ်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်တော့် အနေနဲ့ လွတ်အောင်ပြေးရမယ့် အခြေအနေမျိုးမို့ ပါဦးလေးအဲ့နန်၊ ဒီလိုမှမလုပ်ယင်မဖြစ်တော့တဲ့ အခြေအနေမို့ လုပ်လိုက်ရတာပါ၊ ပြီးတော့သူဟာကျွန်တော့်ချစ်သူကိုအဓမ္မခိုးယူဖို့ကြံစည်တဲ့လူတယောက်။

"ဩော်....ဒီမိန်းကလေးက သားရဲ့ ချစ်သူကိုး"

ကျန်းရှင်ချောင် စကားအဆုံးတွင် သေမင်းအော် မှတ်ချက်ချလိုက်ပြီး လင်းလီလီကို ကြည့်လိုက်၏။

လင်းလီလီ ရှက်စိတ်ဖြင့် ခေါင်းကလေး အသာငုံ့သွား၏။

သေမင်းအော်အကြည့်က လင်းလီလီထံမှ အဲ့နန်ထံ ရောက်သွားပြီးပြောလိုက်၏။

"ဟုတ်သားပဲ အဲ့နန်၊ ဘယ်သူမဆို ကိုယ့်ချစ်သူကို လုယူသွားတဲ့လူကို ခုခံတိုက်ခိုက်ကြမှာပဲ၊ ခုခံယင်း ချင်းကန်သေသွားရတာမို့ ကျုပ်သားကို အပြစ်တင်စရာ မလိုပါဘူး၊ အဲ ခင်ဗျားပြောချင်တာရှိယင် နောက်မှပြော"

သေမင်းအော် အဲ့နန်ကိုပြောပြီး ကျန်းရှင်ချောင် လက်မောင်းကို ဆုပ်ကိုင်ပြီး ပြောလိုက်ပြန်သည်။

"ကိုင်း လူလေး ဖေဖေတို့တွေ စခန်းကိုပြန်ကြမယ်၊ လူလေးပါ တခါတည်းလိုက်ခဲ့ပေတော့"

"အစ်ကို အစ်ကို"

ကျန်းရှင်ချောင် ပြန်လိုက်သွားမည်ကို လင်းလီလီ စိုးရိမ်သွားပြီး သတိပေးသည့်အနေဖြင့် ခေါ်လိုက်ခြင်း ဖြစ်သည်။



ကျန်းရှင်ချောင် ဖခင်ဖြစ်သူကို သူ့ ဆန္ဒအမှန်အတိုင်းပြောရမှာ ခက်နေပြီး ခပ်ငိုင်ငိုင်ကြီး ဖြစ်သွားသည်။

"ဟေ့ လူလေး၊ ဘာငိုင်နေတာလဲ၊ လာလေ သွားကြစို့ရဲ့၊ နောက်မှ ဖေဖေတို့တခေါက် ထပ်လာပြီး ဒီမိန်းကလေးတို့ မိသားစုကို ကျေးဇူးဆပ်တာပေါ့၊ မိန်းကလေးနဲ့တွေ့ချင်တဲ့အခါလဲ လူလေး လာနိုင်သားပဲ"

သေမင်းအော်ခေါ်သော်လည်း ကျန်းရှင်ချောင် တန့်ရပ်နေသောကြောင့် သူဆွဲရာသို့ ပါမလာ။

ကျင်းရှင်ချောင် ဇွတ်မှိတ်ပြီး သူ့ဆန္ဒကို ဖွင့်ပြောပြလိုက်၏။

"ဖေဖေတို့ပဲ ပြန်ကြပါတော့"

"ဘာလဲ၊ လူလေးက အခု မလိုက်သေးဘူးပေါ့"

"အခုလဲ မလိုက်ဘူး ဖေဖေ၊ နောင်ကို မကောင်းမှုဒုစရိုက်တွေကျူးလွန်ရာဖြစ်တဲ့ မိစ္ဆာနက်စခန်းကို ကျွန်တော် ပြန်မလာတော့ဘူး၊ ဒီမှာပဲ လူကောင်းသူကောင်း ဘဝနဲ့ ကျွန်တော်နေတော့မယ် ဖေဖေ"

သေမင်းအော်က ဒေါသတကြီးနှင့်-

"အို အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ၊ လာလိုက်ခဲ့"

သေမင်းအော်အသံက ဒေါသသံပါသွားပြီး၊ ကျန်းရှင်ချောင်ကို အတင်းဆွဲခေါ်သည်။

ကျန်းရှင်ချောင်နောက်ကို ခုန်ဆုတ်ပြီး ရှောင်လိုက်လေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ ဖေဖေ၊ လမ်းမှန်းကို ကျွန်တော် ပြန်လျှောက်ဖို့အတွက် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ"

"သားအနေနဲ့ ဖေဖေ့ကို သိပ်ချစ်ပါတယ် ဖေဖေရယ်၊ ဒါပေမယ့် ဖေဖေရဲ့သဘောတရား၊ ဖေဖေရဲ့ ခံယူချက်တွေကို သားမချစ်ဘူး ဖေဖေ၊ ဖေဖေတို့သာ ပြန်သွားကြပါတော့၊ ဒါမှမဟုတ်ယင်လဲ အမှောင်ထဲရောက်နေတဲ့ ဖေဖေလဲ အလင်းထဲကို အရောက်လာခဲ့ပါလား ဖေဖေ၊ဒါဆိုယင် သိပ်ဝမ်းသာ"

"တော်စမ်းကွာ၊ ဘာမှပြောမနေနဲ့ ငါနဲ့ ပြန်လိုက်ခဲ့"

"ကျွန်မ တောင်းပန်ပါရစေ ဘကြီးရယ်၊ အစ်ကိုဟာအမြင်မှန် ရနေပါပြီ၊ အစ်ကို့ကို အမိုက်တွင်းထဲ ပြန်မခေါ်သွားဖို့ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်၊ အခုဆိုယင်...."

"နင် ဝင်မပြောနဲ့"

သေမင်းအော် အော်ဟစ်လိုက်သောကြောင့် လင်းလီလီ စကားသံရပ်သွားသည်။

သူမကို သေမင်းအော် မုန်း တီး စွာဖြင့် ကြည့်လိုက်ပြီး ဒေါသတကြီး ဆက်ပြောသည်။

"ဟင်း လက်စသတ်တော့ ငါ့သားဟာ နင့်ရဲ့အလုကွန်ယက်မှာ မိနေပြီကိုး၊ နင့်ကို စွဲလန်းစိတ်နဲ့ ငါ့ကိုတောင် အာခံချင်နေပြီ၊ ဟေ့ကောင် ကျွန်းရှင်ချောင် မင်းကို ငါ့အမိန့်ပေးတယ်၊ ပြန်လိုက်ခဲ့"



သေမင်းအော် ဒေါသစိတ်ဖြင့် သားဖြစ်သူကို ရင့်ရင့်သီးသီး ခေါ်ပြောလိုက်၏။

ကျွန်းရှင်ချောင်ကို တခါမှ သူသည် ယခုကဲ့သို့ ရင့်ရင့်သီးသီး မခေါ်ဘူးခဲ့ပေ။ သား....လူလေးဟုသာ ပြောဆိုခံခဲ့ရလေသည်။

ယခုတော့ ဒေါသစိတ်၊ သားနှင့်ခွဲရမည့်စိတ်၊ စိုးရိမ်ပူပန်သောစိတ်ကကြီးစိုးနေသောကြောင့် ခေါ်ပြောလိုက်ရခြင်းဖြစ်သည်။

"သား တောင်းပန်ပါတယ် ဖေဖေ၊ သား ဘယ်နည်းနဲ့မှ ပြန်မလိုက်နိုင်ပါဘူး"

"မလိုက်နဲ့ အုံးကွာ၊ မလိုက်နဲ့ အုံး"

သေမင်းအော် ဒေါသတကြီး အော်ဟစ်လိုက်ပြီး ကျွန်းရှင်ချောင်ထံ ခုန်ဝင်ကာ လက်ဝါးစောင်းဖြင့် ရိုက်သည်။ လက်သီးဖြင့်ထိုးသည်။ ခြေဖြင့်ခတ်သည်။

ကျွန်းရှင်ချောင် ရှောင်တိမ်းယင်းမှ အော်ဟစ်ပြောဆိုနေလေ၏။

"ဖေဖေ ကျွန်တော် တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်၊ အား...."

ကျွန်းရှင်ချောင် ရှောင်တိမ်းနေသော်လည်း သေမင်းအော်၏ ထိုးကွက်များမှာ လျှင်မြန်သွက်လက်လှသောကြောင့် တချက်တွင် သူ့ရင်ပတ်ဆီသို့ သေမင်းအော်၏ လက်သီး ဝုန်းကနဲ ရောက်လာပြီး လဲကျသွားလေသည်။

သူ၏ ပါးစပ်မှလည်း သွေးများအန်ထွက်လာ၏။

"ဟေ့ကောင် ထလေကွာ၊ ငါ့ကိုအာခံချင်တဲ့ကောင်၊ ပြန် ပြီး ခုခံပါလား၊ ပြန်ပြီး တိုက်ပါလား၊ အေး ငါ့ကိုနိုင်ယင် မင်းသဘောအတိုင်း လုပ်ချင်သလို လုပ်နိုင်တယ်"

သေမင်းအော်က ကျန်းရှင်ချောင်ရှေ့တွင် မတ်မတ်ရပ်နေ ပြီး အော်ပြောလိုက်၏။

"အစ်ကို....အစ်ကို"

ကျန်းရှင်ချောင်ထံသို့ လင်းလီလီ စိုးရိမ်စိတ်ဖြင့် ပြေးလာ စဉ် သေမင်းအော်က သူမကို တွန်းထုတ်လိုက်၏။

လင်းလီလီ ကုတင်ပေါ်တွင် ရုန်းကန်လဲကျသွားသည်။

"သူ့ကို မနှိပ်စက်ပါနဲ့ ဖေဖေ၊ သူ့မှာ ဘာအပြစ်မှ မရှိ ပါဘူး၊ သားကို ဖေဖေ သတ်ချင်သတ်၊ ရိုက်ချင်ရိုက်၊ ဖေဖေ ဆုံးမသမျှ သားခံပါ့မယ်၊ ဒါပေမယ့် ဖေဖေတို့နှင့်တော့ ပြန် မလိုက်ပါရစေနဲ့"

"ဒီလောက်တောင် သေချင်တဲ့ကောင်၊ သေရစေမယ်ဟေ့"

သေမင်းအော် ပြောပြောဆိုဆို ကျန်းရှင်ချောင်ယော်ထိပ်ကို ခုတ်ချရန် သူ့လက်ဝါးကို မြှောက်ရွယ်လိုက်၏။

"အထဲမှာ ဆူဆူညံညံတွေနဲ့ ဘယ်သူတွေလဲ၊ ဘာဖြစ်နေကြ တာလဲ"

အပြင်ဘက်မှ စကားသံနှင့်အတူ အတွင်းသို့ လူနှစ်ယောက် ဝင်လာသည်။

* * *

## အခန်း နှစ်ဆယ့်ခုနစ်

ဝင်လာသူ နှစ်ယောက်မှာ ကျုံးခွေနှင့် ကျုံးအိုင်ဖေ့တို့ မောင်နှမနှစ်ယောက်။

သူတို့နှစ်ဦးသည် အတွင်းမှမြင်ကွင်းကြောင့် ခြေလှမ်းရပ်တန့် လိုက်ပြီး အံ့သြတကြီး ဖြစ်သွားကြလေသည်။

"ဟင်....ဘယ်လိုတွေ ဖြစ်နေကြတာလဲ၊ ရှင်တို့က ဘယ်သူ တွေလဲ"

ကျုံးခွေ ပြောပြောဆိုဆို သေမင်းအော်ကို ကြည့်လိုက် သည်။

သူတို့နှစ်ဦး မျက်နှာချင်းဆိုင်မိသွားကြသည်။

တယောက်နှင့် တယောက် မြင်တွေ့ သွားကြပြီးနောက် မျက်မှောင်ကြုတ်သွားကြသည်။

ထို့နောက် တစ္ဆေသရဲကို မြင်တွေ့ရသည့်အလား သူတို့ မျက်လုံးအစုံက ပြူးလျက်သွားကြသည်။

ကျုံးခွေထံမှ အံ့ဩတကြီး ပြောလိုက်သံ ထွက်ပေါ်လာသည်။

"ရှင်....ရှင် လင်းဝှမ်ကျုံး.... လင်းဝှမ်ကျုံး"

"ဟင်....နင် နင် ကျုံးခွေ.... ကျုံးခွေ"

သေမင်းအော် မျက်နှာတွင်လည်း ကြေကွဲသော အရိပ်သဏ္ဍာန်များ ပေါ်လာပြီး ဆို့နင့်စွာပြောလိုက်၏။

ပြီးတော့ သူ့မျက်နှာက ညှိုးငယ် ငိုင်တွေသွားသည်။

"ဘယ်လိုဖြစ်နေတာလဲ သမီး"

ကျုံးခွေ၏အကြည့်က သေမင်းအော်ထံမှ လွဲသွားပြီး လင်းလီလီကို ကြည့်ကာ မေးလိုက်သည်။

"ဒီ....ဒီဘကြီးဟာ အစ်ကိုရဲ့မွေးစားအဖေ သေမင်းအော်ပါ အမေ၊ အခု အစ်ကို့ကို သူလာခေါ်နေတာ၊ ခေါ်မရတာနဲ့...."

လင်းလီလီ စကားကို ဆုံးအောင် မပြောတော့ပဲ ဝမ်းပမ်းတနည်း ငိုကြွေးလိုက်၏။

ကျုံးခွေ မျက်နှာတချက်မဲ့သွားပြီး သေမင်းအော်ကို စူးစူးစိုက်စိုက် ကြည့်ကာ ပြောလိုက်သည်။

"ဩော်....လက်စသပ်တော့ ရှင်ဟာ ဒီနယ်တဝိုက်မှာ အင်မတန် နာမည်ကြီးနေတဲ့ မိစ္ဆာနက်ဂိုဏ်းချုပ်ကြီး သေမင်းအော်ကိုး၊ ရှင့်ရဲ့ပြောင်းလဲမှုက သိပ်ပြီး အံ့ဩဖို့ကောင်းပါလားဟင်



လင်းဝှမ်ကျုံး၊ သိပ်ပြီး အံ့ဩဖို့ကောင်းပါလား၊ အင်းလေ.... အချိန်တွေကလဲ အနှစ်နှစ်ဆယ်နီးပါးတောင် ကြာခဲ့ပြီဆိုတော့ လူတယောက်ရဲ့ စိတ်ထား၊ လူတယောက်ရဲ့ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားနိုင်တာပဲ"

ကျုံးခွေ၏ စကားသံများက လှောင်ပြောင်သံ၊ သရော်သံ၊ ပါနေလေသည်။

သူတို့နှစ်ဦး၏ အမူအရာ အပြောအဆိုကိုကြည့်ပြီး ကျန်းရှင်ချောင်နှင့် လင်းလီလီတို့ နားမလည်ဟန်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

"သူကြီးဘက်တော်သားတွေရဲ့ လက်ချက်နဲ့ မင်းတို့ရွာနားကို သုံးနှစ်လုံးလုံး ငါပြန်မကပ်နိုင်ခဲ့ဘူး၊ မင်းရဲ့သတင်းကိုလဲ စနည်းနာလို့ မရခဲ့ဘူး၊ သုံးနှစ်ပြည့်လို့ ငါရွာကိုပြန်လာတော့ ရွာမှာ မင်းတို့ မရှိတော့ဘူး၊ မင်း သမီးမိန်းကလေး တယောက်ကို မွေးပြီး ရွာကနေ ပြောင်းသွားပြီဆိုတဲ့ သတင်းကိုပဲ ငါကြားခဲ့ရတယ်"

သေမင်းအော်အသံက တုန်ယင်အက်ကွဲနေလေသည်။

ကျုံးခွေ၏ပါးပြင်ပေါ်သို့လည်း မျက်ရည်ဥများ လိမ့်ဆင်းလျက် ရှိသည်။

"ဟုတ်တယ်၊ ကျွန်မမှာ ရှင်နဲ့ရခဲ့တဲ့ ကိုယ်ဝန်ကြောင့် အမျိုးမျိုး ဒုက္ခရောက်ခဲ့ရတယ်၊ သမီးလေးကိုမွေးပြီးရှင့်အလာကို စောင့်ခဲ့ပါတယ်၊ နောက် ရှင်သေပြီဆိုတဲ့သတင်းကို ကြားရတော့မှ ရွာက ကျွန်မတို့ ပြောင်းခဲ့ကြတာပဲ"

"ဟင် ငါ့သမီး၊ ငါ့သမီးဟုတ်လား၊ ဘယ်မလဲ ငါ့သမီး"

"သူဟာ ရှင့်သမီးပဲ၊ လင်းလီလီဟာ ရှင့်သမီးပဲ"

လင်းလီလီထံ လက်ညှိုးထိုးပြီး ကျုံးခွေပြောလိုက်၏။

သေမင်းအော် မျက်လုံးအစုံက လင်းလီလီထံ ရောက်သွားသည်။

"သမီး သမီး ငါ့သမီး၊ ငါ့သမီး"

သေမင်းအော် ဆို့နစ်လှိုက်လှဲသော အသံဖြင့် ရေရွတ်လိုက်၏။

လင်းလီလီမှာ မိခင်ဖြစ်သူကို တလှည့်၊ သေမင်းအော်ကို တလှည့်၊ နားမလည်ဟန်ဖြင့် ကြည့်နေလေသည်။

ထိုစဉ် ကျုံးအိုင်ဖေ့သည် သေမင်းအော်အနီးသို့ ကပ်လာပြီး ပခုံးကို လက်ဖြင့်ပုတ်ကာခေါ်လိုက်၏။

"နောင်ကြီး လင်းဝှမ်ကျုံး"

သေမင်းအော် ကျုံးအိုင်ဖေ့ကို ဖြည်းဖြည်းလေးလေး လှည့်ကြည့်လိုက်၏။

ထိုအခါမှ ကျုံးအိုင်ဖေ့ ဆက်ပြောသည်။

"ကျွန်တော့်အစ်မဟာ ခင်ဗျားအပေါ်မှာ ဘယ်လောက်သစ္စာထားတယ်ဆိုတာ ကျုပ်အသိဆုံးပါပဲ၊ ဒီတူမလေးဟာလဲ နောင်ကြီးရဲ့ရင်သွေး၊ နောင်ကြီးရဲ့သမီးပါ"

"ခြွင်းချက်မရှိ ငါယုံကြည်တယ် ကျုံးအိုင်ဖေ့၊ ငါ့သမီးဒီအရွယ်ရောက်မှ ငါတွေ့ဖူး၊ မြင်ဖူးတာမို့ ယူကြုံးမရ ဖြစ်မိလို့ပါ"



သေမင်းအော် ကျုံးအိုင်ဖေ့လက်မောင်းကို ပြန်လည် ဆုပ်ကိုင်ပြီး ပြောလိုက်၏။

ကျုံးအိုင်ဖေ့ လင်းလီလီထံ ကြည့်လိုက်ပြီး ခေါ်လိုက်သည်။

"တူမလေး"

"ရှင် ဦးလေး"

"သူဟာ တူမလေးရဲ့ဖေဖေပါပဲကွယ်"

ထိုအခါမှ သေမင်းအော်အာရုံက လင်းလီလီထံ ပြန်ရောက်သွားပြီး ဝမ်းနည်းဝမ်းသာ လေသံကြီးဖြင့် ခေါ်လိုက်၏။

"သမီး သမီးကလေး"

"ရှင် ရှင် ဖေဖေ"

လင်းလီလီကလည်း ဝမ်းသာဝမ်းနည်း လေသံဖြင့် ပြန်ထူးလိုက်၏။

ထိုစဉ် စတိုခန်းထဲသို့ စားပွဲထိုးမိန်းကလေးတယောက် ဝင်လာလေသည်။

"ဟဲ့....ဘယ်သူလဲ၊ ဘာလဲကောက်ပို့"

ကျုံးခွေ လှမ်းမေးလိုက်၏။

"လုံခြုံရေးမှူးလျှံစွမ်း ဆိုင်ထဲမှာရောက်နေပါတယ်"

စားပွဲထိုးမကလေးကောက်ပို့ သေမင်းအော်တို့ကို မျက်လုံးတချက် ဝေ့ကြည့်လိုက်ပြီး ပြောလိုက်၏။

ကောက်ပို့စကားကြောင့် သေမင်းအော်နှင့်အဲ့နန် လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။

"လျှံစွမ်းဆိုင်ထဲရောက်နေတာ ဘာဖြစ်လဲ၊ ဆက်ပြောလေ"

ကျုံးခွေ မေးလိုက်တော့မှ ကောက်ပို့ သူ့မစကားကို ဆက်၏။

"မေမေကြီးတို့ကို တွေ့ချင်တယ်ဆိုပြီး ကျွန်မကို အခေါ်လွှတ် ခိုင်းလိုက်လို့ပါ"

"အေး အေး၊ နင်သွားတော့၊ ငါတို့ ခုချက်ချင်း လာခဲ့မယ်လို့ပဲပြော၊ တခြားဘာမှမပြောနဲ့၊ သွား သွား"

ကျုံးခွေစကားအဆုံး ကောက်ပို့ လှစ်ကနဲပြန်ထွက်သွား၏။

"ကျုပ်တို့တွေ ဘယ်လိုလုပ်ကြမလဲ သေမင်းအော်"

အဲ့နန် စိုးရိမ်တကြီးဖြင့် မေးလိုက်၏။

သေမင်းအော် သူ့မျက်နှာတွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကို ပြန်တပ်ပြီး ရုပ်ဖျက်လိုက်သည်။

"ဒီအတိုင်းပဲ ခပ်တည်တည် ပြန်ထွက်သွားကြတာပေါ့"

သေမင်းအော် အဲ့နန်ကိုပြောလိုက်ပြီး ကျွန်းရှင်ချောင်ထံ လျှောက်သွားသည်။

ကျွန်းရှင်ချောင်အား ပခုံးနှစ်ဘက်ကို သူ့ လက်နှစ်ဘက်ဖြင့် ဖျစ်ညှစ် ဆုပ်ကိုင်ပြီး ပြောလိုက်သည်။

"လူလေး....လူလေးရဲ့ဘဝအတွက်လူလေးဘာသာစဉ်းစားဆုံးဖြတ်ပေတော့ကွယ်၊ လူလေးရဲ့ဆန္ဒ သဘောထားအတိုင်းပဲ ကြိုက်ရာလမ်းကို လျှောက်ပေတော့၊ လင်းလီလီဟာ ဖေဖေရဲ့ သမီးအရင်းတယောက် ဖြစ်နေလေတော့ သမီးနားမှာ သားကြီး ရှိနေတယ်ဆိုတော့ ဖေဖေ ကျေနပ်ပါတယ်၊ ကိုင်း ဖေဖေတို့ သွားမယ်"



"ဟုတ်ကဲ့ဖေဖေ၊ ကျွန်တော်တို့နဲ့အတူတူ ဖေဖေပါ တစုတဝေးတည်း ရှိနေမယ်ဆိုယင်တော့ ပိုပြီး အဆင်ပြေသွားမှာပေါ့ ဖေဖေရယ်"

သေမင်းအော် ဘာမှမပြောတော့ပဲ လင်းလီလီထံ လျှောက်သွားပြန်သည်။

လင်းလီလီပခုံးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

"ဖေဖေသွားမယ်သမီး"

လင်းလီလီနှုတ်မှပြန်မပြော။ ခေါင်းကိုသာ အသာအယာ ညိတ်လိုက်သည်။

"ညီလေးကျုံးအိုင်ဖေ့ နောင်ကြီးသွားမယ်"

"ဟုတ်ကဲ့နောင်ကြီး"

ကျုံးအိုင်ဖေ့ ရှေ့မှသေမင်းအော်က ဖြတ်လာခဲ့ပြီးကျုံးခွေ ရှေ့တွင် ရပ်လိုက်သည်။

ကျုံးခွေမျက်နှာကို ရိဝေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်ပြီးမှ နှုတ်ဆက်လိုက်သည်။

"ငါ....ငါသွားမယ်ကျုံးခွေ"

"ကောင်းပါပြီ လူဆိုးကြီးသေမင်းအော်ရယ်၊ ကျွန်မ တခုတော့ ရှင့်ကို မှာလိုက်ပါရစေ"

"ပြောပါကျုံးခွေ"

"ရှင်တို့ ကျွန်မတို့ဟာ အသက်အရွယ်လဲ ကြီးလာကြပါပြီ၊ သားလေးသမီးလေးရဲ့ မျက်နှာတွေကို ထောက်ထားပြီး ရှင့်ရဲ့ အမိုက်ဇာတ်ကိုသိမ်းဖို့ သင့်ပါပြီလို့ပဲ မှာလိုက်ပါရစေတော့"

သေမင်းအော် သက်ပြင်းရှည်ကြီးကိုချလိုက်ကာ ခေါင်းငိုက်စိုက် ချလျက် နွေးကွေးသော ခြေလှမ်းဖြင့် စတိုဆောင်အတွင်းမှ ထွက်ခွာသွားလေ၏။

သူ့နောက်မှ လိုက်သွားသော အဲ့နန်၏ မျက်နှာပြင်မှာမူ မျက်မှောင်ကြီးကြုတ်ပြီး တစုံတခုကိုလေးလေးနက်နက်စဉ်းစား နေလျက်။

*  *  *

## အခန်း နှစ်ဆယ့်ရှစ်

သတ် မှတ် ထား သည့်အတိုင်း ပိုင်ကျန်းမြို့ အုပ်ချုပ်ရေး နာယကအဖွဲ့၏ လျှို့ဝှက်အစည်းအဝေးကို နာယကချုပ်ကြီး ရင်လင်တူ၏ အိမ်တွင် ကျင်းပလေသည်။

နာယကအဖွဲ့ဝင် ဆယ့်တစ်ဦးနှင့် လုံခြုံရေးမှူးလျံစွမ်းတို့ တက်ရောက်ကြလေသည်။

အစည်းဝေး စစခြင်း နာယကချုပ်ကြီး ရင်လင်တူက စတင် ပြောကြားသည်။

"ပြီးခဲ့တဲ့ အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အတိုင်း ရတနာ တွေနဲ့အတူ နယ်စားကြီးဆီကိုသွားဖို့ ယုံကြည်စိတ်ချရပြီး

ကျုပ်တို့လိုချင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်ဝတဲ့မိသားစုကို ရှာဖွေပြီးယင် တင်ပြနိုင်းကြစေလိုပါတယ်"

နာယကချုပ်ကြီး စကားအဆုံးတွင် လုံခြုံရေးမှူး လှ ့စွမ်း မတ်တတ်ရပ်ပြီး ပြောလိုက်၏။

"ကျွန်တော့်အနေနဲ့တော့ ဒီလုပ်ငန်းနဲ့ သင့်တော်မယ့် မိသားစုတစုကို တွေ့ရှိထားပါတယ်"

"ဘယ်သူတွေများလဲ လုံခြုံရေးမှူး၊ ပြောပါအုံး"

"မိုးနတ်မယ် စားတော်ဆက်ပိုင်ရှင် ဒေါ်လေးကျုံးခွေနဲ့ သမီးဖြစ်သူ လင်းလီလီတို့ကို ဒီခရီးစဉ်အတွက် ရွေးချယ်ယင် အဆင်ပြေနိုင်တယ်လို့ ယုံကြည်မိပါတယ်"

"အင်း သူတို့ကိုတော့ ကျုပ်တို့ နာယကအဖွဲ့ဝင်တွေအားလုံး ကောင်းကောင်းကြီး သိထားတာပဲလေ၊ ကျုံးခွေရဲ့မောင် ကျုံးအိုင်ဖေ့ကိုကော ဒီအစီအစဉ်ထဲမှာ ထည့်မသုံးဘူးလား"

"ကျုံးအိုင်ဖေ့ဟာ သိုင်းပညာတတ်ကျွမ်းတဲ့သူ ဖြစ်သလို ဆိုင်မှာ သူတယောက်တော့ရှိနေမှ ဖြစ်မှာမို့ သူ့ကိုထည့်တွက် မထားပါဘူး၊ ဒီခရီးစဉ်ကို ဒေါ်လေးကျုံးခွေနဲ့ လင်းလီလီ တို့ သားအမိနှစ်ယောက်တည်း သွားမယ်ဆိုယင် သူတို့နဲ့ အတူတူ ရတနာတွေ ပါသွားတယ်လို့ ဘယ်သူမှ ထင်မှတ်ကြမှာ မဟုတ်ပါဘူး"

လုံခြုံရေးမှူး လှ ့စွမ်း၏ ရှင်းလင်းတင်ပြချက်ကို နာယက အဖွဲ့ဝင်များ ကျေနပ်လက်ခံဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကြလေသည်။



နာယကချုပ်ကြီး မေးလိုက်၏။

"ကျုံးခွေတို့သားအမိရဲ့ သဘောထားကိုကော လုံခြုံရေး မှူးအနေနဲ့ တီးခေါက်ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့၊ ဒေါ်လေးကျုံးခွေနဲ့ ဦးလေးကျုံးအိုင်ဖေ့တို့ နှစ်ယောက်နဲ့ ကျွန်တော် သီးသန့်ဆွေးနွေးတာ ဒီကိစ္စကိုအရိပ် အမြွက် ပြောပြီး ဆွေးနွေးကြည့်ပြီးပါပြီ၊ သူတို့က ကျွန်တော် အလိုရှိသလို အကူအညီပေးမယ်ဆိုတဲ့အကြောင်း ကတိပြုကြ ပါတယ်။ ရတနာတွေ အကြောင်းလဲ သူတို့ကိုဖွင့် ပြောဖို့မလို ပါဘူး"

"အင်း....ဒီလိုဆိုယင်တော့ ကျုံးခွေတို့ သားအမိကိုပဲ ကျုပ် တို့ရဲ့လုပ်ငန်းမှာ အသုံးပြုဖို့ စဉ်းစားရမလိုဖြစ်နေပြီ၊ အားလုံး ကလဲ သဘောတူ မတူ ပြောကြပါ"

နာယကချုပ်ကြီး စကားအဆုံးတွင် ကျန်နာယကအဖွဲ့ဝင် အားလုံး ကျေကျေနပ်နပ်နှင့် သဘောတူညီကြလေသည်။

ထိုအခါ နာယကချုပ်ကြီးလည်း အတည်ပြုလိုက်လေသည်။

"အားလုံးရဲ့ သဘောတူညီချက်အရ ကျုံးခွေတို့ သားအမိ ကိုပဲ ကျုပ်တို့လုပ်ငန်းမှာ အသုံးပြုဖို့ အတည်ပြုလိုက်ပါပြီ၊ ဒါနဲ့ လုံခြုံရေးမှူးတို့ လိုက်ပါစောင့်ရှောက်ဖို့ပါ စီစဉ်မှ ဖြစ်လိမ့် မယ်"

"ဟုတ်ကဲ့၊ ဒီအစီအစဉ်ကိုလဲ အကြမ်းဖျင်း ကျွန်တော် စဉ်းစားထားပါတယ်"

"ဒါဖြင့်ယင် လုံခြုံရေးမှူးနဲ့အတူ ခေါ်သွားဖို့ ထိပ်တန်းသိုင်းသမားတယောက် လိုနေလေတော့ ဘယ်သူ့ကို ရွေးချယ်ခေါ်ယူသွားမလဲ"

"ကျွန်းရှင်ချောင်ကို ကျွန်တော်နဲ့ ခေါ်သွားမယ်လို့ စဉ်းစားထားပါတယ်"

"ကျွန်းရှင်ချောင် ဟုတ်လား"

နာယကချုပ်ကြီး အံ့သြစိတ်ဖြင့် မေးလိုက်၏။

"ဟုတ် ပါ တယ်"

"မိစ္ဆာနက်ဂိုဏ်းချုပ် သေမင်းအော်ရဲ့ မွေးစားသား ကျွန်းရှင်ချောင်လား"

"မှန်ပါတယ်ခင်ဗျာ"

ကျန်နာယကအဖွဲ့ဝင်များမှာ ခေါင်းခါခါ လည်ခါခါ ဖြစ်ကုန်ကြသည်။

တချိန်က မိစ္ဆာနက်ဂိုဏ်း၏ တတိယခေါင်းဆောင်တယောက်လည်း ဖြစ်၏။

မိစ္ဆာနက်ဂိုဏ်းချုပ် သေမင်းအော်၏ မွေးစားသားတယောက်လည်း ဖြစ်သော ကျွန်းရှင်ချောင်ကို သူတို့လုပ်ငန်းတွင် ပါဝင်လှုပ်ရှားစေခြင်းဖြင့် အန္တရာယ်အယှက် ပေါ်လာနိုင်ကြောင်း တွေးမိကြသောကြောင့်ပင် ဖြစ်လေသည်။

"ဖြစ်ပါ့မလား"

"ကျွန်းရှင်ချောင်ကို ဒီလောက်အထိ မယုံကြည်ရသေးဘူးနဲ့တူတယ်"



"ရတနာတွေအကြောင်းသာ သူသိယင် မိစ္ဆာနက်ဂိုဏ်းကို အကြောင်းကြားချင် ကြားမှာ"

"ဒီခရီးစဉ်မှာ ကျွန်းရှင်ချောင်ကို ခေါ်သွားလို့တော့ မဖြစ်ဘူးနဲ့တူတယ်"

နာယကအဖွဲ့ဝင်များ အားလုံးလိုလို သဘောမတူသည့် ပုံစံမျိုးကို ပြကြ၏။

တယောက်တပေါက် ပြောကြ၏။

နာယကချုပ်ကြီး ရင်လင်တူ ကိုယ်တိုင်ပင် သဘောတူရန် ခက်နေပုံဖြင့် မေးလိုက်လေသည်။

"ဖြစ်ပါ့မလား လုံခြုံရေးမှူး၊ သူ့အမှားကို သူ့အနေနဲ့ နုတ်နဲ့သာ ဝန်ခံသေးတာ မဟုတ်လား၊ ဒီလောက်အထိ ယုံကြည်လို့တော့ မဖြစ်သေးဘူးနဲ့တူတယ်"

"ကျွန်တော် ရှင်းရှင်းလင်းလင်း ပြောပြပါရစေ နာယကချုပ်ကြီးခင်ဗျာ"

"ပြောပါ လုံခြုံရေးမှူး"

"ကျွန်းရှင်ချောင်ဟာ တချိန်က မိစ္ဆာနက်ဂိုဏ်းရဲ့ တတိယခေါင်းဆောင်တယောက် ဖြစ်ခဲ့ပေမယ့် လူသတ် ဒမြတိုက်တဲ့အလုပ်တွေမှာ သူကိုယ်တိုင် မပါခဲ့ပါဘူး၊ သူ့မွေးစားဖခင် သေမင်းအော်ကြောင့်သာ မလွှဲမရှောင်သာပဲ အစောင့်တာဝန်လောက်ကိုယူခဲ့တဲ့သူပါ၊သူ့ရဲ့စိတ်ရင်းအမှန်ကတော့ မကောင်းမှုဒုစရိုက်လုပ်ငန်းမှန်သမျှ ရွံမုန်းနေတာပါ၊ အခု သူဟာ အမှန်လမ်းကို လျှောက်တော့မယ်ဆိုတာလဲ ပရိယာယ်ဆင်တဲ့သဘော၊

ဟန်ဆောင်တဲ့သဘော မဟုတ်ပါဘူး၊ ကျွန်တော် သေသေ ချာချာ လေ့လာစုံစမ်းကြည့်ပြီးလို့ သိရတာပါ"

လုံခြုံရေးမှူး လျှံစွမ်း သူ့စကားကို နာယကအဖွဲ့ဝင်များ စိတ်ဝင်စားမှု ရှိ-မရှိ စကားကိုရပ်ပြီး အကဲခတ်လိုက်သည်။

အားလုံးပင် စိတ်ဝင်စားစွာ နားထောင်နေကြောင်း မြင်သောအခါ ကျေနပ်သွားသည်။

"ဆက်ပြောပါ လုံခြုံရေးမှူး"

နာယကချုပ်ကြီး တိုက်တွန်းသံ ပေါ်လာသောအခါကျမှ လုံခြုံရေးမှူးလျှံစွမ်း သူ့စကားကို ဆက်ပြောသည်။

"ကျွန်းရှင်ချောင်နဲ့ လင်းလီလီတို့ဟာ ချစ်သူတွေဘဝကို ရောက်နေကြတဲ့အတွက် ပိုပြီးသစ္စာရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်၊ ပြီးတော့ မနေ့ကမှ ကျွန်တော် သိခဲ့ရတဲ့ လျှို့ဝှက်ချက်တခုကို ဖွင့်ပြောပြပါ့မယ်၊ ဒေါ်လေးကျုံးခွေဟာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က အခု မိစ္ဆာနက်ဂိုဏ်းချုပ် သေမင်းအော်ရဲ့ ဇနီးတယောက်ဖြစ်ခဲ့သလို လင်းလီလီဟာ သေမင်းအော်ရဲ့ သမီးအရင်းတယောက်ပါပဲ"

"အို....ဟင်....ဟာ"

"ဟုတ်ပါ့မလား"

"အံ့သြစရာပါလား"

"ဖြစ်နိုင်ပါ့မလား"

နာယကအဖွဲ့ဝင်များထံမှ အာမေဍိတ်သံများ အသီးသီး ပေါ်ထွက်လာကြလေသည်။



"ဒီအကြောင်း လုံခြုံရေးမှူးအနေနဲ့ ဘယ်လို ကြားခဲ့ရတာလဲ၊ မှန်ကောမှန်ရဲ့လား၊ ဖြစ်ကောဖြစ်နိုင်ပါ့မလား"

နာယကချုပ်ကြီး၏အမေးကို လုံခြုံရေးမှူး ပြန်ဖြေ၏။

"ဒေါ်လေးကျုံးခွေနဲ့ ဦးလေးကျုံးအိုင်ဖေ့တို့ ကိုယ်တိုင် ဖွင့်ပြောပြလို့ သိရတာပါ၊ ဒီအကြောင်းဟာ သူတို့အတွက် ဂုဏ်ယူစရာကောင်းတဲ့ သတင်းမျိုးမှ မဟုတ်ပဲ၊ ဒါပေမယ့် ဒေါ်လေးကျုံးခွေတို့တတွေရဲ့ စိတ်ဓာတ်ဟာ ဘယ်လိုရှိတယ်ဆိုတာ နာယကချုပ်ကြီးနဲ့ နာယကကြီးများ သိရှိပြီး ဖြစ်ပါတယ်၊ သေမင်းအော်ဟာ သူ့ဇနီးဟောင်းနဲ့ သားသမီးနှစ်ယောက်သွားမယ့် ခရီးစဉ်ကို ဘယ်လိုမှ အနှောင့်အယှက်ပေးမှာ မဟုတ်ဘူးဆိုတာ အခုဆိုယင် ကျွန်တော်တို့ ခန့်မှန်းလို့ရပါပြီ၊ ဒါကြောင့် ဒီခရီးစဉ်အတွက် ဒေါ်လေးကျုံးခွေတို့ သားအမိနဲ့ ကျွန်းရှင်ချောင်ကို ကျွန်တော် ရွေးချယ်ဖို့ အကြံရခဲ့ခြင်း ဖြစ်ပါတယ်၊ ပြီးတော့ ကျွန်းရှင်ချောင်ဟာ ကျွန်တော့်ထက်တောင် အဆင့်မြင့်တဲ့ သိုင်းသမားကောင်းတယောက်ပါ"

လုံခြုံရေးမှူးလျှံစွမ်း သူ့စကားကို အဆုံးသတ်လိုက်စဉ် နာယကချုပ်ကြီးနှင့် နာယကအဖွဲ့ဝင်များ ခေါင်းချင်းဆိုင် တိုင်ပင်ကြလေသည်။

နောက်ဆုံးတွင် လျှံစွမ်း တင်ပြအကြံပြုချက်ကို ကျေနပ်သဘောတူလိုက်ကြ၏။

"ကိုင်း....ဒီလိုဆိုယင် ကျုပ်သွားရမယ့် ခရီးစဉ်နဲ့ လုံခြုံရေးမှူးတို့ သွားရမယ့် ခရီးစဉ်အတွက် အသေးစိတ် အစီအစဉ်တွေ

ရေးဆွဲကြစို့ရဲ့၊ ဒီအစည်းအဝေးမှာ အကြံပြုညှိနှိုင်းကြပြီးတာနဲ့ အကောင်အထည်ဖော်ဖို့ပဲ လိုပါတော့တယ်၊ ဒီတော့ အကြံပြုကြပါ၊ ဆွေးနွေးကြပါလို့ ကျုပ်ပြောချင်ပါတယ်”

ထိုနောက်ပိုင်းတွင် နာယကအဖွဲ့နှင့် လုံခြုံရေးမှူး လျှံစွမ်းတို့သည် ခရီးသွားလာရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

အကောင်းဆုံး အကြံဉာဏ်ကို ရယူကာ ဆုံးဖြတ်ကြ၏။

*　　*　　*

အခန်း　နှစ်ဆယ့်ကိုး

---

စမ်းချောင်းကလေးမှာ ကွေ့ကောက်သော်လည်း ရေစီးသန်လှသောကြောင့် တဝေါဝေါ မြည်ဟီးနေသည်။

စမ်းချောင်းနံဘေးရှိ ကျောက်တုံးကြီးပေါ်တွင် သေမင်းအောင် ထိုင်နေသည်။

သူ့မျက်လုံးအစုံက တရကြမ်းစီးနေသော ရေများကို ငေးစိုက်ကြည့်နေသော်လည်း သူ့မျက်စိအာရုံတွင် တကယ်မြင်နေရသည်က သားဖြစ်သူ ကျန်း ရှင် ချောင် နှင့် သမီးကလေး လင်းလီလီ။

ပြီးတော့ တချိန်က အသက်ပေးချစ်ခဲ့ရသော၊ ယခုလည်း အချစ်မပြယ်သေးသော ကျုံးခွေ။

သူ့ မျက်လုံး အစုံက ရီဝေမှုန်မှိုင်းနေပြီး သူ့ရင်ထဲတွင် ဝေဒနာတရပ်ကို ခံစားနေရလေ၏။ လွမ်းသလိုလို၊ ဆွေးသလိုလို စိတ်အားငယ်သလိုလို။

သူ့အတွေးအာရုံထဲတွင် ကျုံးခွေ၏မျက်နှာကို မြင်ယောင်မိသောအခါ လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်က နုပျိုလှပသော ကျုံးခွေ၏ မျက်နှာပြင်ကလေးကိုပါ တရစ်စဲဝဲဖြင့် မြင်လာသည်။

သူနှင့် ကျုံးခွေတို့၏ အနှစ် နှစ်ဆယ်ခန့်လောက်က ဖြစ်စဉ်များဆီသို့ သူ့စိတ်အာရုံက ရောက်သွားသည်။

သန်နာရွာတွင် ထိုစဉ်က သေမင်း အော်၏ အမည်မှာ လင်းဝှမ်ကျုံး။

လင်းဝှမ်ကျုံးကို သန်နာရွာ တရွာလုံးလိုလိုက လူရိုး လူကောင်းတယောက်အဖြစ် ချစ်ခင်ကြသည်။

သန်နာရွာမှာ ဆင်းရဲပြီးတကောင်ကြွက်ဘဝဖြစ်သော်လည်း အလုပ်ကို ကြိုးစားသည်။

လင်းဝှမ်ကျုံးနှင့် ကျုံးအိုင်ဖေ့မှာ ခင်မင်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြပြီး လင်းဝှမ်ကျုံးနှင့် အစ်မဖြစ်သူ ကျုံးခွေတို့ ချစ်သူဘဝရောက်နေခြင်းကို ကျုံးအိုင်ဖေ့ ကိုယ်တိုင်က ကျေနပ်ခဲ့၏။

သန်နာရွာကိုအုပ်ချုပ်သောရွာသူကြီးမှာ ရွာသူရွာသားတွေအပေါ် မတရားအုပ်ချုပ်ပြီး တကိုယ်ကောင်းဆန်သူ ဖြစ်သော



ကြောင့် ရွာသူရွာသားတို့မှာ သူကြီးအပေါ်ရွံမုန်းပြီး ဖြစ်နေကြရသော်လည်း မည်သို့မျှ မပြောဝံ့ကြချေ။

ရွာသူရွာသားတိုင်း၏ ပါးစပ်ဖျားတွင် လင်းဝှမ်ကျုံး တော်ကြောင်း၊ လိမ္မာရေးခြားရှိကြောင်း ချီးကျူးစကား ပြောနေကြသော်လည်း ရွာသူကြီးကိုမူ ကွယ်ရာတွင် မကောင်းသတင်း ပြောကြ၏။

ထို့ကြောင့် ရွာသူကြီးသည် လင်းဝှမ်ကျုံးအပေါ် မျက်မုန်းကျိုးရတော့သည်။

ထိုစဉ် မျက်မုန်းကျိုးစရာအကြောင်း တခုကလည်း ရှိနေသေးသည်။

ရွာသူကြီးသည် လူပျိုကြီးတယောက် ဖြစ်၏။

သူသည် ကျုံးခွေကို အသေအလဲ တဘက်သတ် ချစ်ကြိုက်နေလေသည်။

ကျုံးခွေ၏ မေတ္တာပန်း ဆင်မြန်းနိုင်ရန် အမျိုးမျိုး ကြိုးစားခဲ့သူဖြစ်သည်။

ငွေဖြင့် ဆွယ်သည်။ အာဏာဖြင့် ဆွယ်သည်။

သို့သော် ကျုံးခွေ၏ မေတ္တာပန်းကို သူမဆင်မြန်းရ။

သူမုန်းတီးနေသော လင်းဝှမ်ကျုံးက ဆင်မြန်းလိုက်ရသောအခါ လင်းဝှမ်ကျုံးအပေါ် သူ့မုန်းတီးမှု အစိုင်အခဲပို၍ ကြီးထွားခဲ့ရလေတော့၏။

ထို့ကြောင့် လင်းဝှမ်ကျုံး နာမည်ပျက်စေရန် အမျိုးမျိုး ကြံစည်တော့သည်။ အမျိုးမျိုး ကြိုးစားလေတော့သည်။

ရွာထဲတွင် ခိုးမှုများဖြစ်တိုင်း လင်းဝှမ်ကျုံးအပေါ် လွှဲချကာ အမျိုးမျိုး စစ်ဆေးသည်။

အမျိုးမျိုးညှဉ်းပမ်းနှိပ်စက်သည်။

ရွာသူ ရွာသားများ ယုံကြည်လာအောင် အကွက်ဆင်ပြီး လင်းဝှမ်ကျုံးအပေါ် အမျိုးမျိုး အမှုဆင်သည်။

ရွာသူကြီးက ငွေအား လူအားကို အကုန်ခံကာ လင်းဝှမ်ကျုံး နာမည်ပျက်အောင် အကွက်များ ဆင်ခဲ့သောကြောင့် ရွာသူရွာသားတို့မှာ လင်းဝှမ်ကျုံးအပေါ် ဟုတ်နိုး မှန်နိုးဖြင့် ထင်မှတ်လာခဲ့ကြတော့၏။ ယုံထင်ကြောင်ထင် ဖြစ်လာကြ၏။

တနေ့တွင် ရွာသူကြီး၏ လူယုံတပည့်တယောက် တိတ်တဆိတ် လုပ်ကြံခံရလေသည်။

ထိုလူယုံ၏ အလောင်းဘေးတွင် လင်းဝှမ်ကျုံး ပိုင်သော ပစ္စည်းအချို့ကို တွေ့ရ၏။

လင်းဝှမ်ကျုံးကို ရွာသူကြီးက ဖမ်းဆီးလိုက်၏။

တဖြည်းဖြည်း ညှဉ်းပမ်းနှိပ်စက်ပြီး သတ်ပစ်ရန်အထိ စီစဉ်သည်။

ရွာသူရွာသားအားလုံးကလည်း ရွာသူကြီး၏ လူယုံတပည့်ကို သတ်သူမှာ လင်းဝှမ်ကျုံးဟုပင် ထင်မှတ်ကြ၏။

လင်းဝှမ်ကျုံး၏ စိတ်ဓာတ်မှန်ကို သိရသော ကျုံးခွေနှင့် ကျုံးအိုင်ဖေ တို့မောင်နှစ်မကမူ လင်းဝှမ်ကျုံးကို မတရားအမှုဆင်ပြီး အဖမ်းခံထားရကြောင်း သိကြသည်။



လင်းဝှမ်ကျုံး လွတ်မြောက်ရေးအတွက် အမျိုးမျိုးကြိုးစားကြ၏။

သို့သော် သူကြီးက သက်သေအထောက်အထားဖြင့် အပိုင်ချုပ်ကိုင်ထားနိုင်သောကြောင့် လင်းဝှမ်ကျုံး ပြန်မလွတ်။

နောက်ဆုံးတွင် မခံချင်စိတ်များ ကြီးထွားလာခဲ့ရသော လင်းဝှမ်ကျုံးသည် ရွာသူကြီးကို ခုခံတိုက်ခိုက်ကာ သတ်ဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားတော့သည်။

ရွာသူကြီးတွင် ညီရင်းနှစ်ယောက် ကျန်ခဲ့လေရာ၊ ညီအလတ်က ရွာသူကြီးအရာကို ဆက်ခံရရှိသွားပြီး၊ သူ့အစ်ကိုကို သတ်ပြီး ထွက်ပြေးသွားသော လင်းဝှမ်းကျုံးကို တောနင်းရှာသည်။ ရွာပတ်ဝန်းကျင်တွင်လည်း သူ့လူများကို ကင်းပုန်းချထား၏။

ထို့ကြောင့်လည်း လင်းဝှမ်းကျုံးအနေဖြင့် ရွာနားသို့ ပြန်မကပ်နိုင်။

ကျုံးခွေနှင့်တွေ့ဖို့ နေနေသာ ကျုံးခွေ၏ သတင်းကိုပင် မကြားခဲ့ရ။

သူသည် ရွာနှင့် ဝေးသည်ထက်ဝေးအောင် ပြေးလွှားရှောင်တိမ်းနေခဲ့ရလေသည်။

ထိုသို့ ဝရမ်းပြေးဘဝဖြင့် ဦးတည်ရာသွားနေခဲ့ရာမှ ဟုန်ဟူးတောင်တန်းသို့ရောက်ခဲ့ပြီး သိုင်းရာဇာကြီး ကူဖုန်းစီနှင့် တွေ့ဆုံခဲ့လေသည်။

သူသည် သိုင်းရာဇာကြီး ကူဖုန်းစီထံတွင်တပည့်ခံပြီး ဟုန်ဟူးတောင်တန်းတွင် သုံးနှစ်တိတိ နေထိုင်ကာ သိုင်းပညာများကို သင်ကြားခဲ့လေသည်။

ပညာစုံပြီး သုံးနှစ်ပြည့်သော့အခါကျမှ သန်နာရွာသို့ သူပြန်ခဲ့သည်။

ရွာသူကြီး၏ ညီများနှင့် ရင်ဆိုင် တိုက်ခိုက်ပြီး သတ်ဖြတ်သုတ်သင်လိုက်သည်။

သို့သော် ရွာတွင် ကျုံးခွေတို့ မောင်နှစ်မ မရှိကြတော့။ တမြို့တရွာသို့ ပြောင်းသွားကြောင်းသာ သိရသည်။

မည်သည့်မြို့ မည်သည့်ရွာသို့ ပြောင်းသွားကြောင်း မည်သူမျှ တိတိကျကျ မပြောနိုင်ကြ။

ကျုံးခွေသည် သမီးလေး တယောက်ကို မွေးဖွားသွားကြောင်း ကြားသိရသော်လည်း ထိုစဉ်က ထိုကလေးကို သူ့ကလေးဟု မထင်မှတ်ခဲ့။

ကျုံးခွေအပေါ် သံသယပင် ဝင်ခဲ့မိ၏။

သို့သော် ကျုံးခွေကို နေရာအနှံ့ သူရှာခဲ့သည်။

ထိုမှ လူတွေအပေါ် နာကျည်းစိတ် ဖြစ်လာပြီး မိစ္ဆာနက်ဂိုဏ်းကို သူသည် တည်ထောင်လိုက်ခြင်းဖြစ်သည်။

သူနှင့် အဲ့နန်တို့ဆုံတွေ့ခဲ့ကြရသည်မှာ သိုင်းဆရာကြီးကူဖုန်းစီထံတွင် ပညာသင်ကြားစဉ်အခါမှ သိကျွမ်းခဲ့ကြရခြင်းဖြစ်သည်။

ယခုတော့ သူ့တသက်တွင် မတွေ့တော့ပါဘူးဟု ထင်မှတ်ထားသော ကျုံးခွေကို သူပြန်လည် ဆုံတွေ့ရလေပြီ။

အချစ်သည် အိုမင်းခြင်းမရှိ။

အချစ်စစ် အချစ်မှန်သည် အမြဲတမ်း နုပျို လန်းဆန်းနေသည်သာ။



ထို့ကြောင့်လည်း လူဆိုးကြီး သေမင်းအော် အမည်ခံထားသူ ရက်စက်ကြမ်းကြုတ်မှုတွင် သရဖူ ဆောင်းထားသောသူသည် ဆွေးမြေ့တသနေရလေပြီ။

"ဩော်....ဆရာကြီးက ဒီကို ရောက်နေတာကိုး"

သူ့နောက်ဘက်မှ စကားသံနှင့်အတူ ခြေသံပေါ်လာသောကြောင့် သေမင်းအော် အတွေးအာရုံ ပျက်ပြယ်သွားရသည်။

သူ့ဘေးနားသို့ ရောက်လာသူက အဲ့နန်။

"ဘာတွေများ ဒီလောက်တောင်တွေးပြီး ဒီလောက်တောင်ငေးနေရတာလဲ သေမင်းအော်"

အဲ့နန်အမေးကို သေမင်းအော် ပြန်မဖြေ။

ကျောက်ခဲတလုံးကို ကောက်ယူပြီး စမ်းချောင်းထဲ ပစ်လိုက်သည်။

သေမင်းအော်ကို အဲ့နန် လှောင်ပြုံးပြုံးကာ ကြည့်နေပြီး ခနဲ့သော လေသံဖြင့် ပြောလိုက်၏။

"ဟဲ ဟဲ၊ ဆရာကြီးရဲ့ စိတ်အာရုံတွေက ဟိုအတိတ်ဆီကို ပြန်ရောက်သွားပြီး အတွေးနဲ့ ဆွေးနေတယ်ထင်ပါရဲ့၊ တွေးမနေနဲ့ ဆွေးမနေစမ်းပါနဲ့ ဆရာကြီး၊ တွေးနေဆွေးနေရလို့လဲဆရာကြီးရဲ့ဇာတ်လမ်းကြီးက ဆွေးမြေ့ ဟောင်းနွမ်းနေပြီပဲ ဟဲ ဟဲ"

အဲ့နန်၏မျက်နှာကို သေမင်းအော် ဆတ်ကနဲကြည့်လိုက်ပြီး မျက်နှာထားတင်းတင်း လေသံမာမာဖြင့် ပြောလိုက်သည်။

"မင်းနဲ့မဆိုင်တဲ့ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ဘာမှ ပြောနေစရာ မလိုပါဘူး၊ ပြောချင်ယင် မင်းနဲ့ဆိုင်တဲ့စကားသာ ပြောပါ"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ၊ ကျွန်တော်နဲ့ဆိုင်တဲ့ကိစ္စက မိစ္ဆာနက်ဂိုဏ်းနဲ့ဆိုင်တဲ့ ကိစ္စလောက်ကိုပဲ ကျွန်တော် ပြောပါ့မယ်'

"ဆရာကြီးရဲ့သား ကျန်းရှင်ချောင်ကတော့ ကျွန်တော်တို့ဂိုဏ်းကို သစ္စာဖောက်သွားပြီ၊ ဆရာကြီးမျက်နှာနဲ့ ကျွန်တော်ခွင့်လွှတ်လိုက်ပါတယ်လေ၊ ဒါပေမယ့် ဆရာကြီးကိုယ်တိုင် ဂိုဏ်းအပေါ်မှာ သစ္စာဖောက်မယ် ဆိုယင်တော့...."

"ဒီမှာ အဲ့နန်၊ ငါဟာ ဒီဂိုဏ်းကြီးရဲ့ ဦးစီးခေါင်းဆောင်ပါ၊ မင်း ဘာမှပြောနေစရာ မလိုပါဘူး၊ ဒီဂိုဏ်းကြီး ပြိုကွဲပျက်စီးသွားအောင် ဘယ်တော့မှ ကျုပ်မလုပ်ဘူး"

သေမင်းအော် မခံချင်ဒေါသစိတ်ဖြင့် ပြောလိုက်၏။

အဲ့နန် လှောင်ရယ် ရယ်လိုက်ပြီး....

"ဟဲဟဲ ဟဲ၊ ဒီလိုဆိုယင်တော့ ကောင်းပါရဲ့ဗျာ၊ ကျွန်တော်က စိုးရိမ်လို့ ပြောမိတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတဘက်မှာ ဆရာကြီးသံယောဇဉ်ထားစရာ ဆရာကြီးရဲ့သား ကျန်းရှင်ချောင် ရှိနေတယ်မဟုတ်လား၊ ဒါတင်မကသေးဘူး၊ အချစ်ကြီးချစ်ခဲ့ရတဲ့ ကျုံးခွေနဲ့အတူ သမီးလေး လင်းလီလီပါ အဆစ်ပါလာပြန်တော့ ဂိုဏ်းရဲ့ ဝါဒလမ်းစဉ်ကို ပစ်ပယ်ပြီး ဟိုဘက်ကို အလေးပေးလိုက်မှာ စိုးရိမ်လို့ပါ"

"ငါ နားလည်ပါတယ်၊ မင်း ဘာမှ ပြောနေစရာ မလိုပါဘူး"



"နားလည်ယင် ပြီးတာပါပဲဆရာကြီး၊ ဒါဖြင့်လဲ ဒီနေ့လည်ပိုင်ကျန်းမြို့ကို ကျွန်တော်တို့သွားဖို့ အစီအစဉ်ကို အကောင်အထည် ဖော်ကြရအောင် သွားပြီးစီစဉ်လိုက်အုံးမယ်"

အဲ့နန် ပြောပြောဆိုဆို သေမင်းအော် အပါးမှ ခွာထွက်သွားလေသည်။

သေမင်းအော်၏နားထဲတွင် ကျုံးခွေ နောက်ဆုံး ပြောလိုက်သော စကားများကိုသာ ထပ်တလဲလဲ ကြားယောင်နေမိလေသည်။

"ရှင်တို့ကျွန်မတို့ဟာ အသက်အရွယ်တွေလဲ ကြီးလာကြပါပြီ၊ သားလေးနဲ့ သမီးလေးရဲ့ မျက်နှာတွေကို ထောက်ထားပြီး ရှင့်ရဲ့အမိုက်ဇာတ်ကိုသိမ်းဖို့ သင့်ပါပြီလို့လဲ မှာလိုက်ပါရစေ'

သေမင်းအော် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ် လိုက်ပြီး ခေါင်းကို ဖြည်းဖြည်းလေး ခါယမ်းလိုက်တော့သည်။

* * *

အခန်း  သုံးဆယ်

---

သေမင်းအော်နှင့် အဲ့နန်တို့သည် မိစ္ဆာနက်ဂိုဏ်းသားများကို ဦးဆောင်၍ နေဝင်ရီတရော အချိန်တွင် ပိုင်ကျန်းမြို့တံခါးဝ ရှေ့ဘက်ရှိ တောအုပ်အတွင်းသို့ ရောက်လာခဲ့ကြသည်။

သူတို့သည်တောအုပ်ထဲတွင် လူခွဲဖြန့်ကာ ကိုယ်ရောင်ဖျောက်နေလိုက်ကြတော့၏။

မနေ့ကတည်းက ရှမ်ဟိုနှင့် ကုတ်လေ့တို့ကို ပိုင်ကျန်းမြို့တွင်းသို့ ဝင်ရောက်ထောက်လှမ်းရန် ကြိုတင် စေလွှတ် ထားခဲ့ကြသည်။

သူတို့၏ရည်ရွယ်ချက်မှာ ရတနာများကို ရရှိရေးပင်။



သို့သော် ရတနာများ မည်သည့်နေရာတွင်ရှိကြောင်း စုံစမ်းမရဖြစ်နေသောကြောင့် ပိုင်ကျန်းမြို့အုပ်ချုပ်ရေး နာယကအဖွဲ့ဝင် ဆယ့်တစ်ဦးစလုံးကို ပြန်ပေးဆွဲရန် ကြံရွယ်ခဲ့ကြ၏။

ထိုအခါမှသာ နာယကအဖွဲ့မှဝှက်ထားသော ရတနာများ သူတို့လက်တွင်းသို့ မလွဲမသွေရောက်ကြလိမ့်မည်ဟု တွက်ဆမိကြသည်။

ရှမ်ဟိုနှင့် ကုတ်လေ့တို့အနေဖြင့် နာယက အဖွဲ့ဝင်များ၏ လှုပ်ရှားမှုကို စုံစမ်းထောက်လှမ်းနေကြရပြီဖြစ်ပြီး အခွင့်အရေးရမည်ဆိုပါက သင်္ချိုင်းဇရပ်အတွင်း တနေရာရာတွင် ဝှက်ထားသော ရတနာများကိုစွကိုပါ စုံစမ်းကြရမည်ဖြစ်သည်။

ထို့နောက် ယနေ့မိုးချုပ်ချိန်တွင် သေမင်းအော်တို့ထံ ရှမ်ဟိုနှင့် ကုတ်လေ့တို့ လာတွေ့ကြရမည်ဖြစ်သည်။

သူတို့နှစ်ဦးထံမှ သတင်းစကားကိုကြားရမှ သေမင်းအော်တို့ အခြေအနေကိုကြည့်ပြီး ဆက်လှုပ်ရှားကြရမည် ဖြစ်သည်။

သေမင်းအော်တို့ သိပ်ပြီးမစောင့်လိုက်ကြရ။

သူတို့နှစ်ဦး ရှမ်ဟိုနှင့်ကုတ်လေ့တို့ ရောက်လာခဲ့ကြသည်။

"နာယကချုပ်ကြီး ရင်လင်တူဟာ ဒီနေ့ နေ့လည်ကပဲ ခရီးထွက်သွားပါတယ် ဂိုဏ်းချုပ်ကြီး"

ရောက်ရောက်ချင်း ရှမ်ဟိုသတင်းပေးသည်။

"နာယကချုပ်ကြီးနဲ့အတူ လုံခြုံရေးအဖွဲ့ဝင် ဆယ်ဦးလဲ ကိုယ်ရံတော်အဖြစ် လိုက်ပါသွားပါတယ်"

ကုတ်လေ့ကလည်း ဖြည့်စွက်ပြောကြားသည်။

"ဟော့ ဘယ်ကိုခရီးထွက်သွားတာလဲ၊ မင်းတို့ မစုံစမ်းကြဘူးလား"

အဲ့နန် မျက်မှောင်တချက်ကြုတ်လိုက်ပြီး မေးသည်။

"ဆွန်ချိနယ်ဘက်ကို ခရီး ထွက်သွားတယ်ဆိုတာလောက်ပဲ ကျွန်တော်တို့ စုံစမ်းလို့ သိခဲ့ရပါကယ်၊ ဒီထက်ပိုပြီး စုံစမ်းလို့ မရပါဘူး"

"ဆွဲန်ချိနယ်ကို နာယကချုပ်ကြီး ရင်လင်တူက ဘာသွားလုပ်တာပါလိမ့်၊ အတော့်ကိုထူးဆန်းတာပဲကွ"

အဲ့နန် သူဘာသာရေရွတ်လိုက်ပြီး သေမင်းအော်၏ အကြံကို တောင်းခံဟန်ဖြင့် ကြည့်လိုက်သည်။

သေမင်းအော်၊ သူလည်း မတွေးတတ်ကြောင်း ခေါင်းခါပြသည်။

ထိုစဥ် ကုတ်လေ့ထံမှ စကားသံ ထွက်လာသည်။

"ဆရာလေးကျန်းရှင်ချောင်ရယ်၊ လုံခြုံရေးမှူး လျှံစွမ်းရယ်၊ မိုးနတ်မယ် စားသောက်ဆိုင်ပိုင်ရှင် ကျုံးခွေနဲ့သမီး လင်းလီလီရယ်၊ သူတို့လေးယောက်လဲ ခရီးထွက်သွားကြပါတယ်"

ထိုစကားကြောင့် ကြားရသောသေမင်းအော် စိတ်လှုပ်ရှားသွားသည်။ အလောတကြီးမေးလိုက်မိသည်။

"ဟော...ဘယ်တုန်းကလဲ"

"ဒီနေ့မနက်ပိုင်းကပါပဲ"

ရှီဟိုဲ ပြန်ပြောသည်။

"နာယကချုပ်ကြီးတို့ ထွက်မသွားခင်ကပေါ့"



"ဟုတ်ပါတယ်၊ နာယကချုပ်ကြီးက နေ့လည်ပိုင်းမှ သွားတာပါ"

"နေပါအုံး....ကျန်းရှင်ချောင်တို့တွေ ဘာကိစ္စနဲ့ ခရီး ထွက်သွားကြတယ်ဆိုတာ မင်းတို့စုံစမ်းကြသေးလား"

"သူတို့ခရီးထွက်သွားတဲ့ ကိစ္စကိုတော့ တမြို့လုံးက ပြောနေကြတာပဲ၊ လင်းလီလီက သူ့ဇာတိမြေဖြစ်တဲ့ သန်နာရွာကို ခရီး သွားချင်တယ်ဆိုလို့ သူ့အမေက လိုက်ပို့တာတဲ့၊ ဆရာလေး ကျန်းရှင်ချောင်နဲ့ လုံခြုံရေးမှူးလျှံစွမ်းတို့ကလဲ မရောက်ဖူးလို့ အလည်လိုက်သွားတာလို့ ပြောနေကြပါတယ်"

သေမင်းအော် ဘာမှ ဆက်မမေးတော့ပဲ မျက်မှောင်ကြီး ကြုတ်ကာ စဥ်းစားနေလိုက်သည်။

"သန်နာရွာဟာ တောင်ပိုင်းဒေသ ဆွန်ချိနယ်ထဲမှာပဲ ရှိနေတယ် မဟုတ်လားဆရာကြီး၊ နာယကချုပ်ကြီးကလဲ ဆွန်ချိနယ်ကို သွားတယ်ဆိုတော့ သူတို့ခရီးစဥ်တွေဟာ အတူတူလို ဖြစ်နေတာတော့ တော်တော့်ကိုဆန်းတယ်၊ ပိုပြီးဆန်းတာက လုံခြုံရေးမှူး လျှံစွမ်းဟာ နာယကချုပ်ကြီးနဲ့ လိုက်မသွားပဲ ကျန်းရှင်ချောင်တို့နဲ့ အလယ်သက်သက် လိုက်သွားတယ် ဆိုတာပဲ၊ လုံခြုံရေးမှူးလျှံစွမ်းဟာ တာဝန်နဲ့ ဝတ္တရားကို အင်မတန် လေးစားတဲ့လူတယောက် ဖြစ်ပါလျက်ကနဲ့ အပျော်ခရီး ထွက်တယ် ဆိုတာတော့၊ အင်း....အကြောင်း တခုခုတော့ ရှိနေမှာ အမှန်ပဲ၊ ပိုပြီးစဥ်းစားရခက်တာက ကျန်းရှင်ချောင်နဲ့အတူ ခရီး ကို သွားတာပါ"

အဲ့နန် သူတွေးတောမိသမျှကို စဉ်းစဉ်းစားစားဖြင့် ပြောလိုက်၏။

သေမင်းအောင်၏ စိတ်ထဲတွင်လည်း ထူးခြားမှုတခုခု ရှိနေပြီဖြစ်ကြောင်း တွေးလိုက်မိသော်လည်း မည်သည့် ထူးခြားချက်ဖြစ်သည်ကို စဉ်းစားမရအောင် ဖြစ်နေမိသည်။

အမှောင်ထုသည် တဖြည်းဖြည်း ဖုံးကွယ်စ ပြုလာသည်။

ထိုစဉ် သူတို့ထံ တဖြည်းဖြည်းနီးကပ်လာသော မြင်းခွာသံကို သူတို့အားလုံး ကြားလိုက်ရလေသည်။

သေမင်းအောင်တို့အားလုံးချက်ချင်းပင် ချုံကွယ်များနောက်၌ ကိုယ်ရောင်ဖျောက်လိုက်ကြ၏။

တခဏအတွင်းမှာပင် မြင်းဒုန်းစိုင်းစီးလာသော မြင်းသုံးစီးသူတို့မြင်ကွင်းထဲသို့ ရောက်လာသည်။

မြင်းစီးလာသောလူများကို တွေ့သောအခါ သေမင်းအောင် အံ့သြသွားသည်။

သူသည် ချုံကွယ်မှ ခုန်ထွက်လိုက်ကာ မြင်းသုံးစီးလာမည့် လမ်းပေါ်မှာပင် ရပ်နေလိုက်တော့သည်။

မကြာမီ မြင်းသုံးစီး သူ့ရှေ့သို့ ရောက်လာကြ၏။

မြင်းပေါ်မှ ရွှေခေါင်းပြောင်ညီနောင်သုံးဖော်မှာ သေမင်းအောင်ကို မြင်ရသောအခါ မြင်းများကို တုန့်ကနဲ ရပ်လိုက်ကြသည်။



မြင်းပေါ်မှ အသီးသီးခုန်ဆင်းလိုက်ကြ၏။

သေမင်းအောင်ကို လှိုက်လှဲပျူငှာစွာ နှုတ်ဆက်လိုက်ကြသည်။ အရိုအသေပေးလိုက်ကြသည်။

"မင်းတို့ညီနောင်သုံးဖော် ဒီအချိန်ကြီးကျမှ ဘယ်ကိုသွားကြမလို့လဲ"

သေမင်းအောင် သူတို့ကို ပြန်နှုတ်ဆက်ပြီး တဆက်တည်းပင် မေးလိုက်သည်။

"ကျွန်တော်တို့တာဝန်ရှိတာဝန် ညကတည်းက ပြီးဆုံးသွားပြီလေ၊ ဇရပ်ထဲမှာ ဆက်စောင့်စရာ မလိုတော့ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒေသကို အခုပြန်ကြတော့မလို့"

အစ်ကိုကြီးရွှေခေါင်းပြောင် ပြုံးပြုံးကြီး ပြန်ပြောသည်။

"မင်းတို့က ဘာဖြစ်လို့ ဆက်စောင့်စရာ မလိုတော့တာလဲ"

"ညတုန်းက နာယကအဖွဲ့ဝင် ဆယ့်တစ်ဦးနဲ့လုံခြုံရေးမှူး လျှံစွမ်းတို့ ဇရပ်ထဲကိုရောက်လာကြတယ်၊ လျှို့ဝှက်တံခါးကနေ မြေအောက်ထဲကို ဝင်သွားပြီး ပြန်ထွက်လာတော့ ကျွန်တော်တို့ကို ဆက်စောင့်စရာ မလိုတော့ဘူးလို့ ပြောကြတာပဲ၊ ကျွန်တော်တို့ အတွက် အခကြေးငွေကိုလဲ ပေးလိုက်တယ်"

"ဪ....အေး အေး၊ ဒါဖြင့်လဲ မင်းတို့တွေ အချိန်လင့်နေကြမယ်၊ ခရီးဆက်ကြပေအုံးတော့၊ နောက်များမှ ပြန်ပြီးဆုံကြသေးတာပေါ့"

ရွှေခေါင်းပြောင်ညီနောင်သုံးဖော် သေမင်းအောင်ကို အရို

အသေ ပေးလိုက်ကြပြီး ချက်ချင်းပင် ရှေ့ကို ခရီးဆက်ထွက်သွားကြလေတော့သည်။

ထိုအခါမှ သေမင်းအော်၏ဘေးသို့ အဲ့နန်ရောက်လာသည်။

ကျေနပ်အားရသော အသံကြီးဖြင့် သူကပင် စတင် စကားပြောသည်။

"ခုမှပဲ ကျုပ်တော့ ဆက်စပ်တွေးခေါ်လို့ရတယ် သေမင်းအော်၊ ဒီအတိုင်းဆိုယင် ဇရပ်ကြီးထဲက ရတနာတွေကို နာယကအဖွဲ့ဟာ ပြန်ယူလိုက်တာ သေချာသွားပြီ၊ ဒီရတနာတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး ရံပုံငွေအဖြစ်သုံးမယ့် ရတနာတွေဖြစ်တယ်ဆိုတာ ကျန်းရှင်ချောင်လဲ ပြောဖူးလေတော့ မဟုတ်ခါမှလွဲရော ဆွန်ချိနယ်စားကြီးချူချာဟန်ကလဲ နယ်ချဲ့ဆန့်ကျင်ရေးမျိုးချစ်ခေါင်းဆောင်ကြီးတယောက် ဆိုတော့ နာယကချုပ်ကြီးဟာ ဒီရတနာတွေကို နယ်စားကြီးဆီပဲ သွားပို့တာ ဖြစ်ရမယ်၊ ကိုယ်ရံတော်အစောင့် ဆယ်ယောက်ကိုပဲ ခေါ်သွားတာ ကြည့်တော့ပေါ့"

အဲ့နန် တွေးမိသလို သေမင်းအော်ပါ တွေးလိုက်မိသောကြောင့် သူတို့နှစ်ဦး၏အတွေးမှာ တူညီလေသည်။

သို့သော် လုံခြုံရေးမှူးလျှံစွမ်းပါ နာယကချုပ်ကြီးနဲ့အတူ ပါသွားသင့်ပါလျက် ကျန်းရှင်ချောင်နဲ့ အပျော်ခရီးလိုက်သွားခြင်း အတွက်ကိုမူ သူတို့နှစ်ဦးစလုံး တွေး၍မရကြ။

"တခုတွေးမရတာက နာယကချုပ်ကြီးဟာ ရတနာတွေကို နယ်စားကြီးဆီ သွားပို့တာဆိုယင် လုံခြုံရေးမှူး လျှံစွမ်းပါ



လိုက်သင့်တာပေါ့၊ ဒါပေမယ့် ကျန်းရှင်ချောင်တို့နဲ့အပျော်ခရီးလိုက်သွားတာကတော့ တွေးလို့ကိုမရဘူး"

အဲ့နန် တွေးမရသောအချက်ကို ပါးစပ်မှဖွင့်ပြောလာသည်။

သေမင်းအော်ကမူ မျက်မှောင်ကြီး ကြုတ်လိုက်ပြီး အင်းမလုပ် အဲမလုပ် တွေတွေကြီးစဉ်းစားနေလေသည်။

"ဘယ်လိုလဲဆရာကြီး၊ ဆရာကြီးရဲ့အယူအဆကိုလဲ ပြောပါအုံး၊ ဆရာကြီး ဒီကိစ္စကို စိတ်မဝင်စားတော့ဘူးလား၊ ပြောပါအုံး၊ ဇနီးနဲ့သမီးနောက်ကို လိုက်ချင်နေပြီလား"

အဲ့နန် ခနဲ့တဲ့တဲ့ပြောလိုက်မှ သေမင်းအော် သူ့ကို မျက်နှာထား တည်တည်ကြီးဖြင့် ဆတ်ကနဲကြည့်လိုက်သည်။

"ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ဘာမှ မပြောနဲ့လို့ ခင်ဗျားကို ကျုပ်ပြောထားတယ် မဟုတ်လား၊ ပြောချင်ယင် အလုပ်ကိစ္စပဲပြော"

"ကျုပ်ကလဲ အလုပ်ကိစ္စပဲ ပြောနေတာပါ သေမင်းအော်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အနေနဲ့ နှစ်စုခွဲပြီး သူတို့နောက်ကိုအမြန်ဆုံးလိုက်မှ ဖြစ်မယ်၊ နာယကချုပ်ကြီးဆီမှာပဲဖြစ်ဖြစ်၊ လုံခြုံရေးမှူး လျှံစွမ်းဆီမှာပဲဖြစ်ဖြစ် ရတနာတွေဟာ ပါသွားနိုင်တာပဲ၊ ကျုပ်တို့နှစ်စုခွဲပြီးလိုက်တော့ ဒီရတနာတွေ ကျုပ်တို့လက်ထဲက ပြေးမလွတ်တော့ဘူးပေါ့ဗျာ၊ ဒီတော့ ဆရာကြီးနဲ့ကျွန်တော်တို့ နှစ်စုခွဲမှဖြစ်မယ်"

အဲ့နန်၏ ယူဆချက်မှာ ဖြစ်နိုင်သောကြောင့် သေမင်းအော် ဇွတ်တရွတ် ငြင်းပယ်ရန် ခက်သွားသည်။

နောက်ဆုံး ခေါင်းညိတ် သဘောတူလိုက်ရ၏။

"ကောင်းပြီလေ၊ နှစ်စုခွဲပြီး လိုက်ကြတာပေါ့"

"ဒါဖြင့် ကျုပ်က ဘယ်လူစုနောက်ကို လိုက်ရမှာလဲ သေမင်းအောင်"

"မင်းက နာယကချုပ်ကြီးနောက်ကိုလိုက်၊ ငါက ကျင်းရှင်ချောင်တို့နောက်ကိုလိုက်မယ်"

"ဖြစ်ပါတယ်လေ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်လူတွေကို ဆရာကြီးနဲ့ အတူတူခေါ်သွား၊ ဆရာကြီးလူတွေကို ကျွန်တော်နဲ့ ခေါ်သွားမယ်"

"ဒါက ဘာသဘောလဲ အဲ့နန်"

"ရှင်းရှင်းပြောရယင် ဆရာကြီးနဲ့ကျွန်တော် တယောက်ပေါ်တယောက် ကလိန် မကျနိုင်အောင်ပဲပေါ့၊ ခုအချိန်မှာ ခင်ဗျားစိတ်က နှစ်ခွဖြစ်နေလေတော့ ဒီအစီအစဉ်ကိုတော့ လက်ခံပါ"

"ကောင်းပြီလေ"

သေမင်းအောင် အငြင်းမပွားချင်တော့သဖြင့် ခေါင်းညိတ် သဘောတူလိုက်၏။

မကြာခင်မှာပဲ မိစ္ဆာနက်ဂိုဏ်းဝင်များ နှစ်စုခွဲပြီးဖြစ်သွားသည်။

သေမင်းအောင် နောက်သို့ လိုက်မည့်သူများမှာ အဲ့နန်၏ဘက်တော်သားများ ဖြစ်သလို အဲ့နန်၏နောက်သို့ လိုက်မည့် ဘက်



တော်သားများမှာလည်း သေမင်းအောင်၏ ဘက်တော်သားများ ဖြစ်နေလေသည်။

တခဏအတွင်းမှာပင်သူတို့ အုပ်စု နှစ်စု ခွဲထွက်သွားကြတော့သည်။

* * *

## အခန်း သုံးဆယ့်တစ်

နက်ရှိုင်းသော တော။

သစ်ပင်ကြီးများက နေပျောက်မထိုးအောင် အုပ်မိုးပေါက်ရောက်နေကြသည်။

ဤတောအုပ်၏ ပတ်ဝန်းကျင် အနီးအနားတစိုက်တွင် လူနေအိမ်ခြေမရှိ။

ထို့ကြောင့် တောအုပ်အတွင်းတွင် ဖြတ်သန်းသွားလာသူ မရှိသလောက် နည်းလှသည်။

ရှိပြီးနေသော လှည်းလမ်းကလေးများလည်း ကြမ်းတမ်းခက်ထရော်နေလေသည်။



လမ်းကြောင်းကလေးမှာ ရေးရေးသာ ပေါ်တော့သည်။

မွန်းတည့်ချိန် ဖြစ်သော်လည်း တောအုပ်အတွင်း အေးမြနေသည်။

ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကျူးသံများသာ တောအုပ်အတွင် ဖုံးလွှမ်းနေသည်။

ရောင်မျိုးစုံသော ငှက်ငယ်ကလေးများမှာ တပင်မှတပင်သို့ ကူးပြောင်းပျံသန်းကာ ပျော်မြူးနေကြ၏။

ထိုစဉ် မြင်းခွာသံများနှင့် လှည်းဘီးကြိတ်သံများ ပေါ်လာသည်။

လှည်းလမ်းကြောင်းအတိုင်း မြင်းလှည်းတစီးလာနေသည်။ မြင်းလှည်းမောင်းလာသူမှာ လင်းလီလီဖြစ်ပြီး၊ နောက်ဘက်တွင် ကျုံးခွေ အေးအေးသက်သာ ထိုင်လိုက်လာသည်။

သူတို့ မြင်းလှည်းနောက်တွင် ကျန်းရှင်ချောင်နှင့် လျှံစွမ်းတို့ ဘေးချင်းယှဉ်လျက် မြင်းကိုယ်စီဖြင့် လိုက်လာကြသည်။

သူတို့၏ ဟန်ပန်အမူအယာများမှာ လေ့လာရေးခရီးသွားသာသည့် သူများပမာ အေးအေးဆေးဆေး။

ထိုခရီးစဉ်၏ ရည်ရွယ်ချက်ကို လျှံစွမ်းတဦးတည်းမှလွဲပြီး မည်သူမှ သေချာစွာ မသိ။

"ဘယ်နှယ့်လဲ ကျန်းရှင်ချောင်၊ ဒီခရီးကိုသွားလာရတာ ခင်ဗျား စိတ်ချမ်းသာရဲ့လား"

လျှံစွမ်းက ကျန်းရှင်ချောင်ကို ပြုံးပြုံးကြီးကြည့်ပြီး မေးလိုက်၏။

ကျန်းရှင်ချောင်၏ မျက်နှာမှာလည်း ကြည်လင်လန်းဆန်း နေပြီး ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ဖြေလိုက်သည်။

"စိတ်ချမ်းသာတာပေါ့ နောင်ကြီးရယ်၊ ကျွန်တော်လူမှန်း သိတတ်စကတည်းက ဒီလို အေးအေးချမ်းချမ်းနဲ့ ဘယ်ခရီးကိုမှ မသွားခဲ့ရသေးဘူး၊ ပြီးတော့ အခု ကျွန်တော်တို့သွားမယ့်ရွာက ကျွန်တော့် မွေးစားဖေဖေ နေထိုင်ခဲ့တဲ့ရွာဆိုတော့ဘယ်လို ရှိတယ်ဆိုတာ သိချင် မြင်ချင်တယ်လေ"

"အင်းလေ ခင်ဗျားကို မေးသာ မေးရတာပါ၊ ဒီခရီးစဉ်မှာ လီလီပါ ပါလာတာမို့ ခင်ဗျားအဖို့တော့ စိတ်ချမ်းသာရုံတင် မဟုတ်ဘူး၊ သိပ်လဲ ပျော်နေမှာပေါ့ ဟဲ....ဟဲ....ဟဲ....ဟဲ"

ထိုစကားကို လျှံစွမ်း တီးတိုးပြောလိုက်ခြင်းဖြစ်သည်။

သူ၏ ဆက်ဆံမှုက ကျန်းရှင်ချောင်အပေါ် တရင်းတနှီးရှိသည်။

ငယ်ပေါင်းကြီးဖော်တယောက်လို သဘောထားသည်။

ပထမ လျှံစွမ်းပါ သူတို့ခရီးစဉ်တွင် လိုက်ပါ လည်ပတ်မည်ဆိုစဉ်က ကျန်းရှင်ချောင်ရင်ထဲတွင် မကောင်းလှ၊ မတင်မကျ ဖြစ်နေမိသည်။

လျှံစွမ်းနှင့် ခရီးအတူသွားရန် ဝန်လေးနေမိသည်။

လျှံစွမ်းသည် အများအကျိုးကို မျှော်ကိုးဆောင်ရွက်နေပြီး၊ လူချစ်လူခင်ပေါများသော သူတယောက်။

သူကမူ အများ၏ဆိုးကျိုးကို လုပ်နေသော မိစ္ဆာနက်ဂိုဏ်းဝင်တယောက် ဖြစ်ခဲ့သောကြောင့် သူ့ကို လူအတော်များများက အထင်သေး မုန်းတီးနေကြဆဲ ဖြစ်သည်။



ထို့ကြောင့် လျှံစွမ်းနှင့်သူ ခရီးအတူတူ သွားရမှာ သူ့ကိုယ်သူ ရှက်သလိုလို၊ သိမ်ငယ်သလိုလိုနှင့်စိတ်အားငယ်နေလေသည်။

လျှံစွမ်းမှာ သူ့ကို ဆေးဖေါ် ကြောဘက် လုပ်ပါ့မလား၊ ရင်းရင်းနှီးနှီး ဆက်ဆံပါ့မလားဟု တွေးမိခဲ့သည်။

ယခု တကယ်တန်း ခရီးထွက်လာတော့ လျှံစွမ်းသည် ပိုင်ကျန်းမြို့အတွင်းတွင် နေထိုင်သော အမှုအရာမျိုးမဟုတ်။

တာဝန်ကြီးထမ်းဆောင်နေရသလို ခပ်တည်တည်ကြီးမဟုတ်။

တလမ်းလုံး ကျန်းရှင်ချောင်နှင့် ရယ်စရာ မောစရာစကားများကို ပြောလာခဲ့၏။

နောက်ပြောင် ကျီစယ်လာခဲ့သည်။

ကျန်းရှင်ချောင်နှင့် လီလီတို့ကို မထိတထိ နောက်ပြောင်လာခဲ့၏။

လျှံစွမ်းပါနေသည့်အတွက် သူတို့ခရီးစဉ်မှာ ရယ်သံမောသံကလေးများ လွှိုင်နေခဲ့ရ၏။

ယခုလည်း ကျန်းရှင်ချောင်ကို လင်းလီလီဖြင့် နောက်ပြောင်ကျီစယ်လိုက်ခြင်း ဖြစ်သည်။

မှန်ပါသည်။ လျှံစွမ်းပြောသလို အမှန်လည်း ဤခရီးစဉ်တွင် ကျန်းရှင်ချောင် စိတ်ချမ်းမြေ့ရုံမက ပျော်ရွှင်ခဲ့ရပါသည်။

ချစ်ရပါသော လင်းလီလီဖြင့် တခရီးတည်း သွားနေရသောကြောင့်ပင်ဖြစ်သည်။

လျှံစွမ်းအနေဖြင့် ဤခရီးစဉ်၏ ရည်ရွယ်ချက်တစိတ်တဒေသကို ကျုံးခွေနှင့် လင်းလီလီတို့ သားအမိနှစ်ယောက်ကိုသာ ပြောထားခဲ့၏။

ဒါတောင်မှ ရတနာတွေ ယူလာသည့်အကြောင်းကို တိတိကျကျ ဖွင့်ပြောခဲ့ခြင်းမရှိ။

ဆွန်ချိန်ယံစားကြီး ချူချာဟန်၏ အရေးတကြီး ပစ္စည်းတခုကိုပို့ရန်အတွက် ကျုံးခွေတို့ သားအမိက ယခုလိုကူညီပါရန်သာ ပြောခဲ့၏။

ကျန်းရှင်ချောင်ကမူ ထိုအကြောင်းများကို လုံးဝမသိ။

အမှန်တကယ်ပင် သန်နာရွာသို့ အလည်သက်သက် ထွက်ခဲ့သော ခရီးဟုသာ ထင်မှတ်ခဲ့လေသည်။

ရှေ့မှ လင်းလီလီသည် မြင်းလှည်းကို အေးအေးဆေးဆေး မောင်းယာယင်း သီချင်းကလေးပင် ညည်းနေလေသည်။

ထိုစဉ် နောက်ဘက်မှ တရကြမ်း မောင်းနှင်လာသောမြင်းခွာသံများကို သူတို့အားလုံး ကြားလိုက်ကြရသည်။

လင်းလီလီ၏ သီချင်းဆိုသံ ရပ်သွားသည်။

ကျန်းရှင်ချောင်နှင့် လျှံစွမ်းတို့ မျက်မှောင်ကြုတ်သွားကြသည်။

မြင်းခွာသံများကို နားစွင့်လိုက်လေသည်။

ကျန်းရှင်ချောင်စိတ်ထဲတွင် မည်သို့မှ မခံစားရသော်လည်း လျှံစွမ်းကမူ ဤခရီးစဉ် လျှို့ဝှက်ချက်ကိုသိထားသောကြောင့် စိုးရိမ်သွားမိသည်။

သို့သော် သူတို့အားလုံး ဟန်မပျက် ခရီးဆက်မြဲဆက်ခဲ့လေသည်။

သူတို့နှင့် မဆိုင်လေဟန်ဖြင့် နောက်ဘက်သို့ပင် လှည့်မကြည့်ကြ။



မြင်းခွာသံများ သူတို့နောက်နားသို့ နီးကပ်စွာ ရောက်လာလေသည်။

ကျုံးခွေမှာ မြင်းလှည်းပေါ်တွင် ဘေးတိုက်ထိုင်လိုက်လာသူ ဖြစ်သောကြောင့် နောက်မှ လိုက်လာသော မြင်းစီးသမားများကို မြင်ရလေသည်။

သူမ မြင်ရသော မြင်ကွင်းကြောင့် ကျုံးခွေ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

စိုးရိမ်စိတ် ထိတ်လန့်စိတ်ဖြင့် အော်ဟစ်လိုက်သည်။

"မိစ္ဆာနက်ဂိုဏ်း....မိစ္ဆာနက်ဂိုဏ်း"

ကျုံးခွေ စကားကို ကြားလိုက်ရမှ ကျန်းရှင်ချောင်နှင့် လျှံစွမ်း သူတို့မြင်းများကို နောက်ဘက် ဆတ်ကနဲ လှည့်လိုက်ကြသည်။

မြင်းလှည်းလည်း တုန့်ကနဲ ရပ်သွားသည်။

လျှံစွမ်း၏ လက်က မြင်းကုန်းနှီးတွင် ချိတ်ဆွဲထားသော လှံတံဆီ ရောက်သွား၏။

ရှေ့ဆုံးမှမြင်းကို ဒုန်းစိုင်းပြီးစီးလာသော သေမင်းအော်ကို မြင်လိုက်ရသောအခါ ကျန်းရှင်ချောင် အံ့ဩသွားသည်။

သေမင်းအော်၏ အသွင်သဏ္ဍာန်မှာ ရိုးရိုးတန်းတန်း မြင်လိုက်ရလျှင် အံ့ဩစရာမရှိ။

ရိုးရိုးတန်းတန်း မြင်းစီးလာခဲ့လျှင် အံ့ဩစရာမရှိ။

ယခုတော့ သေမင်းအော်သည် ဓားပြားကြီးကို သူ့လက်ထဲတွင် မြှောက်ကိုင်ကာ မြင်းကို အပြင်းနှင်လာသည်။

သူ့နောက်ဘက်မှ ပါလာသော မိစ္ဆာနက်ဂိုဏ်းသားများ မှာလည်း လက်နက်ကိုယ်စီကို အသင့်ကိုင်ထားကြလေသည်။

ထိုမြင်ကွင်းကြောင့် ကျန်းရှင်ချောင်ကိုယ်တိုင် အံ့သြတုန်လှုပ် သွားရခြင်း ဖြစ်လေသည်။

ရိပ်ကနဲ သေမင်းအော်နှင့် မိစ္ဆာနက် ဂိုဏ်းသားများ ကျန်းရှင်ချောင်တို့ဆီ ရောက်လာသည်။

သေမင်းအော်သည် လျံစွမ်းနှင့် မျက်နှာချင်းဆိုင်တွင် မြင်းကို တုန့်ကနဲ ရပ်လိုက်သည်။

မိစ္ဆာနက်ဂိုဏ်းသားများ အားလုံးကမူ ကျန်းရှင်ချောင်တို့ လူစုကို စိုင်းထားလိုက်ကြလေသည်။

ကျန်းရှင်ချောင်၏ လက်သည်ပင် ကျောမှဓားကို ဆုပ်ကိုင်မိ လိုက်ချေပြီ။

× × ×

အခန်း သုံးဆယ့်နှစ်

လင်းလီလီမှာ ကြောက်ရွံ့စိတ်ဖြင့် မိခင်ဖြစ်သူ ကျုံးချွေကို ဖက်ထားလေသည်။

သူမ ပတ်လည်တွင် လက်နက်ကိုယ်စီဖြင့်မိုးပြီးစိုင်းထားသော မိစ္ဆာနက်ဂိုဏ်းသားများကို မျက်လုံးအပြူးသားဖြင့် ကြည့်နေ သည်။

"ဒါက ဘာသဘောလဲ လင်းဝှမ်ကျုံး"

ကျုံးချွေ မျက်နှာထားတင်းတင်းမာမာဖြင့် သေမင်းအော်ကို လှမ်းမေးလိုက်သည်။

"ဟော့ဒီက ငါ့ရဲ့မွေးစားသား ကျန်းရှင်ချောင်နဲ့ လုံခြုံရေးမှူး လျံစွမ်းတို့နဲ့ ငါ့စာရင်းရှင်းစရာလေးတွေ ရှိလို့ပါ ကျုံးချွေ၊ မင်းတို့သားအမိကို ငါဒုက္ခမပေးပါဘူး"

"ဟော့....ငါ့လူတွေ၊ ငါ့ဇနီးနဲ့ ငါ့သမီးကို စိုင်းထားစရာ မလိုဘူးကွ၊ သူတို့ကို သွားခွင့်ပေးလိုက်၊ တို့လိုချင်တဲ့ ပစ္စည်းက ဟောဒီက လှခြုံရေးမှူးကြီးဆီမှာ ရှိနေတယ်ကွ၊ ဟား....ဟား ဟား....ဟား...."

သေမင်းအောင် ကျုံးခွေကို ပြောနေရာမှ ဂိုဏ်းသားများဘက် လှမ်းပြောလိုက်၏။

သေမင်းအောင်၏နောက်ဆုံးစကားလုံးကြောင့် လုံခြုံရေးမှူး လျှံစွမ်း မျက်နှာတွင် စိုးရိမ်စိတ်များ လွှမ်းမိုးသွားပြီး မြင်း ကုန်းနှီးမှ လှံတံကို ဆွဲထုတ်ကိုင်လိုက်တော့သည်။

မိစ္ဆာနက်ဂိုဏ်းသားများမှာ သေမင်းအောင်၏ ဆိုလိုချက်ကို သဘောပေါက် နားလည်သွားကြသောကြောင့် ကျုံးခွေတို့ကို ဝိုင်းမထားတော့ပဲ လမ်းဖွင့်ပေးလိုက်ကြ၏။

"ကဲ...သမီး မြင်းလှည်းကို ဆက်ပြီးမောင်းသွားပေတော့၊ သမီးတို့သွားမယ့် ခရီးစဉ်ကို ဆုံးအောင် ဆက်ပြီးသွားကြ၊ သွားကြ...သွားကြ၊ ဖေဖေ သူတို့နှစ်ယောက်နဲ့ စာရင်းရှင်း လိုက်အုံးမယ်"

လင်းလီလီ ကျန်းရှင်ချောင်နှင့် လျှံစွမ်းတို့အတွက် စိုးရိမ် စိတ်ဖြင့် မြင်းလှည်းကို ဆက်မမောင်း။

သမီးဖြစ်သူ၏ စိတ်သဘောကို ရိပ်စားမိသော သေမင်းအောင် သည် မြင်းလှည်းနားရောက်အောင် သွားလိုက်သည်။

မြင်းလှည်းနားတွင် ရပ်လိုက်ပြီး မြင်းပေါ်မှ သူ့ခန္ဓာကိုယ်က မြင်းလှည်းပေါ် တက်သွား၏။



"ဖေဖေ့သမီးကို နှုတ်ဆက်တဲ့အနေနဲ့ နမ်းပါရစေအုံး"

သေမင်းအောင် ပြောပြောဆိုဆို သူ့မျက်နှာက လင်းလီလီ ပါးနား ဖြတ်ကနဲ ရောက်သွားသည်။

ရုတ်တရက်မို့ လင်းလီလီ ရှောင်တိမ်းနိုင်ခြင်းမရှိ။

ကြောက်ရွံ့ထိတ်လန့်သော အမူအရာများက လင်းလီလီ၏ မျက်နှာတွင် ပေါ်လွင်နေ၏။

သေမင်းအောင်မျက်နှာ ချက်ချင်းပင် လင်းလီလီ ပါးပြင်မှ ပြန်ခွာသွားသည်။

လင်းလီလီ မျက်နှာအမူအရာ ပြောင်းလဲသွားကြောင်း အကဲခတ် ကြည့်နေသော ကျန်းရှင်ချောင်နဲ့ လျှံစွမ်းတို့ မြင်လိုက် ကြရ၏။

စိုးရိမ်ကြောက်လန့်စိတ်ကြောင့် မျက်စိမျက်နှာပျက်နေသော လင်းလီလီ၏ မျက်နှာကလေးမှာ စိတ်သက်သာရာရသွားဟန်ဖြင့် ကြည်လင်ရွှင်ပြသော အမူအရာသို့ ပြောင်းသွားသည်။

သေမင်းအောင် မြင်းလှည်းပေါ်မှ သူ့မြင်းပေါ်သို့ လွှားကနဲ ပြန်ရောက်သွားသည်။

"ကဲ...သမီး သွားတော့၊ ဖေဖေတို့ရဲ့ အရှုပ်ကြားထဲမှာ သမီးတို့သားအမိ ရှိမနေစေချင်ဘူး၊ သွားတော့ကွယ်"

"ဟုတ်ကဲ့ဖေဖေ၊ သမီးတို့ သွားပါ့မယ်"

လင်းလီလီ ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောလိုက်ပြီး မြင်းကိုမောင်းရန် ကျာပွတ်ကို ကိုင်လိုက်သည်။

"အို....သမီး မသွားနဲ့....မသွားနဲ့၊ လူဆိုး လူမိုက်ကြီးရဲ့ စကားကို သမီးနားထောင်နေစရာ မလိုပါဘူး"

ကျန်းရှင်ချောင်နှင့် လျှံစွမ်းတို့အတွက် စိုးရိမ်ပူပန်စိတ်ဖြစ်မိပြီး ကျုံးခွေ တားလိုက်သော်လည်း လင်းလီလီ ကျာပွတ်ဖြင့် မြင်းကို ရှမ်းကနဲ ရိုက်လိုက်သည်။

မြင်းလှည်းမှာ တရှိန်ထိုး ထွက်ခွာသွားလေသည်။

မကြာမီ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ကျန်းရှင်ချောင်ပင် လင်းလီလီ၏ အပြုအမူအတွက် စိတ်မကောင်း ဖြစ်သွားသည်။

သူ့အတွက် စိုးရိမ်စိတ်မထားပဲ ကိုယ်လွတ် ရုန်းပြေးသွားသော လင်းလီလီအပေါ် နားမလည်မိအောင် ဖြစ်ရသည်။

သေမင်းအော် လျှံစွမ်းနှင့် မျက်နှာချင်းဆိုင်တွင် ပြန်လာရပ်သည်။

ပြီးနောက် လျှံစွမ်း မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

"ကဲ လုံခြုံရေးမှူး မင်းတို့ရဲ့နာယက အဖွဲ့ချုပ်ကဘယ်လိုပဲ ပရိယာယ်ဆင်ထားပေမယ့် နယ်ချဲ့ဆန့်ကျင်ရေးရန်ပုံငွေ ရတနာတွေဟာ ဟောဒီ မြင်းကုန်းနှီးမှာ ချိတ်ဆွဲထားတဲ့ ဒီအိတ်ထဲမှာ ပါလာတယ်ဆိုတာ တို့မိစ္ဆာနက်ဂိုဏ်းက သိပြီးသား၊ ပြီးတော့ ဒီရတနာတွေကို ဆွန်ချီနယ်စားကြီးဆီ နယ်ချဲ့ တော်လှန်ရေးအတွက် သွားပေးဖို့ မဟုတ်လား"

သေမင်းအော်စကားကြောင့်လျှံစွမ်းအံ့သြတုန်လှုပ်သွားသည်။

သူတို့တတွေ အထူးလျှို့ဝှက်ပြီး စီစဉ်ခဲ့သော လှည့်ကွက်ကို စုံစမ်းနိုင်ခဲ့သော တွေးခေါ် ဆက်စပ်နိုင်သော သေမင်းအော်ကိုလည်း စိတ်တွင်းမှ ချီးကျူးလိုက်မိသည်။



သို့သော် သူ့အဖို့ အသေတိုက်ရပေလိမ့်မည်။

သူမသေပဲနှင့်တော့ ရတနာတွေကို မိစ္ဆာနက် ဂိုဏ်းအား မပေးအပ်နိုင်။

ယခုလည်း ငြင်းနေ၍မရ။

"ဒီမှာ သေမင်းအော်၊ ခင်ဗျားရဲ့ စုံစမ်းနိုင်ခဲ့တဲ့ အစွမ်းအစကိုတော့ လေးစားပါတယ်၊ ဒီအိတ်ထဲမှာ ၊ ခင်ဗျားယူဆသလို ရတနာတွေလဲ ရှိနေပါတယ်။ ဒါပေမယ့် ကျုပ်အသက်သေမှ ဒီရတနာတွေကို ခင်ဗျားတို့ရမယ်"

လုံခြုံရေးမှူး လျှံစွမ်း လှံတံကို ကျစ်ကျစ်ပါအောင် ကိုင်မြှောက်လျက် အံတင်းတင်းကြိတ်ပြီး ပြောလိုက်သည်။

ထိုအခါမှ မျက်လုံးအကြောင်သား ဖြစ်နေသော ကျန်းရှင်ချောင် အခြေအနေ အရပ်ရပ်ကို နားလည်သွားတော့သည်။

သူတို့တတွေ၏ အဓိက ခရီးစဉ်မှာ သန်နာရွာ သို့မဟုတ်ပဲ ဆွန်ချီနယ်စားကြီးထံ ရတနာများ သွားပို့ခြင်း ဖြစ်ကြောင်း ထိုအခါမှ သိရှိရတော့သည်။

ကျန်းရှင်ချောင်းလည်း ဓားကို ရှမ်းကနဲ ဆွဲထုတ်ကိုင်လိုက်ပြီး လျှံစွမ်းနှင့် မြင်းချင်း ယှဉ်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါရစေ ဖေဖေ၊ ဒီနယ်ချဲ့ဆန့်ကျင်ရေးရန်ပုံငွေအဖြစ် သုံးစွဲဖို့ ဒီရတနာတွေဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ကောင်းကျိုးအတွက်ပါဖေဖေ၊ ဒါကြောင့် ဖေဖေ့ အနေနဲ့ ဒီရတနာတွေကို ရယူဖို့ မကြိုးစားပါနဲ့ ကြိုးစားခဲ့ယင်တော့ လုံခြုံရေးမှူးဘက်က ကျွန်တော် ပါဝင် တိုက်ရပါလိမ့်မယ်၊ ဖေဖေတို့ပြန်ပါ"

သေမင်းအော်  ပြုံးရွှင်စွာ ခေါင်းကို ခါယမ်းလိုက်ပြီး။

"ဖေဖေ ပြန်မသွားနိုင်ဘူးသား၊ ပြီးတော့ ဖေဖေ့စကား ထဲမှာလဲ ဒီရတနာတွေကို လုယူမယ်ဆိုတဲ့ စကားမျိုးမပါသေး ပါဘူး၊ ဒီရတနာတွေကို ဘယ်လို ပရိယာယ်ဆင်ပြီး ယူလာခဲ့ ကြောင်းဆိုတာ သိတဲ့အကြောင်းသာ ပြောတာပါ၊ အခု ဖေဖေ့ နောက်က ပါလာတဲ့ လူအင်အားဟာ ဘယ်သူ့ လူတွေလဲဆိုတာ သားသတိထားမိသလား"

ထိုအခါမှ ကျန်းရွှင်ချောင် သူတို့ကို ဝိုင်းထားသော မိစ္ဆာ နက်ဂိုဏ်းသားများကို ကြည့်လိုက်သည်။

အဲ့နန်၏ လူများ ဖြစ်နေလေသည်။

"ဦးလေးအဲ့နန်ရဲ့လူတွေချည်း ပါလား ဖေဖေ၊ ပြီးတော့ ဦးလေး အဲ့နန်နဲ့ ဖေဖေရဲ့ လူတွေလဲ ပါမလာပါလား"

"သူတို့က နာယယချုပ်ကြီး ရင်လင်တူနောက်ကို လိုက်ကြ တယ်လေ၊ တကယ်တန်း ရတနာတွေကို လိုချင်တာက အဲ့နန်ပဲ၊ သမီးလေးလင်းလီလီနဲ့ ဦးဆုံးစတွေ့ခဲ့ရပြီးကတည်းက ဖေဖေလဲ နောင်တ ရနေပါပြီ၊ သားလို လမ်းမှန်ကို လျှောက်တော့မယ်လို့ ဖေဖေ ဆုံးဖြတ်ချက်ချထားခဲ့ပြီးပြီ၊ ဖေဖေ့အနေနဲ့ တိုင်းပြည် အကျိုးပြု လုပ်ငန်းတွေကို လုပ်တော့မယ်"

သေမင်းအော်ထံမှ သူတို့ ထင်မှတ်မထားသော စကားကို ကြားလိုက်သောအခါကျန်းရွှင်ချောင်နှင့်လျှံစွမ်းတို့ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားကြသည်။

သေမင်းအော် တဆက်တည်းပင် သူနှင့် ပါလာသော အဲ့နန်၏ တပည့်များအား အော်ပြောလိုက်သည်။



"မင်းတို့အားလုံးလဲ နားထောင်ကြ၊ ငါတို့ဟာ နှစ်ပေါင်း အတော်ကြာအောင် ပြည်သူ လူထုရဲ့ အသက်အိုးအိမ် စည်းစိမ် တွေကို ဖျက်ဆီးခဲ့ကြပြီးပြီ၊ ငါတို့ကြောင့်အပြစ်မဲ့တဲ့ ပြည်သူ တွေရဲ့ သွေးတွေဟာ ချောင်စီးခဲ့ကြရတယ်၊ ခုချိန်မှာ နယ်ချဲ့ တိုင်းတပါးသားတွေဟာ တို့နိုင်ငံကို ကျူးကျော်နေကြပြီ။ နယ်ချဲ့ကောင်တွေရဲ့ လက်အောက်ကို တို့တိုင်းပြည် ရောက်သွား ခဲ့ယင် ပြည်သူပြည်သားတွေ တပါးကျွန်တွေ ဖြစ်ကြရတော့မယ်။ တို့လဲ နိုင်ငံသားတွေ ဖြစ်နေတဲ့အတွက် တပါးကျွန်ရဲ့စာရင်း ထဲမှာပါမှာပဲ၊ ဒီတော့နယ်ချဲ့ဆန့်ကျင်ရေးအတွက်အထောက် အကူ ပြုမယ့်ဒီရတနာတွေကို ကိုယ်ကျိုးအတွက် မသုံးသင့်ဘူး၊ ခုချိန်မှာတို့တတွေရဲ့ အဖျက်လုပ်ငန်းတွေကို ရပ်တန်းက ရပ်ဖို့ တော်ပြီ။တိုင်းပြည်ရဲ့ အကျိုးလုပ်ငန်းတွေ နယ်ချဲ့ တော်လှန် ရေးတွေမှာ ပါဝင်ဆင်နွှဲကြဖို့ သင့်ပြီ၊ ဒီတော့ မင်းတို့အနေနဲ့ အမြင်မှန်ရကြပါစေတော့လို့ ငါပြောချင်တယ်"

သေမင်အော်၏ စကားကို နားထောင်ပြီး ဂိုဏ်းသားများ အားလုံး ငိုင်သွားကြသည်။

တယောက်မျက်နှာ တယောက်ကြည့်လိုက်ကြသည်။

ဝေခွဲရ ခက်နေကြသည်။

"ဟော့.... သေမင်းအော်ရဲ့ စကားကို နားထောင်မနေနဲ့"

ထိုစကားသံနှင့်အတူ ဂိုဏ်းသားများ ရှဲကနဲ ဖြစ်သွားပြီး လူအုပ်ကို ဖောက်လျက် အဲ့နန် ရောက်လာသည်။

"ဟင်....အဲ့နန် မင်း....မင်းဘယ်လိုရောက်လာတာလဲ၊ ငါ့လူ တွေကော"

သေမင်းအော် အံ့ဩစိတ်ဖြင့် မေးလိုက်၏။

အဲ့နန် လှောင်ရယ် ရယ်လိုက်ပြီး။

"ခင်ဗျားတပည့်တွေနဲ့ နာယကချုပ်ကြီးတို့အဖွဲ့ကို ရန်တိုက်ပေးပြီး ကျုပ်ထားခဲ့တယ်၊ သူတို့တွေ တိုက်ခိုက်ပြီး ကျန်နေခဲ့ကြလေရဲ့ ဟား ဟား ဟား ဟား၊ ဒီမှာသေမင်းအော် ခင်ဗျားရဲ့ ခြေလှမ်းကို ကျုပ်မသက်ာလို့ သေချာ တွေးကြည့်တော့ ရတနာတွေဟာ ကျန်းရှင်ချောင်တို့နဲ့ အတူ ပါလာလိမ့်မယ်လို့ ကျုပ်လဲ တွေးမိသွားတာပေါ့၊ ခုတော့ ကျုပ် မသင်္ကာတဲ့အတိုင်း ခင်ဗျားက ကျုပ်လူတွေကိုတောင် စည်းရုံး သိမ်းသွင်းနေတာကိုး၊ ဟား ဟား ဟား ဟား ကဲ ဒီမှာ သေမင်းအော်၊ ခုချိန်မှာ ခင်ဗျားတို့က လူနည်းစု ဖြစ်နေပြီ၊ ရတနာတွေကို ကျုပ်လက်ထဲ အပ်လိုက်၊ ကျုပ်လူတွေကို ခေါ်ပြီး အေးအေးဆေးဆေး ကျုပ် ပြန်သွားမယ်၊ ခင်ဗျားဖာသာ နောင်တရလို့ ဘယ်လိုပဲ လျှောက်လျှောက် ကျုပ်မတားဆီးဘူး၊ ခင်ဗျားမရှိတော့ ကျုပ်က မိစ္ဆာနက်ဂိုဏ်းချုပ်ကြီး ဖြစ်ပြီပေါ့၊ ဟား.... ဟား....ဟား"

"တော်စမ်း အဲ့နန်၊ ဒီရတနာတွေကိုလဲ မင်းတို့မရစေဘူး၊ မင်းလဲ မိစ္ဆာနက်ဂိုဏ်းချုပ် မဖြစ်စေရဘူး"

သေမင်းအော် ဒေါသတကြီး အော်လိုက်သည်။

"အော်....ဒီလိုလား ကောင်းပါပြီလေ၊ ဒါဖြင့်လဲ ကျုပ်တို့က ခင်ဗျားတို့သုံးယောက်ကို သတ်ပြီးမှ ယူရတော့မှာပေါ့၊ ဟေ့ ဟေ့ ကောင်တွေ ဘာငိုင်နေကြတာလဲ ဝိုင်းတိုက်ကြ၊ ဝိုင်းတိုက်ကြ"



ပြောပြောဆိုဆို အဲ့နန် ဓားနှစ်လက်ကို ထုတ်ကိုင်လိုက်သည်။

ထိုအချိန်တွင်ငိုင်တွေတွေ ဖြစ်နေသော အဲ့နန်၏ ဘက်တော်သားများမှာ ကျန်းရှင်ချောင်နှင့် လျံစွမ်းတို့ကို စတင်တိုက်ခိုက်ကြတော့သည်။

အဲ့နန်နှင့် သူ့တပည့် နှစ်ယောက်ကမူ သေမင်းအော်ကို ညှပ်ပူးညှပ်ပိတ် ဝိုင်းတိုက်ကြသည်။

တခဏအတွင်းမှာပင် ခုတ်ထစ် အော်ဟစ်သံများ ညံစီသွားတော့၏။

သေမင်းအော်မှာသူ့ဓားပြားကြီးနှင့်အဲ့နန်တို့ သုံးယောက်ကို တရကြမ်း ပြန်တိုက်ခိုက်၏။

ကျန်းရှင်ချောင်နှင့် လျံစွမ်းကလည်း အဲ့နန် ဘက်တော်သားများကို ထိုးဖောက်တိုက်ခိုက်၏။

အဲ့နန်၏ တပည့်များ အကျနာနေလေသည်။

အဲ့နန်သည် သူ့တပည့်များ အကျ နာနေသည်ကို ကြည့်လိုက်စဉ်ပင် သေမင်းအော်၏ ဓားပြားကြီးက သူ့လည်ပင်းကို ပိုင်းဖြတ်သွားလေတော့သည်။

အဲ့နန်၏ခေါင်းပြတ်ကြီးကို သေမင်းအော် ဆွဲဖမ်းကိုင်လိုက်သည်။

ခေါင်းမပါသော ခန္ဓာကိုယ်ကြီးက မြေကြီးပေါ် ဝုန်းကနဲ ကျသွားသည်။

သေမင်းအော် အဲ့နန် ခေါင်းပြတ်ကြီးကို မြှောက်ကိုင်လိုက်ပြီး အော်လိုက်၏။

"ဟော့....အဲ့နန်ရဲ့ ဘက်တော်သားတွေ တိုက်ပွဲကိုရပ်လိုက်ကြ၊ မင်းတို့ရဲ့ ခေါင်းဆောင် ကျသွားပြီ"

အဲ့နန်၏ဘက်တော်သားများသည် ခေါင်းပြတ်ကြီးကို မြင်သွားပြီးနောက် တိုက်ပွဲကို ရပ်ဆိုင်းလိုက်ကြတော့သည်။

"မင်းတို့တွေ အမြင်မှန် ရကြပါလို့ ငါထင်ပြီး ပြောချင်တယ်၊ တို့အားလုံး လူကောင်းသူကောင်းတွေအဖြစ် ပြောင်းလဲနေထိုင်ဖို့အတွက် နယ်စားကြီးဆီမှာ လက်နက်ချ အညံ့ခံကြမယ်"

ထိုစဉ် မြင်းခွာသံများ ပေါ်လာပြီး သူတို့ဆီသို့ နာယကချုပ်ကြီး ရင်လင်တူနှင့်အတူ သေမင်းအော်လူရင်း တပည့်များဖြစ်သော ရှိုဟိုနှင့် ကုတ်လေ့တို့ အပါအဝင် သေမင်းအော် ဘက်တော်သားများ ရောက်ရှိလာကြ၏။

"မင်းတို့နဲ့ နာယကချုပ်ကြီးတို့အဖွဲ့ တိုက်ပွဲဖြစ်ပြီး ကျန်ခဲ့တယ်ဆို"

သေမင်းအော် အံ့ဩစိတ်ဖြင့် ရှိုဟိုနှင့် ကုတ်လေ့တို့အား မေးလိုက်၏။

"အဲ့နန်ရဲ့ အကြံအစည်ကို ကျွန်တော်တို့ ရိပ်စားမိတာနဲ့ နာယကချုပ်ကြီးတို့အဖွဲ့နဲ့ တိုက်ချင် ယောင်ဆောင်လိုက်တာပါ ဂိုဏ်းချုပ်ကြီး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ထင်တဲ့အတိုင်း အဲ့နန် အသာလစ်ထွက်ခဲ့တော့ ကျွန်တော်တို့လဲ တိုက်ပွဲကိုရပ်လိုက်ပြီး ဂိုဏ်းချုပ်ကြီးအနေနဲ့ နောင်တရနေပြီဖြစ်လို့ လက်နက်ချတော့မယ်ဆိုတဲ့အကြောင်း နာယကချုပ်ကြီးကို ပြောပြလိုက်ကြတယ်"



ရှိုဟိုနှင့်ကုတ်လေ့တို့ ရှင်းပြကြသည်။

သေမင်းအော် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး....

"တော်သေးတာပေါ့ ရှိုဟိုနဲ့ကုတ်လေ့တို့ရယ်၊ မင်းတို့တွေ အဲ့နန်နဲ့ လိုက်မသွားခင် ငါ့ရဲ့ရည်ရွယ်ချက်နဲ့ ငါ့ရဲ့ဆုံးဖြတ်ချက်ကို ပြောပြလိုက်ပေလို့ သာပေါ့"

သေမင်းအော် ရှိုဟိုနှင့်ကုတ်လေ့ကို ပြောလိုက်ပြီးနာယကချုပ်ကြီး ရင်လင်တူဘက်လှည့်ကာ အရိုအသေပြုလိုက်ပြီး ပြောလိုက်သည်။

"နာယကချုပ်ကြီးခင်ဗျား... ကျုပ်နဲ့ ကျုပ်တပည့်အားလုံး နယ်စားကြီးဆီမှာ လက်နက်ချကြပါ့မယ်၊ ဒီနေ့ ဒီအချိန်ကစပြီး တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းတွေကို လုပ်တော့မယ်ဆိုတာ ကတိပေးပါတယ်ခင်ဗျာ"

"သိပ်ပြီးဝမ်းသာပါတယ် သေမင်းအော်၊ နယ်စားကြီးဟာ သေမင်းအော်တို့လို အရည်အချင်း ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို ကြိုဆိုလက်တွဲမှာ သေချာပါတယ်၊ သိပ်ပြီးဝမ်းသာမှာပါ၊ အင်းကျုံးခွေနဲ့ လင်းလီလီတို့ကို သေမင်းအော် နောင်တရပြီဆိုတဲ့ စကားကို သိပြီးကြပြီလား၊ သူတို့သာသိယင် ဝမ်းအသာဆုံး ဖြစ်ကြမှာပါပဲ"

"ဖေဖေ...."

ကျန်းရှင်ချောင်း ဝမ်းသာအားရ ခေါ်လိုက်၏။

"ပြော လူလေး"

"ကျွန်တော် ညီမလေးလီလီတို့နောက် လိုက်သွားပြီး ဖေဖေရဲ့ သတင်းကောင်းကို ပြောချင်တယ်"

"သွားချင်သွားလေ၊ သူတို့သားအမိတွေ ရှေ့နားလောက်မှာပဲ ဖေဖေတို့ကို စောင့်နေကြမှာပါ"

သေမင်းအော်၏ ခွင့်ပြုချက်အဆုံးတွင် ကျန်းရှင်ချောင်မြင်းကို အပြင်းနှင်ကာ ထွက်ခွာသွား၏။

* * *

## အခန်း သုံးဆယ့်သုံး

လင်းလီလီနှင့် ကျုံးခွေတို့သားအမိသည် မြင်းလှည်းကို ရပ်ထားပြီး သူတို့လာခဲ့သည့် နောက်ကြောင်းကို တမျှော်မျှော် ဖြစ်နေကြသည်။

သူတို့၏ရင်ထဲတွင် စိုးရိမ်စိတ်လှိုင်းကယက်များ ရိုက်ခတ်နေလေသည်။

"သမီးထင်ထားသလို ဟုတ်မှဟုတ်ပါ့မလားကွယ်"

ကျုံးခွေ စိုးရိမ်စိတ်ဖြင့် မေးလိုက်၏။

"ဖေဖေဟာ လိမ်မပြောတတ်ဘူး ဆိုယင်တော့ ဟုတ်ရမှာပေါ့မေမေ"

"အယင်ကတော့ သမီးဖေဖေဟာ လိမ်ညာ ပြောတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး"

"ခုနက သမီးကို နမ်းချင်ယောင်ဆောင်ပြီး ဖေဖေ သေသေ ချာချာ ပြောလိုက်တာပဲမေမေ၊ ဖေဖေနောင်တရပြီ သမီးတဲ့၊ ရှေ့နားကစောင့်နေ၊ လူလေးတို့အသက်ကိုကယ်ပြီး လိုက်လာခဲ့ မယ်တဲ့၊ အဲဒီလို ဖေဖေမှာလိုက်တာပဲ"

"အေးကွယ်....သမီးဖေဖေ လူမိုက်ကြီး နောင်တအမှန်ရပါ စေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ထိုစဉ် သူတို့ထံ မြင်းတစီး ဒုန်းစိုင်း လာနေသည်ကို သူတို့ သားအမိ မြင်လိုက်ကြရ၏။

အနီးရောက်လာသောအခါ ကျန်းရှင်ချောင် ဖြစ်ကြောင်း သိကြရ၏။

ကျုံးခွေကော လင်းလီလီပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား ကြ၏။

"အစ်ကို အစ်ကို ဘာမှမဖြစ်ဘူးနော်၊ အစ်ကိုလေးလျှို့စွမ်းနဲ့ ဖေဖေကောဟင်"

"အခု နောက်မှာလာကြပါလိမ့်မယ်ညီမ၊ ဖေဖေလေ အခု နောင်တရနေပြီ ညီမ"

ကျန်းရှင်ချောင် သူတွေ့ကြုံခဲ့သမျှ၊ မြင်ခဲ့သမျှတို့ကို ကျုံးခွေ နှင့် လင်းလီလီတို့အား ပြောပြလိုက်၏။

သူ့စကားကို နားထောင်ယင်း လင်းလီလီတို့ သားအမိ မျက်နှာမှာ ရွှင်ပြကြည်လင်လာကြ၏။



"ဖေဖေရဲ့သတင်းကို ကြားရဘာဟာ သမီးတော့ သိပ် ဝမ်းသာတာပဲ အမေ"

"အေးကွယ် အချိန်မီ သူ့ဘဝ ပြောင်းလဲသွားတဲ့အတွက် အမေလဲ သိပ်ဝမ်းသာပါတယ် သမီးရယ်"

ထိုစဉ် နောက်ဘက်မှ မြင်းခွာသံများနှင့်အတူ မြင်းအုပ်ကြီး ပေါ်လာသည်။

ရှေ့ဆုံးမှသေမင်းအော်နှင့် နာယကချုပ်ကြီးတို့ မြင်းကို ဒုန်းစိုင်းဆိုးလာကြ၏။

နောက်ဘက်တွင် မိစ္ဆာနက်ဂိုဏ်းသားများနှင့်အတူ လျှို့စွမ်း။ မြင်းလှည်းဘေးသို့ သေမင်းအော်ရောက်လာသည်။

"ဖေဖေ့အတွက် သမီး သိပ် ဝမ်းသာပါတယ် ဖေဖေ၊ အားလုံး အဆင်ပြေသွားယင် သမီးတို့နဲ့အတူတူ ဖေဖေနေရ မယ်နော်"

"ဟဲ ဟဲ ဟဲ ဟဲ သမီးရဲ့မေမေက ထားမယ် ဆိုယင်တော့ ဖေဖေနေမှာပေါ့၊ သမီးရဲ့မေမေကိုပဲ မေးကြည့်ပါအုံး"

သေမင်းအော် ကျုံးခွေကိုအကဲခတ်ပြီး ပြောသည်။

လင်းလီလီ ကျုံးခွေလက်မောင်းကိုကိုင်ပြီး ပြောသည်။

"ဖေဖေ့ကို သမီးတို့နဲ့အတူ ထားမယ်နော်အမေ၊ ထား မယ်နော်"

ကျုံးခွေမျက်နှာမှာ ပြန်လည် နုပျိုသွားပြီး ရှက်စနိုးဖြင့် ခေါင်းငုံ့သွားသည်။

ခေါင်းငုံ့ယင်းမှ တီးတိုးလေသံဖြင့် ပြောလိုက်၏။

"သမီးဖေဖေအတွက် အမေရဲ့ အသည်းတံခါးဟာအမြဲတမ်း ဖွင့်ထားခဲ့ပါတယ် သမီးရယ်။

ကျုံးခွေစကားကြောင့် အားလုံး၏အပြုံးပန်း ဝေဝေဆာ သွားတော့သည်။

ပြီးပါပြီ။


# ဓာတ်ဆိပ် ငှက်ဖျား ပြတ်ဆေးကြီး

ငှက်ဖျားကြောင့် အသက်မသေရ
ငှက်ဖျားမှန်သမျှ စိန်ခေါ်သည်

မည်သည့်ငှက်ဖျားများမဆိုဆေးသုံးခွက်တည်းဖြင့်အမြစ်ပြတ် ပျောက်ကင်းစေရမည်။မပျောက်ကင်းပါက ဆေးဖိုးငွေ၏ အဆ တရာကို ပေးလျော်မည်။

ငှက်ဖျားရောဂါသည် မြန်မာပြည် အရပ်ရပ် တောတောင် ထူထပ် သော ဒေသ များသာ မက ကမ္ဘာ အနှံ့ အပြား ပါ ကြောက် မက် ဖွယ် ရာ ဘေး ဆိုး အန္တရာယ် ဆိုး ပေး နေ သော ရောဂါဆိုးကြီး တရပ် ဖြစ်ပါသည်။ ငှက်ဖျား ရောဂါကြောင့် မစားနိုင် မအိပ်နိုင် ရုပ်ပျက် ဆင်းပျက် အလုပ်ပျက် အကိုင်ပျက် ဖြစ်ကြရသည်။ မရှုမလှ ပျက်စီး ကြရသည်။ သွက်သွက် လည် အောင် ရှုံးသွပ်သော ဝေဒနာကို ခံစားကြရသည်။

ဤကဲ့သို့သော ကြောက်မက်ဖွယ်ကောင်းလှသော ရောဂါ ဆိုးကြီး ဒဏ်မှ ရဟန်း ရှင် လူ ပြည် သူ များ အား ကာကွယ် စောင့်ရှောက်နိုင်ရန်နိုင်ငံကျော်စာရေးဆရာမကြီးဒေါ်သိန်းယဉ် က ဤဓာတ်ဆိပ် ငှက်ဖျားပြတ် ဆေးကြီးကို ဇီဝိတ ကုသလ အဖြစ် ဖော်စပ်၍ မြန်မာ တနိုင်ငံလုံး ပြည်လုံးကျွတ် ဖြန့်ချိ ရခြင်းဖြစ်ပါသည်။

ဤဆေးသည် ယနေ့မှပေါ်ပေါက်လာသည့် အသစ်အဆန်း ဆေးမျိုးမဟုတ်၊ တတိယမြန်မာနိုင်ငံကို ထူထောင်တော်မူသော အလောင်း မင်းတရားကြီး ဦးအောင်ဇေယျ၏ နန်းတွင်း သမား တော်ကြီးများလျှို့ဝှက်လက်စွဲထားသည့်မြန်မာဆေးနည်းကျော် ဖြစ်သည်။အလောင်းမင်းတရားကြီး၏ရှေးမြန်မာ့တပ်မတော်ကြီး

ဤဆေးကြီးသည် မည်သည့် ငှက်ဖျား ရောဂါမျိုးကိုမဆို အာမခံ စိန်ခေါ် ကုသနိုင်သဖြင့်၊ ငှက်ဖျားရောဂါ ဝေဒနာရှင်အပေါင်း မြောက်မြားစွာ ပျောက်ကင်း ချမ်းသာခဲ့ကြပြီဖြစ်၍ ထောက်ခံစာ ပေါင်းများစွာ ရရှိခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ် ယူလိုသူများ စုံစမ်းကြပါရန်။

လူတိုင်းကျန်းမာ ချမ်းသာကြပါစေ။

---

* မှာကြားရန် လိပ်စာ

ဆရာမကြီးဒေါ်သိန်းယဉ်　　ဆေး (၃) ခွက်စာတထုပ် (၆) ကျပ်။
မိုးဆမ်းပန်းစာပေနှင့်　　နယ်သို့ V.P.P. ဖြင့်ပို့ပါသည်။
အဟောသုခံ ဆေးတိုက်　　(၆) ကျပ်တန် ဆေးတဒါဇင်လျှင်
၃၃၊ ကျောင်းလမ်း၊　　စရိတ်ငြိမ်း (၆၀-) ကျပ်နှင့်ပို့ပေးပါသည်။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ယနေ့ သိုင်းပရိသတ် အမျှော်ကြီးမျှော်၊ အစောင့်ကြီး စောင့်နေကြသည့် ကြာပန်းတောင်ကုန်းမှ သိုင်းသမားစစ်စစ် အပိုင်း (၄) ဖြစ်သော....

ဒေါင်းမင်းစကြာ သိုင်းရာဇာ

မနှေးမမြန် ထွက်လာပါတော့မည်။

ဒီဇင်ဘာလဆန်းတွင် ချစ်သော သိုင်းပရိသတ်ကြီးနှင့် ဒေါင်းမင်းစကြာတို့ ဆုံကြပါစို့။

# မောင်နှင်းဆွေ

## ဒေါင်းစကြာ သိုင်းရာဇာ

မိုးဆမ်းပန်းစာပေ။　　စာမူခွင့်ပြုချက်အမှတ် (၀၁၇၆၂)

ဤလောကတွင် လျှို့ဝှက် ဆန်းကျယ်ဆုံးသော ဝတ္ထုကို ဖတ်လိုသည်ဆိုငြားအံ့။
ဤဝတ္ထုမှတပါး အခြားရွေးချယ်ရန် မရှိပြီ။
အိုင်ပီသူရိန် ပါဝင်ဖြေရှင်းရသော

# ပြည်တော်ဝင်ပြည်တော်ထွက်

မဟာလျှို့ဝှက်ဆန်းကျယ်ဝတ္ထုကြီး
အမြန်ဆုံး ထွက်လာတော့မည်။

မိုးဆမ်းပန်းစာပေ။ စာမူခွင့်ပြုချက်အမှတ် (၄၅၅)

ဆရာမကြီး

# ဒေါ်သိန်းယဉ်

① ပထမဆုံး စာကြောင်းမှ နောက်ဆုံးစာကြောင်းအထိ အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို၊ ချောက်ချောက်ချားချား၊ လှုပ်လှုပ်ရှားရှား၊ လျှို့လျှို့ဝှက်ဝှက်၊ ခမ်းနားဆန်းကြယ်စွာ ဖတ်ရှုကြရမည့် ထိပ်တန်း ရသမြောက် မဟာလျှို့ဝှက်ဆန်းကြယ်ဝတ္ထု။

## ကိုးသိန်းကိုးသန်း

အမြန်ဆုံး ထွက်လာမည်။

မိုးဆမ်းပန်းစာပေ။ စာမူခွင့်ပြုချက်အမှတ် (၄၉၁)

◉ လာပါအုံးမည်။ ◉

* ဟောင်ကောင် သိုင်းစုံထောက် နာမည်ကျော် စာရေးဆရာကြီး 'ဖုံးကျား'၏ အထင်ရှားဆုံး ဇာတ်ဆောင်.... စိုင်းမာ(ခေါ်)ဆမ့်ားကို (ခေါ်)စီးမာကို....
* ဂျိမ်း(စ်)ဘွန်းလို ထက်မြက်ပြီး၊ ဘရုစလီလိုသွက်လက်သော၊ ဟောင်ကောင် ထိပ်သီးနာမည်ကြီး စုံထောက်ကျော် စိုင်းမာ(သို့မဟုတ်)စီးမာကို....
* သွက်လက်ထက်မြက်သော အခုန်အပျံ၊ အထိုးအကြိတ်၊ အကန်အခတ်၊ အပင့်အရိုက်၊ ကွန်ဖူးသိုင်းကွက်များနှင့် အတူ ကြမ်းကြမ်းရမ်းရမ်း ဆန်းဆန်းကလေးအစွမ်းပြပါတော့မည်။

## ကျော်ကျော်ဆွေ

## စွန်ရဲလိုသုတ် ကျားလိုခုပ်မည်

စေတ်ပေါ်သိုင်းစုံထောက်ဝတ္ထု

မိုးဆမ်းပန်းစာပေ။ စာမူခွင့်ပြုချက်အမှတ် (၀၁၅၂၉)

# အစီရင်ခံအပ်ပါသည်

= ချစ်ခင် လေးစား အပ် သော သိုင်း ပရိသတ် ...

— ပရိသတ်ကြီး ၏ တခဲနက် ချီးမြှင့် မြှောက်စားမှု ကြောင့် ကျွန်တော် စိုး မောင် မောင် သည် အချိန် တိုတို ကလေး ဖြင့် ကြွားဝင့် ဂုဏ်တ ပြီ။

— ဤ မျှ လောက် အချိန် တိုတို ကလေး ဖြင့် အောင် မြင် မှု များ တခဲနက် ခံယူရ သည် ကို မယုံကြည် နိုင် လောက် အောင် ဖြစ်ပေါ် ခံစားသည်။

— ချစ် သော သိုင်း ပရိသတ် ကြီး ၏ စေတနာရှေ့ဘာ တို့ကို ပြန်လည် တုံ့ပြန် သော အားဖြင့် ကျွန်တော် စိုး မောင် မောင် ဆထက် ထမ်းပိုးပို့ ဖြစ် ပါ ကြောင်း ကတိ ပြု အပ်ပါ သည်။

ချစ် သော သိုင်း ပရိသတ် ကြီးလေးစား ရ ပါ သော

ကျွန်တော်

**စိုး မောင် မောင်**